www.burmeseclassic.com

PUBLISHED BY VIEW

ဗျူး စင်တင်သည်

# ဝင
# မန်းကလေး

အချစ်ကျွန်း

BURMESE CLASSIC .com

Digital Art: Idea Kyaw & Wai Yan

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး(၃)ပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

လုံးချင်းဝတ္ထုသစ်

# မိန်းကလေး

အချစ်ကျွန်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၉၉၂၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၆၇၆၀၆၀၈
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ် (၂)၊ ချုန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးဇော်မင်းဇေအး (မြ-၀၇၁၂၅)
(ဇော်ပုံနှိပ်တိုက်)
အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း
(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်း။
ကွန်ပျူတာစာစီ
TK
မျက်နှာဖုံးပန်းချီ
Idea Kyaw & Kyaw Oo
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၅

BURMESE CLASSIC .com

## အခန်း (၁)

"ဟင်"

အမွေးစုတ်ဖွား ခွေးဖြူလေးနှစ်ကောင်။ နွဲ့စကတ်ကိုကိုက်ပျံ့လိုက်၊ စောင့်ဆွဲလိုက်နှင့် ခုန်ဆွခုန်ဆွကစားနေ၏။

"ဟဲ့ ဟဲ့ ခွေး ဖယ်စမ်းဖယ်စမ်းဟာ"

နွဲ့စကတ်ကိုကစားစရာလိုသဘောပိုက်ပြီး နှစ်ကောင်သားဆွဲထားနေသည့် ခွေးဖြူနှစ်ကောင်ကို မောင်းထုတ်ပေမယ့်ခွေးနှစ်ကောင်ကပျံ့ကစားမြဲ။

"ဟာ ဒီခွေးတွေနဲ့တော့ သွားပါပြီ၊ စကတ်ပေါက်ပြဲကုန်ပြီ၊ ဟဲ့ ခွေး ဟဲ့ ခွေး၊ ဒါဘယ်သူ့ခွေးတွေလဲ"

နွဲ့အော်သံကြောင့်စာအုပ်အငှားဆိုင်က လူတွေ 'နွဲ့'နှင့်ခွေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင် ဖြစ်စဉ်ကို စိတ်ဝင်တစား ကြည့်ကြသည်။

''ဟဲ့ ခွေးတွေ ပိုင်ရှင်မဆုံးမတဲ့ ခွေးတွေ ခွေးပိုင်ရှင်မရှိဘူးလား မရှိဘူးလား''

လူအများပိုင်းကြည့်ခံရတော့ 'နွဲ့'ရှက်လာသည်။ ခွေးနှစ်ကောင်ကြောင့် 'နွဲ့'စကတ်အောက်နားစတွေ ဖွာလန်ကြဲသွားပြီ။ သူတို့အပြိုင်ဆောင့်ဆွဲတဲ့ အရှိန်က 'နွဲ့'စကတ်ကျွတ်သွားမှာ စိုးရိမ်စိတ်နှင့်အတူ 'နွဲ့' ပါးပြင်ပေါ် ရှက်ရိပ်သန်းလာသည်။ 'နွဲ့'မျက်ဝန်းမှာ ဒေါသအမျှင်တန်းလာသည်။

''ဟဲ့ ဒါဘယ်သူ့ခွေးလဲ၊ ဘယ်သူ့ခွေးလဲ၊ ပိုင်ရှင်မရှိရင် ဒီခွေးနှစ်ကောင်ကို ဖွတ်သတ်လိုက်မယ်နော်''

'နွဲ့' ဒေါသနှင့် အော်ဟစ်သံ 'နွဲ့'ခြေနှင့်ခါယမ်းသည့် အရှိန်ကြောင့် ခွေးနှစ်ကောင် 'နွဲ့'ကိုပြိုင်တူ မော့ကြည့်သည်။

''နင်တို့ ရိုင်းလှချည်လား၊ ဘာဖြစ်လို့ ငါ့စကတ်ကိုဆွဲကိုက်ရတာလဲ ပြောစမ်း''

ခွေးနှစ်ကောင်ကို 'နွဲ့'အပြစ်တင်ဆိုစဉ်

''မင်းစကတ်မှာ ချေးနံ့နံလို့ ဖြစ်မှာပေါ့''

ရုတ်ချည်းပေါ်လာသည့်အသံကြောင့်နွဲ့ ခံပြင်းစိတ်ရှန်းကြွလာပြီး

''ဘာပြောတယ်''

''ဟုတ်တယ်လေ''

''ဘာ ဟုတ်တယ်လေလဲ''

''အဟုတ် ပြောတာဗျ၊ မင်းစကတ်ကအနံ့အသက်မကောင်းလို့ ဖြစ်မှာပေါ့''

''ဟင်''





ဒါသက်သက် 'နွဲ့'ကို ရစ်တာ။ ခွေးနှစ်ကောင်က 'သူ'နှင့် 'နွဲ့'ကို စိတ်ဝင်တစား ပြူးကြည့်လျက် 'သူ' မျက်နှာလေး ပြုံးရိရိက 'နွဲ့' ဒေါသကို သည်းမခံချင်လောက်အောင် သူစပြီးတော့

''ငါ့ စကတ်အနံ့ကောင်းမကောင်း နင် နမ်းကြည့်လို့လား''

''ခွေး နမ်းကြည့်တာလေ''

''ဟင်''

''ဒီခွေးနှစ်ကောင်က အနံ့အသက်မကောင်းရင် ဒီလိုပဲဆွဲနေကျ''

'သူ'ပြောလိုက်မှ 'နွဲ့' စကတ်ကို 'နွဲ့' နမ်းကြည့်မိသည်။

''အို ဘာလို့အနံ့အသက်မကောင်းရမှာလဲ၊ 'နွဲ့'စကတ်က အသစ်စက်စက်ရှင့်၊ နေ့လယ်ကပဲ shopping ထွက်ပြီး ဝယ်လာတာ အသစ်အနံ့ မွှေးနေသေးတယ်၊ မယုံရင် လာ နမ်းကြည့်''

''ဒီ ခွေးနှစ်ကောင်က အဝတ်အသစ်အနံ့ကို မကြိုက်တာဗျ၊ ဒါကြောင့် ကိုက်ဆွဲတာလေ''

''ဟင် တောက်၊ နေပါဦး ဒီခွေးအကြောင်း ရှင်ဘာလို့ သိနေရတာလဲ''

''ခွေးပိုင်ရှင် ဖြစ်လို့ သိတာပေါ့ဗျ''

''ဘာ ရှင်က ခွေးပိုင်ရှင်''

''ဟုတ်တယ်''

'သူ' ပြုံးလဲ့လဲ့ ခေါင်းညိတ်စဉ် 'နွဲ့'ရင်မှာ တင်းလာပြီး

''ဟင် ရှင့်ခွေး ကျွန်မစကတ်ကို ဆွဲနေတုန်းက ရှင်မမြင်ဘူးလား''

''မြင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မြင်မြင်ချည်းနဲ့ ဘာလို့မဟားတာလဲ"

"တားမလို့ပါဘဲ ၊ ကြည့်ကောင်းတာနဲ့ ကြည့်နေလိုက်တာ"

"ဘာ ဘာကြည့်ကောင်းတာလဲ၊ ကြည့်ဦး ကြည့်ကောင်းဦး"

'နွဲ့' လက်ထဲက စာအုပ်တွေနှင့် 'သူ့' မျက်နှာကို ပစ်ပေါက်လိုက်၏။

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

'သူ့' ကို စာအုပ်တွေနှင့် ပစ်ပေါက်လိုက်စဉ် ခွေးနှစ်ကောင်က 'နွဲ့' ကို မလိုလားသလို ဟောင်သည်။ 'နွဲ့' ဒေါသမျက်ဝန်းတွေ ခွေးထံ ကျရောက်သွားပြီ။

"အောင်မယ် ပိုင်ရှင်မဆုံးမတဲ့ ခွေးတွေ ငါ့ စကတ်ကိုလဲ ဆွဲဖြဲသေးတယ်၊ ငါ့ ကိုလဲ ဟောင်သေးတယ်၊ ပန်းယိမ်းနွဲ့အကြောင်း သိရသေးတာပေါ့ ဟွန်း"

'နွဲ့' ခံပြင်းဒေါသက ခွေးနှစ်ကောင်ကို စာအုပ်တွေနဲ့ ပစ်ပေါက်လိုက်၏။ ခွေးနှစ်ကောင်က ဝုတ်ဝုတ်ဟောင်ပြီး 'သူ့' အပါးသေးကပ်၍ အကာအကွယ်ယူသည့်အခါ 'နွဲ့' စာအုပ်အထပ်လိုက် ပင့်ကိုင်လိုက်၏။

"မိုက်ရိုင်းတဲ့ ခွေးတွေ၊ နင်တို့ကို သတ်မယ် သတ်မယ်"

"မလုပ်ပါနဲ့ ဗျာ မလုပ်ပါ နဲ့"

'နွဲ့' လက်ထဲက စာအုပ်တွေ ခွေးပေါ်မရောက်ခင် သူစည်းကာဆိုသည်။ 'နွဲ့' ပို၍ ဒေါသထွက်ပြီး

"ဘာ မလုပ်ပါနဲ့လဲ။ ရှင့်ခွေးကြောင့် ကျွန်မစကတ်ပေါက်ပြဲသွားပြီ မတွေ့ဘူးလား"

"တွေ့ပါတယ် ဗျာ"

'သူ့' ခွေးဘက်က ဆတ်ဆတ်ထိ မခံကာကွယ်နေသည့်'သူ့'





ကို 'နွဲ့' ပိုပြီး အမြင်ကတ်လျှတ်

"တွေ့တယ်ဆိုရင် ရှင်တောင်းပန်"

"ဟာ ဘာလို့တောင်းပန်ရမှာလဲ"

"ရှင် က ခွေးပိုင်ရှင်ပဲ"

"ခွေး ပိုင်ရှင်ဟုတ်ပါတယ်၊ တကယ်ကိုက်ဆွဲတာက ဒီ၍သူးနှစ်ကောင်လေ၊ ဒီခွေးနှစ်ကောင် တောင်းပန်လိမ့်မယ်"

"အောင်မယ် ရှင့် ခွေးက တောင်းပန်တတ်လို့လား

"တတ်တယ်ဗျာ"

"ဒါဆို ရှင့် ခွေးကို တောင်းပန်ခိုင်း"

"အင်းပါ"

'နွဲ့' မျက်နှာတင်းတင်းကို မော့ထားလိုက်သည်။ 'သူ'က ခွေးနှစ်ကောင်ကို ဆရာကြီး စတိုင်နဲ့ကြည့်ပြီး။

"ဖြူမနဲ့ဖြူမောင်၊ မင်းတို့ ပါးစပ်သရမ်းလို့ ဟိုမမချော ဒေါသထွက်နေပြီ၊ သွားတောင်းပန်းလိုက်"

"ဝုတ် ဝုတ်"

'သူ' ဆိုစဉ် ခွေးနှစ်ကောင် တဝုတ်ဝုတ်နှင့် ခေါင်းညိတ်၍ 'နွဲ့' အပါးပြေးလာသည်။ 'နွဲ့' ခြေပေါ်သူတို့လက်တွေနဲ့ ပွတ်သတ်ပြီး တဝုတ်ဝုတ် အသံပြုလျက် တောင်းပန်လာသည်။

"ဟင်"

'သူ' တို့ တောင်းပန်မှုကြောင့် 'နွဲ့' ရင်မှာ ရှုံးကနဲ မျက်လာသည်။ ခွေးနှစ်ကောင် တောင်းပန်တာက တောင်းပန်မှု အစစ်ဟုတ်ရဲ့လား။ အမြင်ကတ်ကတ်နှင့် 'နွဲ့'ခြေကို လက်သည်းနှင့်ကုတ်ဆွဲနေတာလား။ 'နွဲ့' ဝေခွဲမရစွာ ငုံ့ကြည့်လိုက်တော့ 'နွဲ့' ခြေဖဝါးပေါ်ကုတ်ဆွဲရာမှ သွေးစတွေ စို့ထွက်လာသည်။ ထိုအခါ 'နွဲ့'ရင်ဖို



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းမှုနှင့်အတူ ဒေါသလှိုင်းထလာပြီး

''ဟင် ရှင့်အတော် မိုက်ရိုင်းလှချည်းလား၊ ရှင့်ခွေးကဘာ တောင်းပန်တာလဲ၊ ကျွန်မခြေကို ကုတ်ဖဲ့နေတာလေ၊ ဟိုမှာသွေး ထွက်လာပြီ၊ ရှင်မမြင်ဘူးလား၊ မမြင်ဘူးလား''

''ဟာ ဆောရီး ဆောရီး''

သွေးတွေစိမ့်ဖြာယိုထွက်လာမြင်တော့ သူ မျက်ဝန်းပြူးလျက် ည်။ သူအလောတကြီး တောင်းပန်သည်။

''ဘာ ဆောရီးလဲ၊ ရှင် သက်သက် အရွဲ့တိုက်တာ''

''မဟုတ်ရပါဘူးဗျာ''

''ဘာမဟုတ် ရမှာလဲ၊ ရှင်ကြောင့် ကျွန်မစကတ်ပြဲရတယ်''

''ဟာ တိုးတိုးပြောပါ''

''ဘာလို့ပြောရမှာလဲ၊ရှင့်ကြောင့် ကျွန်မစကတ်ပြဲရတာသွေး ှက်ရတာ''

'နွဲ့' ဒေါသတကြီးနှင့် အသံကျယ်ကျယ်ဆိုစဉ် 'နွဲ့'တို့ ဖြစ် ကို ကြည့်နေသည့် စာအုပ်ငှားသူတွေသည် အသံထွက်ရယ်တော့၏။

''ဘာရယ်တာလဲ၊ ရှင်တို့ဘာရယ်တာလဲ''

''ဟာ တိုးတိုးပြောပါ၊ ကျွတ်တော်ကြောင့် မင်းစကတ်ပြဲတယ် သွေးထွက်တယ်ဆိုတော့''

''ဟင်''

'နွဲ့' မျက်နှာ ရှက်သွေးဖြာသွားသည်။

''ကျွန်တော်ကြောင့် မဟုတ်ဘူး၊ ကျွတ်တော်ခွေးကြောင့် ဖြစ်တာလေ''

''ဟုတ်တယ် ဟုတ်တယ် ရှင့်ခွေးကြောင့်ဖြစ်တာ၊ ကျွန်မ လုံးဝ မကျေနပ်ဘူး''

(ဗျူးစာပေ)



''တောင်းပန်ပါတယ်ဗျာ၊ ခွေးတွေ နားမလည်လို့ပါ''

''ခွေးနားမလည်ဘူးဆိုတာနဲ့ ပြီးသွားရော့လား''

''ကျွန်တော်ခွေးကြောင့် ဖြစ်တယ်ဆိုတော့ ကျွန်တော် တာဝန် ယူပါတယ်''

ဖွာလန်ကြဲသွားသည့် စကတ်နောက်နားစကို ကြည့်၍သူ ဆိုသည်။ 'နွဲ့' နှုတ်ခမ်းပါး တင်းခါလျက်

''ဘာ တာဝန်ယူမလဲ''

''ဘဝတစ်လျှောက်လုံး စောင့်ရှောက်ဖို့''

''ဘာပြောတယ်''

'နွဲ့' ဒေါသ လက်မြှောက်တက်သွားစဉ် သူခြေတစ်လှမ်း နောက်ဆုတ်ရှောင်၍

''ဪ မင်းဘဝတစ်လျှောက်လုံးမှာ ကျွန်တော်ခွေးတွေ နောက်တစ်ခါ မနှောက်ယှက်အောင် တာဝန်ယူပါတယ်လို့''

''စကားကို ရှင်းရှင်းပြောပါ''

''ပြောပါမယ်ဗျာ၊ ပြဲသွားတဲ့ စကတ်ကို အသစ်ပြန်လျော်ပေး ပါ့မယ်၊ ဆေးဖိုးလဲ ပေးပါ့မယ်''

'နွဲ့' မျက်နှာလေးဆူလျက်။

''ပေးမယ်ဆို အခုပေး''

''ဘာပေးရမှာလဲ''

''လျော်ကြေးလေ နားမလည်ဘူးလား''

''လည်ပါတယ် ဘယ်နှစ်ရာလျော်ပေးရမလဲ''

''အောင်မယ်ဘာဘယ်နှစ်ရာလဲ ကျွန်မစကတ်က သုံးသောင်း''

''အမလေးဗျ သုံးသောင်း''

လက်ညိုးသုံးချောင်းထောင်ပြီး မျက်လုံးပြူးသွားသည့် သူ့ကို

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'နွဲ့' ခပ်ဝင့်ဝင့်ကြည့်ပြီး

''ဟုတ်တယ် သုံးသောင်း၊ ရှင့်ခွေးကုတ်ဖဲ့ထားတဲ့ ဒဏ်ရာကို ဆေးခန်းပြရင် အနည်းဆုံး ငါးထောင်ပေးရမယ်၊ ဒီတော့ စကတ်ဖိုးနဲ့ဆေးဖိုး သုံးသောင်းခွဲ လျော်ရမယ်''

''ဟင် သုံးသောင်းခွဲ''

သူ့မျက်နှာလေး တွန့်ကြုတ်သွားသည်။

''များလှချည်လား ဗျာ၊ နည်းနည်းလျှော့ပါ ဗျာ''

''လျှော့ရအောင် ဈေးရောင်းဈေးဝယ် လုပ်နေတာ မဟုတ်ဘူး''

''ဟုတ်ပါတယ် ကျွန်တော်မှာ ပိုက်ဆံမပါဘူးဗျ၊ နောက်တော့ လျော်ပေးမယ်လေ''

'နွဲ့' မေးကြောဆတ်ခါ၍

''ဒါမျိုးတွေ ရိုးနေပြီ၊ လျော်ပေးမယ်ဆိုပြီး အလစ်ရှောင်ဖို့ မဟုတ်လား''

''မရှောင်ပါဘူး ဗျာ''

''မရှောင်ချင်ရင် အခုချက်ချင်း လျော်ရမယ်''

သူဦးခေါင်း ကုတ်စဉ် 'နွဲ့'မျက်လုံးက သူနှင့်အကာအကွယ် ယူနေသည့် ခွေးနှစ်ကောင်စီ ကျရောက်သွားသည်။

''ရှင့် ခွေးတစ်ကောင် ဘယ်လောက်တန်လဲ''

''တစ်သိန်းကျော်တယ်''

''ဒါဆိုရင် ရှင့် ခွေးတစ်ကောင် အပေါင်ထားလိုက်''

''ဟာ ခွေးအပေါင်ခံတဲ့ဆိုင် ရှိလို့လား''

''ဆိုင်မှာ ပေါင်ဖို့မဟုတ်ဘူး၊ ရှင့်ခွေးတစ်ကောင်ကို ကျွန်မ ယူသွားမယ်၊ ရှင် သုံးသောင်းခွဲပေးတဲ့နေ့ ခွေးပြန်ပေးမယ်၊ ဘယ်လို လဲ''

(ဗျူးစာပေ)



''ဟာ မဖြစ်နိုင်ဘူးဗျ''

''ဘာဖြစ်လို့''

''ကျွန်တော် ခွေးနှစ်ကောင်က ရိုးရိုးခွေးမဟုတ်ဘူး''

''ဘာခွေးလဲ''

''ချစ်သူလေ''

'နွဲ့' နှုတ်ခမ်းစူလိုက်ပြီး

''ဘာ ချစ်သူလဲ''

''ဟုတ်ပါတယ်၊ ခွေးနှစ်ကောင်က ချစ်သူစုံတွဲဆိုတော့ တစ်ကောင်စီ ခွဲလိုက်ရင် အသည်းကွဲသလိုဖြစ်ပြီး လွမ်းနာကျမှာပေါ့''

''ကျပြီး သေပါစေ''

သူ့မျက်နှာ တွန့်သွားပြီး

''ပြီးတော့ ချစ်သူကိုခွဲရင် ကျွန်တော်တို့ ချစ်သူတွေလဲ ဝဋ်လည်ပြီး အခွဲခံရမှာပေါ့''

''ဘာပြောတယ်''

ဖျတ်ခနဲ မျက်ဝန်းချင်းဆုံသည်။

''ဟို ဟို ဒီလိုပါ၊ ကျွန်တော်မှာ ချစ်သူရှိရင် ဒါမှမဟုတ် ပင်းမှာ ချစ်သူရှိရင် ဒီခွေးချစ်သူကို ခွဲသလို ကျွန်တော်တို့လည်း ချစ်သူတွေနဲ့ အခွဲခံရမယ်၊ ခွေးတွေချစ်သူနဲ့ အခွဲခံရသလို၊ ဝဋ်လည်မှာကို ပြောတာပါ''

'နွဲ့' မသက်မသာ သက်ပြင်းချပြီး

''စကားကို ဝေ့လည်လည် မပြောနဲ့''

''အတည့်ပြောတာပါဗျာ၊ ချစ်သူဘဝရောက်နေတဲ့ ဒီခွေးနှစ်ကောင်ကို ခွဲမနေစေချင်ဘူး''

ခွေးနှစ်ကောင်က သူတို့ကိုခွဲမှာကို ရိပ်မိသည်ထင်ရသည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်သားတိုင်ပင် ထားသလိုလစ်ပြေး၏။

"အဲဒါသာ ကြည့်တော့၊ အခွဲခံရမှာစိုးလို့ လစ်ပြေးပြီ"

"အဲဒါဆို ရှင်ဘယ်လို ဖြေရှင်းပေးမလဲ"

"အခုချက်ချင်း လျှော်ကြေးလိုချင်ရင် ကျွန်တော်အိမ်လိုက်ခဲ့လေ၊ ကျွန်တော်အိမ်က ဒီလမ်းထိပ်မှာပဲ"

"အင်း"

အဖော်မပါဘဲ လျှော်ကြေးလိုက်ယူဖို့ 'နွဲ့' စိတ်မလုံခြုံ

"လိုက်ခဲ့ပါလား"

"အောင်မယ် ဘာလို့လိုက်ခဲ့ရမှာလဲ"

"အခုချက်ချင်း လျှော်ကြေးပေးဖို့ ကျွန်တော်မှာ ပိုက်ဆံမပါဘူးလေ"

"ဒါဆို ခွေးနှစ်ကောင်လုံး ကျွန်မယူသွားမယ်လေ"

"မင်း ယူသွားမယ်ဆို ပေးချင်ပါတယ်၊ ဒါပေမဲ့ ခုလောက်ဆို ခွေးနှစ်ကောင်လုံး ကျွန်တော်အိမ်ရောက်နေလောက်ပြီ"

"ဟာ ရှင် တော်တော်လွန်ပြီ၊ ရှင့်ခွေးတွေကို ရှင်မျက်ရိပ်ပြပြီး မောင်းထုတ်ပြီးကော"

"မဟုတ်ရပါဘူးဗျာ၊ သူတို့ အခွဲခံရမှာ ကြောက်ပြီးလစ်ပြေးတာပါ"

မွေးနဲ့လူက တကယ့်အလည်တွေ၊ 'နွဲ့' ခပ်စူးစူးစိုက်ကြည့်တော့ သူမလုံမလဲဖြစ်ပြီး

"ကျွန်တော်ကို ယုံပါဗျာ၊ ဒီလမ်းထိပ်မှာ ကျွန်တော်နေတာပါ၊ ကျွန်တော်နာမည် လင်းအာရုံ၊ မယုံရင်စာအုပ်ဆိုင်က အစ်မကိုမေးကြည့်ပါဗျာ"

"ဟုတ်တယ်ညီမလေး အာရုံအတွက် အစ်မတာဝန်ယူပါတယ်"

(ဗျူးစာပေ)



စာအုပ်ဆိုင်ရှင် မမထောက်ခံစဉ် 'နွဲ့' ဘဝင်မကျချင်ဘဲ ဘဝင်ကျရ မလိုဖြစ်လာသည်။

"အဲဒါဆို ပြီးရော အစ်မပဲ လျှော်ကြေးလက်ခံထားပေး"

"ကောင်းပြီလေ အစ်မယူထားပေးပါမယ်"

'သူ'ကို ဘဝင်မကျစွာ မျက်စောင်းခဲကြည့်ပြီး

"ကြားတယ်နော်၊ ရှင်ရှောင်ပြေးဖို့ မကြိုးစားနဲ့"

"မရှောင်ရက်ဘူးဗျာ"

"ရှောက်ရက်လို့ မရဘူး၊ ရှောင်ရင် နင့်အရက် ဖြန်းဖြန်းကွဲအောင်လုပ်ရလိမ့်မယ်"

"မှားပါတယ်၊ ဒီငခွေးနှစ်ကောင်ကြောင့် မှားပါတယ်"

မျက်နှာပေး အီလည်လည်နှင့် ရေရွတ်သည့် 'သူ'ကို 'နွဲ့'ပခုံးလေးတွန့်ကာ ပြုံးကြည့်လိုက်သည်။

"မမှားချင်ရင် ရှင့်ခွေးတွေကို သေချာဆုံးမထားပေါ့ နော်"

'နွဲ့' ခပ်ကြွကြွလေးဆို၍ လှည့်ထွက်ခဲ့သည်။ 'နွဲ့'ကို ငေးကြည့်ကျန်ရစ်ခဲ့သည့်သူနှင့် အကြည့်ချင်းဆုံစဉ် 'နွဲ့'ရင်မှာတလှိုက်လှိုက်ခုံသလိုခံစားရ၏။

အမှတ်မထင် ဆုံတွေ့ရသည့် သူ့ပုံရိပ်သည် 'နွဲ့'အာရုံမှာ ဂဝဲဝဲလည်လျက်။

ဖွာလန်ကြဲသွားသည့် စက္ကူလေးကိုငေးကြည့်ရင်း 'နွဲ့' ရင်မှာ အမျိုးအမည်မသိသည့် လှုပ်ရှားမှုလေး ပေါ်ကြွလာသည်။ ထိုလှုပ်ရှုက သူနှင့်နောက်တစ်ကြိမ် ဆုံရမှာကို မဝံ့မရဲဖြစ်သလိုလို၊ စိတ်မလုံ လလိုလို၊ ရင်ဖို့သလိုလိုနှင့်။ 'နွဲ့' အာရုံမှာ ရှိန်းမြမြ ဖိန်းထလာသည်။ 'သူ' က လမ်းထိပ်နားမှာ နေတာဆိုတော့ 'နွဲ့' တို့နှင့်တစ်လမ်းထဲ ဂည်းခြားတာပေါ့။ ဒါဆို 'သူ'နှင့်'နွဲ့'။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"အို ဘာဆိုင်လဲ"

'သူ့'ခွေးကြောင့် နွဲ့စကတ် ပျက်စီးသွားတယ်။ 'နွဲ့'ခြေဖမိုးပေါ် သူ့ခွေးရဲ့ ခြေသည်းရာတွေ ထင်ကျန်သွားတယ်။ အဲဒီအတွက် 'နွဲ့' လျော်ကြေးတောင်းတာလေ။ 'နွဲ့'မလွန်ပါဘူး။ 'နွဲ့' တောင်းတဲ့ လျော်ကြေးကိုသူပေးနိုင်ပါ့မလား? အို ပေးနိုင်မှာပေါ့။ သူ့ပုံစံက သူဌေးသားပီပီ ကျော့မော့နေတာ ကြည့်ပါလား။

"ဟွန်း"

❀ ❀ ❀



## အခန်း (၂)

"မပေးရဘူး"

ဖြစ်စဉ်ကို ပြောပြလိုက်စဉ် 'သူ' သူငယ်ချင်းသုံးယောက်က ပွဲကျင်တူငြင်း၏။ 'သူ' မျက်မှောင်ကြုတ်ကြည့်ပြီး။

"ဟ ကိုယ်ကတိပေးထားပြီးပြီ"

"မင်း ကတိကို အရည်ကျိုသောက်လိုက်"

"ဟာ မင်း ဘုကလန့်မပြောနဲ့ မင်းမင်းရာ"

မင်းမင်း ရေနွေးကြမ်းခွက်ကို စောင့်ချပြီး

"ဘာ ဘုဂလန့် မပြောနဲ့လဲ"

"ဘုဂလန့်ပြောတာ မင်းပဲ အာရုံ"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းတို့ သုံးယောက်အတိုင်အဖေါက်ညီညီ ဆိုစဉ်' သု နားမလည်ပြီ။

ကိုယ်လျှော့မယ်ပြောပြီး မလျှော့ရင် ဟိုဟာမလေး ပြဿန မွှေမှာပေါ့ကွ။

''မွှေပါစေ''

သုံးယောက်ပြိုင်တူဆိုစဉ် သူဘာဝင်မကျဘဲ။

''ဟာ''

''မဟာနဲ့ အာရုံ၊ မင်းခွေးက စကတ်ဝတ်ထားတဲ့ မိန်းကလေ တွေကို ဒီလိုပဲလိုက်ဆွဲ ခနကျ၊ ဘယ်တုန်းက မင်း တာဝန်ယူလို့လဲ ရယ်ကျဲကျဲနဲ့ ခေါင်းရှောင်ခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး''

''အခုမှ အထူးအဆန်းလုပ်ပြီး လျှော်ကြေးပေးမယ်လေးဘာ လေးနဲ့''

ဦးဦးမောင်နှင့် ကျော်ကျော် အချက်ကျကျဆိုစဉ် 'သူ့'မျက်နှ အိလည်လည် ဖြစ်သွားသည်။

ရှောင်ရက်လို့မရဘူး၊ ရှောင်ချင်ရင် ရှင့် အရှက်ဖြန်းဖြန်းကျဲ အောင်လုပ်ရလိမ့်မယ်ဟုပြောသွားသော သူမအသံးစူးစူးကို ကြားယောင် စဉ် 'သူ့'တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်။

''မပေးလို့မဖြစ်ဘူးကွာ၊ ဟိုကောင်မလေးကို ကိုယ့်နာမည်နဲ့ ကိုယ်နေတဲ့နေရာ ပြောခဲ့တယ်၊ ပြီးတော့ စာအုပ်ဆိုင်က အစ်မအာမခံ ထားတယ်ဆိုတော့ ပြဿနာမသေးဘူးကွ''

သူ ဖြေရှင်းချက်ပေးစဉ် ဦးမောင် နှာခေါင်းရှုံ့၍

''ဒီမှာ အာရုံ အခုမှ ပြဿနာ မသေးဘူးလေး ကြီးသလေ နဲ့ဆင်ခြေမပေးနဲ့''

''ကိုယ်တို့ ခွင့်မပြုရင် မပေးနဲ့''

(ဗျူးစာပေ)



''ဟုတ်တယ် မင်းသတင်းကို အဲဒီညနေကတည်းက ကိုယ် ပို့ကြားပြီးပြီ၊ အဲဒါကြောင့် စာအုပ်ဆိုင်က အစ်မနဲ့ ညှိထားပြီးပြီ၊မင်း လျှော်ကြေးသွားပေးရင် အဲဒီအစ်မက လက်မခံဘူး။ မင်းနဲ့မင်းခွေး ဖြစ်စဉ်တွေကို ပြောပြလိမ့်မယ်''

သူ့မျက်နှာပင့်တက်သွားသည်။ ကျော်ကျော် မေးဖျားပင့်ကြည့်၍

''အဲဒီတော့ ကောင်မလေး မင်းကိုအရှက်ခွဲလိမ့်မယ်''

''ဟာ မင်းတို့ အဲဒီလိုမညစ်နဲ့ကွာ၊ ဒီဝိုင်း ကိုယ်ရှင်းမှာပါ''

''ဒါမျိုးတွေက ရိုးနေပြီ''

သူငယ်ချင်းသုံးယောက် မျက်နှာပေးဆတ်ဆတ်နှင့် ဆိုစဉ် 'သူ'မျက်နှာ ထူပူလာသည်။

''ဟာ မင်းတို့ အဲလို မလုပ်နဲ့ကွာ''

''လုပ်ရမယ်၊ မင်းခွေးအဆွဲခံရတဲ့ မိန်းကလေးတွေထဲ ပန်း ယိမ်းနွဲ့ကိုမှမင်းစေတနာပိုတာ၊ ကိုယ်တို့ မကျေနပ်ဘူး''

သူရင်ထဲမှာခြကိုက်ခံရ သလိုခံရခက်လာသည်။ သူငယ်ချင်း သုံးယောက်လုံး ခပ်မြို့င်မြို့င်ပြုံးပြီး

''မင်းကို မကျေနပ်လို့ ဒဏ်ခတ်ချင်နေတာကြာပြီ၊ အခုမှ မျက်ကောင်းဝင်တော့တယ်''

''မင်းတို့ကလည်းကွား ကိုယ့်ကိုဒီတစ်ကြိမ် နားလည်ပေးပါ၊ ပန်းယိမ်းနွဲ့ကိုမြင်တော့ ကိုယ်စိတ်မှာ တစ်မျိုးဖြစ်သွားတယ်၊ ဒါကြောင့် လျှော်ကြေးတောင်းတာကို ပေးမယ်လို့ ကတိပေးခဲ့တာကွ''

သူမျက်နှာငယ်လေးနှင့် တရစပ်အသနားခံမိ၏။

''ကိုယ်ချက်ချင်း ပေးလိုက်ချင်တာ ပန်းယိမ်းနွဲ့ လိုက်မယူလို့''

''သဘောပေါက်တယ်၊ ပေါက်လွန်းလို့ ကိုယ်တို့ နှက်ချင်တာ ပိုင်နှက်ချင်တာကွ''

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'သူ့'ကို ဒဏ်ခတ်ဖို့ ညီညွတ်နေသည့် သူငယ်ချင်းတွေကို စိတ်ပျက်စွာ ကြည့်မိသည်။

'သူ့'အာရုံမှာ 'ပန်းယိမ်းနွဲ့'၏ ဆူပူမှုပုံရိပ်လေးထင်လာသည်။ 'သူမ'ကိုလျော်ကြေးပေးလို့ရအောင် ဘယ်လိုစီစဉ်ရမလဲ။

အင်း ဒီကောင်တွေမသိအောင် စာအုပ်ဆိုင်က အစ်မဆီမှာ 'ပန်းယိမ်းနွဲ့'လိပ်စာတောင်းမယ် 'ပန်းယိမ်းနွဲ့'ဆီကို ကိုယ်တိုင်သွားပြီး လျော်ကြေးပေးလိုက်ရင် အိုကေပြီပေါ့။

အင်း 'သူ' စိတ်ကူးမိသည့်အတိုင်း လုပ်ဆောင်ရန် ဆတ်ခနဲ ထတော့

"အာရုံ မင်းအကြံရိုးနေပြီကွ၊ စာအုပ်ဆိုင်က အစ်မဆီက ပန်းယိမ်းနွဲ့ လိပ်စာတောင်းပြီး ပန်းယိမ်းနွဲ့ကို ကိုယ်တို့မသိ အောင်လျော်ကြေးသွားပေးမှာ ဟုတ်လား"

'သူ့'အကြံကို သိနှင့်သလို 'မင်းမင်း'ဆိုစဉ် 'သူ'ခေါင်းကုတ်မိသည်၊ 'သူ့'အကြံကို ရိပ်မိနေသည့် သူငယ်ချင်းတွေကိုကြိတ်မှိတ်ကြိမ်ဆဲမိသည်။ ကျော်ကျော် မြူးမြူးလေးပြုံး၍

"ကိုယ်တို့က မင်းသူငယ်ချင်းပါကွာ၊ မင်းမျက်လုံးတွေကို ကြည့်တာနဲ့ နောကြေနေပြီးသား၊ မင်းဘယ်လိုပဲတောင်းတောင်း စာအုပ်ဆိုင်ကအစ်မက ပန်းယိမ်းနွဲ့ လိပ်စာကိုပေးမှာ မဟုတ်ဘူး"

"ကိုယ်တို့ ပူးပေါင်းပြီးသားကွ"

"ဟေး"

ကွက်ကျော်မြင်သည့်မင်းမင်းတို့ကို သူမျက်စောင်းခဲကြည့်မိသည်။ သူငယ်ချင်းသုံးယောက် သူကိုလှောင်ပိတ်သလို ဝိုင်းကြည့်၍ သူစိတ်ပျက်သွား၏။

"မင်းတို့ကွာ"

(ဗျူးစာပေ)



"ပန်းယိမ်းနွဲ့ကို ပေးထားတဲ့ မင်းကတိတည်ချင်လား"

"တည်ချင်တာပေါ့ ကျော်ကျော်ရာ"

သူငယ်ချင်းတွေ မျက်စပစ်ပြီး

"တည်ချင်ရင် ဦးဦးမောင် ကောင်မလေး ကေသီ၊ မင်းမင်း ...မေစိုးနဲ့ မင်းခွေးလိုက်ဆွဲခံရတဲ့ မိန်းကလေးတွေ ကျေနပ်အောင် ...တောင်းပန်ရမယ်"

"ဟာ ဘာဆိုင်လို့ တောင်းပန်ရမလဲ"

သူမျက်နှာလေး ရှုံ့၍ငြင်းလိုက်သည်။'မင်းမင်း'တို့ ဘဝင်မကျ ...ကြည့်၍

"တောင်းပန်ရမယ်၊ မင်းခွေးကြောင့် စကတ်ဝတ်ကောင်မလေး ...တော်များများ ရှက်ရတယ်၊ မင်းခွေးဆွဲတာကိုပြေးရှောင်လို့ မင်းမင်း ...မေစိုး ဗွက်အိုင်ထဲကျတယ်။ လမ်းထိပ်က ကောင်လေးတွေဝိုင်း ...ပ်ခံရတယ်၊ ဦးဦးမောင် ကောင်မလေးက အဆိုးဆုံးဖြစ်ရတယ်"

"ဟာ ကေသီ ကိုယ့်ခွေးအကြောင်း သိလျက်နဲ့ အချွန်အ...က်ပါတဲ့ စကတ်တိုတိုဝတ်ဝတ်ထားတော့ ကိုယ့်ခွေးက ပုခက်အမှတ် ...ယ်စီလို့ ကေသီ စကတ်ကျွတ်ကျသွားတာ၊ ကေသီ ဘာသာ ...က်ပြီး ဦးဦးမောင်ကို အဆက်ဖြတ်တာ၊ ကိုယ့်ခွေးက အဆက်ဖြတ် ...းတာမှ မဟုတ်တာ"

သူဆတ်ဆတ်ထိမခံ ချေပစဉ် ဦးဦးမောင် မျက်နှာပေးရှက် ...ရဲစိုသွားပြီး

"တော်တော့ အာရုံ အဲဒီအကြောင်းမပြောနဲ့၊ ကိုယ်ရင်နာ ...ယ်ကွာ၊မင်း ခွေးကြောင့် ကိုယ့်ချစ်သူနဲ့ ကွဲရတာ"

"မင်း ခွေးကြောင့် ကိုယ့်ညီမ အရှက်ကွဲရတာ၊ လုံးဝသည်း ...ဘူး အာရုံ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'မင်းမင်းနှင့်ဦးဦးမောင်' ဒေါသတကြီးဆိုစဉ် 'သူ'ဦးခေါင်း ပုဝင်သွားသည်။

"ဒါကြောင့် ဘယ်မိန်းကလေးကိုမှ မတောင်းပန်ချင်ရင်နေ၊ ကေသီနဲ့မေစိုးကို တောင်းပန်ရမယ်၊ ဒါမှမင်းမင်း ကျေနပ်မယ်၊ ဦးမောင်နဲ့ကေသီပြေလည်မယ်ကွာ"

ကျော်ကျော် ထပ်ဆင့်ဆိုစဉ် 'သူ'စောဒက မတက်ရဲတော့။

"မင်းက တစ်ခါတည်း ဆုံဖူးတဲ့ မိန်းကလေးအပေါ် စေတနာ သက်ဝင်နေမှတော့ ဦးဦးမောင်ကို ပိုပြီးစာနာသင့်တယ်၊ ဟုတ်တယ်နော် အာရုံ"

သူစောဒက မတက်လေ ကျော်ကျော် ပိုဆိုးလေ။

"တောင်းပန်လိုက်ကွာ၊ ဒါမှပန်းယိမ်းနွဲ့ကို မင်းဇာတ်လမ်း ဆက်လို့ရမှာ၊ နောက်ဆို မလွယ်ဘူးကွ"

ကျော်ကျော် လေပြေးထိုး၍ ဖြောင်းဖျသော်လည်း 'သူ'ခေါင်း မညိတ်ချင်သေး။

"ရတယ် ပန်းယိမ်းနွဲ့လိပ်စာ ကိုယ်တို့သိထားတယ်၊ ပန်းယိမ်း နွဲ့ဆီသွားပြီး မင်းနဲ့ခွေးနဲ့ ဖြစ်စဉ်တွေ ချွေလိုက်ရုံပဲ"

"အဲဒီတော့ ပန်းယိမ်းနွဲ့နား မင်းကပ်လို့မရတော့ဘူး။ သွားကြ စို့"

မင်းမင်းနှင့်ဦးဦးမောင် အတိုင်အဖောက်ညီညီ ဆို၍ထထွက်သွား သည်။ သူငယ်ချင်းတွေကို ပြေလည်စေချင်သည့် ကျော်ကျော်က

"အာရုံ မင်း ခေါင်းမမာနဲ့၊ ပန်းယိမ်းနွဲ့ကိုချဉ်းကပ်ဖို့က မင်းတစ်ယောက်တည်း ဉာဏ်နဲ့မရဘူး၊ မင်းခွေးကြောင့် ဖြစ်တာ မင်းတာဝန်ယူပြီး ရှင်းလိုက်၊ ကေသီနဲ့မေစိုးက စိတ်ကောင်းရှိကြပါတယ်၊ တောင်းပန်လိုက်ရင် အိုကေပြီလေကွာ"

(ဗျူးစာပေ)



သူသက်ပြင်းချ၍

"အင်းပါကွာ၊ ကိုယ့်ခွေးကြောင့် ကိုယ့်ဝဋ်လည်တာပေါ့ကွ၊ ...တတ်နိုင်မှာလဲ၊ မင်းမင်းနဲ့ဦးမောင် လာပါကွာ၊ ကိုယ်တောင်းပန် ...၊ ကေသီတို့ ကျေနပ်တဲ့အထိ တောင်းပန်မှာပါကွာ"

သူစိတ်မသက်မသာဆိုလိုက်သည်။ ဦးဦးမောင်နဲ့ မင်းမင်း ...ပ်းတန့်၍

"မင်းတကယ်ပြောတာလား အာရုံ"

"တကယ်ပါကွာ"

"မေစိုးနဲ့ကေသီကျေနပ်ပြီးမှ မင်းနဲ့ပန်းယိမ်းနွဲ့ဇာတ်လမ်း ...်လို့ရမှာကွ"

ဦးမောင်တို့ အကျပ်ကိုင်စဉ် 'သူ' မငြင်းသာတော့

"မင်းတို့သဘောကွာ"

"ကဲ ဒါဆို ကေသီကို အရင်ဦးဆုံးတောင်းပန်ရအောင်"

'သူ' ခေါင်းညိတ်ပြီး

"သွားတောင်းပန်ရင် ဖြူမနှင့်ဖြူမောင်ကိုပါ ခေါ်သွားရမလား"

"ဟာ အာရုံ ဒီခွေးတွေပါနေရင် ပြဿနာက ပိုတက်မှာ ...ကေသီက စကတ်ဝတ်နေကျကွ"

"ဟာ ဒီကိစ္စပြီးရင် ကေသီ စကတ်မဝတ်အောင်တားကွာ ...ောင်၊ မင်းလဲ မင်းညီမကို တား"

သူ့အဆိုကြောင့် 'မင်းမင်း'တို့ မျက်နှာပေး ဘဝင်မကျဖြစ်သွားကြ

"ဟာ ဘာဆိုင်လို့ တားရမှာလဲကွ၊ ဒီခေတ်က စကတ်ဝတ် ...တ်ပဲ။ သူ့ခေတ်နဲ့သူဝတ်တာ"

"သူ့ခေတ်နဲ့သူ ဝတ်တော့ ကိုယ့် ခွေးကလည်း သူ့ပါးစပ်နဲ့ ...ဟာ ဘာတတ်နိုင်မှာလဲ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"တတ်နိုင်ရမယ်၊ လိုက်မဆွဲအောင် မင်းခွေးကို ကြောင်အိမ်ထဲထည့်သော့ခတ်ထား"

"ဟာ ဘာလို့သော့ခတ်ထားရမှာလဲ"

"ဟာ သော့မခတ်မှတော့ လိုက်ဆွဲမှာလေ၊ ပြဿနာကပိုကြီးလာမှာ၊ အခုတောင် ပန်းယိမ်းနွဲ့လိုမိန်းကလေး ပြဿနာရှာပြီမဟုတ်လား"

'ပန်းယိမ်းနွဲ့' သူမကြောင့် သူ့ရင်မှာ ပြုံးမြသွားသည်။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ခွေးနှစ်ကောင်ကို ကိုယ်ပိုချစ်သွားပြီ"

"ဘာဖြစ်လို့"

"ပန်းယိမ်းနွဲ့နဲ့ ကြုံဆုံအောင် ဖန်တီးပေးလို့"

ကျော်ကျော်တို့ နှာခေါင်းရှုံ့ကြ၍

"အောင်မယ် ဖီလင်တက်ချင်သေးတယ်"

"တက်ချင်တာပေါ့ကွ"

သူပြုံး၍ ဆိုလိုက်မိသည်အထိ သူ့ရင်မှာ ကြည်နူးသွားသည်။

"တက်ချင်ရင် နောက်မှတက်၊ မေစိုးနဲ့ကေသီကျေနပ် ပြီးမှ ဖီလင်ခံ၊ လောလောဆယ် မျက်နှာငယ်လေးနဲ့ တောင်းပန်ဖို့ပြင်ဆင်"

"အင်းပါကွာ"

"ကဲ တောင်းပန်မယ်ဆိုလဲ၊ မြန်မြန်သွားပြီးတောင်းပန်ကွာ၊ ကေသီနဲ့ အမြန်ဆုံးပြေလည်ချင်တယ်ကွ"

အသည်းအသန်ဆိုနေသည့် ဦးဦးမောင်ကို သူလက်သီးကျစ်ကျစ်ထောင်ပြလိုက်သည်။

"ပန်းယိမ်းနွဲ့နဲ့ပက်သက်မှ မင်းကို နိုင်ကွက်ရတော့တယ်အာရုံ"

"ရှေ့ဆက် မင်းခွေးတွေကို သေချာထိန်းသိမ်းတော့"

(ဗျူးစာပေ)



"အင်းပါကွာ၊ သွားကြစို့"

"ထို့နောက် ကေသီတို့ကို တောင်းပန်ရန် သူဦးအောင်ထွက်ခဲ့၏။

"ပန်းယိမ်းနွဲ့ ရယ်"

'ပန်းယိမ်းနွဲ့'ကြောင့် ဒီကောင်တွေကို 'သူ'အလျှော့ပေးလိုက်ရတယ်ဆိုတာ နားလည်နိုင်မလား။

❀ ❀ ❀

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အမလေး"

ရုတ်တရက် သိုင်းဖက်ခြင်းခံရစဉ် 'နွဲ့' လန့်သွားသည်။

"ဟား ဟား ဟား"

သူငယ်ချင်းတွေရဲ့ ရယ်သံပျံ့ထွက်လာစဉ် 'နွဲ့'နှုတ်ခမ်းပါးပေါ် ရှက်ရိပ်ပြေးတက်လာသည်။

"နွဲ့ နော် မရိုးတော့ဘူး ဟား ဟား"

"နွဲ့တို့လန့်တတ်နေပြီ"

"မဟုတ်မှလွဲရော ဟိ ဟိ"

သွယ်သွယ်တို့ သုံးယောက် ရယ်ကျဲကျဲဆိုစဉ် 'နွဲ့'ပို၍ ရှက်သွားသည်။

(ဗျူးစာပေ)



"လာမယ်ဆိုလဲ ကြိုပြောရောပေါ့၊ ရှင်တို့ကလဲ"

ရှက်ရိပ်ဖုံးကွယ်ချင်တာကြောင့် ပြစ်တင်သလို 'နွဲ့'ဆိုလိုက် ...ည်။ ထိုအခါ မူမူ မျက်စောင်းခဲကြည့်ပြီး

"ခုမှ ဘာကြိုပြောရောပေါ့လဲ၊ မူမူတို့က ဒီလိုပဲလာနေကြ"

"ဟုတ်သားပဲ နွဲ့ရယ်၊ ရှင့်စိတ်က မရိုးတော့ဘူးဆိုတာ ...လာချာပြီ"

"ဟုတ်တယ် ပြောစမ်း နွဲ့၊ သွယ်တို့ဝိုင်းဝန်း အကြံပေး ...ရတာပေါ့"

"ပြောပါ နွဲ့ စိတ်မှာဖြစ်စဉ်တစ်ခု ရှိနေပြီ မဟုတ်လား ...ပြောစမ်းပါဟာ"

သူငယ်ချင်းတွေ တရစပ်မေးမြန်း၍ 'နွဲ့' မလုံမလဲဖြစ်၍ ...နံတင်ခုံရှေ့ထိုင်လိုက်သည်။

"နွဲ့ဘယ်လောက်ဖုံးဖုံး တိုးတိုးတို့က ရိပ်မိပြီးသား"

"ဒီဘက်ရပ်ကွက်ကို ပြောင်းလာတာ တစ်ပတ်မပြည့်သေးဘူး၊ ...ပုံစံက ထူးခြားလာတယ်၊ ဖုံးကွယ်ထားဖို့ မကြိုးစားနဲ့"

'တိုးတိုး'တို့ ရှူးရှူးစမ်းစမ်း ဝိုင်းဝန်းဆိုလာစဉ် 'နွဲ့'မလုံမလဲ ...လျက်

"ဘာအကြောင်းမှ မရှိပါဘူး ဟာ"

"မယုံဘူး"

"ဟာ တိုးတိုးပြောပါ၊ မာမီကြားသွားလိမ့်မယ်"

'...' မျက်နှာပေးရှက်ရိပ်နှင့် စိုးမြန်းသွားသည်။ 'နွဲ့'အမူအရာက တစ်ခု ...ဆောင်တာကြောင့် သွယ်တို့ အစ်မေးဖို့ မျက်စပစ်တိုင်ပင်ပြီး

"ကြားပါစေ၊ နွဲ့ညာနေရင် သွယ်တို့ ဒီလိုပဲ အော်ကျယ် ...ဟော်ကျယ်ပြောမှာပဲ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မနေ့ကပဲဝယ်တဲ့ နွဲ့စကတ်က ဘာဖြစ်လို့ ဖွာလန်ကြဲသွားတာလဲ ပြောစမ်းပါ"

ကုတင်ခြေရင်းမှ စကတ်ဆီ 'နွဲ့'အကြည့်ရောက်စဉ် 'မူမူ' ဖျတ်ခနဲ အတွေးပေါက်သလို ဆိုတော့သည်။

"နွဲ့ရယ် သူငယ်ချင်းအရင်းကြီးတွေပဲ၊ ဟန်ဆောင်ဖို့မကြိုးစားပါနဲ့"

"နွဲ့ ဖြစ်စဉ်ကို အကဲခတ်ပေးမယ်လေ၊ ဘယ်နှယ်လဲ"

မျက်ဝန်းလေးပင့်သည့် သွယ်သွယ် ကို 'နွဲ့' အကြည့်လွှဲသည်။

"မပြောဘူးဆိုရင် နွဲ့နဲ့သူငယ်ချင်းအဖြစ်က ပြတ်စဲလိုက်မယ်"

'နွဲ့' ကိုယ်တွန့်သွားပြီး

"ဟာ အဲလို မပြတ်စဲနဲ့လေ"

"မပြတ်စဲချင်ရင် ပြော"

"ဘာပြောရမှာလဲ"

"မသိချင်ဟန် မဆောင်ပါနဲ့ ဟယ်၊ နွဲ့ ရင်ထဲရောက်နေတဲ့ Boy အကြောင်း"

"အို"

'နွဲ့' ရင်မှာ ရှက်ရိပ်တွေ ပြေးတက်လာသည်။

"ဟာ နွဲ့ရင်ထဲ ဘယ်ယောကျ်ားလေးမှ မရောက်သေးဘူး"

"ရောက်တော့မယ်ပေါ့"

"ပြောလေကဲလေပါလား သွယ်ရယ်၊ သူ့ခွေးကြောင့် နွဲ့စကတ်ပြဲရတယ်၊ နွဲ့ခြေဖမိုးမှာ လက်သည်းရာ ရတယ်လေ၊ ဘယ်လိုလုပ်ကျေနပ်နိုင်မှာလဲ"

"ပြောမယ့်ပြောတော့လည်း တွင်တွင်ချည်းပါလား"

(ဗျူးစာပေ)



"ကဲ ဆက်ပြောပါဦး၊ အဲဒီတော့ ဘာဖြစ်သေးလဲ"

'နွဲ့' မကျေနပ်သေးသလို နှုတ်ခမ်းပါးလေးဆူလိုက်ပြီး

"လျှော်ကြေးတောင်းလိုက်တာပေါ့"

မူမူတို့ မျက်ဝန်းအစုံဖင့်လျက်

"ဘယ်လောက်ရသွားလဲ"

"မရသေးဘူး ဟ၊ ဒီနေ့မှ သွားယူရမှာ"

"အွန်း ဒါဆို ပြန်ပြီးသွားယူလေ၊ တော်ကြာ အပျောက်ရိုက်ရင်တော့"

"စာအုပ်ငှားဆိုင်က အစ်မ အာမခံထားတယ်၊ သူပေးမယ်ထင်တယ်၊ ပြီးတော့ သူ့နာမည် လင်းအာရုံ တဲ့၊ ဟိုဘက်လမ်းထိပ်မှာနေတယ် ပြောသွားတယ် ဟ"

'နွဲ့'သိသမျှ ဆိုလိုက်သည်။ 'မူမူ'တို့ သိပ်ဘဝင်မကျ။

"ဟာ ဘာပဲဖြစ်ဖြစ်၊ ရစရာရှိတာ ချက်ချင်းယူတာကောင်းတာပေါ့၊ နွဲ့ရယ်၊ ဒီခေတ် ယောကျ်ားလေးတွေ ကြည့်ရတာတော့ ပလိုင်ကြွသလိုပဲ၊ ဆန်းစစ်လိုက်မှ အဆန်ချော်တွေဖြစ်မှန်း သိရတာ"

"ဟုတ်တယ်၊ သွယ် ပြောသလို အဆန်ချော်တွေဖြစ်နေရင်သွားပြီ နွဲ့ရယ်"

"နွဲ့စကတ်က အသစ်စက်စက်ကြီး၊ သုံးသောင်းပေးရတာ၊ ပတ်ရုံပဲရှိသေးတယ် နှမျောစရာဟာ"

"ပြောနေရင်ကြာတယ် အမြန်သွားယူစို့လား တိုးတိုးတို့ ဂဖော်လိုက်မယ်လေ"

"သွယ်တို့က ရစရာရှိတာ ချက်ချင်းရမှ"

"မူမူပါတော့ သူ ရိတ်ိယားတား လုပ်ရမှာ မဟုတ်ဘူး၊ နွဲ့တစ်ယောက်ထဲဆိုရင် သူ ရှောင်ချင်ရှောင်မှာ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



''အင်း ကောင်းသားပဲ''

''ဒါဆို သွားကြစို့''

'မူမူ'တို့ပေးသည့်အကြံတိုင်း စာအုပ်ဆိုင်သို့ 'နွဲ့'တို့ရောက်ခဲ့သည်။

''အစ်မ''

'နွဲ့'ခေါ်သံကြောင့် စာအုပ်ဖတ်နေသည့် အစ်မ မော့ကြည့်သည်။

'နွဲ့'ကို မြင်တော့ လိုလိုလားလား ပြုံးပြပြီး။

''ပြော် ညီမလေး ပြော''

'နွဲ့' ပြုံး၍

''မနေ့က ကိစ္စလေ။ လင်းအာရုံ လျှော်ကြေးပေးထားမယ်ဆိုတာ လာပေးပြီလား''

''မပေးသေးဘူး''

'နွဲ့' မျက်ခုံးပင့်တက်သွားပြီ

''ဟင် သူပြောတော့ လာပေးမယ်ဆို''

''ဟုတ်တယ်၊ ဒီကောင်တွေက အလကား၊ ပါးစပ်နဲ့ လျှော်တာ၊ ဘယ်သူ့ကိုမှ လက်တွေ့လျှော်တာ မဟုတ်ဘူး၊ အာရုံခွေးက မိန်းကလေးတိုင်းကို ဒီလိုပဲ ဆွဲနေကြ''

''ဟင်''

'နွဲ့' အလိမ်ခံရကြောင်း ရိပ်စားမိစဉ်ဒေါသဖြစ်ချင်လာသည်။

''ဒါဆို နွဲ့ကို လိမ်တာပေါ့ ဟုတ်လားအစ်မ''

''အဲဒီ သဘောပဲ ညီမရယ်''

''ဟာ တော်က် နွဲ့ကို သက်သက်ကြောတာ''

''ဟုတ်တယ် နွဲ့ ဒီကောင်ကို သင်ခန်းစားပေးဖို့လိုပြီ''

(ဗျူးစာပေ)



'သွယ်'ဆိုစဉ် 'နွဲ့' ရင်မှာ တေးမှတ်လိုက်သည်။

''ဟုတ်တယ်၊ ဒါနဲ့ အစ်မ လင်းအာရုံကို ဘယ်မှာတွေ့နိုင်မလဲ''

''လမ်းထိပ်ကလက်ဖက်ရည်ဆိုင်မှာသူတို့ထိုင်နေကြ၊ လက်ဖက်ရည်ဆိုင်မှာ ရှိချင်ရှိမယ်၊ မရှိရင်လဲအဲဒီလက်ဖက်ရည်ဆိုင်ကထိုင်စောင့်နေလိုက်''

''ကျေးဇူးပဲ အစ်မ''

''လာ နွဲ့ လက်ဖက်ရည်ဆိုင်က ထိုင်စောင့်ကြတာပေါ့''

ထို့နောက် 'နွဲ့'တို့ လက်ဖက်ရည်ဆိုင်ဆီ ဦးတည်ခဲ့သည်။ 'နွဲ့'ရင်မှာ 'သူ့'ကို ဖဲ့ချင်တဲ့စိတ် တဖွားဖွားပေါ်လာသည်။

''ပြောတုန်းကတော့ ခုချက်ချင်း အိမ်လိုက်ယူရင် ပေးမလို ဘာမလို့နဲ့ နွဲ့တစ်ယောက်တည်းမို့လို့ လိုက်မယူဖြစ်တာ''

''အဲဒီကတည်းက မူမူတို့ကို လှမ်းခေါ်လိုက်ပါလား''

''သွယ်တို့ရှိရင် လင်းအာရုံ တစ်ပတ်ရိုက်နိုင်မှာ မဟုတ်ဘူး''

''နွဲ့က ဒီလိုဖြစ်မယ်မှန်း မရိပ်မိဘဲ ၊ ရိပ်မိရင် ချက်ချင်းလိုက်ယူတာပေါ့''

''ကဲပါ ဆိုင်ထဲကြည့်ပါအုံး''

'နွဲ့' ဆိုင်အတွင်း ချောင်းကြည့်လိုက်သည်။ 'သူ့' အရိပ်အယောင်မတွေ့ရ။

''မရှိဘူး ဟ''

''ဟိုအစ်မ ပြောသလို ထိုင်စောင့်ရအောင်''

''ကောင်းတယ် နွဲ့။ ဆိုင်ထောင့်ကျကျမှာ ထိုင်စောင့်ကြတာပေါ့''

''ကောင်းတယ်။ ဒါမှ ရှောင်ပြေးလို့မရမှာ''

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'နွဲ့'တို့ ဆိုင်းအတွင်းထောင့်ကျကျမှာ ဝင်ထိုင်ကြသည်။ စားပွဲထိုးကောင်လေးရောက်လာတော့ 'မူမူ' က စားသောက်စရာမှာပြီး

"ဒါနဲ့ မောင်လေး ၊ လင်းအာရုံတို့ ဒီဆိုင်ကို ဘယ်အချိန်လာတတ်လဲ"

"စောစောကတင် ထွက်သွားကြပြီ"

"ဟင်"

'နွဲ့' တို့မျက်ဝန်းလေးတွေ ပြူးသွားစဉ် စားပွဲထိုးကောင်လေး အံ့သြလျက်

"အစ်မတို့က"

ကောင်လေး စပ်စုစဉ် 'သွယ်'က

"ဟို ဟို သူငယ်ချင်းတွေပါ၊ ချိန်းထားလို့"

"အဲဒါဆို စောင့်နေ၊ မကြာခင် 'သူ' တို့ရောက်လိမ့်မယ်"

"မောင်လေး ဘယ်လိုသိလဲ"

"အစ်ကိုတို့က အလုပ်မရှိရင် ဒီဆိုင်မှာ အချိန်ဖြုန်းနေကြ ထွက်သွားတာ တစ်နာရီလောက်ရှိပြီ ဗျ"

"ကျေးဇူးပဲ မောင်လေး၊ စားစရာတွေ မြန်မြန်ချပေး"

"ဟုတ်ကဲ့"

စားပွဲထိုးကောင်လေး ထွက်သွားတော့ 'နွဲ့' သက်ပြင်းချပြီး

"နွဲ့ တို့လိုက်လာမှာသိလို့ ရှောင်တာလား မသိဘူးသွယ်သွယ်"

"ရှောင်နေလဲ မိအောင်ဖမ်းမယ်၊ လင်းအာရုံ ဘယ်မှာနေလဲ ဘာညာဆိုတာ ခုနက ကောင်လေးကို မေးလို့ရတာပဲ"

"ဟုတ်တယ် နွဲ့၊ လောလောဆယ် စောင့်ကြည့်မယ်၊ မရောက်ဘူးဆိုရင် လင်းအာရုံ အိမ်ထိ လိုက်တာပေါ့"

(ဗျူးစာပေ)



ခပ်တည်တည်ဆိုသည့် 'သူ့' အသံကြားယောင်စဉ် 'နွဲ့' ...ပုံပုံပုံ၍တင်းလာသည်။

"နွဲ့ ဟိုမှာ ကြည့်စမ်း၊ လင်းအာရုံ ဖြစ်နေမလား"

ဆိုင်တွင်းသို့ဝင်လာသည့် လူငယ်တစ်စုကို 'တိုးတိုး' ညွှန်၍ ...ပြစဉ် 'နွဲ့' ဆက်ခနဲ ခေါင်းထောင်ကြည့်သည်။ ဆိုင်ထဲဝင်လာသည့် ...လူငယ်လေးယောက်က 'သူ'နှင့် ဆင်ဆင်မျှမတူ။

"မဟုတ်ဘူး ၊ သူက စမတ်ကျကျ သားသားနားနား"

"သွယ် ပြောသလို အဆန်ချော်ချော်ဖြစ်မှာပါ ဟာ"

"မှာတ်မယ် မူမူ"

"ဟိုမှာ ဝင်လာတဲ့ သူလား"

တိုးတိုး ညွှန်စဉ် ဆိုင်ထဲဝင်လာသည့် သုံးယောက်ကိုကြည့် ...ပုံက်စဉ်

'နွဲ့' မျက်ဝန်းတောက်ပလင်းလက်သွားသည်။ ဖြူဖြူသွယ်သွယ် ...ပုံ ကြော့ကြော့မော့မော့ရှိသည့် 'သူ့'ကို ခပ်စူးစူးကြည့်ပြီး

"ဟုတ်တယ်သွယ်၊ အလယ်ကကောင်၊ တီရှပ်အဖြူ ဘောင်း ...ဘီအဖြူနဲ့"

"ဖြူဖြူကောင်လေ၊ သူ့ခွေးနဲ့သူ အရောင်တူပဲ"

"ဟ ခွေးမပါဘူး နွဲ့ရဲ့၊ သုံးယောက်တည်း"

"ဟုတ်ပါတယ်၊ အခုလာတာ ခွေးမပါဘူး၊ သူ့ခွေးလဲ ...ဖြူရောင် သူလည်း အခုအဖြူဝမ်းဆက် ဝတ်ထားတယ်လေ၊ အဲ ...ဒါပြောတာ"

'သူ'တို့ သုံးယောက်က ဆိုင်ရှေ့ဘက်စားပွဲမှာ ဝင်ထိုင်ကြသည်။ '...ပူ'က 'နွဲ့'ကို ကြောပေးအနေအထား။

"ကဲ နွဲ့၊ ဘယ်လိုစမလဲ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"နွဲ့ အရင်သွားမယ် "

"ဖြစ်မလား"

"အခြေအနေ စောင့်ကြည့်လေ"

"အိုကေ"

'နွဲ့' မာန်တင်း၍ ထိုင်နေရာမှ ထလိုက်သည်။ 'နွဲ့' နှုတ်ခမ်းပါးကို အသာဖိကိုက်၍ ပြုံးသည်။ ထို့နောက် ပိုင်ပိုင်နိုင်နိုင် တုန့်ပြန်ရင်း 'သူ့'ရှေ့'နွဲ့' ခြေလှမ်းပို့လိုက်၏။

❀ ❀ ❀



## အခန်း (၄)

"လာကွာ ၊ မင်း ကေသီက သိပ်ချေးကိုင်တာပဲ"

'သူ' စိတ်ပျက်စွာ ရွတ်လိုက်သည်။

"မင်းကလည်း၊ ကေသီက စကတ်ကျွတ်ထားတော့ အရှက်မပြေသေးလို့ပါကွာ"

ကျော်ကျော် ပြေရာပြေကြောင်းဆိုစဉ် ဦးဦးမောင် မျက်နှာရှုက်ထူသွားပြီ။

"ကိုယ့်တော့ မင်းခွေးနှစ်ကောင်ကို ဖွတ်သတ်ချင်တယ်ကွ"

"ကဲပါ ကွာ၊ နှစ်ယောက်လုံး စိတ်ရှော့ပါ၊ ကေသီ အရှက်ပြေအောင် မေစိုးနဲ့ စည်းရုံးခိုင်းမယ်ကွ"

မင်းမင်း ကြားဝင်ဆိုစဉ် ကျော်ကျော် ထောက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မေစိုးနဲ့ကေသီက ရင်းနှီးကြတယ် မဟုတ်လား၊"

"မေစိုး ဖျောင်းဖျရင် ကေသီ အရှက်ပြေလာမှာပါ"

သူမျက်နှာ ဘဝင်မကျ ရှုံ့တွလျက်

"ကေသီ အရှက်ပြေဖို့ ဘယ်နှစ်ရက်စောင့်ရမလဲ ကွာ"

"ဘယ်နှစ်ရက်ဖြစ်ဖြစ် စောင့်ရမှာပဲ"

"စောင့်ရတာက အရေးမကြီးဘူး၊ ကိုယ့်ကို ပန်းယိမ်းနွဲ့ အမြင်စောင်းလိမ့်မယ်"

"မင်းနဲ့ ပန်းယိမ်းနွဲ့ ဘာမှဖြစ်တာမဟုတ်ဘူး၊ ကိုယ်က ချစ်သူနဲ့ အဖြတ်ခံထားရတာ ကွ"

ချစ်သူနှင့် အဆက်ဖြတ်ခံထားရသည့် ဦးမောင် ခပ်တင်းတင်း ဆိုသည်။

"ဟုတ်တယ် အာရုံ၊ ဦးဦးမောင်က ချစ်သူနဲ့အဖြတ်ခံထားရ တာ၊ မင်း စိတ်ရှည်ရှည် ထားကွာ၊ ပန်းယိမ်းနွဲ့ အမြင်စောင်းရင်ကိုယ် တို့အားလုံး ရှင်းပြလိုက်တာပေါ့ကွ မင်းကလည်း"

"မထူးပါဘူးကွာ၊ ကိုယ်ဝန်ခံရသလိုပဲ၊ ရင်ခုန်စရာ ဖြစ်မလား အောက်မေ့တယ်၊ မင်းတို့ကြောင့် ကျွန်းခံနေတာ မပျော်ဘူးကွာ"

'သူ' စိတ်နောက်စွာဆိုလျက် ရေနွေးတစ်ခွက် မော့လိုက်သည်။

"လင်းအာရုံ"

စူးရှရှခေါ်သံ 'သူ့' နားထဲ လိုမ့်ဝင်လာစဉ် 'သူ' ကိုယ်ဆတ် ခနဲ မတ်သွားသည်။ ခပ်တင်းတင်း အပြုံးတစ်ပွင့်နှင့် စူးစိုက်ကြည့်နေ သည့် 'ပန်းယိမ်းနွဲ့'ကို ရုတ်တရက်မြင်စဉ် 'သူ' ရင်ဖိုလိုက်ခုန်လျက်။ 'သူ့'လက်မှ ရေနွေးခွက် လွတ်ကျသွားတော့၏။

"ပန်းယိမ်းနွဲ့"

သူ့ ခေါ်သံလိုက်လိုက်ကြောင့် သူမမျက်ခုံးပင့်ကြွသွားပြီး။

(ဗျူးစာပေ)



"ရှင် လန့်သွားလား"

"အို မလန့်ပါဘူး"

"ဘာဖြစ်လို့"

'နွဲ့' မျက်ခုံးပင့် မေးစဉ် 'သူ' ဟန်မပျက်အောင် ထိန်း၍

"မလန့်ဘူး ဗျာ၊ ရုတ်တရက် အံ့သြသွားလို့"

"မအံ့သြပါနဲ့"

"ဟို ပန်းယိမ်းနွဲ့ ထိုင်ပါ"

"ဒီမှာ ကျွန်တော် သူငယ်ချင်းတွေလေ၊ ကျွန်တော့်သူငယ် ...းတွေနဲ့ မိတ်ဆက်ပေးမယ်"

'နွဲ့' ဒေါသပြေအောင် 'သူ' လောကွတ်စကားဆိုသည်။

...'မျက်နှာပေး ပင့်ကြွသွားပြီး

"ဒီမှာ လောကွတ်မလုပ်နဲ့၊ ကျွန်မလာတာ ရှင့်သူငယ်ချင်း ...နဲ့ မိတ်ဆက်ခံဖို့ မဟုတ်ဘူး"

"ဟို ခွေးဆွဲခံရတဲ့ ကိစ္စလား"

"ဟုတ်တယ်၊ လျော်ကြေးမပေးပဲ ရှောင်နေလို့ လိုက်ဖမ်းတာ"

"ဟာ ကျွန်တော် မရှောင်ပါဘူး၊ မယုံရင် ကျွန်တော်သူငယ်ချင်း ...ကို မေးကြည့်ပါ၊ ဒီကောင်တွေ ခွင့်မပြုသေးလို့"

သူငယ်ချင်းတွေကို အားကိုးတကြီး 'သူ' ဆိုမိသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ ခွင့်မပြုလို့"

သူငယ်ချင်းတွေကို မလိုလားစွာ ကြည့်၍

"တော်တော့၊ ရှင့်တို့ကို မမေးဘူး၊ ဒီကိစ္စက ရှင်တို့နဲ့ မဆိုင်ဘူး၊ ...ကျားဖြစ်ပြီး စကားမတည်တာ ကျွန်မ အမုန်းဆုံးပဲ၊ ပုတ်သင်ညို ...ရောင်ပြောင်းတဲ့ ရှင့် စကားလုံးတွေကို ကျွန်မယုံ ကြည်ခဲ့လို့ ...းလုပ်ခံရတာ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်ပါဘူး၊ ပန်းယိမ်းနွဲ့ ရယ်"

သူ ပျာယာခတ် ဖြေရှင်းမိသည်။ 'နွဲ့' မျက်နှာလေးတင်းသွားပြီး

"ရှင် ကိုယ်ရှင် မီလျှံနာ သူဌေးကြီးလို ဟန်တစ်ခွဲသားနဲ့ ကြီးကြီးကျယ်ကျယ် ပြောရဲတဲ့ ရှင့် ပါးစပ်ကို ကျွန်မ တကယ်ရွံ့တယ် သိရဲ့လား"

"ဟာ ပန်းယိမ်းနွဲ့။ တစ်ဆိတ် ကျွန်တော် ပြောပါရစေ"

"ဘာလဲ ပိုက်ဆံ ချေးမရလို့လား"

"မဟုတ်ပါဘူး ဗျာ"

'နွဲ့' မျက်နှာလေးမော့၍

"ဒီမှာ လင်းအာရုံ ကျွန်မ ရှင့်ကို ယုံလို့ ရှင်ချိန်းတဲ့ နေ့ စောင့်လိုက်တာ၊ ကြည့်ရှင်မလျော်နိုင်မှန်း သိရရင် ကျွန်မ အတင်းအကျပ် လျော်ကြေးမတောင်းဘူး၊ ရှင် လျော်နိုင်တယ် ပြောလို့ ယုံတာ"

"ဒါပေမဲ့ ရှင့်လိုလူက ကျွန်မရဲ့ ယုံကြည်မှုနဲ့ မတန်ဘူး"

"ဒါကြောင့် ရှင့်ကို တစ်ခုခု တုန့်ပြန်ရလိမ့်မယ်၊ ရှင့်ရဲ့ အယောင်ဆောင် ပါးစပ်ပေါက်က ထွက်တဲ့ စကားလုံးကို ဂုဏ်ပြုရလိမ့်မယ်"

'နွဲ့' အတင်းဆိုစဉ် သူ့မျက်နှာပြင် ရှက်မြန်းညိုမှိုင်းသွားပြီး

"ဟာ ပန်းယိမ်းနွဲ့၊ မဟုတ်ဘူး ဗျာ"

"အခုမှ သွေးရူးသွေးတန်း လျှောက်မအော်နဲ့"

"တကယ် ပြောတာပါ ဗျာ၊ ကျွန်တော် ရှင်းပြပါရစေ"

"မရှင်းနဲ့၊ ရှင့် ဖြေရှင်းချက်ကို နားဆင်ဖို့ ကျွန်မလာခဲ့တာ မဟုတ်ဘူး"

"ဟာ"





သူနောက်လန်ကျ မတတ်ဖြစ်သွား၏။

"ကျွန်မရဲ့ တုန့်ပြန်ချက်ကို ရှင်သိစေဖို့ ကျွန်မလာခဲ့တာ"

"ဟာ"

'သူ့' စိတ်ခတ် ပျော့ဖတ်သွားသည်။ ဘယ်လိုမှ ရှင်းပြလို့ ...ရအောင် တင်းမာနေတဲ့ 'ပန်းယိမ်းနွဲ့'ကို 'သူ' ခပ်ငေးငေးကြည့်ပြီး

"ပန်းယိမ်းနွဲ့ ရယ်၊ ကျွန်တော် ရှောင်တာ မဟုတ်ဘူး"

"တော်တော့ ရှင့် ပါးစပ်ကြီးကို ရွံ့တယ်၊ ရှင့်စကားတွေကို ...ယုံကြည်ဘူး"

ဒါကြောင့်

စကားလုံး မဆုံးခင် 'သူမ' လက်သည် စားပွဲပေါ်က ခွက်ဘူး ...ဖုံးကို ဖွင့်ပြီး 'သူ့' ခေါင်းပေါ်လောင်းချလိုက်တော့၏။

"ဟာ"

'သူ့' တစ်ကိုယ်လုံး ပူလောင်ကြွမ်းရှသလို ခံစားလိုက်ရသည်။

"ဟာ ပန်းယိမ်းနွဲ့၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

'မင်းမင်း' တအံ့တသြဆိုစဉ် 'သူမ' ပခုံးလေးဝင့်၍

"မြင်တဲ့အတိုင်းပဲလေ၊ ရှင့်သူငယ်ချင်း ကျွန်မကိုရှောင်လို့ ...လျော်ကြေးယူလိုက်တာ ရှင်းပြီလား၊ မူမူတို့ သွားစို့"

'သူမ' ဟန်ဝင့်ဝင့် ထွက်သွားစဉ် 'သူ' မှင်တက်စွာ ငေး ...ကြည့်မိသည်။ 'သူ့' တစ်ကိုယ်လုံး ပူရှကျွမ်းလောင်နေဆဲ

"တောက်"

'သူ့' သူငယ်ချင်းတွေ ခံပြင်းစွာ တောက်ခေါက်ကြသည်။ ...ယင်မှတ်သည့် ဖြစ်စဉ်ကြောင့် ဦးဦးမောင်တို့ မျက်နှာပျက်သွားပြီး

"ရိုင်းတယ်ကွာ၊ သိပ်ရိုင်းတယ်"

"ဟုတ်တယ်၊ ဒီလို မဖြစ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံ သုံးသောင်းခွဲ မလျော်နိုင်ဘူးအောက်မေ့နေသလားမသိဘူး၊ မိန်းကလေးဖြစ်နေလို့ ယောကျ်ားခေါ်းသာဆို ဆွဲထိုးပြီးသားပဲ"

"တောက် လုံးဝမကျေနပ်ဘူး"

'သူ့' သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ဆူပွက်နေစဉ် 'သူ' ဘာကိုမှ တိတိကျကျ ခံစားလို့မရအောင် ဆူလောင်လျက် လှည့်ထွက်ခဲ့မိသည်။

"ဟာ အာရုံ နေအုံးကွ"

'သူ့' နောက်က သူငယ်ချင်းတွေ ပြေးလိုက်လာသည်။

"အဲလောက် ပြင်းထန်မယ်လို့ ကိုယ်တို့ မထင်ဘူးကွာ"

"လုံးဝ မထင်ဘူး"

"မင်း ဘာဖြစ်ချင်လဲ ပြော"

"လက်တုန့်ပြန်ချင်လား"

သူငယ်ချင်းတွေ အားပေးလာစဉ် 'သူ့'ရင်မှာဝမ်းနည်းမှုတွေ ဖြစ်တည်လာသည်။ 'သူ' ဦးခေါင်းတွင်တွင်ရမ်းလျက်

"ကိုယ့်ကို အထင်အမြင်လွဲတာ၊ ကိုယ်ဘယ်လို ခံစားရမလဲကွာ"

သူ့ရင်မှာ လှိုက်တုန် အစ်စို့သွားသည်။

"ကိုယ် ရှောင်တာ မဟုတ်ဘူးကွာ"

'သူ့' အသံတိမ်ဝင်သွားစဉ် 'မင်းမင်း'တို့ သက်ပြင်းချ၍

"ဟုတ်ပါတယ်၊ ကိုယ်တို့သိပါတယ်"

"ခုချက်ချင်း လျော်ကြေးပေးပြီး တုန့်ပြန်မယ်ကွာ"

ဦးဦးမောင် စိတ်လိုက်မာန်ပါဆိုစဉ် 'သူ' ဦးခေါင်းရမ်းပြီး

"ကိုယ့် ဘဝကို ရေးနွေးပူလောင်းပြီး လျော်ကြေးယူသွားပြီ"

(မျှူးစာပေ)



"အဲဒီအတွက် ကိုယ့်ရင်ခုန်သံ ပူရှလောင်ကျွမ်းသလို ခံစားရတယ်ကွာ"

'သူ'ရင်မှာ အံ့ကျိတ်ရှစ္စာဆိုစဉ် သူ့သူငယ်ချင်းတွေ ယူကြုံးမရ ဝမ်းနည်းသွား၏။

"ကိုယ့်တို့ လိုက်ရှင်းပေးပါ့မယ် ကွာ"

"နေပါစေကွာ"

'သူ့'ရင်ခုန်သံက ရေနွေးဖျောခံရသည့် ပွင့်လွှာလေးလို ကျော့ရွှမ်းသွား၏။ သူငယ်ချင်းတွေ သူ့ကို ဘဝင်မကျ ကြည့်၍

"မင်း မြုံမနေနဲ့ကွာ"

'ပန်းယိမ်းနွဲ့'ရဲ့ အမူအရာ ကြွကြွက 'သူ့'နှလုံးသားဆီ ...ဝင်သလို ခံစားရစဉ်

"ဘာတတ်နိုင်မှာလဲ၊ ပန်းယိမ်းနွဲ့ က သူ့အထင်နဲ့သူ စွပ်စွဲပြီး ...ရင်တာတော့"

သူ လေပူတစ်ချက် မှုတ်ထုတ်၍

"ကိုယ် ဘာတတ်နိုင်မှာလဲ"

'မင်းမင်း'တို့ ဦးခေါင်းခါရမ်း၍

"အဲလို မဟုတ်ဘူးလေကွာ"

"ရတယ်၊ ပန်းယိမ်းနွဲ့စိရင်သလို ကိုယ် ကျေကျေနပ်နပ် ...ခံလိုက်မယ်"

"ဘာဖြစ်လို့"

"ကိုယ့် နှလုံးသားမှာ ပန်းယိမ်းနွဲ့ကို ချစ်မိပြီထင်တယ်"

'သူ့'နှလုံးသားဆီမှ စကားပွင့်လေး ကြွေတက်လာသည်။

"ဟာ အာရုံ"

သူငယ်ချင်းတွေ မယုံနိုင်သလို တအံ့တဩ ငေးကြည့်သည်။

(မျှူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တစ်ခါကြုံဆုံရပေမယ့် ကိုယ့် ရင်ဘတ်ထဲ ထိုးဖောက်ဝင်လာတဲ့ ပန်းယိမ်းနွဲ့ကို ကိုယ် အသေအချာ ချစ်မိပြီကွာ"

"ဒါဆို မင်း"

"ဟုတ်တယ်၊ ရေနွေးပူလောင်းရုံမက ကိုယ်နှလုံးသားကို ဖဲ့စားစားကွာ၊ ကိုယ် ကျေကျေနပ်နပ်ခံမယ်"

'သူ့'နှလုံးသားက ပန်းပွင့်တွေ အခိုင်အမာ လွင့်ကြလာ၏။ ထိုအခါ သူငယ်ချင်းတွေက နားမလည်လောက်အောင်ဖြစ်ရပြီး

"အာရုံ မင်းတော့ ရူးပြီ"

"သိဝိမင်းလို မြင်ရုံနဲ့ ရူးသွားပြီထင်တယ်"

"အာရုံ မင်းအတွက် ဆေးမရှိတော့ပါလားကွာ၊ ကျွတ် ကျွတ် ကျွတ်"

သူငယ်ချင်းတွေရဲ့ ကရုဏာ သက်ဝင်မှုကို သူကျော်ခိုင်းလှည့်ထွက်ခဲ့သည်။ 'သူ့'ကို ဆီးကြိုသည့် ခွေးဖြူလေးနှစ်ကောင်ကို 'သူ'ပွေ့ဖက်ထားမိသည်။ စာအုပ်ဆိုင်မှာ 'သူမ'ကို မြင်တွေ့ခံစားရပုံတွေ ရစ်ဝဲနေသည်။

"ပန်းယိမ်းနွဲ့ ရယ်"

'သူ့'နှလုံးသားဆီ ရောက်နှင့်ပြီဆိုတာ ယုံရဲ့လား?

❀ ❀ ❀

(ဗျူးစာပေ)

အခန်း (၅)

"နွဲ့"

"အွန်း"

'နွဲ့' စာအုပ်ဖတ်လျက် ထူးလိုက်သည်၊ 'သွယ်'တို့ 'နွဲ့'ကို ...်တွေတွေကြည့်ပြီး

"နွဲ့ယူဆတာ လွဲပြီထင်တယ်"

"ဘာကိုလဲ"

"အာရုံကို တုန့်ပြန်တဲ့ကိစ္စလေ"

'နွဲ့' ကိုယ် ဆတ်ခနဲမတ်သွား၏။ 'နွဲ့'လက်ထဲက ဖတ်လက်စ ...ာအုပ်ကို စားပွဲပေါ်ချပြီး

"ဘာကိုလွဲရမှာလဲ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မနက်က သူ့သူငယ်ချင်းတွေ မူမူဆီရောက်လာတယ်"

"မျက်နှာချိုလာသွေးတာ နေမှပေါ့"

'နွဲ့' နှုတ်ခမ်းတွန့်၍ ဆိုသည်။

"မဟုတ်ဘူး၊ နွဲ့ကို လျှော်ကြေးပေးမယ့် ကိစ္စက အာရုံ ရှောင်ချင်လို့ မဟုတ်ဘူးတဲ့၊ သူ့ခွေးနှစ်ကောင် ကိစ္စကြောင့် ကေသီ ကိုတောင်းပန်မရတဲ့ ကိစ္စ၊ သူငယ်ချင်းတွေ ညှင်းတဲ့အတိုင်းခံရလို့အချိန် ကြံကြာသွားတာတဲ့"

"ဟုတ်ရဲ့လား"

'နွဲ့' အသိတရားက မယုံချင်ပေမယ့်

'နွဲ့' ရင်မှာယုံချင်မိသည်၊ 'သွယ်သွယ်' ဦးခေါင်းညိတ်၍

"သူ့ ခွေးနှစ်ကောင်က စကတ်ဝတ်ထားတဲ့ ကောင်မလေး တွေကို ဒီလိုပဲ ဆွဲနေကြတဲ့၊ ဘယ်သူ့ကိုမှ သူလျော်ကြေးပေးဖို့စိတ် မကူးဘူး၊ ရှောင်နေကြဖြစ်ပေမယ့်၊ နွဲ့ကိုမရှောင်ဘဲ ကျေကျေနပ်နပ် လျော်ကြေးပေးချင်တာတဲ့"

'နွဲ့'နှုတ်ခမ်းပါးတစ်ချက်တွန့်လိုက်ပြီး

"မူမူ ယုံလား"

"သူတို့ ပြောတော့လဲ ယုံနိုင်ချေ ဖြစ်နေတယ်လေ၊ နွဲ့ မယုံရင် စာအုပ်ဆိုင်က အစ်မကို ပြန်မေးလို့ရတယ်တဲ့"

"ဘယ်သူ့ကိုမှ မမေးဘူး ဟာ၊ ဘာပဲဖြစ်ဖြစ် နွဲ့ကိုလက် တစ်လုံးခြား ညာတဲ့အတွက် တုန့်ပြန်ခွင့်ရတာ နွဲ့ ကျေနပ်ချင်တယ်"

'နွဲ့'မာနလေးနှင့် ဆိုလိုက်သည်။ 'မူမူ'တို့ တစ်ယောက်မျက် နှာတစ်ယောက် စိတ်မသက်သာစွာ ကြည့်၍

"ဒါပေမဲ့ ဟာ"

"ဘာဖြစ်လဲ မူမူ"

(ဗျူးစာပေ)



"ဟို သူ့တစ်ကိုယ်လုံး ရေနွေးပူလောင်ပြီး"

"ဟင်"

'နွဲ့' မျက်ဝန်းပြူးကျယ်သွားသည်။

"ဟုတ်တယ်၊ မူမူ တို့သွားကြည့်ရအောင်လား"

"တကယ် လောင်သွားလား"

"သူ့သူငယ်ချင်းတွေ ပြောတဲ့အတိုင်း ဟုတ်မဟုတ်ဆိုတာ …ပါရတာပေါ့"

"ဟင်အင်း မသွားချင်ပါဘူး"

ရေကန်ထဲ ဂဲတစ်လုံး ပစ်ပေါက်လိုက်သလို 'နွဲ့'ရင်မှာလှိုင်း …က်ခတ်သွားသည်။

"သူ ညာတာဆိုရင် ဘယ်နှယ်လုပ်မလဲ"

"မညာလောက်ဘူး ထင်တယ် ဟာ"

"ဖြစ်နိုင်ပါ့မလား မူမူ ရယ်"

'နွဲ့' အာရုံမှာ 'သူ့'ပုံရိပ်ပေါ်ကြွလာသည်။ 'နွဲ့' ရေနွေးလောင်း …၍ ခေါင်းငုံ့ခံနေသည့် သူ့အသွင် တဝဲလည်လည် ပေါ်လာသည်။ …၍ 'နွဲ့' ခြေချောင်းကလေးတွေ ယားကျိသလို ခံစားရသည်။ '…'ငုံ့ကြည့်လိုက်စဉ်

"ဟင်"

'နွဲ့'ရင်မှာ တစ်မျိုးတစ်မည် လှုပ်ခတ်သွားသည်။ ခွေးဖြူလေး …ကောင်က 'နွဲ့'ခြေချောင်းလေးတွေကို လျှာနဲ့ လျက်နေသည်။

"အို့ ဒါသူ့ ခွေးဖြူနှစ်ကောင်ဘဲ၊ ဒီခွေးနှစ်ကောင်ကဘယ် …ရောက်လာတာလဲ"

ခွေးဖြူနှစ်ကောင် နွဲ့ကိုယ်ပေါ်ပြေးတက်လာသည်။

"အို့"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'နွဲ့' ရင်မှာလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ခွေးဖြူနှစ်ကောင်ကို 'နွဲ့' တွန်းပစ်ရမလား၊ ပွေ့ပိုက်ရမလား ဝေခွဲမရနိုင်တော့။

"ဖြူမနဲ့ဖြူမောင်ရယ်"

'နွဲ့' ရင်မှာ ကရုဏာသက်သလို ခံစားမိသည်။

"ဟုတ်တယ် ပန်းယိမ်းနွဲ့၊ ကျွန်တော်တို့ကြောင့် ခုလိုဖြစ်ရတာပါ"

'သူ့'သူငယ်ချင်းအသံ စီးဝင်လာသည်။ 'နွဲ့' ဖျတ်ခနဲမော့ကြည့်မိသည်။ ကျော်ကျော်မျက်နှာ ခွမ်းခွမ်းဖြင့်

"ပန်းယိမ်းနွဲ့ စိတ်မှာ ဘဝင်မကျဘူးဆိုရင် ကျွန်တော်တို့ကို ကြိုက်တဲ့အပြစ်ပေးပါ"

"ဟုတ်ပါတယ်၊ ဒီမှာ နွဲ့အတွက် လျော်ကြေးသုံးသောင်း၊ ခဲ့"

'နွဲ့' ရှေ့ချပေးသည့် ငွေတွေကို 'နွဲ့'ငေးကြည့်မိသည်။

"ကျွန်တော်တို့ ပြန်ပါဦးမယ်"

'သူ့' သူငယ်ချင်းတွေ မိန်ဖျော့ဖျော့နှင့် ဆို၍ထွက်သွားသည်၊

"သူ ကော"

'နွဲ့' လွှတ်ခနဲ မေးလိုက်မိသည်။

"ရေနွေးလောင်းခံထားတဲ့ အရှိန်နဲ့ ဖျားနေတယ်"

"ဟင်"

'နွဲ့' တစ်ခုခုပြောချင်ပေမယ့် ပြောမထွက်။ ရင်မှာ တစ်ဆို့သလို ခံစားရသည်။ ခွေးနှစ်ကောင်က 'နွဲ့'ကိုယ်ပေါ်မှာ ဦးခေါင်းလေးဝပ်၍ အသနားခံသယောင်

"နွဲ့ သဘောက"

'မူမူ' ဆိုစဉ် 'နွဲ့' ဘာပြောရမှန်းမသိတော့။ ခွေးဖြူနှစ်ကောင်





ဖက်ထားမိသည်။ ထိုစဉ် ဖြူမောင် ခေါင်းလေး တစ်ဆတ်ဆတ် ပွတ်ခါသည်။ 'ဖြူမ'လည်ပတ်ကြားထဲက တစ်စုံတစ်ရာကို ရှေ့လက်နှစ်ချောင်းဆွဲထုတ်၍ 'နွဲ့'လက်ထဲ ထည့်ပေးသည်။ 'နွဲ့'ကြည့်လိုက်တော့

"ဟင် စာခေါက်ပါလား"

'နွဲ့' လက်ထဲက စာခေါက်ကို အတန်ကြာ ငေးကြည့်မိသည်။ 'ကိုးတိုး'နဲ့ 'သွယ်သွယ်' ရောက်လာပြီး

"နွဲ့ရယ်၊ သူတို့ပြောတာ အမှန်တွေကြီးပဲတဲ့"

"သွယ်တို့ မယုံလို့ ကေသီနဲ့မေစိုးကို တွေ့ပြီးမေးခဲ့တာ"

"ကေသီက ခုချိန်ထိ စကတ်အချွတ်ခံရသေးတဲ့ ကိစ္စကို ကျေနပ်သေးဘူးတဲ့"

"နွဲ့ရော ကျေနပ်ပြီလား"

'နွဲ့' ကိုယ်ပေါ်က ခွေးနှစ်ကောင်နှင့် စာခေါက်ကို တအံ့တသြ ကြည့်ကြပြီး

"ဒီကောင် နှစ်ကောင်က စံပဲ"

"သူ့ သခင်ဘယ်လိုသင်ထားလဲ မသိဘူး၊ နွဲ့ ကိုယ်ပေါ်က ကောင်းတော့ဘူး ဟ"

"စာဖတ်ကြည့်ပါဦး နွဲ့ရယ်"

"ရှင်တို့ပဲ ဖတ်လိုက်ပါ"

တစ်စုံတစ်ရာအတွက် စိတ်မကောင်းဖြစ်ချင်နေသည့် 'နွဲ့'ရင်မှာ ကျက်စုနေသည်။ 'မူမူ' စာခေါက်ကို ဖျတ်ခနဲ ဆွဲယူစဉ်

"ဝုတ် ဝုတ် ဝုတ်"

ခွေးနှစ်ကောင်လုံး မလိုလားသလို ဟောင်သည်။ ထိုအခါ 'မူမူ' မျက်စောင်းခဲကြည့်ပြီး

"အောင်မယ်၊ ဘာလဲ မကျေနပ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် ဝုတ်"

"မကျေနပ်ဘူး ပေါ့လေ"

"ဝုတ် ဝုတ်"

"ဟ မကျေနပ်ရင် ဘာလုပ်ချင်လဲပြော"

"ဝုတ် ဝုတ်"

ခွေးနှစ်ကောင်၏ တုန့်ပြန်ချက်ကို 'နွဲ့' ကြည်နူးသွားမိသည်။ ခွေးနှစ်ကောင် အလိုမတူတာကြောင့်

"မူမူ ရယ် ပိုင်ရှင်ပဲ ဖတ်ပါစေတော့၊ အာရုံရဲ့ ဘော်ဒီကတ်နှစ်ကောင် ငြင်းနေတာ မကြားဘူးလား"

"ဟုတ်ပါ့ သွယ်သွယ် သူတို့ကိုပဲ ကြောက်နေရတယ်"

"ဝုတ် ဝုတ်"

'နွဲ့' ကြည်နူးစွာ ပြုံးမိသည်။ 'နွဲ့'လက်ထဲ စာခေါက်ရောက်လာမှ ခွေးနှစ်ကောင်ငြိမ်သွားသည်။

"တကယ့် အကျိုးဆောင် ခွေးပဲ၊ အံ့ပါ့၊ ကဲ စာဖတ်စမ်းပါဟာ၊ ရင်ခုန်စရာဆိုလဲ ဝိုင်းဝန်းပြီး ရင်ခုန်ကြတာပေါ့ ဟဲ ဟဲ"

'တိုးတိုး' ရယ်ကျဲကျဲဆိုစဉ် 'နွဲ့' မျက်စောင်းခဲကြည့်လိုက်သည်။

"ဖွဲ့နော် နွဲ့၊ မရိုးတာသေချာပြီ၊ ဘာလဲ အာရုံကိုရင်ခုန်ချင်ပြီလား"

"ဟာ ရှင်တို့ကလည်း၊ ရှင်တို့ပဲ ပြောပြီးတော့၊ သူ့သူငယ်ချင်းတွေကြောင့်ဆို"

"ဟုတ်တယ်လေ"

"အဲဒါဆို သူ့အပေါ် နွဲ့ အမြင်လွဲပြီး တုန့်ပြန်မိပြီပေါ့၊ အဲဒီအတွက် 'နွဲ့' စိတ်တစ်မျိုး ဖြစ်တာပေါ့ ဟာ"

"တစ်မျိုးမဟုတ်ဘူးရှင်ရေ နှစ်မျိုးဖြစ်လို့ရတယ် စာဖတ်စမ်းပါ"





"အာရုံရဲ့ ရင်ခုန်သံ ဘာလဲဆိုတာ သိရအောင်လေ"

ရင်ခုန်သံကြောင့်လား။ ဘာလားတော့ မသိပါ။ စာခေါက်ကိုင်...သည့် 'နွဲ့' လက်ချောင်းလေးများ တုန်ခါလာသည်။ 'နွဲ့' မျက်နှာ...နီးလျက် မလုံမလဲရှက်ရိပ်နုနုလေး ခိုတွဲလာသည်။ စာခေါက်လေး...လိုက်စဉ် 'နွဲ့' မျက်ဝန်းက လိုက်ဖိုရီဝေလာသည်။ 'သူ့' ခံစားမှု...ားစုလေးသည် 'နွဲ့'နှလုံးသားဆီသို့ လိုက်ဝင်သလို ခံစားရသည်။

"ပန်းယိမ်းနွဲ့

စွယ်တော်ရွက်လို

နှလုံးသားချင်း နှောယှက်ချင်တယ်

လင်းအာရုံ တဲ့"

"ဟာ ခံစားမှု အသစ်ပါလား"

'တိုးတိုး' မြူးကြွကြွဆိုစဉ် 'နွဲ့' မျက်ဝန်းရီဝေလာသည်။

"ဟုတ်တယ် နွဲ့"

"ဘာဟုတ်တာလဲ"

'နွဲ့' မလုံမလဲ ရွတ်သည်။

"အာရုံ ရေးတဲ့ ရင်ဖွင့်စာက ခံစားမှုအသစ်လေ"

"ဘာခံစားမှု အသစ်လဲ သွယ်သွယ် ရယ်"

'နွဲ့' ဟန်ဆောင်ချင်သလို ဆိုသည်ကို 'မူမူ' ဘဝင်မကျ။

"ဩော်၊ ပန်းယိမ်းနွဲ့ကို ချစ်ပါတယ်လို့ ခပ်ရိုးရိုးရင်ဖွင့်...ဟုတ်ဘူး"

"ရှင်းစမ်းပါဦး ပညာရှင် မမ တွေ့ရယ်"

'နွဲ့' မျက်စောင်းထိုး ဆိုတော့ 'သွယ်' ပခုံးလေး တွန့်၍

"ဒီလို နွဲ့၊ စွယ်တော်ရွက်က နှစ်လွှာပေါင်းပြီး တစ်ရွက်...သလို ပေါင်းစပ်တာတဲ့၊ နှစ်လွှာက ဘယ်တော့မှ ခွဲလေ့မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



လန်းရင်လဲ အတူတူ၊ ညှိုးရင်လဲ အတူတူ၊ ကြွေရင်လဲ အတူတူ၊ လေတိုက်လို့ လွင့်ရင်လည်း အတူတူ လွင့်သွားတာလေ"

'သွယ်'စကား အဆုံးသတ်တွင် 'နွဲ့' ရင်ထဲတစ်စုံတစ်ခုတိုး ဝင်သလို ခံစားရသည်။ ထိုအခါ 'နွဲ့' မလုံမလဲဖြစ်လျက်

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ အာရုံရဲ့ ခံစားမှုက စွယ်တော်ရွက်ကို နိမိတ် ခံထားတာလေ၊ အာရုံနဲ့နွဲ့ အသည်းလွှာနှစ်ခုကို ပေါင်းစပ်ပြီး စွယ် တော်ရွက်လို စက္ကန့်မလပ် တွဲနေချင်တဲ့သဘော"

"အို"

'နွဲ့' ရှက်စနိုးနှင့် မျက်နှာလွှဲချလိုက်သည်။

"ပိုရှင်းအောင် ပြောရရင် နွဲ့နှလုံးသားနဲ့အာရုံချစ်ခြင်းကို ပေါင်းစပ်တွဲယှက်ပြီး ရာသက်ပန်အတွက် ဝေရရင် ဝေချင်တယ်၊ ကြွေ ရရင် ကြွေချင်တယ်ဆိုတဲ့ သဘောလေ"

"ဘယ်နှယ်ရှိစ"

'မူမူ' မျက်စပစ်ဆိုစဉ် 'နွဲ့'ခပ်ရှက်ရှက် ခေါင်းငုံ့လိုက်သည်။

"ရေနွေးပူ အလောင်းခံရတာ အမှတ်မရှိဘဲ စွယ်တော်ရွက် ဖြစ်ချင်တာ အံ့သြစရာပဲ နော် တိုးတိုး"

"ဟုတ်တယ် သွယ်"

"ကဲပါ၊ ရေနွေးပူလောင်းတာ စွယ်တော်ရွက်ဖြစ်ချင်တာ အသာထား၊ အရေးကြီးတာက နွဲ့ရဲ့ ခံစားချက်ပဲ"

"ဟုတ်တယ်၊ မူမူပြောသလို နွဲ့ရဲ့ ခံစားချက်က အရေး ကြီးတယ်၊ နွဲ့ ဘယ်လိုခံစားမိလဲ ပြောလေ၊ နွဲ့ ခံစားချက်ကို ဆန်းစစ်ပြီးမှ အာရုံ ရင်ဖွင့်မှုကို အဖြေထုတ်လို့ရမယ်လေ"

"တိုးတိုး" စူးစမ်းသလို ဆိုစဉ် ခွေးဖြူလေးနှစ်ကောင်ကို ငုံ့





ပါသည်။ ခွေးဖြူလေးနှစ်ကောင်က 'နွဲ့'ကို မျက်နှာချိုသွေးကြည့် ။ 'သူ'ကိုယ်သင်းရနံ့ပါသည့် ခွေးနှစ်ကောင်၏ ကိုယ်ငွေ့က 'နွဲ့' ားကို နူးညံ့စွာ ဖျားယောင်းသလို ခံစားရသည်။ ထိုအခါ'နွဲ့' ား ညွတ်နူးပျော်ဝင်သလို ဖြစ်ပြီး

"မသိဘူး ဟာ"

'နွဲ့' အဖြေကို 'မူမူ'တို့ သဘောကျစွာ ရယ်ကြသည်။ 'နွဲ့' ်းစူလိုက်ပြီး

"ဘာလို့ရယ်တာလဲ"

"နွဲ့ က မသိဘူးဆို၊ မသိဘူးဆိုလို့ ရယ်တာပေါ့"

"သွား"

"အောင်မယ် နွဲ့ မျက်လုံးက ကြည့်ပါလား ရီဝေဝေ၊ နွဲ့ ပါးလေးက စူပြီး နွဲ့ ပါးပြင် ရှက်ရိပ်သိုနေတာလေ၊ အဲဒါ လား မယုံပေါင်"

'တိုးတိုး' အကဲစမ်းဆိုစဉ် 'နွဲ့' နှုတ်ခမ်းစူ၍ ခွေးဖြူနှစ်ကောင် ထားမိသည်။

"ဟန်မဆောင်ပါနဲ့ နွဲ့ရယ်၊ စာအုပ်ဆိုင်မှာ ဖြစ်စဉ်စတည်းက မှာ ရှိနေတာ အာရုံ၊ ရှောင်လို့ နွဲ့ မကျေမနပ်ဖြစ်ပြီး ရေနွေး း တုန့်ပြန်လိုက်တာလေ"

"ဟုတ်တယ်၊ ရေနွေးပူလောင်းပြီး နွဲ့ ရင်မှာ စိတ်မကောင်း တာ မဟုတ်လား"

"စွယ်တော်ရွက်လေးဖြစ်ချင်တယ်လို့ အာရုံ ရင်ဖွင့်တော့ ား ညွတ်နူးသွားပြီလေ"

"ဟုတ်တယ်၊ အဲဒါကြောင့် အာရုံ ခွေးလေးတွေကို ထွေးဖက် "



www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်ပါဘူး"

'တိုးတိုး'တို့ ဝိုင်းဝန်းပိတ်ဆို့ ဆိုစဉ် ခွေးနှစ်ကောင်ကို 'နွဲ့' ဖယ်ထုတ်မိသည်။ ခွေးနှစ်ကောင်က 'နွဲ့'ကိုယ်ပေါ်မှာ တွယ်ကပ်နေ

"နွဲ့ရယ်၊ ခွေးကလေးတွေ သနားပါတယ်"

"ခွေးပိုင်ရှင်လည်း သနားပါတယ်"

"နွဲ့ ခံစားချက် အစစ်အမှန်ကို ဝန်ခံပါတယ် နော်"

'နွဲ့' ရှက်နေဆဲ။ 'တိုးတိုး'တို့ သုံးယောက် မျက်စပစ်တိုင်ပင်

"အာရုံ ခမျာ သနားပါတယ်၊ ရေချွေးပူအလောင်းခံရ နေမကောင်းဖြစ်နေရှာတာ ဟ"

"ဟုတ်တယ်နော်၊ ဒီအချိန်မှာ နွဲ့သာအားပေးလိုက် အာရုံ သက်သာလာမှာ ဟုတ်တယ်နော်၊ ဖြူမနဲ့ဖြူမောင်"

"ဝုတ် ဝုတ်"

'မူမူ' စကားကို ဘယ်လိုနားလည်သည့် မသိ။ ခွေးနှစ်ကော တဝုတ်ဝုတ်နှင့် ထောက်ခံသည်။ ခွေးစုံတွဲ၏ ထောက်ခံမှုက 'နွဲ့'ရင် မွှေးရနံ့လေး ပျံ့သင်းလာသည်။

"ကဲပါ၊ အာရုံကို ဘယ်လို အကြောင်းပြန်မလဲ နွဲ့ရယ်"

"ဒီမှာ ခွေးလေးတွေ ပြန်ချင်ရှာပြီ ဖြစ်မယ်"

"ဝုတ် ဝုတ်"

"တွေ့လား၊ ခွေးတွေပြန်ချင်ပြီတဲ့ စာတစ်စောင် ရေးပေးလို လေ၊ သူတို့သခင်အတွက် နွဲ့ဆီက စာကို ယူသွားချင်ရှာမှာပေါ့"

"ဝုတ် ဝုတ်"

"အို လိမ္မာတဲ့ ခွေးစုံတွဲပဲ၊ နွဲ့ စာမြန်မြန်ရေးလေ"

သူငယ်ချင်းတွေ ဝိုင်းဝန်းတွန်းအားပေးသည့်ခါ 'နွဲ့'ဟ ဆောင်နိုင်ဘဲ ရေးလိုက်၍ ဖြူမ လည်ပတ်ကြားထည့်ပေးပြီး။

(ဗျူးစာပေ)



"သွားတော့နော်"

"ဝုတ် ဝုတ်"

ခွေးနှစ်ကောင် နှုတ်ဆက်ထွက်သွားသည်ကို 'နွဲ့'ကြည်နူးစွာ ...ပြုံးမိသည်။

"နွဲ့ ဘယ်လိုရေးလိုက်လဲ"

'မူမူ' စပ်စုစဉ်

"အို့ သိဘူး"

"သိဘူး' သိဘူးနဲ့၊ ခုတော့ အာရုံဆီ"

"တော်ပါတော့ သွယ်သွယ် ရယ်၊ သွယ်တို့ပဲ စာရေးပေး ...က်ဆို၊ အဲဒါကြောင့် ရေးပေးလိုက်တာ"

"နွဲ့ ဘယ်လိုရေးလိုက်သလဲဆိုတာ သိချင်လို့ပါ"

"သိချင်ရင် ခွေးနှစ်ကောင်နောက် လိုက်သွားပေတော့"

"အို့ ဘာလို့လိုက်ရမှာလဲ"

"မလိုက်ချင်လဲ နေခဲ့တော့၊ နွဲ့ သွားပြီ"

"ဘယ်ကိုလဲ အာရုံ ဆီလား"

"ဟာ မူမူ စုတ်နော်"

"မူမူ စုတ် မလုပ်နဲ့၊ နက်ဖြန်ကျရင် တိုးတိုး တို့လူနာသွား ...ပ်မယ်"

'နွဲ့' နှလုံးသားက 'အာရုံ' ဆီသို့ ရွက်လွှင့်နေဆဲဆိုတာ ...' တို့ ရိပ်မိသလားကွယ်။

❀❀❀

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"စွယ်တော်ရွက်လေး ဖြစ်ချင်ပါတယ်
ဒါပေမဲ့
စဉ်းစားပြီး ခံစားပါရစေ တဲ့"

'နွဲ့' လက်ရေးလှလှလေးကို ဖတ်ပြီး 'သူ့'ကို ကျော်ဂေ
ပြုံးဝင့်ဝင့် ကြည့်သည်။

"မျှော်လင့်နိုင်တာပဲ အာရုံ"

သူ မသက်မသာ သက်မချ၍

"ဒါပေမဲ့ ကိုယ့် စိတ်မှာလေးနေတယ်"

"ဘာဖြစ်လို့"

"ကိုယ့်ကို နွဲ့ မယုံမှာကို"





"မယုံမှာကို စိုးရိမ် မနေနဲ့"

ဦးဦးမောင် အားတက်သရောဆိုစဥ် 'သူ' မျက်ဝန်းအရောင်
ယင်းလက်လာပြီး

"ဘာဖြစ်လို့"

"တိုးတိုးနဲ့ ကိုယ်တွေ့ပြီး ပန်းယိမ်းနွဲ့ ခံစားချက်ကို တီးခေါက်
ကြည့်တယ်"

"ဘာတဲ့လဲ"

သူရင်ခုန်စွာဆိုမိသည်။ ဦးမောင် အားတက်သရောဖြစ်လျက်

"မင်းကို ရေငွေ့လောင်းလိုက်တဲ့ ဖြစ်စဥ်အတွက် နွဲ့စိတ်
မကောင်းဖြစ်နေတာ ကွ"

"ပြီးတော့ မင်းကို ငြိနေပုံရတယ်၊ အဲဒါနဲ့ ပန်းယိမ်းနွဲ့
ကို စည်းရုံးပေးပါလို့ တိုက်တွန်းခဲ့တယ်၊ မင်းနေမကောင်း ဖြစ်နေ
တာ သိနေတော့ ပန်းယိမ်းနွဲ့ကို အပါခေါ်ပြီး မင်းကိုလူနာကြည့်
လာမယ်လို့ပြောတယ်"

"လာပါ့မလား"

သူ မယုံမရဲဖြစ်မိသည်။

"လာမှာပါ ကွာ"

"သေချာလှချည်လား"

"သေချာတာပေါ့ကွ၊ တိုးတိုးက ကေသီနဲ့ မောင်နှမဝမ်း
ကွဲတော်တယ်"

"ကိုယ်တို့ဖြစ်စဥ် အာလုံးကို အမှန်အတိုင်း တိုးတိုး
သိသွားတယ်လေ၊ ဒါကြောင့် ပန်းယိမ်းနွဲ့ကိုစည်းရုံးပေးမှာတဲ့"

'သူ့'ရင်မှာ မြူးကြွသွားသည်။

"ဒါဆို ပန်းယိမ်းနွဲ့ ကိုယ်ကို လာကြည့်မှာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်"

"သေချာတယ်"

"အို့ ပျော်စရာ ကွ"

'သူ' ခွေးဖြူလေးနှစ်ကောင်ကို ပွေ့၍ အားရဝမ်းသာ ထခုန်လိုက်သည်။

"ဟ မင်း ထခုန်လို့မရဘူး"

"ဘာဖြစ်လို့"

"ဟိုက လူနာလာကြည့်မှာကွ၊ လူနာ ဟန်ဆောင်ရမှာပေါ့"

"ဟုတ်တယ် အာရုံ့ လူနာ ဟန်ဆောင်ပြီး အပိုင်တွယ်ကြည့်ကွာ "

"ဘာလဲကွ အပိုင်တွယ်ဆိုတာ"

သူ့ကို ကျော်ကျော်တို့ ဘဝင်မကျ ကြည့်ပြီး

"ငတုံး၊ ပန်းယိမ်းနွဲ့ တို့လာရင် တိုးတိုး တို့ကို ကိုယ်တို့ ညှိခံမယ်၊ မင်းနဲ့ပန်းယိမ်းနွဲ့ နှစ်ယောက်ထဲဖြစ်အောင် စီစဉ်ပေးမယ်ကွာ"

"ဟာ ပန်းယိမ်းနွဲ့ တစ်မျိုးမြင်မှာပေါ့ကွ"

"အခြေအနေကို အကဲခတ်ပြီး ဖန်တီးပေးမှာပါကွာ၊မင်းတို့နှစ်ယောက်တည်း တွေ့တဲ့ အခွင့်အရေးရရင် မင်းဘက်က စကားပွင့်တွေ ခြွေဖို့မမေ့နဲ့"

"ကိုယ်မရဲဘူးကွ"

သူငယ်ချင်းတွေ သူ့ကို ပျစ်ပျစ်နှစ်နှစ်ကြိတ်ဆဲပြီး

"ဟာ အာရုံ ဒီကိစ္စက လူစားထိုးလို့ရတာ မဟုတ်ဘူး"

"ကိုယ်တို့က ဖန်တီးပေးရုံပဲ တတ်နိုင်တယ်"

"ပန်းယိမ်းနွဲ့ လက်ခံရင်တော့ ဆွေးကြောပဲ မင်းမင်းရယ်"

(ဗျူးစာပေ)



သူ အားမလို အားမရ ဆိုမိသည်။ 'မင်းမင်း'ဘဝင်မကျဖြစ်၍

"မင်း အခုမှ ဘယ်လိုဖြစ်နေတာလဲ"

သူ ဦးခေါင်းရမ်းလိုက်မိသည်။

"မင်းပဲ ပန်းယိမ်းနွဲ့ကို ချစ်တယ်ဆို"

"ချစ်တာချစ်တာပေါ့ကွ၊ ဒါပေမဲ့ နှစ်ယောက်တည်းတော့ ကိုယ် ပရဲဘူး၊ ပန်းယိမ်းနွဲ့ စိတ်ကိုလည်းသိသားနဲ့၊ တော်ကြာ ကိုယ်နှလုံး သားကို ရေနွေးပူထုပ်လောင်းရင် သွားပြီကွ"

"မင်း ယောကျ်ား မဟုတ်ဘူးလား"

"သိသိချည်းနဲ့ မေးစရာလားကွာ"

"မေးရမှာပေါ့၊ မင်းကိုက ကြောင်နေတာ၊ ယောကျ်ားဆို ကာ ဒီလိုကိစ္စမှာ ရဲရမယ်၊ မရဲရင် ချစ်သူရဖို့မလွယ်ဘူး၊ မယုံရင် ဦးမောင်ကို မေးကြည့်ကွာ"

'မင်းမင်း' ဆိုစဉ် ဦးမောင် ဦးခေါင်းအသာဆတ်ပြီး

"ဟုတ်တယ် အာရုံ၊ ချစ်သူရဖို့ ကိုယ်တို့ယောကျ်ားတွေ ဂုဏ်ရည်၊ ခံစားမှုနဲ့ သက်ရောက်တဲ့ အမူအရာတွေ ကြွလန်းဖို့ ပိုတယ်"

"ဦးမောင် ဒီကောင့်ကို လက်ချာပေးစမ်းကွာ"

ကျော်ကျော်က ဦးမောင်အပေါ် တာဝန်ပေးလိုက်သည်။ 'သူတို့' အုပ်စုထဲမှာ ချစ်သူရှိတာဆိုလို့ ဦးဦးမောင် တစ်ယောက်တည်း။ ဦးဦးမောင်က 'သူ့'အတွက် ဆရာတစ်ဆူ ဖြစ်နိုင်သည်။ ဦးဦးမောင် ကလည်း ဆရာစတိုင်ဖမ်း၍

"ဒီလိုကွ၊ မင်းစာကို နွဲ့ လက်ခံတယ်၊ မင်းကိုလည်းစဉ်း စားမယ်လို့ အကြောင်းပြန်တော့ မိန်းကလေးဘက်က ပန်းပွင့်နေတဲ့ သဘောပဲ၊ ပွင့်နေတဲ့ ပန်းကိုပန်းခွင့်ရဖို့က ကိုယ်တို့ ယောကျ်ားတွေ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



လက်လှမ်းပြီး ခူးဆွတ်ဖို့လိုတယ်''

သူ့မျက်ခုံးနက်နက်နှစ်ဖက် တွန့်စုသွားပြီး

''ဘယ်လိုနည်းနဲ့ ခူးဆွတ်မလဲ''

''အပင်မှာ ပွင့်နေတဲ့ပန်းက ပန်ဆင်မယ့်သူ ခေါင်းပေါ်ကို သူ့အလိုလို ရောက်လာမှာ မဟုတ်ဘူး''

''အဲဒီ သဘောကို နားလည်းတယ်နော် အာရုံ''

''အင်း''

''အဲဒါဆိုရင် မင်း လက်ကလေးဆန့်ထုတ် ပန်းပွင့်လေးကို ခူးဆွတ်ပြီးရင် ပန်လိုက်''

''အဲဒီတော့ ချစ်သူဖြစ်ပြီပေါ့ ကွ''

'သူ' ရင်မှာ ခံစားမှုတစ်မျိုး လင်းလက်လာပြီး

''ပန်းပွင့်လေးက ရောင်ဖယ်နေရင်ကော''

''အလွယ်တကူ လှမ်းခူးလို့မရရင် ပရိယာယ်နဲ့ ခူးရမယ်''

''ပရိယာယ်၊ ဘယ်လို ပရိယာယ် လဲ''

''တံချူကိုင်ပြီး လှမ်းခူးပေါ့ ကွ''

''တံချူနဲ့ လှမ်းမမှီရင်ကော''

''တုံးခုပြီး ခူး''

''မရရင်ကော''

''ရေစည်ထဲ ခေါင်းနှစ်ချလိုက်''

''ဒါဆို ချစ်သူဖြစ်ပြီပေါ့ကွ၊ ကောင်းတယ် ဦးမောင် မင်းကို ကျေးဇူးတယ်တယ်ကွာ''

'သူ' အားရဝမ်းသာ ဆိုစဉ် ကျော်ကျော်နှင့် မင်းမင်း မျက်လုံးပြူးနဲ့ ဝိုင်းကြည့်ပြီး

''ဘာကျေးဇူး တင်တာလဲ၊ ရေစည်ထဲ ခေါင်းနှစ်မှတော့





မင်း သေပြီပေါ့ ကွ''

''ဟင်''

'သူ' မျက်လုံးပြူးသွားသည်။ တဟဲဟဲ ရယ်နေသည့် ဦးမောင်ကို ဒေါသတကြီးကြည့်ပြီး

''ဟာ ဦးမောင် ကွာ၊ မင်းကို ဆရာတင်မှ သေတွင်းထဲ ခုန်ချသလို ဖြစ်မှာပေါ့ ကွ၊ မမိုက်ဘူး ကွာ''

''ဟ မင်းကိုက တုံးတာ၊ ချစ်သူဖြစ်ဖို့က မင်း ခံစားချက်နဲ့ သူ့ ခံစားချက်ကို သွယ်ယူရမယ်လေ၊ အဲသလို သွယ်ယူဖို့ သူ့ ခံစားချက်ကို ဖတ်ပြီးမှ သွယ်ယူပေါ့ကွ၊ သင်္ချာပုစ္ဆာလို သီအိုရီနဲ့ ဖြေရှင်းလို့ရတာမဟုတ်ဘူး။ သူ့နဲ့ကောသိက မတူဘူးလေ၊ ဒီတော့ ကေသိနဲ့ ချစ်သူဖြစ်အောင် ကိုယ်သွယ်ယူတဲ့နည်းကို မင်းအသုံးပြုရင် မှားမှာပေါ့ကွ''

ဦးဦးမောင်ဆိုစဉ် 'မင်းမင်း'တို့ နားလည်သဘောင်ဖြစ်ပြီး

''ဟုတ်တယ် အာရုံ၊ မင်းလည်းမင်း ပရိယာယ်နဲ့သွယ်ယူပေါ့ကွာ၊ ချစ်သူဖြစ်ခွင့်ရဖို့ အဓိက လိုအပ်ချက်က နှစ်ယောက်တည်းဆုံခွင့်ရဖို့ပဲ''

''အဲဒီ အခွင့်အရေးကို ကိုယ်တို့ဖန်တီးပေးမယ်၊ ကိုယ်တို့ ဖန်တီးပေးတဲ့ အခြေအနေပေါ် မူတည်ပြီး မင်းဘာသာ ပန်းခူးနိုင်ဖို့ ကြိုးစား''

''ဟုတ်ပြီ နော်''

သူ ရင်တဖျပ်ဖျပ် ခုန်လာသည်။ သူဦးခေါင်းညိတ်၍

''အင်း၊ ကြိုးစားကြည့်တာပေါ့ ကွ''

'သူ' စိတ်တင်း၍ ဆိုသည်။

''ဒါနဲ့ မင်းတို့ ကိုယ့်ကို ပံ့ပိုးနော်''



www.burmeseclassic.com

www.burmeseclassic.com



"ပုံပိုးမှာ စိတ်ချ၊ လောလောဆယ် နွဲ့ကလူနာ လာကြည့်မှာဆိုတော့ မင်း လူနာဟန်ဆောင်"

'သူ' နှာခေါင်းရှုံ့သည်။

"လူနာ မလုပ်ချင်ဘူးကွာ"

"လူနာ မလုပ်တော့ နွဲ့ လာမကြည့်ဘူးပေါ့ ကွ"

"ဟုတ်တယ်၊ အဲဒီတော့ မင်း တို့ နှစ်ယောက်တည်း ဆုံတွေ့နိုင်အောင် ဖန်တီးပေးလို့ မရတော့ဘူး"

"နွဲ့ နဲ့ ချစ်သူဖြစ်ဖို့ အလှမ်းဝေးသွားမယ်"

ကျော်ကျော် စကားအဆုံးသတ်က သူ့ရင်ခုန်သံကို လွှန့်လူးသွားစေသည်။

"ဟာ အဝေးမခံနိုင်ဘူး ကွာ"

"အဲဒါဆို လူနာလုပ်ပေါ့ ကွ"

"မွန်းကျပ် လိုက်တာ ကွာ"

"လုပ်မလား၊ မလုပ်ဘူးလား"

သူငယ်ချင်းတွေ အကျပ်ကိုင်မေးစဉ် သူ စိတ်မသက်မသာသက်ပြင်းချ၍

"လုပ်ပါ့မယ် ကွာ"

"လုပ်မယ်ဆိုရင် အခန်းထဲဝင် ခုတင်ပေါ် စောင်ခြုံပြီးအိပ်၊ မျက်နှာကို နွမ်းနွမ်းလေး ဖြစ်အောင် ဖျော့ထား၊ နွဲ့က ကရုဏာမျက်လုံးနဲ့ကြည့် အကြင်နာ လက်ကလေးနဲ့ နဖူးပေါ် လက်တင်စမ်းရင်၊ မင်းကလဲ ပရိယာယ်နဲ့ ပန်းခူးတော့ပေါ့ ကွ ဟ ဟား"

ဦးဦးမောင် ဟန်ကြွကြွဆိုစဉ် 'သူ' ရင်မှာ စိတ်ကူးလေးနှင့် မြူးလာသည်။

"အိုကေ"

(ဖျူးစာပေ)



"အိုကေ. ပြီဆိုရင် Ready ဖြစ်အောင်နေ"

"ဟုတ်ကဲ့ ဆရာ"

'သူ' ခုတင်ပေါ်လှဲ အိပ်၍စောင်ကို လည်းပင်းအထိ ခြုံလိုက်သည်။ မျက်နှာပေးကို နွမ်းအောင် ဖျော့လိုက်သည်။ ဦးမောင်တစ်စုံတစ်ရာကို သတိရတာကြောင့်

"ဖြူမနဲ့ဖြူမောင်ကို ဘယ်လိုလုပ်မလဲ"

"ကိုယ် ဘေးမှာ နေပါစေပေါ့ ကွာ"

"အဲဒါဆို မင်းတို့နှစ်ယောက်တည်း မဟုတ်တော့ဘူးလေ"

"ချစ်သူဖြစ်ဖို့ လွယ်မလား ကွ"

"လွယ်မှာပါ ကွာ၊ ဖြူမတို့ကလည်း စုံတွဲ ကိုယ်တို့ကလည်း"

'သူ' စကားစဖြတ်လိုက်သည်။ 'မင်းမင်း' တို့ 'သူ'ကို မျက်စောင်းခဲကြည့်ပြီး

"မြူးပါကွာ မြူး"

"ဟော ကားသံကြားတယ်၊ နွဲ့ တို့လာပြီ ထင်တယ်"

ဦးဦးမောင်နဲ့ မင်းမင်း ပြေးထွက်သွားသည်။

"ကဲ မင်း ပိပိရိရိ ရှိပါစေ"

ကျော်ကျော် သတိပေးစဉ် လူနာလို သူဖျော့ဖျော့လေးငြိမ်သက်နေလိုက်သည်။ သူ့အခန်းဆီ ဦးတည်လာသည့် ခြေသံကြားရသည်။ ထိုခြေသံတွေက စွယ်တော်ရွက်လေး လွင့်လာတာလား။

ဟုတ်မယ် ထင်တယ်။ 'သူ့'ရင်မှာ ရင်ခုန် ရေလှိုင်းကလေးတွေ လှိမ့်ကြွလာသည်။ ထိုအခါ 'သူ့' မျက်ဝန်းကလေး မှေးမှိန်းလျက်၊ 'သူ့'နှလုံးသားမှာ 'နွဲ့' ပုံရိပ်လေးကို တသသ ခံစားမိသည်။ 'နွဲ့'ပုံရိပ်ကို ခံစားမိစဉ် 'သူ့'နှလုံးသား လိုက်မြူးလျက်။

'နွဲ့'

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'သူ' ခေါ်သံကြောင့် 'နွဲ့' နှုတ်ခမ်းစူလိုက်သည်။

'နွဲ့'

"မခေါ်နဲ့"

'နွဲ့' ခြေဆောင့်၍ လှည့်ထွက်ခဲ့သည်။

"အို နွဲ့"

ထိုအခါ 'သူ' လက်ချောင်းလေးများက 'နွဲ့'ကို ဆွဲယူမွှေ့ ဖက်လိုက်မိသည်။ အိထွေးသော ခံစားမှုသည် 'သူ' နှလုံးသားမှာ မိန်းမူးလျက်။ 'သူ' အာရုံသည် လွင့်မျောနေသည်။ ဘယ်အချိန်အထိ လွင့်မျောနေသည် မသိ။ 'သူ' ကိုယ်ပေါ်ခေါင်းအုံးတွေ တရစပ်ကျ ရောက်လာစဉ် 'သူ' အသိဝင်လာသည်၊ ထိုအခါ 'သူ' ပွေ့ဖက်ထားသည့် အရာသည် 'နွဲ့' မဟုတ်။ ခေါင်းအုံးဖြစ်မှန်းသိလိုက်ရသည်နှင့် တစ်ပြိုင် နက် သူငယ်ချင်းတွေရဲ့ မကျေမနပ် မျက်နှာပေးတွေကို ရင်ဆိုင်လိုက် ရ၏။

"မင်းကွာ တကယ် သေနေတဲ့အတိုင်းပဲ"

"ဘာ ဘာဖြစ်လို့လဲ ကွ"

"ဘာဖြစ်ရမှာလဲ၊ နွဲ့ အခန်းထဲဝင်လာတော့ မင်း သေ နေတယ်တဲ့"

သူမွေ့ရာပေါ်က ကမန်းကတန်း လူးလဲထ၍

"အခု အခု နွဲ့ ရော"

"ပြန်သွားပြီး ကွ"

"ဟင်"

"နေဦးကွ၊ မင်းကို လူနာယောင်ဆောင်ပြီး မေးနေခိုင်း တာ ဘာဖြစ်လို့ အိပ်လိုက်တာလဲ"

'သူ' အတွေးကြောင့် သူ့မျက်နှာပြင် ရှက်ရိပ်နီမြန်းသွားပြီး

(ဖျူးစာပေ)



"သိဘူးကွာ၊ ကိုယ်လည်း နွဲ့ အမှတ်နဲ့ စိတ်ကူးယဉ်မိတာ၊ ခေါင်းအုံးဖြစ်မှန်း သိတော့တယ်"

"ကောင်းတယ်၊ မင်း ကံနဲ့ မင်းပဲ"

"ဟုတ်တယ်ကွာ၊ ဒီလို အခွင့်အရေးဆိုတာ နောက်တစ်ခါ လွယ်တာ မဟုတ်ဘူး"

"လွယ်ပါတယ် ကွာ"

"ဘယ်လို လွယ်တာလဲ မင်းမင်း ရာ"

"လွယ်တာပေါ့ ကွ၊ အာရုံ ခွေးနှစ်ကောင် နွဲ့နောက်ထည့် လိုက်ပြီ ကွ"

"ဟင်"

အခုမှ သူ့ခွေးနှစ်ကောင် သူ့အပါးမှာ မရှိတော့မှန်း သတိ ပြုသည်။

"ဒါဆို ဘယ်လိုလုပ်မလဲ"

"လမ်းမသိရင် ခွေးနောက်လိုက် စကားပုံရှိတာပဲ"

"ဟာ အဲဒီ စကားပုံနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ ကွ၊ မင်းခွေးနှစ်ကောင်နောက် မင်းလိုက် ရွဲ့နဲ့ဆုံပြီပေါ့ ကွ"

"ဟာ ဟုတ်ပါ့ကွာ"

'သူ' အာရုံမှာ ရင်ခုန်ဖွယ် အတွေးလှလှလေး လက်ပြသွား ၏။

"ကဲ အဲဒါဆို ခပ်မြန်မြန် ခွေးနောက်လိုက်ပေတော့ ကွာ"

"လိုက်မှာကွ၊ မင်းတို့လည်း လိုက်ခဲ့"

"မလိုဘူး"

"ဘာဖြစ်လို့"

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ကိစ္စရှိလို့ go မယ်"

"Go စို့ကွာ"

"ဟာ၊ ဟေ့၊ နေဦးကွ၊ မင်းတို့မပါရင်၊ ဟာ အတော်ဆိုးတဲ့ကောင်တွေ"

သုံးယောက်စလုံး တိုင်ပင်ထားသလို လစ်ပြေးသည့် မင်းမင်းတို့ကို 'သူ' မကျေမနပ် ရေရွတ်လိုက်သည်။

"ကိုယ် တစ်ယောက်တည်း မဖြစ်ဘူး"

'သူ' ဆံပင်တွေထဲ လက်ထည့်ပြီး ခပ်ကြမ်းကြမ်း ဆွဲကုတ်မိသည်။

"ဘာလို့မဖြစ်ရမှာလဲ၊ နွဲ့က စွယ်တော်ရွက်လေး ဖြစ်ချင်ပါတယ်တဲ့၊ ဒါ မီးစိမ်းပြတဲ့ သဘောပဲ၊ ပြီးတော့ ကိုယ့် ခွေးနှစ်ကောင်ကို ခေါ်သွားတယ် ဆိုတော့ မဟုတ်မှလွဲရော၊ ဟိ ဟိ၊ ဒီလိုဖြစ်အောင် ဟိုကောင်တွေ အကွက်ဆင်ထားတာ ဖြစ်မယ်၊ ကျေးဇူးပဲ သူငယ်ချင်းတွေ၊ ကိုယ်တစ်ယောက်တည်း ခွေးနောက်လိုက်တော့မယ်"

အတွေးလုလု လိမ့်ဝင်လာစဉ် 'သူ့'ရင်ခုန်သံ မြူးကြွ ပျော်ဝင်လျက် 'နွဲ့'ထံ ခံစားမှုတွေ ရွေ့စီးသွား၏။

"နွဲ့ရယ် ၊ ကိုယ့်ရင်ခုန်သံတွေကို ခံစားလှည့်ပါကွာ"

❀ ❀ ❀

(ဗျူးစာပေ)

❀

အခန်း (၇)

"ဟင်"

'နွဲ့' မျက်ဝန်းက အံ့သြစိုးရိမ်စိတ်နှင့် ပြူးကျယ်သွားသည်။

"ဖြူမောင်၊ ဖြူမ ၊ ဘယ်မှာလဲ ဘယ်သွားကြပြီလဲ"

'နွဲ့' အခန်းထဲ ထည့်ထားသည့် ဖြူမောင်တို့ စုံတွဲကို ရှာမ...ရှု။ အပေါ်ထပ် အောက်ထပ်မှန်သမျှ 'နွဲ့' ရှာတာလဲ မတွေ့ရ။

"ဘယ်ထွက်သွားပြီလဲကွယ်"

"ဟာ"

'နွဲ့'ရင်မှာ စိုးရိမ်စိတ်နှင့် ပူရှလာသည်။ 'သူ့' ခွေးနှစ်ကောင် ...'လက်ထဲမှာ ပျောက်သွားရင်တော့။ အို ရင်မောစရာ ကောင်းလိုက် ...။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မာမီ၊ ဖြူမနဲ့ ဖြူမောင်ကို တွေ့လား ဟင်"

မီးဖိုခန်းအတွင်း ချက်ပြုတ်ရန် စီမံနေသည့် မာမီ။ 'နွဲ့'ပေါ့ တော့ မျက်ခုံးအသာပင့်၍ စဉ်းစားသယောင်ပြုပြီး

"စောစောက ညှော်ခန်းဘက်သွားတာ တွေ့လိုက်သလိုပဲ သမီး"

"ညှော်ခန်းမှာလဲ မတွေ့ရဘူး မာမီရယ်"

"အဲဒါဆို ခြံထဲဆင်းပြေးလား ကြည့်ပါဦး"

"ဟုတ်ကဲ့ မာမီ"

'နွဲ့' စိုးရိမ်တကြီးဖြစ်၍ ခြံထဲဆင်းခဲ့မိသည်။

"ဖြူမနဲ့ဖြူမောင်"

'နွဲ့' အသံကျယ်ကျယ် ခေါ်မိသည်။ ဖြူဖြူအရောင်ဆိုလို့ စက္ကူဖြူတစ်ရွက်တောင် မတွေ့ရ။ ထိုအခါ ရင်မှာ ပို၍ ဆူလာသည်။ ဒီခွေးနှစ်ကောင် ပျောက်သွားရင်တော့ ။ အိုး 'သူ့' အရမ်းစိတ်ထိခိုက်သွားမလား? ဒါမှမဟုတ် 'နွဲ့'ကို မုန်းသွားမလား?

"ဖြူမ"

စိုးရိမ်စိတ်ကြောင့် 'နွဲ့' အသံလေးတုန်သွားသည်။

"ဖြူမောင်"

ခြံထဲက အလှပန်းရုံတွေနောက်မကျန် 'နွဲ့'အော်ဟစ်ခေါ်ရင်း ရှာဖွေမိသည်။

"ဘယ်မှာ ပုန်းနေလဲ ကွယ်"

"အာရုံ ဆီ ပြန်ချင်ရင်လဲ ပို့ပေးမှာပေါ့"

"မြန်မြန်ထွက်ခဲ့လေ"

'နွဲ့' အသံသည် ဝမ်းနည်းစွာ တုန်ခါသည်။ စံပယ်ရုံနောက်မှာလဲ မတွေ့ရ။ ဘယ်မှာ ပုန်းနေလဲကွယ်။ စွယ်တော်ပန်းရုံဘက်





ကွ့ပတ်ရှာစဉ် 'နွဲ့' ခြေဖနောင့် ယားကျိကျိ ဖြစ်လာသည်။ 'နွဲ့'လှုပ် ကြည့်လိုက်တော့။

"ဟင် ဖြူမ"

အမြီးကလေး တစ်လှုပ်လှုပ်နှင့် 'နွဲ့'ကို မြူမြူကလေး စိုက် ကြည့်လာသည့် ဖြူမကို မြင်ရစဉ်။ 'နွဲ့' ရင်မှာ လှိုက်ကနဲ ဝမ်းသာ သွားသည်။ 'ဖြူမ' ကို 'နွဲ့' အားရဝမ်းသာ ပွေ့ဖက်ရင်း

"ဖြူမောင်ကော၊ ဖြူမောင် ဘယ်မှာလဲ"

ဖြူမ မျက်ဝန်းတောက်တောက်နှင့် 'နွဲ့'ကို ပြူးကြည့်သည်။ ပို့နောက် ခြံထောင့်ဆီ ဖြူမ မျက်ဝန်းရွေ့သွားသည်။ 'နွဲ့'တစ်စုံတစ် ာကို နားလည်သလို ဖြစ်ပြီး

"ခြံထောင့်မှာလား"

'ဖြူမ'က ချစ်စရာကောင်းစွာ ဦးခေါင်းညိတ်သည်။ 'ဖြူမ' ခေါင်းညိတ်တဲ့အတိုင်း ခြံထောင့်ကို လှမ်းကြည့်တော့။ ဖြူမောင် အရိပ် အရောင် မတွေ့ရ

"ဘယ်မှာလဲ ဖြူမရယ်"

ထပ်ဆင့်မေးတော့ 'နွဲ့' ပွေ့ပိုက်ခံထားရတဲ့ 'ဖြူမ' ရှန်း၍ က်ပေါ်မှ ဆင်းပြီး ခြံထောင့်ဘက် တစ်ရှိန်ထိုး ပြေးတော့၏။

"ဟင်၊ ဖြူမောင် ပုန်းနေတာထင်တယ်"

'နွဲ့' မျက်ဝန်းတောက်ပသွားသည်။

"တွေ့မယ် ဖြူမောင်"

'နွဲ့' ခပ်သွက်သွက် ပြေးလိုက်သည်။ 'ဖြူမ'က ခြံထောင့်ဘက် ယ်တော်ပန်းရုံထဲ ပြေးဝင်သွားသည်။ 'ဖြူမ' ဝင်သွားသည့် စွယ်တော် န်းရုံနောက် 'နွဲ့' လှမ်းဝင်လိုက်စဉ်

"အို့"



www.burmeseclassic.com

www.burmeseclassic.com



'နွဲ့' ရင်ခွင်တစ်ခုလုံး လှိုက်ဖိုသွားသည်။ ဖြူမောင်နှင့်ဖြူမတို့ကိုပွေ့ထားလိုက်သည့် 'သူ့'ကိုတွေ့စဉ် 'နွဲ့' ခြေလှမ်းတန့်သွားသည်။ ရွှန်းစိုစို သူ့မျက်ဝန်းမှ ရင်ခုန်သံအလင်းရောင် စူးရှလာစဉ် 'နွဲ့'မျက်ဝန်းမှာ ရှက်ရိပ်သန်းသွားသည်။

"နွဲ့"

ခွေးနှစ်ကောင်ကို ပွေ့ဖက်ပြီး 'နွဲ့'ရှေ့ရောက်လာသည့် သူ့အကြည့်ကို 'နွဲ့' ရင်မဆိုင်ရဲတော့။ မျက်လွှာအသာချပြီး လှည့်ထွက်ဟန်ပြင်စဉ် ခွေးဖြူနှစ်ကောင်၏ လက်ချောင်းများက 'နွဲ့' အင်္ကျီစကိုကုတ်ဆွဲထား၏။

"အို"

ထိုအခါ 'နွဲ့' ရင်ခွင်သည် ပိုရှက်ကာ တလှိုက်လှိုက် တုန်လာသည်။ ခွေးဖြူနှစ်ကောင်က 'နွဲ့' အင်္ကျီစကို ဘာဖြစ်လို့ ဆွဲထားရတာလဲ ? 'သူ'စေခိုင်းလို့လား? 'သူ'က ဘာဖြစ်လို့ စေခိုင်းရတာလဲ?

'နွဲ့' ရင်မှာ မလုံမလဲ လှိုက်ဖိုလှုပ်ကြွလျက်

"ကျွန်တော်ကို မရှောင်ပါနဲ့ နွဲ့ရယ်"

"အိုး ဘယ်သူကရှောင်လို့လဲ"

"နွဲ့ကို တွေ့ချင်လို့ ခြံကျော်ပြီး အရဲစွန့်ဝင်လာခဲ့တာ"

"ဟင်"

'နွဲ့' ရင်ခုန်သံ လှုပ်နွေးလာသည်။ ဖျတ်ခနဲ အကြည့်ချင်းဆုံစဉ်

"နွဲ့"

ရင်ခုန်သံ လှိုက်မူးသော သူ့ရင်ခုန်သံ တိုးကြွလာစဉ် 'နွဲ့' မျက်လွှာချလိုက်မိသည်။

"နွဲ့"

"အို"

(ဗျူးစာပေ)



လက်ချောင်းတွေပေါ် ကြွေသက်လာသည့် အနွေးပွင့်တွေကို 'နွဲ့' မဖယ်ရှားရက်သလို ခံစားမိသည်။

"ကျွန်တော် ခွေးလေးတွေကို ဘာဖြစ်လို့ယူခဲ့တာလဲ ဟင်"

"အိုး သိဘူး"

'နွဲ့'တို့ နှစ်ယောက်ကို ကျေနပ်စွာ ပြုံးကြည့်နေသည့် ခွေးကလေးကို 'နွဲ့'မျက်စောင်းခဲကြည့်ရင်း ဆိုမိသည်။ ထိုအခါ ခွေးနှစ်ကောင် ဝင်မကျသလို ဖြစ်ဟန်တူသည်။

"သိဘူးဆိုတာ ညာတာပဲ၊ နွဲ့ရယ် မညာပါနဲ့ နော်"

"နွဲ့ မညာပါဘူး"

"ဒါဆို"

ဆုပ်တွေးထားသည့် 'နွဲ့'လက်ချောင်းလေးများကို 'သူ' ပွတ်သပ်တွေးပွေ့မိသည်။ ထိုအခါ ဖြူမောင်တို့ နှုတ်ခမ်းနှစ်ခုသည် တဖြည်းဖြည်းနီးကပ်လျက် လှိုက်လှိုက်မူးမူး နမ်းရှိုက်လိုက်စဉ် 'နွဲ့' နှလုံးသားပြုံလုံး ရှက်သွေး လွှမ်းသွား၏။

"ပြောလေ နွဲ့"

'သူ့' ရင်ခုန်သံလွင့်လာစဉ် 'နွဲ့' ဦးခေါင်း တဖြည်းဖြည်းငုံ့သွား၏။ 'နွဲ့' ဦးခေါင်း ဝပ်ဆင်းတာ 'သူ့'ရင်ခွင်လား။ ထိုအတွေး 'နွဲ့' မော့ကြည့်လိုက်စဉ်

"အိုး"

"ဖြူမောင် ခံစားပြနေတာ တွေ့လား နွဲ့"

ဆွဲပွေ့ထားသည့် သူ့လက်ချောင်းတွေကို တွန်းဖယ်ရင်း

"ဟင့်အင်း၊ တွေ့ဘူး"

"ညာပြန်ပြီ"

"မညာဘူးရှင့်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



''မညာဘူးဆိုရင် ပြောလေ၊ ဘာဖြစ်လို့ ယူလာတာလဲဟဲ့''

''ချစ်လို့ပေါ့''

''တကယ်''

''အင်း''

ချစ်ရောင်စံဉ် ဖြာဝေနေဟဲ့ 'နွဲ့' မျက်နှာလေးကို 'သူ' တပ်မက်စွာ ငေးကြည့်ရင်း 'သူ့' ရင်ခုန်သံ ပို၍ လိုက်ဆူလာသည်။ 'သူ့' ရင်နွှင့်၍ နွေးလာပြီး

''ဒါဆို ခွေးပိုင်ရှင် ကျွန်တော်ကိုရော''

''အိုး''

''မချစ်ဘူးလား နွဲ့ ရယ်''

''ဘယ်သူက ချစ်တယ်ပြောလို့လဲ''

''ဟင်''

'သူ့' မျက်ဝန်းအရောင်ပို၍ လက်ခါလာသည်။

''ကျွန်တော် ပြောတယ်လေ''

''ဘယ်တုန်းက ပြောလို့လဲ''

''အခု အခု ပြောမယ်''

''သွား''

'နွဲ့' အတင်းတွန်းဖယ်နေသော်လည်း 'နွဲ့'ကိုယ်လုံးလေးက သူ့ရဲ့ရင်ခုန်သံ နှံ့ထဲ တအိအိ နစ်ကျွံလျက်။

''တကယ်ပါ နွဲ့ ရယ်''

''ဘာလဲ''

''နွဲ့ကို ချစ်တယ်''

'နွဲ့' နှလုံးသား လှိုက်ဖိုအိထွေးသွားသည်။

ညိုနော့နော့ အရောင်လူးလက်နေသည့် 'နွဲ့'ဆံနွယ် ပျော့ပျော့





...ကို သူ့ လက်ချောင်းလေးနှင့် တယုတယ ပွတ်သပ်၍

''ချစ်လား ဟင်''

'နွဲ့' မဖြေ၊ နှုတ်ခမ်းပါးလေး ဆူ၍ သူ့ရင်ခွင်ကို တွန်းဖယ်...သဲ၊

''ကျွန်တော်ကို ချစ်လား နွဲ့ ရယ်''

တွန်းဖယ်နေသည့် 'နွဲ့'လက်ချောင်းလေးကို သူ့နှုတ်ခမ်းလွှာ...းသိကပ်လိုက်သည့်အထိ 'နွဲ့' လက်ချောင်းလေးမှတစ်ဆင့် လှိုက်...ရင်ခုန်နေသည့် 'နွဲ့' နှုတ်ခမ်းပါးဆီ တရွေ့ရွေ့တိုးကပ်လာသည့်...ရင်ခုန်သံကို 'နွဲ့'ရှောင်ဖယ်နိုင်ပါ့မလား။

''နွဲ့ ချစ်လား ဟင်''

''အို့ အတင်းမေးမေးနဲ့လေ''

''အတင်းမေးတာ မဟုတ်ဘူး နွဲ့ ရယ်၊ ကျွန်တော်ရင်ခုန်...ဝင်ဆန်နဲ့ မေးတာ''

လည်ချောင်းရှက်တင် ချစ်တင်နှောနေသည့် ဖြူမတို့ စုံတွဲက ...ယမ်းခရီးကို ခင်းပြသယောင် ဟန်ရေးပြနေတာက 'နွဲ့'နှလုံးသား ...ါးရွက်လေးကို တွန်းဖွင့်နေတာလား ကွယ်။

''ဖြူမနဲ့ဖြူမောင်က မောင်နဲ့ နွဲ့ ဖြစ်ရင် သိပ်ကောင်းမှာပဲ''

''ရှင့် ခွေးတွေကို ရှင် သင်ပေးထားတယ် ထင်တယ်''

''ဟင်အင်း''

''ဒါဆို ဘာဖြစ်လို့ ဟန်ရေးပြနေတာလဲ''

''နွဲ့လို ဟန်မဆောင်တတ်ဘူးလေ''

''ဘာ နွဲ့ က ဟန်ဆောင်တယ်ပေါ့လေ''

''ဟန်ဆောင်တာပေါ့''

''ဟန်မဆောင်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟန်မဆောင်ဘူးဆိုရင် ချစ်တယ်ပေါ့"

"အင်းပေါ့၊ ချစ်တာပေါ့"

"ဟင်"

'နွဲ့' နှုတ်မှ လွှတ်ခနဲ ထွက်သွား၏။ ထိုအခါ

'နွဲ့' မျက်ဝန်း ရှက်ရိပ်သွန်းကာ ဝိုင်းစက်သွားစဉ် 'သူ့' အကြင်နာနှင်းမှုန်တွေအခွင့်ကျသွား၏။

"အို"

"ချစ်တယ်ဆို"

'နွဲ့' ဦးခေါင်းကို ယိမ်းခါပြီး 'သူ့'အကြင်နာ နှင်းမှုန်တွေကို ရှောင်ရှားမိသည်။

"နွဲ့"

'သူ့' အကြင်နာ နှင်းပွင့်မိုးတွေ သွန်းရွာဆဲ။ 'နွဲ့'မရှောင်ရက်တော့ဘူး ထင်တယ်။ 'နွဲ့' ပခုံးသား မို့မို့လေး နွေးခနဲဖြစ်သွားစဉ် 'နွဲ့'ရင်ခုန်ရှက်ဖြာလျက်

"နွဲ့ ချစ်တယ်ဆို"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ နွဲ့ ရယ်"

"ဟင်အင်း၊ ပြန်တော့လေ၊ မာမီတွေ့သွားလိမ့်မယ်"

"မချိန်းချောက်ပါနဲ့ နွဲ့ရယ်"

နွေးဖြာမှုတွေ ယစ်သိုင်းလာစဉ် 'နွဲ့' တစ်ကိုယ်လုံးရှက်နီ၊ တွေ ဝေ့ဝဲတက်လျက်

"ချိန်းချောက်တာ မဟုတ်ဘူး။ မာမီ တွေ့သွားရင် ပြဿနာ တက်လိမ့်မယ်"

"တက် တက်ပေါ့"





"ဟာ ဖွတ်မပြောနဲ့လေ၊ နွဲ့ကို မာမီ ရည်းစားထားခွင့် ပေးဘူး၊ ယောကျ်ားတွေနဲ့ သူငယ်ချင်းလုပ်တာ မကြိုက်ဘူး၊ ပြန်ပါတော့ နော်၊ နော် မောင်"

ချစ်သူဆီကရသော မသေချာ မရေရာသည့် အဖြေက 'သူ့' ရင်မှာ ဆူပွက်နေစေသည်။

"နွဲ့ရယ် မောင့်ကို နှိပ်စက်တာ မျိုးလား ဟင်"

'နွဲ့' ရင်မှာ ခြောက်သွေ့သလို ခံစားလိုက်ရသည်။ 'နွဲ့' စိုးရိမ်မကင်း တစ်ချက် ဝေ့ကြည့်ပြီး

"တကယ်ပြောတာ မောင်၊ မာမီ သိလို့မဖြစ်ဘူး"

"ဒါဆို မောင့်ကို နွဲ့ တကယ်ချစ်တာပေါ့ နော်"

မောင့်လက်ချောင်းကလေးများ 'နွဲ့' ခါးကျဉ်းကျဉ်းလေးဆီ ထွေးဖက်လာစဉ် 'နွဲ့' မွှေးညှင်းကလေးများ ရှိန်းခနဲ ထောင်ကြွလာသည်နှင့် တစ်ပြိုင်နက် 'နွဲ့' မျက်စောင်းခဲ ကြည့်လျက်သားဖြစ်သွားသည်။ မောင့် နှုတ်ခမ်းလွှာ စိုကြွလျက်

"ပြောလေ နွဲ့၊ မောင့်ကို ချစ်လားလို့"

'နွဲ့' ခါးသိမ့်သိမ့်လေးကို မောင့်တယုတယ ထွေးပွေ့ယုယလာစဉ် 'နွဲ့' နှလုံးသား ဟန်မဆောင်ရက်တော့။ နှလုံးသားမှာ စစ်မှန်သည့်အဖြေ ရှိနှင့်လျက် ဟန်ဆောင်မှုနှင့် ဖုန်းကွယ်နေဖို့ မလိုအပ်ဘူးလို့ 'နွဲ့' ခံစားမိသည်။ 'နွဲ့' အဖြေကို အလေးအနက်မျှော်လင့်နေသည့် သူ့ မျက်ဝန်းစူးစူးကို 'နွဲ့' စူးစိုက်ကြည့်၍ ခေါင်းညိတ်လိုက်၏။ ချစ်ခြင်းအငွေ့တွေ လှိုင်လှိုင်လွှင့်ပျံလာသည့် မျက်ဝန်းအစုံသည် ကြည်နူး လှိုက်ဖိုစွာ ရစ်ထွေးရင်း အပြန်အလှန် ရှိုက်နမ်းမိ၏။

"ချစ်တယ် နွဲ့ရယ်"

'နွဲ့' ပါးပြင်နုနုလေးသည် ပန်းပွင့်လေးတွေရဲ့ တို့ထိမှုလို



www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် နူးအိနွေးထွေးလာသည်။

"မောင့် နှလုံးသားနဲ့ ထပ်တူချစ်ရပါတယ် နွဲ့ရယ်"

"အပိုတွေ"

"မောင့်ရင်ခုန်သံနဲ့ အမှန်တကယ် မြတ်နိုးရပါတယ်အချစ်ရယ်"

"ဟင်အင်း ယုံဘူး"

"မောင့်ရင်ခုန်မှုနဲ့အတူ ကြည်နူးရပါတယ် နွဲ့ရယ်"

'မောင့်' နှုတ်ဖျားမှ ကြွေသက်လာသည့် ပန်းပွင့်လေးတွေက 'နွဲ့' နှလုံးသားမှာ ရစ်နိုးပျော်ဝင်လာသည်။ ဖြူမနဲ့ဖြူမောင်၏ ရင်ခုန်ဖွယ်ချစ်နေသည့် ပူပူနွေးနွေး ချစ်သူဘဝကို ပို၍ လှိုက်ဖို ရစ်မူးဖွယ်ကောင်းစေ၏။

"နွဲ့လည်း မောင်နဲ့ထပ်တူ ခံစားရပါတယ်"

"မောင့်တို့ နှလုံးသားတွေကို တိုင်တည် သစ္စာဆိုကြရအောင်လား"

"နွဲ့ ကို မယုံလို့လား မောင်"

"ယုံလို့ပေါ့ နွဲ့ရယ်၊ နွဲ့နဲ့မောင်တို့ရဲ့ ချစ်သူဘဝကို တစ်ခုခုစည်းမခြားစေချင်ဘူး"

'နွဲ့' ကိုယ်လုံးလေး လှုပ်ခါလျက်

"ဘယ်သူက စည်းခြားနေလို့လဲ"

"ကံကြမ္မာ"

"ကံကြမ္မာဆိုတာ နွဲ့တို့ လက်ထဲမှာ ရှိတယ်လေ"

"သမီးရေ သမီး၊ နွဲ့လေး"

"ဟင်"

မာမီ ခေါ်သံ ပျံ့လွင့်လာစဉ် 'နွဲ့' မျက်ဝန်းပြူးကျယ်သွား၏။

(ဗျူးစာပေ)



..ယောင့်ရင်ခွင်ထဲက 'နွဲ့' ရုန်းထွက်ရင်း

"မောင် ပြန်တော့နော်၊ ပြန်တော့"

ချစ်သူကိုယ်လုံး နွေးနွေးလေးကို မလွှတ်ချင်ဘဲ ဖြေလွှတ်ရင်း ..ူသက်ပြင်းချလိုက်သည်။

အခြေအနေ မဟန်မှန်းသိသည့် ဖြူမနဲ့ဖြူမောင် 'မောင့်' ..ဂနား ပြေးကပ်သွားသည်။

"နွဲ့ရယ်"

"ပြန်ပါနော်၊ ညနေ တွေ့ကြတာပေါ့"

"နွဲ့ရယ်"

"ညနေကျရင် နွဲ့ စာအုပ်ငှားဖို့ ထွက်ခဲ့မယ်လေ၊ နော်..ယောင်၊ လမ်းထိပ်က စောင့်နေပေါ့"

"နွဲ့ ရယ်"

"သွားပါတော့"

'နွဲ့' အတင်းနှင်လွှတ်စဉ် 'သူ' ရင်မှာ လှိုက်ဆူလျက်။ ချစ်သူ ..လိုက်ျ သူဦးခေါင်းညိတ်မိသည်။ သူ့ကိုယ်ပေါ်ပြေးတက်လာသည့် ..ွှးနှစ်ကောင်ကို ထွေးပိုက်၍ 'နွဲ့' အပါးမှ ခွာစဉ်

"အိုး ၊ ဖြူမတို့ကို မခေါ်သွားနဲ့လေ"

"မောင်က ဖြူမတို့နဲ့ခွဲဖူးတာ မဟုတ်ဘူး"

"အခုလဲ နွဲ့အနားမှာ မောင့်ကိုယ်စား ရှိတဲ့သဘောလေ၊ ..ျူမနဲ့ဖြူမောင်က မောင်ပဲ ပေါ့နော်"

"နွဲ့ရယ်"

'နွဲ့ လက်ချောင်းကလေးများကို သူဖျတ်ခနဲ ကိုင်လိုက်မိသည် ..ထိ ရင်ခုန်လှုပ်ရှားသွားသည်။

'နွဲ့' လက်ချောင်းကလေးများကို မလွှတ်ချင်လောက်အောင်

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



တက်မက်လျက်

"သွားတော့နော်"

"လာ ဖြူမနဲ့ဖြူမောင် နွဲ့ ဆီလာ"

ခွေးနှစ်ကောင် 'သူ'ကို စူးစိုက်ကြည့်နေဆဲ။ 'သူ'ခပ်နွမ်းနွမ်း သက်မချပြီး ဦးခေါင်းညိတ်တော့ 'မောင်'ထံမှ 'နွဲ့'ဆီ ကူးပြောင်းလာသည်။

"သမီး နွဲ့ရေ"

မာမီ ခေါ်သံ ထပ်ဆင့်ပေါ်လာစဉ် 'မောင်' အုတ်ရိုးကျော်၍ ထွက်သွား၏။ ခြံပြင်ရောက်မှ 'နွဲ့' သက်မချပြီး

"သမီး ဒီမှာ မာမီ၊ ဖြူမတို့ ခြံထောင့်မှာ ပုန်းနေလို့"

"ပုန်းနေရင်လဲ ခေါ်ထုတ်ခဲ့၊ အိမ်ပြန်ချင်လို့ ဖြစ်မယ်၊ သမီး ဖေလဲ ဘာဖြစ်လို့ ခေါ်လာရတာလဲ၊ မူမူကို သတိရလို့ဖြစ်မယ်၊ မူမူ ခွေး မူမူဆီ ပို့လိုက်ပါကွယ်"

'နွဲ့' အပါးရောက်သည့် မာမီ၊ ဖြူမတို့ကို မလိုလားစွာကြည့် ၍ ဆိုသည်။

'နွဲ့' မလုံမလဲ တံတွေးမျိုချပြီး။

"ည ညနေမှ သွားပို့တော့မယ် မာမီ"

"နောက် ခေါ်မလာနဲ့နော်"

မာမီ ယတိပြတ်ဆိုစဉ် 'နွဲ့' နှုတ်ခမ်းအသာ စူ၍

"မာမီ ကလည်း၊ နွဲ့ ချစ်လို့ပါ"

"မိနွဲ့ နော်၊ ညည်း ခုတလော မူမမှန်ဘူး၊ သတိထား"

"အင်းပါဆို"

'နွဲ့' အလိုမကျစွာ ခြေဆောင့်၍ ခွေးနှစ်ကောင်ကို ပိုက်သည်။ 'မာမီ' ဖဲရှေ့မှ ခြေလှမ်းသွက်သွက်နှင့် တိုက်ထဲဝင်ခဲ့သည်။

(ဗျူးစာပေ)



"ဘာမှန်းမသိဘူး ဟွန်း"

'နွဲ့' ပုစိပွစိရွတ်၍ နောက်လှည့်ကြည့်တော့ ဆန်းစစ်သည့် ...ပီ မျက်ဝန်းအစုံက စိုလက်နေဆဲ။

'နွဲ့' ပခုံးအသာတွန့်၍ သက်ပြင်းချမိသည်။

"မောင်ရယ် မောင်ပြောတဲ့ ကံကြမ္မာဆိုတာ မာမီကိုပြောတာ ...း ဟင်"

"အို မ...ဟုတ်ဘူး၊ နွဲ့တို့ရဲ့ ကံကြမ္မာက ဖြူမနဲ့ဖြူမောင် ...ပဲ ပခွဲတမ်း ရစ်ပွေ့နေမယ့် ပုံရိပ်ဖြစ်စေရမယ်လေ၊ နော် ဖြူမနဲ့ ...ူးဟင်"

* * *

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

“မလာတော့ဘူးထင်တယ် အာရုံ”

“လာမှာပါ ကွာ”

လမ်းကြားထဲမှ ထွက်လာမည့် ‘နွဲ့’ကို သူစိတ်အားထက်သန်စွာ စောင့်နေဆဲ။ ‘ကျော်ကျော်’တို့ ဘဝင်မကျ မျက်နှာရှုံ့တွလျက်

“လာမယ်ဆို၊ ဘယ်အချိန်လဲ ကွာ”

“ဟုတ်တယ်ကွ၊ ခြောက်နာရီခွဲနေပြီ”

“လာမှာပါ ကွာ၊ နွဲ့ သေချာပြောတာကွ၊ ညနေ စာအုပ်ဆိုင်လာရင်း တွေ့မယ်၊ လမ်းထိပ်က စောင့်နေတဲ့၊ ဖြူမောင်တို့ကိုလည်းခေါ်ခဲ့မှာတဲ့ ကွ”

“ဟုတ်ပါတယ်၊ နေဝင်လို့ မှောင်ရိပ်သန်းနေပြီ ကွာ”

(ဗျူးစာပေ)



“မှောင်နေရင် နွဲ့အိမ်က ထွက်ခွင့်ရဖို့ လွယ်မလား”

“မလွယ်လို့ ထွက်မလာတာ ထင်တယ်”

ဦးဦးမောင်တို့ ထင်မြင်ချက်ပေးသည်ကို သူလက်မခံချင်။

“နွဲ့ အသေအချာ ပြောထားတာပါ ကွာ”

‘သူ’ အနိုင်အမာ ဆိုစဉ် ‘မင်းမင်း’ နှာခေါင်းရှုံ့၍

“အောင်မယ်၊ ချစ်သူဖြစ်တာ နာရီပိုင်းပဲရှိသေးတယ်၊ တ...ပတိမ်း နား ထောင်နေတာ အံ့ပါကွာ”

“နားထောင်ရမှာ ပေါ့ကွ၊ ကိုယ့်ချစ်သူ စကားက ကိုယ့်...နှံသံပဲ”

“ဒီမှာ အာရုံ အဖြစ်သည်းမနေနဲ့”

“မင်းမှ ကိုယ်ချင်းမစာတတ်တာ ကျော်ကျော်”

“ဟုတ်တယ် ကိုယ်ချင်းမစာတတ်ရုံ မကဘူး၊ ခေါင်းချင်းလဲ ...တတ်ဘူးကွာ ဘာဖြစ်လဲ”

ကျော်ကျော် ကန့်လန့်ဆိုစဉ် ဦးမောင် သက်မချ၍

“ကဲပါ ကျော်ကျော်ရာ၊ ကိုယ်ချင်းမစာချင် မစာနဲ့ကွာ၊ ဒါပေမဲ့ ...ရုံ စောင့်ချင်သလောက် စောင့်ပေးကြစို့”

“ဟာ မသေချာတာကို စောင့်လို့ ဘာထူးမှာလဲ”

ကျော်ကျော် လမ်းဘေးအုတ်ခုံပေါ် စောင့်ကြောင့် ထိုင်နေ...မှ ဖျတ်ခနဲ ရပ်၍ဆိုလိုက်သည်။ မင်းမင်း သက်မချ၍

“အဲလိုလဲ ယတိပြတ် ပြောလို့မရဘူး ကျော်ကျော်၊ မိန်းက...းဆိုတာ ကိုယ်တို့ ယောက်ျားလေးတွေလို လွတ်လွတ်လပ် လပ်...လာခွင့် မရဘူး၊ လူကြီးတွေ အခြေအနေကို စောင့်ကြည့် ပြီး ...ထွက်လာရတာ ကွ၊ အချိန်ကို သတ်မှတ်လို့ရတာ မဟုတ်ဘူး”

“ယောက်ဖနှစ်ယောက် အခုမှ ညီညွတ်နေတာလား”

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော် စိတ်အချဉ်ပေါက်စွာ ရွတ်စဉ် 'သူ' လက်သီး ထောင်ပြလိုက်သည်။

"ကျော်ကျော်ကလဲကွာ၊ မင်း အလှည့်ဆိုလည်း ကိုယ့်တို့ရေကုန်ရေခန်း စောင့်ပေးမှာပါ ကွ"

ဦးမောင် လေပြေးထိုးစဉ် ကျော်ကျော် စိတ်ပျက်စွာ ခေါင်းကုတ်ပြီး

"မသေချာလို့ အချိန်မဖြုန်းချင်တာ ကွ"

"သည်းခံ ကျော်ကျော်၊ ချစ်သူအလာကို စောင့်မျှော်ရတာက ကိုယ်တို့ယောကျ်ားတွေအတွက် စီးကရက် ဖွာရသလို ဖီလင်ရှိတယ်ကွ"

"အဲဒီ ဖီလင်က အာရုံ ခံစားရမယ့် ဖီလင်၊ ကိုယ်တို့ကအညှော်ခံတွေ"

"အညှော်မခံချင်ရင် မုန့်ဆီကြော် စားခွင့်ရအောင် ဖန်တီးပါလား"

'သူ' ခပ်ဆတ်ဆတ်ဆိုလိုက်စဉ် မင်းမင်းနဲ့ကျော်ကျော် မျက်လုံးဝင့်ခနဲ့ စူးလက်သွားသည်။

"ဟုတ်တယ် အာရုံ ပြောသလို ဖန်ကြည့်"

ဦးမောင် တွန်းအားပေးစဉ် 'မင်းမင်း'တို့ မျက်ဝန်းချင်းညီညွတ်လျက်။

"ဘယ်လို ဖန်ရမလဲ"

"ဘယ်သူ့ကို ဖန်ရင်ကောင်းမလဲ"

"နွဲ့မှာ သူငယ်ချင်း သုံးယောက်ရှိတယ်၊ မင်း တို့အမြင်ပဲ၊ ကြိုက်တာရွေးပေါ့ ကွာ"

ကျော်ကျော် လက်ဖြောင့်တီး၍





"ဟုတ်ပြီ ကွ၊ ချစ်သူရွေးရမယ် မင်းမင်း"

"ရွေးမယ်ကွာ၊ သုံးယောက်တည်းက တစ်ယောက်ယောက်ကို ရွေးရမယ်"

"ဒါနဲ့ အာရုံ၊ ညနေ လာမှာနွဲ့ တစ်ယောက်တည်းလား"

"တစ်ယောက်တည်း မဟုတ်ဘူး၊ ကိုယ့် ခွေးနှစ်ကောင်ပါလာမှာ"

'ကျော်ကျော်' မျက်နှာခြောက်သွေ့ တွန့်ကြုတ်သွားပြီး။

"မင်း ခွေးနှစ်ကောင်ကို စာရင်းထဲမထည့် စမ်းနဲ့ကွာ"

"ဟာ မထည့်လို့ရမလား၊ ကိုယ့် ခွေးကြောင့် ကိုယ်နဲ့နွဲ့ ...ရတာ၊ ချစ်သူဖြစ်ရတာ၊ တွေ့ဆုံခွင့် ရတာလေ ကွာ"

"ဟုတ်တယ်၊ ကိုယ်ပြောတာ နွဲ့နဲ့အတူ မူမူတို့ ပါမလား"

"ဘယ်သိမလဲ"

"ပါချင်ပါမှာ ပေါ့ကွာ"

ဦးမောင် စကားဖာလိုက်တော့ ကျော်ကျော်တို့ မျက်နှာဝင်း ...သွား။

"ကဲ ကျော်ကျော်နဲ့ မင်းမင်း၊ မင်းတို့လဲ အာရုံ နည်းတူ ...တို့ သုံးယောက်ကို မျှော်ကွာ"

"ဟုတ်တယ်၊ မျှော်ရမယ်၊ ဒါမှ တစ်ချက်ခုတ် အားလုံးပြတ် ...နည်း၊ နောက်ဆို ကိုယ့်တို့ ငေါင်တောင်တောင်နှင့် တစ်ယောက် ...ကိုကို အာရုံနှစ်ပြီး မျှော်တော့ ဖီလင်ရှိတာပေါ့ ဟဲ ဟဲ"

'မင်းမင်း'တို့ နှစ်ယောက် သူ့ထက် အဖြစ်သည်းစွာ မျှော် ...သည်။ လမ်းကြားထဲ မျှော်ကြည့်၊ ထိုင်လိုက်၊ ထလိုက်၊ ခုန်လိုက်နှင့် ...ပငြိမ်ဖြစ်နေသည့် 'ကျော်ကျော်နှင့်မင်းမင်း'ကို ဦးမောင်အမြင် ...ဟန့်တူသည်၊ ကုန်းကုန်းကွကွ ချောင်းကြည့်နေသည့် 'ကျော်ကျော်'



www.burmeseclassic.com

www.burmeseclassic.com



တို့ တင်ပါးကို ခြေနှင့်ကန်လိုက်၏။ ကန်ချက်ကြောင့် နှစ်ယောက်လုံး ဒိုက်ထိုးသလို လေးဘက်ထောက်ကျ၏။

"ဟာ ဦးမောင်၊ ကိုယ် ဆွဲထိုးလိုက်ရ"

"မင်း ကွာ၊ စာနာတတ်တဲ့ နှလုံးသားမရှိတဲ့ကောင်"

ဦးမောင်ကို မကျေမနပ် ရေရွတ်သည့် 'မင်းမင်း'တို့ကို ကြည့်ရင်း 'သူ' ရင်နာမိ၏။

"မင်းတို့ အမူအရာတွေ ပိုလွန်းတာကို ကွ"

"မင်း ပြောတော့ ချစ်သူကို မျှော်ရတာ ဖီလင်ရှိတယ်ဆို"

"မင်းတို့ချင်း ချစ်သူတွေ မဖြစ်သေးဘူး၊ ကုန်းကုန်းကွကွ မျှော်တော့ အမြင်ကတ်တာပေါ့ ကွ"

"မျှော်တယ်ဆိုတာ မင်းတို့လို ပုံစံမျိုးနဲ့ မဟုတ်ဘူး"

"စိတ်ခံစားချက်ကို ဖိသွင်းပြီး တစိမ့်စိမ့်တွေးရင်း မျှော်ရတာ၊ အဲဒီလို မျှော်မှ ဖီလင်ရှိမှာပေါ့ ကွ"

"ကိုယ်တို့ အတွေ့အကြုံမရှိသေးဘဲ ကွာ၊ နည်းနည်းတော့ လွဲမှာပေါ့ ကွ"

"မင်းတို့ လွဲပုံက မျောက်ဖင်မှာ မီးတောက်ညှပ်သလိုပဲ"

"ကဲ တော်တော့ ဦးမောင် အချိန်အတော် နှောင်းနေပြီ"

'သူ့'ရင်မှာ လှိုက်ခနဲ ဟာလာသည်။ ချစ်သူဖြစ်ခွင့်ရဖို့ မြန်ဆန်သလောက် သူနှင့်တွေ့ခွင့်ရဖို့ ခဲယဉ်းမှန်း တစ်စစ ခံစားရ၏၊ 'သူ့'နှလုံးသား ပို၍ ဆူလောင်လာသည်။ ဦးမောင် ကရုဏာ သက်သ၏ ငေးကြည့်ရင်း

"လာမှာပါ ကွာ၊ ကေသီ တုန်းကဆို ဒီထက်မကြာ အောင် ကိုယ်စောင့်ခဲ့ရတာ မင်း မှတ်မိမှာပါ ကွာ"

'သူ' သက်ပြင်းအသာချမိသည်။

(ဗျူးစာပေ)



"ဟုတ်သားပဲ အာရုံ၊ စိတ်မပျက်နဲ့၊ မင်းနဲ့တူကိုယ် စောင့်ပေးတာပဲကွာ၊ စိတ်ရှည်စမ်းပါ"

'မင်းမင်း'တို့ နားလည်မှုရှိစွာ ဆိုပြန်သည်။

"ဟော့ ဟိုမှာ မင်းခွေးနှစ်ကောင် ပြေးလာနေပြီ"

ဦးမောင် ဆိုစဉ် လမ်းကြားဆီသို့ မျှော်လင့်ကြီးစွာ ချောင်း ကြည့်လိုက်သည်။ ဖြူဖြူဖွေးဖွေး သဏ္ဌာန်နှစ်ခု မြူးကြွကြွ ပြေးလာဆဲ။

"ဖြူမောင်၊ဖြူမ"

'သူ့'ကိုယ်ပေါ်ပြေးတက်လာသည့် ဖြူမတို့ကို 'သူ'အားရဝမ်း သာ ပွေ့ဖက်ရင်း

"နွဲ့ ကော"

ခွေးနှစ်ကောင်နောက် ပါလာသည့် 'မှုမှု' တို့ သုံးယောက်မျက် နှာက တိမ်ညိုဖုံးခံရသည့် လပြည့်ဝန်းလို အရောင်မဝင်းနိုင်။

"နွဲ့၊ နွဲ့ မပါဘူးလား"

'ဖြူမောင်'တို့ ဦးခေါင်းရှမ်းစဉ် 'သူ့'ရင်မှာ အတိုင်းမသိ လှုပ်ကြေကွဲသွား၏။

"နွဲ့ ဘာဖြစ်လို့လဲ မှုမှု ရယ်"

"နွဲ့ မာမိက ဒီညနေ အပြင်ထွက်ခွင့်မပေးဘူး"

"ဟာ"

'သူ့'ရင်မှာ နွမ်းဟာခြောက်သွေ့သွားသည်။

"ဖြူမောင်တို့ကို မှုမှု ခွေးဆိုပြီး ညာထားတာ၊ အာရုံ မှန်းသိရင် ပိုဆိုးမှာလေ"

"မှုမှု ခွေးပြန်ပို့ရမယ်လို့ နွဲ့ အကြောင်းပြတော့ အန်တီက ဟိုဖုန်းဆက်ခေါ်လို့ မှုမှုတို့ နွဲ့ဆီ လာခဲ့တာ"

"ဟုတ်တယ် အာရုံ၊ နွဲ့ပြောမှ အာရုံနဲ့နွဲ့ ချစ်သူဖြစ်တာ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သိခွင့်ရတယ်''

''နွဲ့ လည်း အာရုံနဲ့ အရမ်းတွေ့ချင်တာပဲ၊ နွဲ့ မာမီး[က]

ထွက်ခွင့်မပေးတော့''

'တိုးတိုး'တို့ တစ်ယောက်တစ်ခွန်းဆိုစဉ် အခြေအနေကို နိုင်[လ]

မိသည်။ 'သူ'ရင်သည့် အတိုင်းအသိ ကြော်ကြားသွားတော့၏။

'ကျွန်တော်လည်းနွဲ့နဲ့ အရမ်းတွေ့ချင်တယ်''

''တွေ့ခွင့်ရအောင် တိုးတိုးတို့ ဖန်တီးပေးပါ ဗျာ''

သူမျက်နှာ နွမ်းနွမ်းနှင့် အသနားခံမိသည်။ 'မူမူ' ဦးခေါ[င်း]

ကုတ်၍

''ဒီညနေ အဆင်မပြေနိုင်ဘူး၊ နက်ဖြန်နေ့လယ် ရုပ်ရှင်ကြ[ည့်]

ချိန်းလိုက်မယ်လေ၊ အာရုံ တို့ ရုပ်ရှင်ရုံက စောင့်နှင့်ပေါ့''

သူဦးခေါင်းရမ်းသွားသည်။

'သူ'နှလုံးသား တောင်းဆိုမှု ချကြွလာသည့်အတိုင်း

''ကျွန်တော် အခု တွေ့ချင်တယ်''

''ဟာ မင်းကလဲ ကွာ၊ ည ခုနစ်နာရီ ထိုးနေပြီ မ[ဖြစ်]

နိုင်ဘူး ကွာ''

''ဖြစ်နိုင်တယ်၊ ကိုယ် ကြိုးစားရင် ဖြစ်နိုင်တယ်''

''အာရုံ၊ မင်းရူးနေလား''

မျက်လုံးမျက်ဆန်ပြူးလျက် ဆိုနေသည့် နှစ်ဖက်သူငယ်[ချင်း]

တွေကို 'သူ'ဖြန့်ကျက်ကြည့်ပြီး

''ကိုယ် မရူးဘူး၊ နွဲ့ ကိုယ့်ကိုတွေ့ချင်သလို ကိုယ်လ[ည်း]

နွဲ့ကိုတွေ့ချင်တယ်၊ နွဲ့ ထွက်လာခွင့်မရတော့ နွဲ့ရှိတဲ့ ဆီ ကိုယ်သွားရ[မ]

ဒါမှ ချစ်သူအတွက် စွန့်စားရာ ရောက်မှာပေါ့ ကွ ၊ နောက်ဆုံ[း]

အရမ်းခံစားနေရမှာ၊ နွဲ့ ခံစားရမှာ သိသိချည်းနဲ့ကိုယ် ငြိမ်မနေရဘူ[း]

(မျိုးတာပေ)



[ဟု]။ ကိုယ်နဲ့နွဲ့ကို နားလည်းပါ၊ နားလည်ပါ ဟာ''

နှလုံးသားက တောင်းဆိုမှုအတိုင်း 'သူ' တရစပ် ဖွင့်အန်

[ထု]တ်ဝဉ်း နှစ်ဖက်သူငယ်ချင်းတွေ အံ့သြထူပူလျက်

''ရှင်ဘာလုပ်မှာလဲ အာရုံ ရယ်''

''မင်း မဖြစ်နိုင်တာကို မစွန့်စားချင်နဲ့ ကွာ''

''ဟော့ အာရုံ ကိုယ်တို့ပြောတာနားထောင်ပါဦးကွ''

သူ့ခြေလှမ်းက သူငယ်ချင်းတွေရဲ့ စကားလုံးတွေနှင့် တဖြည်း

[ဖြည်]းဝေးကွာလာသည်။ 'သူ' ရင်ခွင်မှာ တွယ်ကပ်နေသည့် 'ဖြူမနှင့်

[မော]ဟင်းက 'သူ'တို့ချစ်သူနှစ်ဦးအတွက် အကောင်းဆုံး အကြိုးဆောင်

[ဖ]ြစ်လာနိုင်သည်။ သူခြေလှမ်းတန့်၍ သူငယ်ချင်းတွေကို ငဲ့ကြည့်ပြီး

''ဖြူမောင်တို့ ကိုယ့်ကို ကူညီရမယ်နော်''

'ဖြူမောင်'တို့ကို ငုံ့ကြည့်၍ သူလှိုက်လှိုက်လှဲလှဲ ဆိုမိသည်။

ချစ်စရာ ကောင်းလွန်းသည့် ခွေးဖြူနှစ်ကောင် ဦးခေါင်းအသာ

[ငြိမ့်]၍ ခေါင်းညိတ်ပြစဉ် 'သူ'နှလုံးသား ဆန္ဒကိုပံ့ပိုးမည့်ဆေးစွမ်းနှင့်

[တွေ့]ပပြီ။ ဖြူမောင်တို့ကို ချစ်မြတ်နိုးစွာ ပွေ့ပိုက်ရင်း 'သူ'ရင်ခုန်သံ

[တ]လှိုက်လှိုက် စိုကြွလာသည်။

''နွဲ့ ရေ၊ မောင်ချစ်ခြင်းစွမ်းအားတွေကို နွဲ့ နှလုံးသားနဲ့

[ခံစားပ]ါ့ အသိအမှတ် ပြုပါတော့နော်''

❀❀❀

(မျိုးတာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"သမီးနွဲ့၊ သမီးကိုယ် သမီးကလေးပေါက်စ မထောင်နဲ့ မာမီ
အပြင်မထွက်နဲ့တားရင် မထွက်နဲ့၊ မျက်နှာကို ဆူပုပ်စရာမလိုဘူး
ကြားတယ်နော်"

'မောင်'နှင့် ချိန်းထားပြီးမှ ထွက်ခွင့်မရစဉ် 'နွဲ့' ရင်မှ
ဝမ်းနည်းလှိုက်ဟာ သွားသည်။

"လာ ညစာ စောစောစားကြမယ်"

"ဟုတ်သားပဲ သမီးရယ်၊ ဒယ်ဒီ အိမ်စောစော ပြန်ရော
တဲ့ ရက်မှာ ဒယ်ဒီတို့မိသားစု စုံစုံညီညီ ဝိုင်းဖွဲ့ပြီး စားကြသောက်ကြ
စကားပြောကြ၊ ဘယ်လောက်ချမ်းမြေ့စရာ ကောင်းမလဲ၊ သမီး ဘာ
လောမှ ပျက်သလိုပဲ နော်"

(ဖျူးစာပေ)



"ဟွန်း"

'မာမီ'ဘက်က ဒယ်ဒီပါ ဖိဆိုလာစဉ် 'နွဲ့' ခြေဆောင့်၍
ခန်းထဲ ဝင်နေလိုက်သည်။ အလိုက်မသိသည့် မာမီ 'နွဲ့'ကို အခန်းထဲ
ခွဲထုတ်ပြီး ထမင်းဝိုင်းမှာ အတင်းထိုင်စေသည်။ မိသားစု အားလုံး
ဝိုင်းမှာ ဆူညံညံ စကားပြောရင်း ပျော်ရွှင်စွာ စားသောက်
ရှိပေမယ့် 'နွဲ့' က ထမင်းကို ဟုတ်တိ ပတ်တိ မစားဘဲ လက်
ထတ်လိုက်သည်။

"သမီး ထည့်စားဦးလေ"

ဒယ်ဒီ ဂရုတစိုက်ဆိုစဉ် 'နွဲ့' ဟန်ဆောင်ပြုံးလိုက်ပြီး

"ဝပြီ ဒယ်ဒီ"

"အလကား ညာတာ၊ လမ်းထိပ်မထွက်ရလို့ တင်တင် ကို
ကောင်းနေတာလေ"

"မဟုတ်ပါဘူး ဒယ်ဒီ"

မာမီ ထပ်ဆင့်ဆိုစဉ် 'မာမီ' မမြင်အောင် 'နွဲ့' နှုတ်ခမ်းစူရှုံ့
ပြီး ထမင်းစားခန်းထဲက ထွက်ခဲ့သည်။ 'နွဲ့' ညည်ခန်းထဲ ဝင်ခဲ့တော့
မောင်ကို ဘွားကနဲ တွေ့ရစဉ် 'နွဲ့' အံ့ဩဝမ်းသာသွားပြီး

"ဟင် ဖြူမောင်၊ ဖြူမကော ဟင်၊ မောင် ရော"

'မာမီ'တို့ မရိပ်မိအောင် ဖြူမောင်ကို ကမန်းကတန်း ပွေ့ချီ
မေးလိုက်သည်။

ဖြူမောင် မျက်ဝန်းတောက်တောက်က ခြံထောင့်ကို ကြည့်
ည်။ ဖြူမောင် လက်တစ်ဖက်က ခြံထောင့်ကို ထောင်ပြသည်။
ခါ 'နွဲ့' ရင်ခုန်လှိုက်ဖိုသွားသည်။ မာမီတို့ ထမင်းစားခန်းတွင်
တဲ့ အခိုက်အတန့်လေးကို 'နွဲ့' အသုံးပြုမှ ဖြစ်မည်။ 'နွဲ့' လစ်
ပြေးထွက်ခဲ့သည်။ စွယ်တော်ပန်းရုံနောက် 'မောင့်'ကို တွေ့ရစဉ်

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'နွဲ့' နှလုံးသား လှိုက်ဖိုမြူးတူးသွား၏။

"မောင်"

"နွဲ့ ရယ်"

ချစ်သူနှစ်ဦး၏ တောင်းတခြင်းက တလှိုက်လှိုက်ဆူလျက်။ 'နွဲ့' နှလုံးသားအတွက် မောင်နဲ့မျက်နှာချင်းဆိုင် ရင်ခုန်ခွင့်ရတာလောက် ပြီးပြည့်စုံတာ ဘာရှိဦးမှာလဲ ကွယ်။

"နွဲ့ မာမီ အပြင်ထွက်ခွင့် မပေးလို့ဆို"

"အင်းပေါ့"

မောင့်ရင်ခွင်မှာ 'နွဲ့' ဦးခေါင်းလေး မှေးလိုက်စဉ် သူ့ရင်ခုန်သံ ပြန့်ထွက်လာသည်။

"နွဲ့ ရယ်။ မောင်တို့နှလုံးသားမှာ မာမီက ကျွန်းတစ်ကျွန်း၊ ဖြစ်နေမလား"

"မာမီ ကြောင့် သိပ်စိတ်ညစ်တယ် မောင်ရယ်"

"စိတ်မညစ်ပါနဲ့နွဲ့ရယ်၊ နွဲ့မာမီ ထွက်ခွင့်မပေးပေမယ့် မောင် အရဲစွန့်လာခဲ့တယ်လေ"

"အွန်း၊ အဲဒီအတွက် နွဲ့ နှလုံးသားနဲ့ ကျေးဇူးတင်ပါတယ်'

"တကယ်လား"

"အင်းပေါ့"

ရင်ခုန်သံတွေနှင့် ဘောင်ကွပ်ထားသည့် ချစ်ခြင်းရသ တလှိုက်လှိုက်ငွေ့စိမ့်လာသည်။

"နွဲ့လေ မောင်နဲ့ တွေ့ခွင့်မရတော့ဘူးဆိုတဲ့ အသိနဲ့ အရမ်း ဝမ်းနည်းနေတာ"

"မောင် ခံစားမိတယ် နွဲ့ ရယ်"

"မောင့် ခံစားမှုကို နွဲ့ ယုံပါတယ်"

(ဗျူးစာပေ)



"ဟိုကောင်တွေ တားနေတဲ့ကြားက မောင် ဖွတ်လာခဲ့တာ"

"ဟုတ်လား"

"အင်း ဦးမောင်တို့ စကားနားထောင်လိုက်ရင် ဒီညတော့ မောင် အိပ်ပျော်နိုင်မှာ မဟုတ်ဘူး"

"နွဲ့လည်း မောင့်လိုပါပဲ"

အကြင်နာတွေက 'ခရေ' ပွင့်လေးလို တစ်ပွင့်ပြီးတစ်ပွင့် ကြွသက်လွင့်ကျလာက ချစ်ရနံ့ သင်းပျံ့ကြိုင်လှိုင်နေဆဲ။

"နွဲ့ လေ၊ တစ်ခုတော့ စိုးရိမ်နေတယ်"

"ဘာ အတွက်လဲ နွဲ့ ရယ်"

"မာမီ ကိုပေါ့"

"ဘာဖြစ်လို့"

သူ့ရင်မှာ တစ်စုံတစ်ခု တက်ဖိသလို လေးလံလာသည်။ မောင့်လည်တိုင်ကို 'နွဲ့'ပါးပြင်နှင့် ထိကပ်ပြီး

"မာမီ က နွဲ့ကို သိပ်ချစ်ချစ်တာ"

သူ ဦးခေါင်းလေး ငုံ၍ ရှက်ပူနွေးသင်းသည့် 'နွဲ့' ဆံနွယ်ပျော့ ပျော့လေးကို တရှိုက်နမ်းမွှေးလိုက်သည်။

"ကိုကိုနဲ့ မောင်လေးကိုတော့ မချစ်ချစ်ဘူးလေ"

"နွဲ့ ရယ်"

"ဟုတ်တယ် မောင်ရဲ့၊ နွဲ့ကိုဆို ဟိုမသွားနဲ့ ဒီမလာနဲ့ ပျောက်ပါမှသွား၊ ဘာညာနဲ့"

"ဘာပဲဖြစ်ဖြစ် နွဲ့ ရယ်၊ မောင် အခုလိုလာတွေ့မှာပေါ့"

ချစ်သူကို အားကိုးတကြီးမော့ကြည့်၍

"မောင့်ကို ယုံပါတယ်၊ စွန့်စားတဲ့ မောင့်အချစ်ကိုခံစား ရတာ နွဲ့နှလုံးသား ကံကောင်းပါတယ်လေ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတယ်ဆိုရင်၊ မောင့်ရင်ခွင်က ရင်ခုန်သံကိုနား ဆင်လိုက်လေ"

"ဘာဖြစ်လို့"

"မောင့် ရင်ခုန်သံ နားဆင်ရတော့ နွဲ့နှလုံးသား ပိုပြီး ကံကောင်းလာမယ်လေ"

'နွဲ့'ရှက်စနိုးဖြစ်၍ 'မောင့်' ရင်ခွင်ကို လက်သီးဆုပ်နှင့် ဖွဖွလေး ထုမိသည်။ 'နွဲ့' လက်သီးဆုပ်လေးကို သူ တယုတယ နမ်းရှိုက်၍

"မောင် ပြောတာ ယုံရဲ့လား၊ ယုံတယ်ဆိုရင်နားဆင်ကြည့်"

"အင်း"

မောင့်ရင်ခုန်သံသည် စမ်းရေလို တသွင်သွင် စီးကျနေသည့်က 'နွဲ့' နှလုံးသားမှာ ကြည်နူးလိုက်ကြွလာသည်။ 'မောင့်' ရင်ခုန်သံကတဆင့် 'နွဲ့' ရင်ခုန်သံ ညီညွတ်မိန်းမောစွာ ပျော်ဝင်စီးဆင်းလျက်။ လောကကြီး မေ့လျော့သွားလောက်အောင် လှိုက်လှိုက်မူးမူး ခံစားနေမိသည်။

"မောင် ရယ်"

လေညှင်းကလေးများ ပွေ့ဖက်နမ်းမွှေးမှုမှာ ရင်ခုန်သံတွေ ပေါင်းစည်းမြူးကြွနေဆဲ။

"နွဲ့"

"ဟင်"

"မောင်တို့ အတူတူ နေကြရအောင်လား"

"နေချင်တာပေါ့လို့"

"မောင်နဲ့နွဲ့ရယ်၊ ဖြူမောင်တို့ရယ် အတူတူနေရရင်သိပ်ပျော်စရာကောင်းမှာပဲ"

(ဗျူးစာပေ)



"ဟုတ်တယ် နော် မောင်"

အတူတူ ဝဲပျံချင်သည့် ချစ်သူနှစ်ဦး၏ ရင်ခုန်သံ နွယ်ညွှန့်တွေလို ယှက်တင်မှီတင်းလျက် မျှော်လင့်တောင်းတ ရစ်မူးနေမိ၏။

"ဒါနဲ့ ဖြူမောင်တို့ကော"

"ဟင်"

ချစ်သူနှင့် မျက်နှာချင်းဆိုင် ရင်ခုန်နေသည့် 'သူ့'နှလုံးသားသည် အရာရာကို မေ့သယောင် ဖြစ်သွား၏။

"ဖြူမောင်တို့ မရှိတော့ဘူး"

'သူ'တို့ အနီးဝန်းကျင်မှာ 'ဖြူမောင်'တို့ အရိပ်အယောင်မျှမတွေ့တော့။ 'သူ'တို့ မျက်ဝန်းနှစ်စုံ စိုးရိမ်လှိုက်ကြွလာပြီး

"ဟာ ဖြူမောင်"

"ဖြူမ"

"မြန်မြန်လာ"

"ဘယ်သွားနေကြလဲကွယ်၊ မြန်မြန်လာပါ"

'သူ'တို့ စိုးရိမ်းတကြီး ရှာဖွေမိသည်။

"ဖြူမောင်"

"အို့ မောင် ရှူး တိုးတိုး၊ မာမိတို့ ကြားသွားလိမ့်မယ်"

'သူ့'နှုတ်ခမ်းလွှာကို စိုးရိမ်စွာ ဖိပိတ်လိုက်ရသည်။

"အခု ဘယ်လိုလုပ်ကြမလဲ၊ မောင်ရယ် ဖြူမောင်တို့ကို ပေါ်မိတွေ့သွားလို့မရဘူး"

"ဟုတ်ပါတယ် နွဲ့ရယ် ဖြူမောင်တို့ ဘယ်နေရာမှာ ရှိနေမလဲ"

"အဲဒါမှ ဒုက္ခပဲ၊ မောင် ခြံထဲမှာ ရှာကြည့်လေ"

"နွဲ့ က"

"နွဲ့ တိုက်ထဲမှာ ရှာကြည့်မယ်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"သတိထား နွဲ့ ရယ်"

"အင်းပါ၊ မောင်လည်း သတိထားဦး"

"စိတ်ချပါ"

'သူ့' အပါးမှ လေညှင်းလေးလို ပြေးထွက်သွားသည့် 'နွဲ့' ကို မချင့်မရဲ ငေးကြည့်နေမိသည်။

"ဟေ့ အာရုံ"

ခပ်အုပ်အုပ် ခေါ်သံတွေ တိုးထွက်လာစဉ် 'သူ' အသိဝင်လာသည်။

"အာရုံ ကိုယ်တို့ခေါ်နေတယ် ကွ"

"ဟင်"

ခြုပြင်ခေါ်သံကြောင့် သူချောင်းကြည့်လိုက်သည်။ 'ကျော်ကျော်' တို့သုံးယောက် စိုးရိမ်သည့် မျက်နှာပေးတွေနှင့်။

"မင်း ဘာလုပ်နေတာလဲ၊ မြန်မြန်ထွက်ခဲ့"

"ပြဿနာ တက်လိမ့်မယ် ကွ"

စိုးရိမ်မကင်းဖြစ်နေသည့် သူငယ်ချင်းတွေကို ကြည့်ပြီး

"ခဏလေးပါ ကွာ၊ ဖြူမောင်တို့ ပျောက်နေလို့"

"ဖြူမောင်တို့ အရေးမကြီးဘူး"

"မင်းကို မိသွားရင် ပြဿနာ ရှုပ်ကုန်မယ် ကွ"

"မင်း ဒယ်ဒီ အကြောင်း မင်း သိသားနဲ့ ကွာ"

"သိတယ် ကွာ၊ ဒါပေမဲ့ ဖြူမောင်တို့ကို ရှာရဦးမယ်ကွ"

ဦးမောင်တို့ ဘဝင်မကျကြည့်လျက်

"လာကွာ၊ မင်းတို့ ကူရှာပေးကွာလာ၊ အုတ်ရိုးကျော် ပြီး ခြံထဲခုန်ဆင်းခဲ့ ကွာ"

ဖြူမောင်တို့ အပေါ် စိုးရိမ်စိတ်လွှမ်းကဲနေသည့် 'သူ့'စိတ်





သည် ဘာကိုမှ တွေးတောဆင်ခြင်ဖို့ စိတ်ကူးမရတော့။

"ဟေ့ကောင် အာရုံ၊ မင်း. အရူးမထနဲ့"

"ဟုတ်တယ် ကွ၊ နွဲ့ မိဘ ရိပ်မိသွားရင် ဒီထက်ပိုဆိုးမှာ"

"မြန်မြန်လာ ကွာ"

"နွဲ့နဲ့တွေ့ခွင့်ရပြီပဲ၊ ကျေနပ်ပါတော့ ကွာ"

အဲလိုက်မသိတဲ့ သူငယ်ချင်းတွေကို သူအမြင်ကတ်လာသည်။

"ဟာ မင်းတို့ကောင်တွေ မစာနာဘူးကွာ၊ ဖြူမောင်တို့အခွက် ကိုယ်ဘယ်လောက်စိတ်ပူနေလဲ ခံစားကြည့်စမ်း"

"အာရုံ၊ မင်းကွာ၊ ပြောရဆိုရ သိပ်ခက်တဲ့ကောင်"

"ခက်တယ်ကွာ"

သူငယ်ချင်းတွေ မချင့်မရဲ ရေရွတ်စဉ် သူဘဝင်မကျရွတ်သည်။ 'ဖြူမောင်'တို့ကို သူရှာဖွေမိသည်။ 'နွဲ့' က ဖြူမောင်တို့ သွားတတ်သည့် စတိုခန်း၊ စားဖတ်ခန်း။ တစ်ခန်းပြီး တစ်ခန်း ရှာဖွေမိသည်။

'ဖြူမောင်' တို့ကို မတွေ့ရ။ ဒီနှစ်ကောင် ဘယ်နေရာမှာ ရှင်ခုန်နေမလဲ။ တွေးရင်း ရင်မောလာသည်။

"သမီး နွဲ့"

"ရှင် မာမီ"

'နွဲ့'ကို မာမီ စူးစမ်းသယောင် အကဲခတ်ကြည့်၍

"ဘာတွေ ပြာယာခတ်နေတာလဲ"

"ဘာ ဘာမှ မဟုတ်ပါဘူး"

စာဖတ်ခန်းထဲက စာအုပ်တစ်အုပ်ကို ကမန်းကတန်းဆွဲပြီး အပေါ်ထပ် ပြေးတက်ခဲ့မိသည်။ 'မာမီ' မျက်ဝန်းဘဝင်မကျဖြစ်လျက်။

"မိနွဲ့နော်၊ မိနွဲ့၊ ကြပ်ကြပ် သတိထား"

မာမိ၏ ကြိမ်းမောင်းသံ 'နွဲ့' နောက်ကြောသို့ဆူးပြ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလို တိုးဝင်စူးရှလာသည်။ မာမီကို လှည့်ကြည့်ရဲတော့၊ 'နွဲ့' အခန်းထဲ ပြေးဝင်လိုက်စဉ်

"ဟင်"

'နွဲ့'ရင်မှာ အံ့သြဝမ်းသာကာ အစ်ဆို့သွား၏။

"ကြည့်စမ်း"

'နွဲ့' ရင်မှာ ချစ်ဒေါသ လှိုင်းကလေးခတ်သွားသည်။ 'နွဲ့' ခုတင်ပေါ် 'ဖြူမောင်'တို့နှစ်ကောင် ရင်ခုန်လိုက်မောဖွာကျိုစယ် မြူးတူးနေကြတာလေ။ 'သူ' တို့ကြောင့် 'နွဲ့'စို့ ဘယ်လောက်ဒီတ်ပူရသလဲ ။

"လာ၊ လာစမ်း ဖြူမောင်တို့"

'နွဲ့'ကို ရုတ်တရက်မြင်တော့ အံ့သြငေးကြောင်သွားသည့် 'ဖြူမောင်' တို့ကို ခပ်ကြမ်းကြမ်း ပွေ့ဖက်လိုက်ပြီး

"ဘာဖြစ်လို့ ဒီမှာ လာပုန်းနေဘာလဲ"

"ပြောစမ်း"

"လာမယ်ဆိုလဲ ပြောခဲ့ပေါ့။ ဒီမှာ ရှာရတာ ဘယ်လောက်မောင်ပန်းလဲ"

"သိရဲ့လား"

"နောက်ဆို ဒီလို ပုန်းမနေရဘူးနော်"

"ကြားလား"

'နွဲ့' စကားလုံးတွေနောက်မှပြေးရင်း ခေါင်းတညိတ်ညိတ်ရှိနှင့်သည့် ဖြူမောင်တို့ကို ဒေါသထွက်ရခက်လာသည်၊ နှစ်ကောင်သား 'နွဲ့' ရင်ခွင်ထဲခေါင်းတိုးဝင်လာစဉ် 'နွဲ့' အပြစ်မဆိုရက်တော့။

"ပြန်တော့ နော်"

"ဝုတ် ဝုတ်"

(ဗျူးစာပေ)



"ရှူး တိုးတိုး၊ မာမီ ကြားသွားမယ်"

'နွဲ့' ဟန့်လိုက်စဉ် နှစ်ကောင်သား နှုတ်ခမ်းပါးနှစ်စုံ တို့ထိ ...သက်သွားသည်။ ဖြူမောင်တို့ မွေးညှင်းတွေကို ချစ်စနိုး ပွတ်ပေးရင်း။

"လား ပြန်ကြစို့၊ သတိထားနော်၊ မာမီတို့မမြင်ဖို့ အရေး ...ကြီးတယ်"

နားလည်သွားခေါင်းညိတ်သည့် ဖြူမောင်တို့ကို မြတ်နိုးစွာပွတ် ...ပြီး ခေါ်ထုတ်ခဲ့သည်၊ လှေခါးထစ်တွေကို တစ်ဆင့်ချင်းလှမ်း ...ရန် အကဲခတ်ကြည့်လိုက်သည်။ ညှော်ခန်းထဲ ချောင်းကြည့် တော့ ...မိန်ဒယ်ဒီက တီဗွီကြည့်နေဆဲ။ 'နွဲ့' ဦးခေါင်းတစ်ချက်ကုတ် ပြီး ...မောင်တို့ကို နှုတ်ရုံနှင့် ကွယ်နေရန် လက်ပြလိုက်သည်။ ဖြူမောင် ...ကို နံရံမှာ ကပ်လျက် 'နွဲ့' ညွှန်ကြားချက်ကို စောင့်နေဆဲ။ 'နွဲ့'ညှော် ...ခန်းထဲ ချောင်းကြည့်စဉ်

"ဒယ်ဒီရေ သားကို ကိုကို ရန်စနေတယ်၊ လာပါဦး၊ ကိုကို ...ိုးနေတယ်ဗျ"

ညှော်ခန်းနှင့် ကပ်လျက် အခန်းထဲမှ မောင်လေး၏ ငိုယိုဟစ် ...အော်တိုင်တန်းသံ ထွက်လာသည်။ ဒယ်ဒီနှင့် မာမီ မောင်လေးအခန်း ...ထဲပြေးသွားသည်။ ထိုအခါ 'ဖြူမောင်'တို့ကို လက်ဟန်ပြ ခေါ်ထုတ် ...လိုက်သည်၊ အကင်းပါးသည့် 'ဖြူမောင်'တို့ လှစ်ခနဲ ပြေးထွက်သွား ...သည်ကို 'နွဲ့' ကြည့်နူးစွာ ငေးကြည့်မိသည်။

"စီနွဲ့ ဘာရယ်နေတာလဲ"

'မာမီ' အသံပေါ်ထွက်လာစဉ် 'နွဲ့' ကိုယ်တုန်လှုပ်သွားသည်။

"ဘာ ဘာမှ မလုပ်ပါဘူး"

"ဘာမှ မလုပ်ရင် ဘာထွက်ကြည့်တာလဲ"

"ဘာမှ မကြည့်ပါဘူး"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



'သူ' မျက်ခုံးလေး ဝင့်ပြလိုက်ပြီး

"သားနဲ့နွဲ့ ချစ်သူဘဝကို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ခံစားချင်တယ်"

"ဒယ်ဒီ ဘာလုပ်ပေးရမလဲ"

"အန်ကယ်က နွဲ့မိဘတွေ လက်ခံအောင် ကြောင်းလမ်းပေးလိုက် ဗျာ"

ဦးမောင် ခက်သွက်သွက် လမ်းခင်းပေးလိုက်စဉ် 'ဒယ်ဒီ' စိတ်ဝင်စားလျက်

"နွဲ့ မိဘက သားကို လက်ခံမလား"

"ဒယ်ဒီ ဂုဏ်သိက္ခာရှိရှိ ကြောင်းလမ်းမှတော့ လက်မခံဘဲ နေမလား"

"ပြီးတော့ နွဲ့နဲ့ သားက"

'ဒယ်ဒီ' နားလည်သယောင် ဦးခေါင်းဆတ်၍

"ဟုတ်ပါတယ်၊ ဒယ်ဒီက သဘောမှ ကြောင်းလမ်းပေးချင်တယ်၊ တစ်ဖက်က သဘောအောင် သားတို့ ကြိုးစားကြည့်ပေါ့ ကွ"

"နွဲ့ ဘက်က သဘောတယ်"

"နွဲ့ မိဘဘက်ကို ပြောတာ ကွ"

"အဲဒါဆိုရင် နွဲ့ ကတစ်ဆင့် နွဲ့ မိဘကို စည်းရုံးနိုင်မယ်"

"အဲဒါက သားတို့ သဘော၊ သားတို့ ပြေလည်ရင် … စိမ်းပြလိုက်"

"ဒယ်ဒီ ဘက်က အချိန်မရွေး အဆင့်သင့်ပဲ"

'ဒယ်ဒီ' အားတက်သရော ဆိုစဉ် သူ လက်ဖျောက် တီးလိုက်သည်။

"အိုကေ၊ ဒါမှ ဒယ်ဒီ ကွ"

(ဖျူးစာပေ)



"အောင်မယ် လင်းအာရုံ၊ အခုမှ တက်ကြွနေလိုက်တာကွ"

'ဒယ်ဒီ' ခပ်နောက်နောက်ဆိုစဉ် သူ နှုတ်ခမ်းလွှာပေါ် ရှက်…ပြုံးလျက်

"ကဲ ဒယ်ဒီ ကို မျက်စောင်းခဲမကြည့်စမ်းနဲ့ ကွ၊ သား …ဘက်က အိုကေရင် ဒယ်ဒီ ဘက်ကလည်း အချိန်မရွေး အိုကေ …မပဲ"

"ဟင်"

'ဒယ်ဒီ' စကားစဖြတ်လိုက်စဉ် 'သူ' ရင်မှာ ပျော်ရွှင်မှုတွေ …တန့်လျက်

"ဒါပေမဲ့ ဘာဖြစ်လဲ ဒယ်ဒီ"

'ဒယ်ဒီ' မျက်လုံးအသာဝင့်လျက်

"ဒယ်ဒီတို့ကို တိုက်ခိုက်မယ့်သူ ငြင်းပယ်မယ့်သူ မဖြစ်နိုင်ဖို့ …ရေးကြီးတယ်"

"ဟာ ဘယ်သူငြင်းမလဲ ဒယ်ဒီ ရာ"

"ဒယ်ဒီ အကောင်းအဆိုး နှစ်ဖက်စလုံးအတွက် ကြိုတင် …င်ဆင်ပြီးသားပါ"

"ပြဿနာ တက်ပြီး ညှိနှိုင်းဖြေရှင်းရတာနဲ့ စာရင် ပြဿနာ …ဖြစ်ဘဲ ကိစ္စပြီးသွားတာကို ဒယ်ဒီ သဘောကျတယ်"

ဒါကြောင့်

"သားကောင်မလေးဘက် ပိုင်အောင် သား ကြိုးစား"

"ဟုတ်ကဲ့"

"တကယ်လို့ မပိုင်ရင်ကော အန်ကယ်"

'ကျော်ကျော်' လွတ်ခနဲ ဆိုစဉ် 'သူ'နှာခေါင်းရှုံ့ပြီး

"ဟာ မင်းပါးစပ် ပုပ်ပုပ်နဲ့မေးရသလား ကွ"

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဥပမာ ပေးတာကွာ"

"တော်ကွာ၊ မင်း ဥပမာက နိမိတ်မကောင်းတဲ့ ဥပမာ"

"ကဲ ငြင်းမနေနဲ့၊ မပိုင်ရင် သား နောက်ဆုတ်ပေါ့ ကွ"

'ဒယ်ဒီ' လွတ်ခနဲ ဆိုစဉ် သူ တစ်ကိုယ်လုံး တုန်ခါသွားပြီ၊

"ဟာ မဆုတ်နိုင်ဘူး ဒယ်ဒီ"

"မဆုတ်ချင်ရင် ပိုင်အောင် ကြိုးစားပေါ့ ကွာ"

"စိတ်ချ ဒယ်ဒီ၊ သား ကြိုးစားမှာပါ"

"ကဲ ဒယ်ဒီ အိပ်တော့မယ်"

သူ ဒယ်ဒီကို အသာပွေ့ဖက်၍ သူ ချော့ချော့မော့မော့ ဆိုလိုက်သည်။ ဒယ်ဒီ ဦးခေါင်းညိတ်၍

"Good Night"

"Good Night ဒယ်ဒီ"

"မင်းတို့ ညဥ့် မနက်စေနဲ့"

"ဟုတ်ကဲ့ အန်ကယ်"

ဒယ်ဒီ နှုတ်ဆက် ထွက်သွားစဉ် 'သူ' ရင်မှာ ဘဝင်မကျ တော့။ 'ကျော်ကျော်' ကြောင့် ဖြစ်တည်လာတဲ့ မကျေနပ်မှု အတွက် 'ကျော်ကျော်' ကို ပစ်မှတ်ချိန်လိုက်သည်။

"မင်း ကွာ လျှာရှည်လွန်းတယ်"

"လျှာ ရှည်တာ မဟုတ်ဘူး ကွ၊ မင်း ယောကျ်ားမလောင်၊ မျက်နှာ ဘယ်တုန်းက လသာလို့လဲ"

"ဟုတ်တယ်၊ မင်းကို အသိအမှတ်ပြုဖို့ မပြောနဲ့၊ မင်း ခွေးနှစ်ကောင်ကိုတောင် အသိအမှတ် မပြုနိုင်လို့ မူမူ ခွေးပါလို့ ကင်ပွန်းတပ်ရတာ"

'သူ' နှုတ်ခမ်းလျှာတင်းသွားသည်။

(ဗျူးစာပေ)



"ဟုတ်တယ် ကွ၊ မူမူ ခွေးအဖြစ် လက်မခံချင်လို့ မူမူ ကို ခေါ်ပြီး ပြန်ပေးလိုက်တာ မင်းအသိပဲ ကွ"

"သိရင်တော့၊ မင်း လေးဖက်ပြေးရမှာ သေချာတယ်"

"ဟာ ပြောပြန်ပြီ၊ ဒီကောင်တွေ ကွာ"

'သူ' စိတ်ပျက်စွာ ရွတ်လိုက်သည်။ 'ကျော်ကျော်'တို့ 'သူ' ကိုအလေးအနက်ကြည့်၍

"အာရုံ၊ မင်း ဦးနှောက်နဲ့ ခံစားကြည့် ကွ"

"ဟုတ်တယ် အာရုံ၊ ဦးမောင် ပြောသလို ဦးနှောက်နဲ့ ခံစားကြည့်ရင်"

"အလားအလာ မကောင်းဘူး"

လမင်းအလင်းရောင်အောက် ပျံ့သန်းနေသည့် ညဥ့်ငှက်စုတွဲ ကို သူ ငေးကြည့်ပြီး

"တော်ကွာ၊ မင်းတို့ဝိုင်းပြီး ကိုယ့်ကို စိတ်ဒုက္ခမပေးနဲ့ ကွာ"

"မင်းကွာ၊ ကိုယ်တို့က မင်းသူငယ်ချင်း ကွ၊ မင်းနလုံးသား ကျော်ရာမရချင်လို့ ပြောတာ"

"ဟုတ်တယ်၊ ကျော်ကျော် ပြောတာ ထောက်ခံတယ်"

"ကိုယ်လည်း ထောက်ခံတယ်"

'သူ' ဘဝင်မကျ။ 'မင်းမင်း' တို့ကို မျက်မှောင်ကုတ်ကြည့်၍

"ဒါဆို နွဲ့ကို ကိုယ် မကြိုးစားရဘူးဆိုတဲ့ ဘာဘောလား"

"အဲလို မဟုတ်ဘူး ကွ"

"ဒါဆို ဘယ်လိုလဲ ကွာ"

ဦးမောင် သက်မ အသာချ၍

"လောလောဆယ် အခြေအနေ စောင့်ကြည့်ဖို့လိုတယ်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အာရုံ၊ နွဲ့မာမီက နွဲ့ ယောကျ်ားလေးသူငယ်ချင်းထားတာကို လက်မခံဘူးဆိုတော့ နွဲ့ ရည်စားထားတာ ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ဘူး၊ အထူးသဖြင့် နွဲ့ကို အိမ်ထောင်ချပေးဖို့ ပိုပြီး လက်ခံမှာ မဟုတ်ဘူး"

'မင်းမင်း' ထင်မြင်ချက်ပေးစဉ် 'သူ့' ရင်မှာ လေးလံထိုင်းမှိုင်းသွားပြီး

"ကိုယ် ဆွေးမှာပေါ့ ကွ"

"ဆွေးရုံနဲ့ မပြီးဘူး"

"ဘာဖြစ်လို့"

"လောလောဆယ် မင်းတို့ ချစ်နေတဲ့အကြောင်း အသိပေးလို့ မဖြစ်သေးဘူး ကွ"

'ကျော်ကျော်'ကို သူစိုက်ကြည့်လိုက်သည်။ 'ကျော်ကျော်' ဦးခေါင်းဆတ်၍

"ဟုတ်တယ်၊ သိုသိုသိပ်သိပ်နေပြီး တဖြည်းဖြည်းစည်းရုံးရမယ်၊ အထူးသဖြင့် နွဲ့မာမီ ကြည်ဖို့ အရင်ကြိုးစားရမယ်"

"ဒါဆို နွဲ့ မာမီကို ချဉ်းကပ်ရမယ့် သဘောလား"

"ဟုတ်တယ် အာရုံ၊ နွဲ့မာမီ ကြည်ဖြူရင် မင်းတို့ကိစ္စ အိုကေ၊ ဒီအတိုင်း အစိမ်းလတ်လတ်ဆို မီးနိမိ နိုင်တယ်ကွာ"

ဦးဦးမောင်တို့ ပေးသည့် ထင်မြင်ချက်က 'သူ့' နှလုံးသားကို ပူပြင်းတောက်လောင်စေသည်။

"ဟာကွာ၊ ချစ်သူနဲ့ နီးစပ်ဖို့ အဲသလောက်လိုအပ်သလားကွာ"

"လိုအပ်တယ်၊ မင်းနဲ့နွဲ့ အနေအထားက လိုအပ်တယ်"

"မယုံရင် နွဲ့နဲ့ ဆွေးနွေးကြည့် ကွာ"

"အင်း"

(ဗျူးစာပေ)



'မင်းမင်း' ဆိုစဉ် 'သူ' သက်ပြင်းချမိသည်။

"ကဲ၊ ညဉ့်နက်ပြီ အာရုံ"

"မင်းတို့ပဲ အိပ်ကွာ"

"အိပ်မယ်ကွာ"

'ကျော်ကျော်' ခပ်ဆတ်ဆတ်ဆို၍ လသာဆောင်မှ သူတို့ ...ကြာနိုင်းသွားသည်။

"လာကွာ"

"လာစမ်းပါ"

ဦးမောင်နှင့် မင်းမင်း အတင်းဆွဲခေါ်စဉ် သူတရွတ်တိုက်ပါလာ သည်။

"မနက်ဖြန်ကျရင် နွဲ့နဲ့တွေ့ပြီး မင်းဆွေးနွေးကွာ"

"နွဲ့ဘက်က အိုကေဆိုရင် ကိုယ်တို့က မင်းအတွက်ပိုပြီး ...ပျော်ရွှင်ပေးနိုင်တယ်ကွာ"

"သူငယ်ချင်းတွေ ဖျောင်းဖျောင်းဖျဖျဆိုနေပေမယ့် သူ့ရင်ခုန်သံ ...ဂူပွက်နေဆဲ"

"နွဲ့ရယ်"

"မောင်တို့ချစ်သူဘဝ ပေါင်းဆုံဖို့က ကြီးမားတဲ့ ကျွန်းတစ်ကျွန်း ...ခနေတယ်ကွယ်"

✻ ✻ ✻

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မဖြစ်နိုင်ဘူး မောင်ရယ်"

"ဘာဖြစ်လို့"

နွဲ့ အကျႌ စီးကွင်းနိလေးတွေကို ထိကစားနေသည့် မောင့် လက်ချောင်းတွေ ငြိမ်သက်သွား၏။

"မာမီကို နွဲ့ကြောက်တယ်"

"ဟင်"

သူ့ရင်မှာ စိတ်ဓာတ်ကျငေးမှိုင်သွားသည်။ မောင့်လက်ချောင်း လေးကို နွဲ့အသာအယာ ဆုပ်ကိုင်လိုက်စဉ်

"ဒါဆို မောင်တို့ ဝေးနေရမှာပေါ့ နွဲ့ရယ်"

"ခုလိုပဲ ခိုးတွေ့ကြတာပေါ့"





"နွဲ့ရယ်"

"နော် မောင်"

"နော်"

သူ့ရင်ခုန်သံက ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားသည်။ ဟောင့်တီရှပ်အကျႌကော်လံဖြူဖြူလေးကို နွဲ့ တယုတယ သ,ကိုင်လိုက်ပြီး

"နွဲ့လည်း မောင်နဲ့အတူနေချင်တာပေါ့လို့"

"နွဲ့ရယ် မောင်ရူးချင်ပြီကွာ"

"နွဲ့လည်း မောင်နဲ့ထပ်တူ ခံစားရပါတယ် မောင့်ရယ်"

ရင်ခုန်သံ နှစ်ခု ဖြတ်ခနဲ နီးကပ်သွားစဉ် နွေးခနဲ ဖိုကြွ သွားသည်။

"အခြေအနေအရ နွဲ့တို့ ခိုးတွေ့ခွင့်ရတာ ကံကောင်းတာ ပေါ့လို့"

"တိုးတိုးတို့ ရုပ်ရှင်ကြည့်မယ်ဆိုပြီး လာခေါ်လို့ မောင်နဲ့တွေ့ နိုင်ရတာလေ"

"နွဲ့ရယ် မောင့်ရင်မှာ မီးလောင်သလို ပူရတယ် ချစ်ရယ်"

"နွဲ့သူငယ်ချင်းတွေ ဒီလိုပဲ အကြောင်းပြခေါ်ရင် နွဲ့နဲ့မောင် မကြာမကြာ တွေ့ရမှာပဲ မောင်ရယ်"

"နော်"

နှစ်ဖက်သူငယ်ချင်းတွေ ကောင်းမှုကြောင့် တွေ့ဆုံခွင့်ရသည့် အချိန်ကိုက ချစ်သူနှစ်ဦးအတွက် ရင်ခုန်သံတွေ ပွက်နေစေသည်။ နှစ်ဖက် စကားဝိုင်းမှ ပျံ့လွင့်ထွက်ပေါ်လာတဲ့ သူငယ်ချင်းတွေရဲ့ ရယ်သံကို သူတို့ နားမဆင်နိုင်ရှာ။

"မောင်တော့ ချစ်သူဘဝကို ကြည်ကြည်နူးနူး ခံစားခွင့်ရချင် တယ် နွဲ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွဲ့လည်း မောင်နဲ့ ထပ်တူပေါ့လို့"

မောင့်ရင်ခုန်သံက နွဲ့နှလုံးသားကို ရိုက်ခတ်ဆူကြွလာသည်။

"ခုလိုတွေ့ရင်တော့ ခံစားလို့ရတာပေါ့ မောင်"

"ဘယ်လိုလုပ် ခံစားနိုင်မလဲ နွဲ့ရယ်"

နွဲ့ရင်မှာ တင်းကျပ်သွားသည်။

"မောင့်ရင်မှာ နွဲ့မာမီ ရိုပ်မိရင်ဆိုတဲ့ အသိက စက္ကန့်နဲ့အမျှ ဆူနေတာလေ"

"မောင်တို့ ဒီလိုပဲ ခိုးတွေ့နေလို့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့"

"အပြင်ခဏခဏ ထွက်ခွင့်လမ်းစဉ်ရနေတဲ့ နွဲ့ကို နွဲ့မာမီ ဘယ်နှစ်ခါ ယုံမလဲ"

"ဟုတ်တယ်နော်"

"မာမီ နွဲ့နောက်လိုက်ချင်ရင်၊ ဘုရား ဘုရား။ မတွေးရဲစရာကြီး"

"မောင်ရယ်"

နွဲ့လိပ်ပြာမလုံဖြစ်လျက် ဘေးဘီကို အကဲခတ်ကြည့်လိုက်မိသည့်အထိ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အဲဒါကြောင့် ပြောတာပေါ့ နွဲ့ရယ်၊ မောင်တို့ ချစ်သူဘဝက ရင်ခုန်စရာ ဘယ်မှာကောင်းလို့လဲ၊ တွေးတွေးရင်း စိုးရိမ်ပူပန်နေရတာလေ"

"ဟုတ်တယ်၊ နွဲ့လည်း မပျော်ဘူးမောင်ရယ်၊ သွယ်တို့ အကြောင်းပြပြီး လာခေါ်ရင် နွဲ့မလုံမလဲဖြစ်ရပြီး မာမီရှေ့မှာ ကျေ မပျက်အောင် နေရတာ စိတ်ပင်ပန်းလိုက်တာ မပြောပါနဲ့ မောင်ရယ်"

"ဒါကြောင့် မောင့်သဘောက နွဲ့မာမီကို အသိပေးလိုက်





ချင်တယ်၊ နွဲ့က နွဲ့မာမီကို ကြောက်နေတော့"

နွဲ့ သက်ပြင်းချမိသည်။

"နွဲ့ ကြောက်တာက အသိပေးလို့ မာမီ ဒီထက်ပိုချုပ်ခြယ်ရင် နွဲ့တို့ တွေ့ဆုံနိုင်တဲ့ အခွင့်အရေး ရတော့မှာမဟုတ်ဘူးမောင်"

"ဟုတ်သားပဲ နွဲ့ရယ်"

"နွဲ့တော့ အရမ်းစိတ်ညစ်တာပဲကွယ်၊ ဘာဖြစ်လို့များ နွဲ့တို့ ချစ်သူဘဝမှာ ကျွန်းခံနေရတာလဲ မသိဘူးနော်"

နွဲ့ပါးပြင်ထက်မှ သွေးကြောစိမ်းစိမ်းလေးတွေကို ငေးကြည့်၍

"တစ်ခုခု ကြံစည်ရမှာပေါ့ နွဲ့"

"မောင်ဘယ်လို ကြံစည်ချင်လဲ"

"နွဲ့နဲ့မောင်နဲ့ ထွက်ပြေးကြမယ်ကွာ"

"အို"

နွဲ့ထိတ်လန့်ကာ မောင့်ရင်ခွင်မှ နွဲ့ကိုယ်လုံးလေး ခွာလိုက်မိသည်။ ဦးခေါင်းတွင်တွင်ရမ်းလျက်

"မဖြစ်နိုင်တာ မောင်ရယ်"

"ဘာဖြစ်လို့လည်း နွဲ့ရယ်"

နွဲ့ဦးခေါင်း ရမ်းနေဆဲ။ ရမ်းခါနေသည့် နွဲ့ဦးခေါင်းလေးကို မှု တယုတယတွေးကိုင်လျက်

"မောင့်ကို နွဲ့မချစ်ဖူးလား"

"မေးရက်လိုက်တာ မောင်ရယ်"

နွဲ့နှလုံးသားမှာ လှိုက်ခနဲ ဝမ်းနည်းသွားသည်။ ဝမ်းနည်းမှုကြောင့် စိမ့်ထွက်လာတဲ့ နွဲ့မျက်ရည်မြင်ရတော့ သူယူကြုံးမရ ကြေကွဲလျက်။

"ဆောရီး နွဲ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် အဲလိုမေးခွန်းမျိုး မမေးပါနဲ့နော်"

"နွဲ့ရယ်"

ချစ်သူမျက်ရည်ကို ကြင်နာယုယမှုနှင့် ထွေးပွေ့နှစ်သိမ့်ပေးမိသည်။

"မောင့်ကို နွဲ့ ဘယ်လောက်ချစ်လဲဆိုတာ မောင်သိပါတယ်"

"ဆောရီးပါကွာ ဆောရီး"

မျက်ရည်ပုလဲပွင့်တွေက စံပယ်ပွင့်ဖွေးလေးတွေရဲ့ ရှိုက်နမ်းမှုကို နှစ်သိမ့်စွာခံယူလျက်

"နွဲ့လေ မောင့်ကို ဘယ်လောက်နက်နက်ရှိုင်းရှိုင်း ချစ်နေသလဲဆိုတာ နွဲ့နှလုံးသား အသိဆုံးပါ၊ မောင်နဲ့တွေ့ဆုံခွင့်ရဖို့ မာမီချုပ်ခြယ်တဲ့ကြားထဲက သွယ်တို့အကူအညီယူပြီး ခိုးထွက်လာရတာလေ၊ အဲဒါ စွန့်စားရဲတယ် မဟုတ်လား၊ နွဲ့နှလုံးသား ချစ်သက်သေမဟုတ်လား မောင်ရယ်"

"နွဲ့ရယ်"

ချစ်သူ့နှုတ်ခမ်းပါးလေးကို အသက်အောင့်နမ်းရှိုက်မိစဉ် သူ့ရင်မှာ ရှိန်းခနဲ လှိုက်ပြာဖိုလှုပ်သွား၏။

"မောင်နဲ့ ထွက်ပြေးဖို့ နွဲ့ စွန့်စားရဲတယ်၊ ဒါပေမဲ့ မာမီတို့နွဲ့ကို ခွင့်လွှတ်မှာမဟုတ်ဘူး မောင်ရယ်၊ မာမီစိတ်ကို နွဲ့သိတယ်၊ မာမီက"

"နွဲ့ရယ်၊ နွဲ့မိဘဘက်က အဲဒီလောက်တင်းနေရင် မောင်တို့တခြားနည်းလမ်း ရှာကြတာပေါ့နော်"

"ဘယ်လိုနည်းလမ်းလဲ မောင်"

"မောင်က နွဲ့နဲ့အတူတူ ချစ်ခွင့်ရပေမယ့် လွတ်လပ်စွာချစ်ကျွမ်းဝင်ရမယ့် ဘယ်နည်းလမ်းကိုမဆို ရွေးချယ်ချင်တယ်၊ နွဲ့က





ပါဘ ဆန္ဒကို ဦးစားပေးနေတော့"

"မောင်ရယ် အဲဒီအတွက် နွဲ့ကို တစ်မျိုးမြင်လားဟင်"

သူတို့နှစ်ဦးကြား အကြင်နာလေညင်းလေး တုသုန်သုန်ဝေ့က်နေခဲ။

"မမြင်ရက်ဘူး နွဲ့ရယ်"

"နွဲ့သဘောက မာမီကြည်ဖြူတာကို လိုလားတယ်၊ မာမီတို့လားမှ နွဲ့နဲ့မောင်"

"အင်း ဟုတ်တယ်နော်၊ မာမီလိုလားလာအောင် နွဲ့စည်းရုံးပ့်ပေါ့"

နွဲ့မျက်ဝန်းလေးဝင့်ကာ မောင့်ကို ဂရုစိုက်ကြည့်မိသည်။ ည့်ချင်းဆုံစဉ် နွဲ့စည်းရုံးရမည်။

"ဟုတ်တယ် နွဲ့က မာမီစကားနားထောင်တဲ့ သမီးအလိမ္မာလေး လိုက်ပေါ့ကွယ်"

"သမီးအလိမ္မာလေးဆိုရင် နွဲ့အလိုလိုက်ကို မာမီလိုက်လျောမှာျာတယ်"

"အင်း နွဲ့ကမာမီကို ကြောက်ရတယ်မောင်၊ မာမီက နွဲ့ကို ာမ်း ဆူလိုက်ငေါက်လိုက်နဲ့ ဘဝင်မကျဖြစ်နေတတ်တာ"

သူ့ရင်မှာ မောပန်းသွားသည်။

"အဲဒါဆိုလည်း မင်းကိုယ်တိုင် စည်းရုံးကွာ"

သူတို့ဝိုင်းဆီ ကူးလာပြီး မင်းမင်းဆိုစဉ် သူကိုယ်တွန့်သွား

"မဖြစ်နိုင်တာကွာ၊ နွဲ့မာမီကို ကိုယ်မြင်ဖူးတာမဟုတ်ဘူး၊ ာ ကြောက်တယ်ကွာ"

"မကြောက်စမ်းနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အာရုံ"

"နွဲ့မာမိကို အာရုံစည်းရုံးရင် အလားအလာရှိနိုင်တယ်"

"စည်းရုံးကြည့်ပေါ့ကွာ"

နှစ်ဖက်သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ထင်မြင်ချက် ပေးစဉ် သူခေါင်းခြောက်လာသည်။

"မှုမှုသဘောက အာရုံ လိုက်လိုက်လျောလျော ဆက်ဆံရင် နွဲ့မာမိ ပျော့ပြောင်းလာနိုင်တယ်"

"ဟုတ်တယ် အာရုံ၊ နွဲ့မာမိက နွဲ့ထက် နွဲ့အစ်ကိုနဲ့ မောင်ကို ပိုချစ်တာလေ"

"သားကို ပိုချစ်တဲ့မိခင်က သားနဲ့အရွယ်တူလေးတွေကို ချစ်မ မလွဲဘူး"

"ဟုတ်တယ်၊ တိုးတိုးပြောတာ ဘဝင်ကျတယ်"

"ကျော်ကျော် မင်းက တိုးတိုးပြောတာကို ထောက်ခံတယ်ဆို တော့ ဟဲ ဟဲ ဟဲ"

ဦးမောင် မျက်စပစ်ဆိုစဉ် ကျော်ကျော်မျက်နှာ စပ်ဖြဲဖြဲဖြစ်ပြီး

"မင်းကလည်းကွာ၊ ထောက်ခံရမယ့် အနေအထားဆိုရင် ထောက်ခံရမှာပေါ့ကွာ ဟဲ ဟဲ ဟဲ'

တိုးတိုးမျက်စောင်းက ကျော်ကျော်ထံ စွန့်လိုဝဲလာသည်။

"အလကား တိုးတိုးရယ်၊ ဒီကောင် တကယ်ပြောတာ၊ ငါးတို့ ကိုယ်နဲ့က ဟီး ဟီး ဟီး'

"ဘာ ဟီးဟီးဟီးလဲ"

တိုးတိုး ဒေါသနှင့် ရေနွေးခွက်နှင့် ကိုင်ပေါက်ရန်ရွယ် ကျော်ကျော် ရှောင်လင်သိုင်းကွက်နှင့် ကာကွယ်တိမ်းရှောင်လိုက်သ

"အရေးကြီးတဲ့ကိစ္စ ဆွေးနွေးတဲ့အခါမှာ ကြော်ငြာမဝင်းစမ်း

(ဗျူးစာပေ)



"ကဲပါ မာမိကို မောင်ဘယ်လိုစည်းရုံးမှာလဲ'

"အကြံကောင်းပေးလိုက်စမ်းပါ"

"ဟုတ်တယ်ကွာ ကျော်ကျော်၊ မင်းပါးစပ်ပေါက် ပိတ်တော့ တိုးလည်း ဒေါသမထွက်နဲ့"

"အင်းပါ"

"ကဲ ဆိုကွာ"

"ဒီလိုကွာ ရှေးစကားပုံ ရှိသားပဲ၊ သမီးကို လိုချင်ရင် မနဲ့ အရင်ပေါင်းရတယ်ကွ"

ဦးမောင်ကို သူမျက်ဝန်းစူးစူးနဲ့ စိုက်ကြည့်ပြီး

"ဟာ ဦးမောင်၊ ငရဲကြီးလိမ့်မယ်ကွ"

"အာရုံ မင်းအတွေးမချော်စမ်းနဲ့၊ သမီးကိုလိုချင်ရင် မအေ့ဆီ ဦးဆုံး ချဉ်းကပ်ရတယ်လို့ ပြောတာကွ"

"ဘယ်လိုချဉ်းကပ်ရမလဲကွာ"

"နွဲ့မာမိကို တွေ့ရင် ပြေးပြီးကပ်လိုက်ပေါ့ကွာ"

"ပါးရိုက်ခံဖို့လား"

"ကဲ တော်စမ်းကွာ"

စိတ်ပျက်ညိုးနွမ်းနေသည့် သူ့ရင်မှာ ခြောက်သွေ့လာသည်။ လိုက်တော့ သူငယ်ချင်းတွေ မျက်နှာပိုးသတ်ကြသည်။ အတန် ကာ့ မင်းမင်းက

"ဒီလိုကွာ နွဲ့မာမိနဲ့ ရင်းနှီးခွင့်ရအောင် မင်းကြိုးစားကွာ"

"ဟုတ်တယ် မောင်"

သူ့နောက်ကျောထဲ စိမ့်ခနဲအေးခဲသွားသည်။

"ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲကွာ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ် မောင်ရယ်၊ ကြိုးစားပေါ့နော်၊ ဒါမှ မောင်နဲ့ နွဲ့ လွတ်လွတ်လပ်လပ် ချစ်ခွင့်ရမှာ"

သူ့လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်လာသည့် နွဲ့ကို သူ ကရုဏာသက်စွာ ငုံ့ကြည့်လိုက်သည်။

"ဟုတ်တယ် အာရုံ၊ လူကြီးတွေကို စည်းရုံးရတာလွယ်တယ်"

"ကဲ ဘယ်ကစမလဲ ပြောကွာ"

"အရင်ဆုံး နွဲ့မာမီနဲ့ဆုံအောင် လုပ်ရမယ်"

"ဟုတ်ပါပြီ၊ ဘယ်လိုဖန်မလဲ"

ဦးမောင်တို့ စဉ်းစားသယောင် နှုတ်ဆိတ်သွားသည်။

"အင်း ညနေဆိုရင် နွဲ့တို့တစ်ခြံကျော်က အန်တီဝင်းတို့ခြံဘက် မာမီကူးပြီး စကားပြောတတ်တယ်"

နွဲ့ လမ်းကြောင်းခင်းပြစဉ် သူ့မျက်ဝန်းတောက်ပသွားသည်။ ဦးမောင်တို့ မျက်လုံးဝင့်ကြွလျက်

"အဲဒါဆို အိုကေနိုင်တယ် အာရုံ"

"ဘာဖြစ်လို့"

"နွဲ့တို့တစ်ခြံကျော်က အန်တီဝင်းက မင်းမင်းအဒေါ်နဲ့ တစ်ကွဲညီအစ်မတော်တယ်လေကွာ"

"ဒါဆို အစဉ်သင့်တာပေါ့ မောင်ရယ်"

သူ့စိတ်မှာ လေးလံနေဆဲ။

"မင်းတစ်ယောက်တည်း သွားရမှာမဟုတ်ဘူး၊ ကိုယ်တို့လည်း အဖော်လိုက်မှာကွ"

"ဟုတ်သားပဲ မောင်ရယ်၊ မာမီကို ပိုင်အောင်စည်းရုံးစမ်း"

သူ့လက်မောင်းကို ဆုပ်ခါ၍စိတ်ထက်သန်စွာ တွန်းအား





နေသည့် နွဲ့ကို မွတ်သိပ်စွာ သူ ငေးကြည့်မိသည်။

"နော် မောင်"

"အင်းပါကွာ"

သူ့စိတ်ကျဉ်းကြပ်သွား၏။ မူမူတို့ နာရီငုံ့ကြည့်၍

"ကဲ နွဲ့ရေ ပြန်စို့၊ ရုပ်ရှင်လွတ်ချိန် ကျော်သွားပြီ"

"တော်ကြာ နောက်ကျနေလို့ နွဲ့မာမီ လိုက်ခဲ့ရင်မလွယ်ဘူး နော်"

သူငယ်တို့ တစ်ယောက်တစ်ခွန်းဆိုစဉ် နွဲ့ရင်မှာ နွမ်းလျသွား ပြီ။

ချစ်သူနှစ်ဦး နှုတ်ဆက်လမ်းခွဲချိန်ကို သူငယ်ချင်းတွေ အလိုက် သိ ရှောင်ပေးကြသည်။ ထိုအခါ နွဲ့တို့ ရင်ခွင်နှစ်ဦး နီးကပ်လျက်

"နွဲ့"

"မောင်"

အကြင်နာတွေ ဆွတ်ဖြန်းထားသည့် ရင်ခွင်သည် ချစ်သူနှစ် ဦး ပခွဲမခွာနိုင်လောက်အောင် ညို့ငင်တွယ်ငြိရှာလေပြီ။

"မာမီကို ပိုင်အောင်စည်းရုံးပါနော်"

နွဲ့ နှုတ်ခမ်းပါးလေးကို ငေးစိုက်ကြည့်၍ ခေါင်းညိတ်မိသည်။

"နွဲ့ သွားမယ်နော်"

"အင်း"

ဦးခေါင်း အသာအယာညိတ်စဉ် ရင်ခွင်ထဲမှလွင့်မျောသွား သည့် နွဲ့ကိုသူမချင့်မရဲ ငေးကြည့်မိသည်။

သူ့ကို ကျောခိုင်းသွားသည့် နွဲ့ပုံရိပ်က သူ့နှလုံးသားကို ဖောင်း ပွလာစေပြီး

"နွဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခုန်သံ လိုက်ခါပြန့်ထွက်လာသည်။ မောင့်ရင်ခုန်သံသည် နွဲ့နှလုံးသားကို သမင်လည်ပြန်ဖြစ်သွားစေသည်။

"မောင်"

စက္ကန့်မလပ်ဆွဲဖွက်နေသည့် ရင်ခုန်သံသည် ချစ်သူနှစ်ဦး၏ ရစ်ထွေးပွေ့ထားမိ၏။

"ချစ်တယ် နွဲ့ရယ်"

"မောင့်ကို စက္ကန့်မလပ်ချစ်ရပါတယ် မောင်ရယ်"

လေပြည်ညင်းလေးများသည် အကြင်နာပန်းပွင့်ကလေးများကို ယုယနစ်သိမ့်ပေးမိ၏။

"မောင် ကြိုးစားမယ် နွဲ့ရယ်"

ချစ်သူအလိုကျ သူ့ဦးခေါင်း ညွတ်ကျသွားသည်။

"နွဲ့မာမိကျေနပ်ရင် မောင်တို့ချစ်ခရီးမှာ ဆီးကာနေတဲ့ကျွန်းကြီး လွင့်မျောသွားပြီလေ"

"အဲဒီတော့ မောင်တို့ချစ်သူကာဝ လွတ်လပ်မှုအပြည့်နဲ့ ချစ်ကျွန်းဝင်ကြတာပေါ့ နွဲ့ရယ်နော်"

နွဲ့ဦးခေါင်းလေး ယိမ်းနွဲ့သွားစဉ် သူ့နှလုံးသားမှ မြတ်နိုးပွင့်ဖော့ လွင့်ကြွေသွားသည်။ ထိုအခါ နွဲ့ပါးပြင်သည် နီဖျော့ဖျော့လေး သန်းလျက် ရှက်ဝေဝေဖြစ်ကာ သူ့အပါးမှ နွဲ့နှော့နှော့လေး လွင့်မျောသွား၏။

"နွဲ့ မောင်အစွမ်းကုန် ကြိုးစားပါ့မယ်ကွာ"

သူ့နှလုံးသားမှ လိုက်လိုက်လှဲလှဲ ရင့်ကျူးမိ၏။ သူ့နှလုံးသား၏ အနမ်းပွင့်လေး ပွေ့ပိုက်လွင့်မျောသွားသည့် ချစ်သူကို ငေးကြည့်ရင်း သူ့ရင်ခွင်ကို အစွမ်းကုန် အားဖြည့်မိ၏။

"မာမိရယ် အသိအမှတ်ပြုမလားကွယ်"

(ဗျူးစာပေ)

## အခန်း (၁၂)

"အန်တီဝင်းကော"

မင်းမင်းမေးစဉ် ထိုလူရွယ် ဦးခေါင်းအသာဆတ်၍

"အပြင်ထွက်သွားတယ်၊ ကိုမင်း အမေနဲ့ တွေ့မလို့လား"

"အဲ ဟုတ်တယ်ကွ"

"အဲဒါဆို အမေပြန်အလာကို စောင့်ဗျာ၊ ကျွန်တော် လမ်းထိပ်ပွက်လိုက်မယ်"

"လက်စသတ်တော့ မင်းက အိမ်စောင့်ရှာတာကိုး"

မင်းမင်းရဲ့ ညီအစ်ကိုတော်သည့် ထိုလူရွယ် ရယ်ကျဲကျဲနှင့်ပစ်ထွက်သွား၏။ မင်းမင်းနှင့်သူ ညှော်ခန်းထဲ လှမ်းဝင်မိသည်။

"ကဲ ကိုယ်တို့ အန်တီဝင်းကို စောင့်ကြတာပေါ့ကွာ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

"စောင့်တာက ဟုတ်ပါပြီ၊ နွဲ့မာမီလာရင် ဘယ်လိုလုပ်မလဲ"

"မင်း ဧည့်ခံလေကွာ"

"ဟာ ဖြစ်ပါ့မလား"

"ဖြစ်တယ်ကွာ၊ ဒါမှ မင်းနဲ့ ထိပ်တိုက်တွေ့မယ်"

"ထိပ်တိုက်တွေ့မှ မင်းကို မှတ်မိမှာပေါ့"

သူ့ရင်မှာ လေးလံသွားသည်။

"အင်းပါကွာ၊ မင်းတို့သဘော"

သူစိတ်မပျော်စွာ ရွတ်လိုက်သည်။

"ကိုယ်တို့ ဗိုက်ဆာတယ်ကွာ၊ အိမ်ရှင်မရောက်ခင် တစ်ခုခု စားကြစို့ကွ"

ကျော်ကျော်ဆိုစဉ် မင်းမင်း နှာခေါင်းရှုံ့လိုက်သည်။

"ဟုတ်သားပဲ မင်းမင်း။ ကိုယ်တို့က မင်းအဒေါ်အိမ်လာလည်တဲ့ ဧည့်သည်ပဲ"

"မင်း အန်တီဝင်းကိုယ်စား ဧည့်ခံကျွေးစမ်းပါကွာ"

ဦးမောင် ထပ်ဆင့်ဆိုစဉ် အကြောင်းသိတွေမို့ မင်းမင်း မငြင်းသာတော့။

"ကဲ လာကြ၊ မီးဖိုခန်းထဲဝင်ပြီး ရှိတာဝင်စားကြတာပေါ့ကွာ"

မင်းမင်း ဦးဆောင်ရာနောက် သူတို့လိုက်ဝင်ခဲ့သည်။ သူတို့နှင့်အတူ ဖြူမောင်တို့ပါ ဝင်လာသည်။

"ဧည့်ခန်းမှာ တစ်ယောက်ယောက် စောင့်နေလေကွာ"

"ကဲ ဖြူမောင်တို့ သွားစောင့်ကွာ"

ဦးမောင်ဆိုသည်နှင့် ဖြူမောင်တို့စုံတွဲ သူတို့အုပ်စုအပါးမှ ထွက်သွားသည်။ မီးဖိုခန်းထဲမှာ ဝင်မွှေပြီး စားသောက်စရာတွေ စားပွဲပေါ်တင် ဝိုင်းဖွဲ့၍ အားရပါးရ စားကြသည်။





"မင်း အန်တီဝင်း ပြန်လာရင်တော့ ရိုက်ထုတ်မှာ သေချာတယ် မင်းမင်း"

"အန်တီဝင်းက သဘောကောင်းတယ်ကွ"

"မင်းသာ အန်တီဝင်းအိမ် အခုမှ ရောက်ဖူးတာ၊ ဦးမောင်နှင့် ကျော်ကျော်က ကိုယ်နဲ့လာနေကျ"

"ဟုတ်တယ် အာရုံ၊ အန်တီဝင်း သဘောကောင်းတယ်ကွ၊ ကိုယ်တို့ကို မင်းမင်းလိုပဲ ခင်တယ်"

"ဒါဆို အိုကေနိုင်တယ်"

သူမျက်ဝန်းတောက်ပစွာဆိုစဉ် မင်းမင်းမေးဆတ်ကြည့်၍

"ဘာဖြစ်လို့လဲ အာရုံ"

"အန်တီဝင်းကတစ်ဆင့် နွဲ့မာမီကို နားဖောက်ခိုင်းရင်ကော"

"အဲဒါ နောက်တစ်ဆင့်ကွ၊ လောလောဆယ် နွဲ့မာမီ မင်းကို မှတ်မိဖို့ အရေးကြီးတယ်"

"ဝုတ် ဝုတ်"

ထိုစဉ် ဖြူမောင်တို့အသံ ကြားတာကြောင့် သူတို့ စကားစ ပြတ်သွားသည်။

"အန်တီဝင်း ပြန်လာပြီထင်တယ်"

မင်းမင်း ထမင်းစားခန်းထဲမှ ထွက်သွားသည်။

"အားမနာနဲ့ စားသာစား"

ကျော်ကျော်ပြောလည်းပြော စားလည်းစားနှင့်သည်။ ကိတ်မုန့်ပုံနှင့် ယိုဘူးတစ်ဘူး၊ ကော်ဖီတစ်ခရား ပြောင်လုလု အနေအထား ရောက်လာသည်။

"ဟေ့ အာရုံ၊ မင်းယောက္ခမကွ"

"ဟင်"


www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းဝင်လာ၍ ခပ်သွက်သွက်ဆိုစဉ် သူ့ရင်ခုန်သံ မြန်သွား၊ သည်။

"ကဲ မင်းမြန်မြန်ထွက်ပြီး ကြိုကွာ"

"ဟာ"

သူတစ်ကိုယ်လုံး ဆတ်ခနဲတွန့်သွားသည်။ ဦးမောင်တို့ သူ့ကို အဝင်မကျကြည့်ပြီး

"ကိုယ်တို့ မင်းနောက်မှာ ရှိနေမှာကွာ"

ကျော်ကျော် အတင်းတွန်းထုတ်စဉ် သူတစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် ထုံတွေတွေဖြစ်လာသည်။

"ဝုတ် ဝုတ် ဝုတ်"

ဖြူမောင်တို့က ဟောင်နေဆဲ။

"မင်း ဒီလောက်လေးတောင် သတ္တိမရှိဘူးလားကွာ၊ အဲဒီလောက် သတ္တိမရှိရင် နွဲ့ကိုရဖို့ မလွယ်ဘူးလေကွာ၊ ကြိုးစားစမ်းပါ"

သူ့ငယ်ချင်းတွေ တွန်းအားပေးစဉ် သူစိတ်အားတင်း၍ ညှော် ခန်းထွက်ခဲ့သည်။ ဖြူမောင်တို့က နွဲ့မာမီကို မှတ်မိတာကြောင့် တဝုတ် ဝုတ်အသံပြု၍ ပြေးထွက်ကြိုဆိုသည်။

ထိုခွေးနှစ်ကောင်ကိုတွေ့စဉ် ဒေါ်ခတ္တာတင်အံ့သြလျက်။

"မင်းတို့က ဒီကို ဘယ်လိုရောက်နေတာလဲ"

"ဝုတ် ဝုတ် ဝုတ်"

"အဝင်း အဝင်းရေ"

အန်တီဝင်းကို တွေ့ချင်စိတ်လောကြီးစွာခေါ်ရင်း လှမ်းဝင်လာသည့် အန်တီတင်ကို သူငေးကြည့်လိုက်သည်။ နွဲ့နှင့် ဆင်တူပေမယ့် နွဲ့လို ရိုးသားဖြူစင်ဟန်မပေါ်ဘဲ ကိန်းကြီးခန်းကြီးနိုင်လှသည့်အသွင် ရှိတာကြောင့် သူ့ရင်မှာ ထိတ်လန့်သွားသည်။

(ဗျူးစာပေ)



"ဝုတ် ဝုတ်"

"အို ဒီခွေးနှစ်ကောင်ကတမျောက်"

ချစ်စရာကောင်းလွန်းသည့် သူ့ခွေးအပေါ် နှစ်သက်ဟန်မတူ။

"အဝင်း အဝင်းရေ"

သူ ဖျတ်ခနဲအသိဝင်လာသည်။ သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းပြီး

"အန်တီဝင်း အပြင်ထွက်သွားပါတယ်"

သူ့ရှိရှိသေသေ အကြောင်းပြန်စဉ် အန်တီတင်မျက်ဝန်းက သူ့ကို စူးစိုက်ကြည့်သည်။ သူဦးခေါင်းငုံ့လျက်

"ထိုင်ပါ အန်တီ"

"နေပါဦး၊ မင်းက"

"ဟိုး ဟိုး"

အန်တီမျက်လုံးက သူနှင့်ဖြူမောင်တို့ကို တစ်လှည့်စီကြည့်၍ မှုန်းစမ်းလာသည်။

သူ ဘာပြောရမှန်းမသိတော့။

ထိုအချိန်တွင် ဖြူမောင်တို့ သူ့ကိုယ်ပေါ် ပြေးတက်လာသည့် အခါ အန်တီတင်မျက်ဝန်းပို၍ စူးလက်တောက်ပလာပြီး

"နေပါဦး ဒီခွေးနှစ်ကောင်က"

အန်တီ စကားရပ်သွားစဉ်

သူ တံတွေးမြိုချလျက်

"ဟို မူမူ"

"မူမူ ခွေးပါ အန်တီ"

သူ လှလှပပ ညာလိုက်သည်။ သူ့စကားလုံးအပေါ် မသင်္ကာ သလိုကြည့်နေသည့် အန်တီမျက်ဝန်းကို သူအသာရှောင်တိမ်းလိုက်သည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မင်း ညာတာလား"

"မညာပါဘူး"

"နေဦး၊ မူမူခွေး မင်းနဲ့ဘာကြောင့် ဒီလောက်ရင်းနှီးရတာလဲ"

"ဟင်"

သူ မျက်လွှာဖျတ်ခနဲ ချလိုက်သည်။

သူ့ရင်မှာ ချွေးပြန်စပြုလာသည်။

"ဒါက ဒီလိုရှိပါတယ် အန်တီ"

အခြေအနေမဟန်တာ သိသည့်နှင့် မင်းမင်းတို့ သူ့ရှေ့ပြေးထွက်ခဲ့ပြီး

"မူမူက ခွေးချစ်သလို အာရုံလည်း ခွေးချစ်တတ်လို့ ဖြူမောင်တို့နဲ့ ရင်းနှီးနေတာပါ၊ ဟုတ်တယ်နော် ဖြူမောင်"

"ဝုတ် ဝုတ် ဝုတ်"

"ဝုတ် ဝုတ်"

ဖြူမောင်တို့စုံတွဲ တဝုတ်ဝုတ်အသံပြုထောက်ခံစဉ် ဒေါ်ခတ္တာတင် မျက်ဝန်းသည် တစ်စုံတစ်ရာကို သဘောပေါက်သယောင်ဖြစ်လာသည်။

"နေပါဦး၊ မူမူနဲ့ခင်တာ ကြာပြီလား"

"မကြာသေးပါဘူး"

"ဘယ်လိုသိတာလဲ"

"ခွဲ့နဲ့ အို ဆောရီး"

သူ့နှုတ်ခမ်းကို ကမန်းကတန်းပိတ်လိုက်မိသည်။

"ဘာ ခွဲ့ဟုတ်လား"

"မဟုတ်ဘူး အန်တီ"

"ခွဲ့ဆိုတာ အန်တီသမီးခွဲ့ မဟုတ်ဘူး"

"ဘာ"





"ဟိုတက်နှစ်လမ်းကျော်က မိအန္တဲ့ဆိုင်မှာ အကြော်သွားစားရင်း ...င်လာတာပါ ဟဲ ဟဲ"

ကျော်ကျော် ခပ်သွက်သွက်ဖြေရှင်းစဉ် ဒေါ်ခတ္တာတင် တစ်စုံ ...စ်ရာကို သဘောပေါက်သယောင် ရှိလာသည်။

"မင်းတို့ အကြံတစ်ခုခုရှိလား"

"ရှိပါတယ်"

သူတို့သုံးယောက် ပြိုင်တူဆိုမိစဉ် ဒေါ်ခတ္တာတင်မျက်ဝန်းမှာ ...ပွားပြန့်ထလာပြီး

"ဘာ့"

"ဟို အန်တီရှိတယ်ဆိုတာ အန်တီဝင်းပြန်မရောက်သေးခင် ...န်တီကို ညှော်ခံပေးဖို့ အကြံရှိတာပါ"

"ဟုတ် ဟုတ်ပါတယ် အန်တီ၊ အန်တီကို ညှော်ခံဖို့ပါ၊ ထိုင်ပါ ...ဂ်၊ အန်တီ အပူသောက်မလား၊ အအေးသောက်မလား ဟဲ ဟဲ"

ဦးမောင်တို့ စကားဝင်ဖာစဉ် အန်တီမျက်နှာပိုတင်းသွားသည်။

"မင်းတို့ မရိုးသားဘူး"

"ရိုးရိုးသားသားပါ အန်တီ"

"မင်းတို့ မမေးဘူး"

ကျော်ကျော်တို့ကို ဖိပြောက်လိုက်စဉ် သူ့မျက်နှာတစ်ပြင်လုံး ...ှုးခနဲဖြစ်သွားသည်။

သူ့ကိုယ်ပေါ် မွေ့လျော်နေသည့် ဖြူမောင်တို့စုံတွဲကို ဘဝင်မကျ ...ကြည့်ပြီး

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"လင်းအာရုံပါ အန်တီ"

"ဒီခွေးနှစ်ကောင်က မင်းခွေး တကယ်မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


သူ့နဖူးပေါ်ချွေးစေးတွေ ဆို့တက်လာသည်ကို ပွတ်သပ်လိုက်စဉ် ဒေါ်ခတ္တာတင်က ဆက်၍

"မင်း မှန်မှန်ပြောစမ်း"

သူ ဦးခေါင်းငုံ့လျက်

"မူမူက ဖြူမောင်တို့ကိုချစ်လို့ ခေါ်သွားတာပါ"

"ဒါဆို မင်းခွေးပေါ့"

တိကျသေချာသယောင် အန်တီမေးစဉ် သူမငြင်းရဲတော့။

သူခေါင်းညိတ်လိုက်တော့ အန်တီမျက်နှာပေါ်မှာ လွှင့်ကျလာသည်။

"တောက်"

ဒေါ်ခတ္တာတင် ခံပြင်းလျက် လှည့်ထွက်သွား၏။

"အန်တီ"

သူ့ခေါ်သံကို အရေးမစိုက်ဘဲ အန်တီလှည့်ထွက်သွားစဉ် သူ့ရင်မှာ နွမ်းလျော့သွား၏။

"ဟာ ဘာဖြစ်လို့ မင်းခွေးပြောရတာလဲကွာ"

"မူမူ ခွေးဆိုပြီးတော့"

သူငယ်ချင်းတွေ ဘဝင်မကျစွာဆိုပြီးတော့

"နွဲ့မာမီမျက်လုံးက မယုံသလိုဘဲကွာ"

"အင်း အဲဒါလည်း ဟုတ်တယ်"

"အခု ဘယ်လိုလုပ်မလဲကွာ"

"အခြေအနေကို စောင့်ကြည့်ရမယ်ကွ"

"ဟာ"

သူ့ရင်မှာ လစ်ဟာသွားသည်။

"အစကတည်းက ဖြူမောင်တို့ကို ခေါ်မလာရင် ကောင်းမှာကွ"

(ဗျူးစာပေ)




မင်းမင်းရေရွတ်စဉ် ဖြူမောင်တို့ ဘဝင်မကျလျက်

"ဝုတ် ဝုတ်"

ခပ်ဆတ်ဆတ် အသံပြု၏။

"အသံကောင်း ဟစ်မနေနဲ့ကွာ"

ကျော်ကျော် ဖိဟောက်စဉ် ဖြူမောင်တို့ သူ့ပခုံးပေါ်ဦးခေါင်း ...င်၍ မှေးစက်ငြိမ်သက်နေလိုက်သည်။

ချစ်စရာကောင်းလွန်းသည့် ဖြူမောင်တို့ကို ပွတ်သပ်ချော့မြူ ...င်း

"ကျော်ကျော်ကလည်းကွာ၊ ဖြူမောင်တို့နဲ့ မဆိုင်ဘူးကွ၊ နွဲ့ ...မီ ဘာလိုင်းကြီးတင်းနေတာ"

ဖြူမောင်တို့တက်က ကာကွယ်နေသည့်သူ့ကို သူငယ်ချင်းတွေ ...ပ်မသက်မသာ ငေးကြည့်ကြသည်။

"ဘာဖြစ်လို့ အဲဒီလောက် တင်းတာလဲ မသိဘူး"

"ဟုတ်တယ်ကွာ"

သူ သက်ပြင်းအသာချမိသည်။

"အန်တီတင် တင်းတာအရေးမကြီးဘူး၊ နွဲ့ကို ဆူနေမလား ...ယ်စိုးရိမ်တယ်ကွာ"

"ဟုတ်တယ်ကွာ"

"ဘယ်လိုလုပ်ကြမလဲ"

သူ့ရင်မှာ နွဲ့အတွက် စိုးရိမ်တာကလွဲလို့ ဘာကိုမှ ခံစားလို့ ...ုးတော့။

"ဟော ဘယ်သူတွေလဲလို့ သားမင်းမင်း ရောက်နေတာကိုး၊ ...ယ်ချင်းတွေ ပါလာတာလား၊ အားနာစရာကွယ်၊ အန်တီက ကိစ္စရှိနေ ...့ အပြင်သွားတာ နည်းနည်းကြာသွားတယ်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဖော်ဖော်ရွေရွေရှိသည့် အန်တီဝင်းရောက်လာစဉ် သူ့ရင်မှာ တစ်စုံတစ်ခုကို တောင်းဆိုချင်မိသည်။

"အန်တီဝင်းကို စောင့်နေတာ"

မင်းမင်းဆိုစဉ် အန်တီဝင်း စိတ်ဝင်စားစွာမျက်လုံးဝင့်လျက် ဆိုဖာပေါ်ဝင်ထိုင်ပြီး

"ဘာဖြစ်လို့လဲ သားရယ်"

"ဒီလို"

မင်းမင်း သူ့ခံစားချက်တွေ ရှုတ်ပြလိုက်စဉ် အန်တီဝင်းမျက်နှာမှာ သူ့အတွက် ကရုဏာရိပ်လွှမ်းတက်လာသည်။

"သြော် ဖြစ်မှဖြစ်ရလေကွယ်"

"ဒီလိုဆိုလည်း စောစောက ပြောရောပေါ့ကွယ်"

"သားလည်း အန်တီဝင်းဆီ တိုက်ရိုက်တွေ့ပြီး အကြံဉာဏ် တောင်းမလို့ပါ"

"အန်တီဝင်း အပြင်ထွက်သွားတာကို စောင့်ရင်း နွဲ့မာမီရောက်လာတာနဲ့"

"ကဲပါလေ သိပ်လည်းစိုးရိမ်မနေပါနဲ့၊ အန်တီဝင်း ကူညီမှာပါ"

"အို"

သူ့ရင်မှာ လှိုက်ခနဲဝမ်းသာကာ အန်တီဝင်းကို မြူးမြူးကြွကြွ ငေးကြည့်လိုက်သည်။

"ဒါပေမဲ့ ကျွန်တော်စိုးရိမ်တယ် အန်တီဝင်းရယ်"

"မောင်အာရုံကလည်းကွယ်"

"မဟုတ်ဘူး အန်တီဝင်း၊ နွဲ့မာမီနဲ့ရင်းနှီးအောင် တွေ့ခွင့်ဖန်လိုက်တာ အခြေအနေဆိုးသလိုဖြစ်သွားတယ်"

သူ့ကို အန်တီဝင်း ကရုဏာသက်စွာကြည့်၍

(ဗျူးစာပေ)



"ဆိုးနေတဲ့အခြေအနေကောင်းအောင် အန်တီဝင်းဆောင်ရွက် ပေးမှာပါကွယ်၊ တင်တင်ကလည်း သားတို့ထင်သလောက် မရင့်ပါဘူး"

"အန်တီဝင်းနဲ့တော့ ဟုတ်မှာပေါ့ဗျာ"

"စိတ်ချပါကွယ်"

"ဒါပဲနော် အန်တီဝင်း၊ သားသူငယ်ချင်းကိစ္စ အိုကေရင် ဟကျိုးဆောင်ခအနေနဲ့ ဇာဝမ်းဆက်တစ်စုံ ချုပ်ပေးမှာ"

မင်းမင်း အားတက်သရောဆိုစဉ် အန်တီဝင်းမျက်ဝန်း လှိုက် ပနဲ့မြူးကြွသွားပြီး

"ရပါတယ် မင်းမင်းရယ်၊ အန်တီဝင်းက သားတို့လူငယ်တွေ လုံးသားကြည်နူးနေတာ မြင်ချင်တဲ့သူပါ"

"အဲဒါဆို သားတို့ပြန်ဦးမယ်"

"အို တစ်ခုခုစားသွားဦးလေ"

"ဟဲ ဟဲ စားပြီးပြီ"

သူတို့ ရယ်ကျဲကျဲဆိုတော့ အန်တီဝင်းသဘောကျစွာပြုံးပြီး

"ဒီလိုမှပေါ့ကွယ်၊ အန်တီဝင်းက အဲသလိုစားမှကြိုက်တာ"

"သွားမယ်နော် အန်တီဝင်း"

"အင်းပါကွယ်၊ စိတ်ချပြီးတော့ သွားပါ၊ အန်တီဝင်းဆောင် ရွက်ရင် အိုကေရုံမက စူပါအိုကေဖြစ်စေရမယ် ဟင်း ဟင်း"

ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး လူငယ်အရေးကိစ္စကို စိတ်ဝင်တစား ပြုတတ်သည့် အန်တီဝင်းကြောင့် သူ့နှလုံးသားမှာ စိုးရိမ်ပူပန်မှုလျော့ ပြည်းလာသည်။

"နွဲ့ရယ် မောင်တို့နှလုံးသားကို ဆီးကာမယ့်ကျွန်းကို အလွယ် ကျူဖြတ်ကျော်မယ် ထင်ပါတယ်၊ ဒါပေမဲ့ ခုလောလောဆယ် နွဲ့ကို ပြုံ့မာမီ ဆူနေမလား"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"နွဲ့ ဟေ့ မိနွဲ့"

ပုံမှန်ထက်တင်းလွန်းသည့် မာမီအသံ ပျံ့ထွက်လာသည်။

"ညည်း ဘယ်မှာလဲ၊ မြန်မြန်ထွက်ခဲ့စမ်း"

မာမီဒေါသသံ ပျံ့ထွက်လာစဉ် အပေါ်ထပ်မှ နွဲ့ခပ်သွက်သွက် ပြေးဆင်းခဲ့သည်။ အန်တီဝင်းဆီထွက်သွားသည့်မာမီ ဘာဖြစ်လာတာလဲ။ အန်တီဝင်းနဲ့ စကားပြောအဆင်မပြေခဲ့လို့လား။ ဒါတော့ မဖြစ်နိုင်ဘူး။ နွဲ့တို့ ဒီလမ်းထဲပြောင်းလာပြီးနောက် ခင်မင်ခဲ့တဲ့ အိမ်နီးချင်းတွေထဲမှ အန်တီဝင်းက အိမ်နီးချင်းကောင်း ပီသတယ်။ အိမ်နီးချင်းတွေထဲမှ အန်တီဝင်းကို မာမီလိုလိုလားလား ဆက်ဆံတတ်တယ်။ အခုချက်ချင်း ဘာဖြစ်လို့ ဒေါသနဲ့ ရောက်လာတာလဲ။

(ဗျူးစာပေ)



"ဒီ့ ဒီ့"

"လာပါပြီ မာမီ"

သက်မကင်းသလို စိုက်ကြည့်လာသည့် မာမီမျက်ဝန်းကြောင့် ကိုယ်ရှိန်သတ်လိုက်သည်။ မာမီရှေ့ နွဲ့မဝံ့မရဲရပ်သည်။ တစ်စုံတစ်ရာ ယှပ်စွဲချင်သလို မာမီစူးစူးစိုက်စိုက်ကြည့်၍။

"နွဲ့ ညည်း မှန်မှန်ပြောစမ်း"

"ဘာကိုလဲ မာမီ"

"ဘာရမှာလဲ၊ ဟိုခွေးနှစ်ကောင်ကိစ္စ"

နွဲ့ရင်မှာ လှိုက်ခနဲ တက်လာသည်။ နွဲ့သိပ်စိတ်ဝင်စားဟန်

"ဘယ်ခွေးလဲ"

"ဘယ်ခွေးရမလဲ၊ ဖြူမောင်နဲ့ ဖြူမလေ"

"ဩော် မူမူ ခွေးလား"

"ဘာ၊ မူမူခွေးဟုတ်လား။ ပြန်ပြောစမ်း မိနွဲ့"

နွဲ့ ဟန်ဆောင်ဖုံးဖိ၍ နှုတ်ခမ်းစူလိုက်ပြီး

"ဟုတ်ပါတယ်၊ မူမူ ခွေးပါဆို"

"ဘာလဲ မာမီကို ညာတာလား မိနွဲ့"

"မညာပါဘူး"

"လင်းအာရုံ ခွေးဆို"

"ဟင်"

နွဲ့လည်မြိုမှာ အစ်ဆို့သလိုဖြစ်သွားသည်။ မာမီအကြည့်စူးစူးကို ဂနဲ့ရှောင်လွှဲပြီး

"နွဲ့ ဘာသိမှာလဲလို့"

"ညည်း တကယ်မသိတာလား"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"သိဘူးဆို"

"မသိဘူးဆိုရင် ဒီနေ့ကစပြီး မူမူနဲ့ မပေါင်းနဲ့တော့"

"မာမီ"

နွဲ့ အထိတ်တလန့် ရွတ်လိုက်မိသည်။ မာမီမျက်ဝန်း ရဲရဲက နွဲ့ထံ စူးစိုက်ကျလာသည်။

"မပေါင်းနဲ့ဆို မပေါင်းရဘူး"

မာမီ ထပ်ဆင့်ဆိုစဉ် နွဲ့ခြေဆောင့်၍ ဆိုဖာပေါ် ထိုင်ချ

"ဟာ မာမီကလဲ၊ နွဲ့နဲ့ မူမူတို့က"

"တော်စမ်း မိနွဲ့၊ ညည်း မူပျက်နေတာ ဒါကြောင့်

နွဲ့မျက်ဝန်း ချာလပတ်လည်သွားသည်။ နွဲ့မျက်နှာချင်း မာမီဝင်ထိုင်ပြီး

"နေဦး၊ ညည်းနဲ့ လင်းအာရုံ ရိုးရဲ့လား"

"ဘယ်က လင်းအာရုံလဲ"

နွဲ့ မသိချင်ဟန်ဆောင် မေးလိုက်သည်။ မာမီနှုတ် တွန့်ရွသွားပြီး

"ခွေးပိုင်ရှင်"

"နွဲ့မသိဘူး"

"ဟုတ်ပါတယ်၊ ဖြူမောင်တို့ကို မြင်တာနဲ့ချစ်မိလို့ မရမက ခေါ်လာတာ၊ မာမီပြန်ပို့ခိုင်းတော့ နွဲ့ပြန်ပို့ဖို့ မ မာမီပဲ မူမူကို ဖုန်းဆက်ခေါ်ပြီး ဖြူမောင်တို့ကို ယူသွားခိုင်း

"မူမူ ယူသွားပြီဆိုတော့ ပြီးပြီပေါ့"

ဒေါ်ခတ္တာတင် နှုတ်ခမ်းလွှာ ပို၍တွန့်ရွသွားသည်။ သူကို မယုံမှုရဲကြည့်ပြီး

"လင်းအာရုံနဲ့ ညည်းမသိဘူးပေါ့"

(ဗျူးစာပေ)



"သိဘူးဆို"

ထိုစဉ် ဧည့်ခန်းထဲကို ကိုကိုဝင်လာပြီး

"မာမီသမီး ပြောတိုင်းယုံမနေနဲ့၊ ဟိုနေ့က ရုပ်ရှင်သွားမယ်ဆို ယ်သဝေထိုးနေလဲ မသိဘူး၊ သားတို့ ရုပ်ရှင်ရုံဝက ရပ်ကြည့်နေ မာမီသမီးကို မမြင်ရဘူး၊ မာမီသမီးတင်မကဘူး၊ မူမူတို့တစ်စု မမြင်ရတာ၊ အဲဒါ မာမီပြောဦး"

အရေးထဲ ကိုကိုစွက်ဖက်စဉ် နွဲ့မျက်နှာတစ်ပြင်လုံး ပူရှလာ မာမီ နွဲ့ကို မယုံသလို စူးစမ်းကြည့်ပြီး

"ဟုတ်လား နွဲ့၊ ဘယ်လျှောက်သွားနေတာလဲ"

ဆိုဖာပေါ်က အလှခေါင်းအုံးလေးကို ကောက်ယူသည့်ကိုကို့ကို စောင်းခဲကြည့်၍

"ကိုကိုနော်၊ မာမီကို အတို့အထောင်မလုပ်နဲ့"

"တိတ်စမ်းနွဲ့"

နွဲ့ နှုတ်ခမ်းစူလိုက်ပြီး

"ကိုကိုက ဘယ်ရုံမှာ သွားကြည့်လို့လဲ၊ နွဲ့တို့က သွင်ရုံမှာ ဘာ"

"သားလည်း သွင်မှာကြည့်တာပါ မာမီ"

ကိုကို အားကျမခံပြောစဉ် နွဲ့ကိုယ်လုံးလေး ထောင်ကြွသွား

"နွဲ့တို့က ရုံထဲအစောကြီး ဝင်ထိုင်နေတာ၊ကိုကို တွေ့ပါ့မလား

"ကဲ နွဲ့ ညည်းအချိုးကို ပြင်ဖို့ကြိုးစား"

"မာမီတို့က သိပ်ချုပ်ခြယ်တယ်၊ နွဲ့ကို ဘယ်တော့မှ မျက်နှာ ပေးဘူး"

(ဗျူးစာပေ) ၁

www.burmeseclassic.com

www.burmeseclassic.com



"မာမိ သားတော်မောင် ကောင်မလေးတွေနဲ့ တွဲခုတ်နေတာ"

"ဘာတွဲခုတ်တာလဲ၊ ငါထိုးလိုက်ရ၊ မာမိနော် မာမိသမီး
ထိန်းထား"

"သားကို မဟုတ်တန်းတရား လျှောက်ပြောနေတယ်"

နွဲ့ကို လက်သီးချိန်ရွယ်၍ ဆတ်ဆတ်ထိမခံ တိုင်တန်းနေသ
ကိုကို့ကို နွဲ့နှာခေါင်းတွန့်ကြည့်၍

"ဘာမဟုတ်ရတာလဲ၊ ဟိုအပတ်က အင်းလျားမှာလေ"

ကိုကို မျက်နှာနီမြန်းလျက်

"အဲဒါ သူငယ်ချင်းပါ"

"တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး ဘာညာလုပ်တာ
သူငယ်ချင်းတဲ့လား"

"ဟာ နွဲ့"

နွဲ့စကားလုံးကြောင့် ကိုကိုမျက်နှာတင်းလျက် ဒေါသထွက်လ
သည်။ နွဲ့ကို ဒုတိယအကြိမ်ထိုးရန် ရည်ရွယ်စဉ် မာမိအထိတ်တလ
ဖြစ်ပြီး

"တော်ကြစမ်း၊ မိနွဲ့"

"ဟာ၊ မာမိသားထိုးဖို့ ရွယ်နေတာလေ"

"ရွယ်ပါစေ၊ ညည်း ကိုယ့်ထက်အကြီးကို ပြန်ပြောစရ
မလိုဘူး"

"မဟုတ်ဘူး မာမိ၊ သားကို နွဲ့သက်သက်ရမ်းပြောဟာ"

"တိတ်စမ်း သား"

ကိုကို့မျက်နှာ စူပုပ်လျက် နွဲ့ကိုမကျေမနပ် လက်သီးထော
ပြသည်။ နွဲ့ကို မာမိမနှစ်မြို့စွာကြည့်၍

"ဒီမှာ နှစ်ယောက်စလုံးကို မာမိပြောပြီးပြီ၊ မာမိခွင့်ပြုချက်မ

(ဗျူးစာပေ)



တစ်ယောက်မှ ချစ်သူရွေးခွင့်မရှိဘူး"

"သား"

"ပြောပါ မာမီ"

ကိုကို အောင့်သက်သက်ထူးစဉ် နွဲ့ကျိတ်၍ ပြုံးလိုက်သည်။

"သား သားဘာသာဖြတ်မလား၊ မာမိ ဖြတ်ပေးရမလား"

"ဟာ မာမိကလဲ"

"မာမိစိတ်ကို သားသိတယ်နော်"

မာမိ တင်းပြတ်ပြတ်ဆိုစဉ် ကိုကို့ဆံပင်တွေထဲ လက်ထိုးထည့်
စိတ်ပျက်စွာ ကုပ်ဆွဲလိုက်ပြီး

"သား ခုချက်ချင်း ဖြတ်မှာပါ"

"သားစကားနဲ့သား တည်ပါစေ၊ နောက်မှ မာမိအဘိုးမဆိုနဲ့"

"ဟုတ်ကဲ့"

ကိုကို အစွယ်ကျိုးသလို ခေါင်းငုံ့ ညည်ခန်းမှ ထွက်သွားသည်။
ပ်ကျိတ်ကျိတ်ပြုံးမိသည်။ ကိုကိုထွက်သွားသည်ကို မာမိဘဝင်မကျ
၍

"ဒါက ဘယ်လဲ"

"မာမိပဲ အဆက်ဖြတ်ဆို"

"ဟုတ်တယ်"

"အဲဒါ သူငယ်ချင်းတွေကတစ်ဆင့် ဖြတ်နိုင်းမလို့"

"သား မြန်မြန်ပြန်လာနော်"

"ဟုတ်ကဲ့"

ခေါင်းငိုက်စိုက်နှင့်ထွက်သွားသည့် ကိုကို့ကိုကြည့်၍ နွဲ့ကျိတ်ပြုံး
ကောင်းဆဲ

ကိုကိုက နွဲ့ကိုထိုးချင်နေတာ၊ ခုတော့ ဘာတတ်နိုင်သေးလဲ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



နွဲ့ ခပ်ဝင့်ဝင့်လေးပြုံးပြီး အပေါ်ထပ်ပြေးတက်ဟန်ပြင်စဉ်

"နေဦး နွဲ့"

"ဘာလဲ မာမီ"

"ညည်းနဲ့ လင်းအာရုံ ဘာမှမပတ်သက်ဘူးဆိုတာ သေချာတယ်နော်"

မာမီ အခိုင်အမာမေးစဉ် နွဲ့ခေါင်းငုံ့ကျသွားသည်။

"ပြောစမ်း မိနွဲ့"

နွဲ့ရင်ခုန်သံ တဒိန်းဒိန်းဆောင့်ခုန်လာသည်။ မျက်လွှာချငြိမ်သက်နေသည့် နွဲ့ကို မာမီ စူးစူးစိုက်စိုက်ကြည့်ပြီး

"မာမီ မယုံဘူး"

နွဲ့ရင်မှာ တောင်တစ်လုံးဖိသလို လေးလံသွားသည်။

"ဒီမှာ သမီး"

"ပြောပါ မာမီ"

"သမီးတို့အရွယ်ဟာ ရည်းစားထားရမယ့်အရွယ် မဟုတ်ဘူး"

"ဟုတ် မာမီ"

"ဘာ ဆင်ခြေမှ မပေးနဲ့၊ ဒီအရွယ်ဟာ ဘဝတိုးတက်ဖို့ကြိုးစားရမယ့်အရွယ်"

နွဲ့ရင်မှာ တူးကပ်သွား၏။ မာမီအကြည့်တင်းတင်းက နွဲ့တို့ရင်ခုန်သံကို ဝါးမြိုမလား။

"မနေ့တစ်နေ့က ဘွဲ့တစ်ခုရရုံနဲ့ သမီးဘဝတိုးတက်လာမှာ မဟုတ်ဘူး၊ သမီးဘဝ တိုးတက်ဖို့ ဒီထက်မက ကြိုးစားရမယ်၊ နက်ဖန်ကစပြီး သမီးဒယ်ဒီနဲ့ စက်ရုံလိုက်သွားရမယ်"

မာမီ အမိန့်ချသလိုဆိုစဉ် နွဲ့ဦးခေါင်းလေးရမ်း၍

"ဟာ နွဲ့မှ စိတ်မဝင်စားတာ"





"ကျောင်းဆက်တက်ပါဆိုတော့လည်း စိတ်မဝင်စားလို့ဆိုပြီး ငယ်ချင်းတွေနဲ့ သဝေထိုးနေတာ ဘာအကျိုးရှိမလဲ"

မာမီမျက်ဝန်းက တစ်စစ မှိုင်းရှုလာသည်။

"အလုပ်ဆိုတာ စိတ်ဝင်စားမှ လုပ်ရတဲ့ကိစ္စ မဟုတ်ဘူး၊ ဝင်စားတာ၊ မဝင်စားတာထက် ဘဝတိုးတက်ဖို့အတွက် အာရုံနှစ် လုပ်ရမှာပဲ"

"ဟွန်း ကိုကိုတော့ မခိုင်းဘဲနဲ့"

"ဘယ်သူ့ကိုမှ လက်ညှိုးမထိုးနဲ့ မိနွဲ့ ညည်းကို ငါကမွေးထား တာ၊ ဘယ်သားကိုမှ မျက်နှာမလိုက်ဘူး"

နွဲ့ ဆံပင်ကို အလိုမကျစွာ ဖွပစ်၍

"ဟာ ကိုကိုလုပ်ရင် ပြီးပြီပေါ့၊ နွဲ့က မိန်းကလေး၊ မာမီနဲ့ အတူ အိမ်အလုပ်ပိုင်းကူလုပ်"

"တော်တော့ မိနွဲ့၊ ညည်းကိုညည်း မီးဖိုချောင်ထဲမှာ ဘဝနှစ်ချ စိတ်မကူးနဲ့၊ မီးဖိုချောင်အလုပ်က သူများကို လက်ညှိုးထိုးပြီး ခိုင်းလို့ရတယ်၊ ကိုယ့်ဘဝတိုးတက်ဖို့က ကိုယ်ကိုယ်တိုင်ကြိုးစားရမယ်"

နွဲ့ ဦးခေါင်းတဖျင်းဖျင်းကုပ်လိုက်သည်။

"သမီးတို့ကို ခေတ်နဲ့အညီတိုးတက်တဲ့လူငယ်တွေ၊ စွမ်းဆောင်ရှင်တွေဖြစ်စေချင်တယ်၊ အပျော်အပါးနောက်လိုက်ပြီး လေတောတော ပေတောတော မိဘပိုက်ဆံထိုင်ဖြုန်းနေတဲ့ ခပ်ဖျင်းဖျင်းလူငယ်တွေ မဖြစ်စေချင်ဘူး၊ တိုးတက်တဲ့အတွေးအခေါ်တွေနဲ့ ရှင်သန်နေမယ့် လုပ်ငန်းရှင်ကွအဖြစ် မာမီမြင်ချင်တယ်"

"မာမီကလဲ"

"ဒါကြောင့် နက်ဖြန်ကစပြီး မောင်နှမနှစ်ယောက်လုံး သမီးဒယ်ဒီနဲ့အတူ စက်ရုံလိုက်သွား၊ လုပ်ငန်းကိစ္စတွေလေ့လာရှုစမ်းတွေ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး တိုးတက်အောင်ကြိုးစားဖို့ ပြင်ဆင်"

"ဟာ မာမီရယ်"

ကလေးဆိုးလို ဂျစ်တိုက်ချင်သည့် နွဲ့အမူအရာကို မာမီမျက်စောင်းခဲကြည့်ပြီး

"ညည်းကိုညည်း ကလေးမထင်နဲ့"

"ကလေးထင်တာ မဟုတ်ဘူး။ နွဲ့က လူငယ်လေ၊ လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင် နေချင်တာပေါ့လို့၊ ပြီးတော့"

"ဘာလဲ ရည်းစားလိုချင်တယ်ပေါ့ ဟုတ်လား"

"အို"

နွဲ့ မဝံ့မရဲ နှုတ်ဆိတ်နေလိုက်သည်။

"လိုချင်ရင် မာမီရှာပေးမယ်"

"ဟာ မာမီကလဲ"

"မာမီလိုချင်တဲ့ အနေအထားရောက်ရင် ရည်းစားမဟုတ်ဘူး အကောင်းဆုံးအိမ်ထောင်ဖက်ကို မာမီကိုယ်တိုင် ရွေးပေးမယ်"

မာမီအပါးတိုးကပ်၍

"မဟုတ်ဘူး မာမီရယ်၊ နွဲ့ပြောတာက"

"ဒီမှာနွဲ့၊ အချိန်ကို ရည်းစားထားပြီး အကျိုးမဲ့ကုန်ဆုံးသွားတာကို မာမီမမြင်ချင်ဘူး"

နွဲ့ကိုယ်လုံးလေး ညှိုးချုံးကျသွားသည်။ မာမီမျက်နှာက လေပြည့်တဲ့ဘောလုံးလို တင်းပြောင်နေစဉ်

"ဒါကြောင့် သမီးရဲ့လွတ်လပ်ခွင့်ကို မာမီပြန်ပြီး ထိန်းချုပ်မယ်၊ စက်ရုံနဲ့ပတ်သက်ပြီး အတွေးအခေါ်ကောင်းရမှ မာမီအခွင့်အရေးပေးမယ်၊ ဒီအချိန်မှာ မာမီစီမံမှုအောက် သမီးနေရမယ်"

မာမီအသံမဆုံးခင် နွဲ့ခြေဆောင့်၍ လှည့်ထွက်ဟန်ပြင်စဉ်တော့

(ဗျူးစာပေ)



"အဲဒါ မာမီအမိန့် ကြားတယ်နော်"

"ဟင့်အင်း"

နွဲ့ဦးခေါင်း မညိတ်ချင်။ အပေါ်ထပ်လှေကားသို့ ပြေးတက်သွားသည်။

"ဟော့ မိန်ွဲ့ ကြားရဲ့လား"

"ပမာမခန့်လုပ်တာလား နွဲ့"

နွဲ့ခြေလှမ်း တန့်သွားပြီး

"ကြားပါတယ် မာမီ"

"ကြားတယ်ဆို နာခံ"

"ဟုတ် ဟုတ်ကဲ့ပါ မာမီ"

မာမီမျက်နှာလေး ကျေနပ်ရိပ်ထင်လာမှ နွဲ့အခန်းထဲဝင်ခဲ့ရသည်။

"စိတ်ညစ်တယ်နော် စိတ်ညစ်တယ် ဟွန်း"

နွဲ့ ဆံပင်တွေကို စိတ်ညစ်စွာ ဖွပစ်မိသည်။

"ရည်းစားတစ်ယောက်ထားမိပါတယ် ကျွန်းတွေ တစ်ကျွန်းပြီး ယ်ကျွန်းခံနေတာ စိတ်ပျက်ဖို့ကောင်းတယ်"

နွဲ့ နံရံပေါ် ဝုန်းခနဲထိုင်ချသည်။

"မောင်ရယ် နွဲ့ဖြစ်စဉ်ကို လာကြည့်လှည့်ပါဦး ဟင့် ဟင့်"

နွဲ့ စိတ်ပျက်အားငယ်စွာ ငိုကြွေးလျက်

"မောင် ရယ်၊ ဘာဖြစ်လို့များ နွဲ့တို့ချစ်ခြင်းမှာ ဝေးကွာခြင်းဆိုတဲ့ခေါင်းစဉ် ရှိနေရတာလဲ"

"ဘာဖြစ်လို့ ရှိနေရတာလဲကွယ်"

"မောင်၊ နွဲ့လေ မောင်နဲ့အတူတူချစ်နေရရင် ကျေနပ်နိုင်ပါတယ် မောင်ရယ်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"နွဲ့ဘဝမှာ မောင်ချစ်ခြင်းကလွဲပြီး ဘာကိုမှ မတောင့်တဘူး။ တကယ်ပါ မောင်၊ မာမီပြောတဲ့ ဘဝတိုးတက်ခြင်းက မောင်ချစ်ခြင်း ခံစားချက်လောက် နွဲ့နှလုံးသားမှာ အရေးမပါဘူးဆိုတာ ယုံပါကွယ်"

အခုတော့ မာမီအမိန့်အောက်မှာ အို နွဲ့နှလုံးသားက ချော် ရည်ပူတွေ လိမ့်ကျလာသည်။

"မောင်ရယ် နွဲ့နှလုံးသားက အရည်ပျော်လာတဲ့ မျက်ရည်စ တွေဟာ မောင့်ကိုချစ်တဲ့စကားလုံးတွေသာဆိုရင် အဲဒီစကားလုံးတွေ ဟာ သမုဒ္ဒရာကို တံတားခင်းထားသလို လွှမ်းမိုးနေပြီပေါ့ မောင်ရယ်"

မောင့်ခံစားချက်တွေ စတင်စီးဝင်လာခဲ့တဲ့ စကတ်ရှည်ကို မြတ်နိုးစွာထွေးပွေ့ ဖက်ိုင်တည်နေမိသည်။

"ဖြူမောင်နဲ့ ဖြူမရယ်၊ မောင်ရယ်၊ နွဲ့ရယ် ဘယ်တော့မှ အတူတူနေရမှာလဲကွယ်"

မောင်ရယ် မာမီအမိန့်တွေကြောင့် မောင်နဲ့ဝေးရမယ်ဆိုရင် အိုး နွဲ့ဦးခေါင်း တွင်တွင်ရမ်းခါမိသည်။

"မောင်နဲ့နွဲ့ကြားမှာ မာမီက ကျွန်းတစ်ကျွန်းဖြစ်နေရင် အဲဒီ ကျွန်းကို ဖယ်ရှားပေးဖို့ ကံကြမ္မာက ကူညီပေးပါနော်"

နွဲ့ရင်မှာ ဝမ်းနည်းကြေကွဲစွာ လှိုက်လှိုက်လှဲလှဲ တောင်းဆို လျက်

❀❀❀

(ဗျူးစာပေ)

အခန်း (၁၄)

"ဟေး အဝင်း ဝင်လာလေ"

"ဟင့် ဟင့် မုန့်ဟင်းခါးချက်စားလို့ လာပို့တာပါ တင်တင်ရယ်"

မုန့်ဟင်းခါးချိုင့် တင်တင့်ကိုလှမ်းပေးရင်း အဝင်းဆိုလိုက် သည်။

"ဒုက္ခရှာလို့ အဝင်းရယ်"

ဒေါ်တင်တင် အားနာစကားဆိုပြီး မုန့်ဟင်းခါးချိုင့်ဆွဲယူလိုက် သည်။ အဝင်း ကြည်နူးစွာပြုံး၍

"တင်တင်ရယ် ဒုက္ခမဟုတ်တာကွယ်၊ တင်တင့်ကို စားစေချင် လို့ပါ၊ တင်တင် မုန့်ဟင်းခါးကြိုက်တယ် မဟုတ်လား"

"ဟင်း ဟင်း ကြိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဝင်းလည်း ပူတင်းကြိုက်တယ် မဟုတ်လား"

"ကြိုက်ပါတော်"

"တင်တင်လည်း အဝင်းအတွက် ပူတင်းဖုတ်ထားတယ်၊ လာ ထမင်းစားခန်းထဲသွားပြီး စကားပြောရင်း စားကြတာပေါ့"

"ကောင်းသားပဲ"

ဒေါ်ဝင်းဝင်း အားမနာတော့။ ဒေါ်တင်တင်နောက်မှ ထမင်းစားခန်းထဲ ဝင်ခဲ့သည်။ ဒေါ်တင်တင်က ပူတင်းနှင့် ညှော်ခံသည်။ နှစ်ယောက်သား ကြိုက်နှစ်သက်သည့် အစားအသောက်ကို စားသောက်လျက်ရှိစဉ် အဝင်း သတိရဟန်နှင့်။

"ဒါနဲ့ တင်တင်"

"ဘာများလဲ အဝင်းရဲ့"

"ကလေးတွေလည်း မမြင်ပါလား"

"ဩော်"

ဒေါ်တင်တင် မုန့်ဟင်းခါးစားနေရာမှ သဘောတကျရယ်၍

"ကိုအောင်နဲ့အတူ စက်ရုံလွှတ်လိုက်တယ်လေ"

"ဘာလုပ်ဖို့လဲကွယ်"

အဝင်း ခပ်အေးအေး စပ်စုလိုက်သည်။ ဒေါ်တင်တင် ကျေနပ်စွာပြုံးပြီး

"စက်ရုံလုပ်ငန်းတွေ လေ့လာပြီး ဝိုင်းကူညီဖို့လေ"

"ဘာလဲ ကိုအောင်တစ်ယောက်တည်း မနိုင်မနင်းဖြစ်နေလို့လား"

"မဟုတ်ဘူး အဝင်းရယ်"

"ဒါဆို"

ဒေါ်ခတ္တာတင် မုန့်ဟင်းခါးဖွန်းအသာချသည်။ ပူတင်းဝါးနေ





ညှိအဝင်းကို လှလှပပကြည့်၍

"လုပ်ငန်းသဘော လေ့လာစေချင်လို့"

အဝင်းက သဘောကျသယောင် မျက်နှာပေးဟန်ပြုးလျက်

"ကောင်းတယ်၊ လူငယ်တွေဆိုတာ အချိန်ကို အကျိုးရှိရှိသုံး က်ဖို့ လိုအပ်တယ် တင်တင်ရဲ့"

"ဟုတ်ပါ့ အဝင်းရယ်၊ ဒါကြောင့် တင်တင်အမိန့်ချလိုက်တာ၊ ယောက်လုံး ဧဝူပုပ်ပြီးအဖေ့နောက်ပါသွားကြလေရဲ့"

"ကလေးတွေက"

"အဲဒါပြောချင်တာ အဝင်းရယ်"

"ပြောပါဦး"

ဒေါ်ဝင်းဝင်း လမ်းစရှိုးနိုးနှင့် ဒေါ်ခတ္တာတင်စကားလုံးနောက် ာင်ခံလိုက်ဆိုသည်။

"ကျောင်းပြီးစမို့ လွှတ်လွှတ်လပ်လပ်နေပါစေဆိုပြီး အခွင့်အရေး းထားပါတယ်"

"ပေးထားတဲ့အခွင့်အရေးကို တလွဲအသုံးချတယ်လေ"

"ဘာကိုလဲ တင်တင်"

"အင်း ပြောရမှာ စိတ်ပျက်ပါတယ် အဝင်းရယ်"

"ဩော် တင်တင်ရယ်၊ ပြောပါကွယ်၊ တင်တင့်သားသမီးက ငါ်းသားသမီးလိုပါပဲ၊ ကလေးတွေ ဘာဖြစ်လို့လဲ"

"အင်း"

ဒေါ်တင်တင် သက်မအသာချပြီး

"ဘာဖြစ်ရမှာလဲ အဝင်းရယ်၊ ရည်းစားထားဖို့ စိတ်ကူးယဉ်နေ ာလေ"

"လူငယ်တွေဆိုတော့လည်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါခက်တာပေါ့ အဝင်းရယ်"

"ဘာဖြစ်လို့"

အဝင်း စိတ်ဝင်တစား မျက်ခုံးပင့်ကြည့်လိုက်သည်။

ဒေါ်ခတ္တာတင်မျက်နှာပေါ် ဘဝင်မကျရိပ်လိုက်တက်လာ

"အကြောင်းမရှိအကြောင်းရှာ အပြင်ထွက်ပြီး အချိန်ဖြုန်း လေ"

"တင်တင်ရယ်၊ လူငယ်ဆိုတော့လည်း လူငယ်သဘာဝ အဲဒီသဘာဝကို တင်တင်တို့ လူကြီးတွေက မသိချင်ဟန်ဆောင် လိုတယ်ကွယ့်"

လူငယ်တွေသဘောကို လိုက်လိုက်လျောလျော နားလည် နိုင်သည့် အဝင်း ခပ်အေးအေးဆိုစဉ် ဒေါ်တင်တင် မျက်မှောင် ကြုံ့သွားပြီး

"အဝင်းဆိုလိုတာက"

"လူငယ်တိုင်းက ရည်းစားထားခြင်းနဲ့ မကင်းပါဘူး တင် ရယ်"

"သူ့နည်းသူ့ဟန်နဲ့ ရည်းစားထားကြတာချည်းပဲ"

"ဒါပေမဲ့ ရည်းစားထားတာက လူငယ်တွေရဲ့ စိတ်အလို မှုတစ်မျိုးပဲလေ"

"အဲဒီနောက်ဆက်တွဲက ဘာတွေဖြစ်လာနိုင်သလဲ စဉ်းစား ကြည့်ပါလားဟယ်"

စိုးရိမ်စိတ်လွှမ်းကဲနေသည့် ဒေါ်ခတ္တာတင်မျက်နှာ မှုန် အဝင်း နှစ်သိမ့်ပြုံးလေးပြုံးကြည့်ပြီး

"ဩော် တင်တင်စိတ်ပူတာကိုး"

"ပူရတာပေါ့၊ ဘာဘာညာညာ ပြဿနာတက်လာရင်





ကွဲဖြစ်ရမယ်"

"မိဘတွေ ရင်ကျိုးရမယ်လေ"

"တင်တင် စိုးရိမ်စိတ်လွှမ်းကဲနေတာပါကွယ်"

အဝင်း ထပ်ဆင့်ဆိုစဉ် ဒေါ်ခတ္တာတင် အံ့သြစွာငေးကြည့်ပြီး

"ဘာဖြစ်လို့"

"ဒီလို တင်တင်"

"လူငယ်သဘာဝ ရည်းစားထားကြတာက တင်တင်ပြောသလို ်အလိုလိုက်မှုဆိုတာထက် သူတို့ဘဝ၊ သူတို့နှလုံးသားအတွက် လိုအပ် ့အဖော်မွန်ကို သူတို့စိတ်တိုင်းကျ ရွေးကြတဲ့သဘောပဲ"

ဒေါ်တင်တင် ဓောဒကတက်ဟန်ပြင်စဉ် အဝင်း လက်ကာဟန့်

"သိပ်လည်း စိတ်မပူဖါနဲ့ တင်တင်ရယ်၊ သူတို့ရွေးချယ်တဲ့သူ ကို အဝင်းတို့မိဘတွေ အကဲခတ်ကြည့်ပေးလိုက်ရုံပဲ"

"ဒါဆို ရည်းစားထားဖို့ တင်တင် လက်လွှတ်စပယ်လွှတ်ထား ယ့်သဘောလား ဟင်"

ဒေါ်ခတ္တာတင် မျက်လုံးအပြူးသားနှင့် မေးလိုက်သည်။ အဝင်း ကြည့်၍

"မဟုတ်ဘူးလေ၊ လူငယ်သဘာဝ ရည်းစားထားတာကို မိဘ နဲ့ အသိအမှတ်ပြုပေးရုံပဲ၊ ဩော် သားတို့ သမီးတို့လည်း ရည်းစား ပြီလား၊ ဘယ်သူလဲ၊ ဘယ်သူ့သားသမီးလဲ. စုံစမ်းပြီးရင် ကိုယ့်သား နဲ့ လိုက်လျောညီတွေဖြစ်မယ့်သူဆိုရင် လက်ခံပေါ့ တင်တင်ရယ်၊ ကို မိဘတွေအနေနဲ့ အပြည့်အဝ ချုပ်ကိုင်မယ်ဆိုရင် လူငယ်တွေ ယန့်ကျင်ဘက်ဖြစ်ပြီး ဖွတ်တရွတ်လုပ်မှုဖြင့် မိဘလက်မခံနိုင်တဲ့သူမျိုး ရင် ခက်ပြီပေါ့ တင်တင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင် ဦးခေါင်းတွင်တွင်ရမ်းပြီး

"မဟုတ်သေးဘူး အဝင်းရယ်"

"နေပါဦး တင်တင်၊ တင်တင့်သားနဲ့ သမီးမှာ ရည်းစားရှိ‌ေ ပြီလား"

အဝင်းက ထိုအရေးကို ဆွေးနွေးလို့ရအောင် စည်းရုံးစကာ ဆိုမိသည်။ ဒေါ်တင်တင် စိတ်ပျက်သလို မျက်နှာပေးပြောင်းသွား၏။

"သားကြီးက သေချာနေပြီ၊ သမီးလည်း မရှိတော့ဘူး။ အဲဒါကြောင့် အဆက်ဖြတ်ခိုင်းပြီး အလုပ်ထဲပို့ပစ်လိုက်တာ"

"တင်တင်ရယ်၊ ဘာဖြစ်လို့ အဲဒီလောက်တင်းလိုက်တာလဲ"

"တင်းတာမဟုတ်ဘူး အဝင်း၊ ရည်းစားထားတာကို မကြို တာ"

"မဟုတ်သေးပါဘူး၊ သူတို့လည်း ငယ်တဲ့အရွယ်မှ မဟုတ်တေ ကွယ်၊ သူတို့ထားတဲ့ရည်းစားက တင်တင့်သားသမီးနဲ့ လိုက်ဖက်တဲ့သူ ဆိုရင် လက်ခံပေးရမှာပေါ့"

လေပြေလေးနှင့် စည်းရုံးသယောင်ဆိုလာသည့် အဝင်း ဒေါ်ခတ္တာတင် သိပ်ပြီးဘဝင်မကျတော့

"အဝင်းနဲ့ တင်တင် ဒီကိစ္စမှာ အမြင်မတူတော့ဘူး"

"ဘာဖြစ်လို့"

"တင်တင်က သားသမီးရည်းစားထားတာကို လက်ခံပေးပ ထက်၊ သားသမီးဘဝတိုးတက်ရေးကို ဂရုစိုက်တယ်အဝင်း၊ အဝ စဉ်းစားကြည့်၊ ဟော အခုရည်းစားထားပြီး ခဏကြာရင် မနေ မထိုင်နိုင် ယူကြတော့မယ်၊ သားသမီးတွေ မွေးဦးမယ်၊ ဘယ်မှာ သင့်တော်တဲ့ မိသားစုဘဝ ဖန်တီးနိုင်မလဲ၊ မိဘပေးစာကမ်း ရပ်တည်နေလို့ သားသမီးရဲ့အိမ်ထောင်ရေး ဘယ်လိုပြည့်စုံသာယာမ

(ဗျူးစာပေ)



င်တင် အဲဒါတွေကို မလိုလားဘူး"

အဝင်း မသိမသာ သက်ပြင်းရှိုက်လိုက်သည်။

"လူငယ်တစ်ယောက်ဟာ သူတာဝသူ ရပ်တည်နိုင်တဲ့စွမ်းရည်ရှိမှ သားစုဘဝပြည့် စုံနိုင်တဲ့ အလားအလာရှိမယ်၊ ဒါကြောင့် သားနဲ့ မီးဘဝတိုးတက်မယ့် စွမ်းရည်တစ်ခုရပြီးမှ ရည်းစားထားတာကို င်တင် ခွင့်ပြုနိုင်မယ်၊ ခုတော့ ခွင့်မပြုနိုင်ဘူး"

လူငယ်တွေရဲ့ နှလုံးသားဆန္ဒကို လျစ်လျူရှုလျက် ပြတ်ပြတ် င်းတင်းဖြစ်နေသည့် ဒေါ်ခတ္တာတင်စိတ်ကို အဝင်းမချင့်မရဲဖြစ်လျက် တိုးတိုးရွတ်လိုက်သည်။

"တင်တင်ရယ်"

ဒေါ်ခတ္တာတင် ဦးခေါင်းစိုက်၍

"ဟုတ်တယ် အဝင်း၊ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် လုပ်ငန်း စ်ခုကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေဖို့လိုတယ်၊ နောင်တစ်ချိန် အောင် လုပ်ငန်းတွေကို ဒီသားသမီးတွေပဲ ဦးဆောင်ရမှာလေ၊ ကို ဘာမှမတတ်ဘဲဦးဆောင်ရင် သူများပရိယာယ်ထဲ နစ်မြုပ်သွားမှာ တင်တင့်သဘောက သားသမီးရင်ထဲမှာ လုပ်ငန်းကိစ္စ အပြည့်အဝ က်သွင်းပေးချင်တယ်၊ အထိုက်အလျောက် နားလည်လာပြီဆိုရင် ပြင်ကျယ်လာမယ်၊ လေးနက်လာမယ်၊ ဘဝအယူအဆ ခိုင်မာလာ ယ်၊ ဒီလိုခိုင်မာလေးနက်မှုရှိလာမှ ရည်းစားထားတာတစ်ခုတည်းနဲ့ ထောင်ပြုဖို့ တင်တင်စဉ်းစားပေးနိုင်မယ်၊ ဘွဲ့ရရုံတစ်ခုတည်း၊ လျားလတ်လျား ရည်းစားနဲ့လျှောက်လည်တာကို ခုချိန်မှာ လုံးဝ ပြုဘူး၊ ကိုအောင်ကလည်း ဒီသဘောပဲ"

အဝင်း မသိမသာ သက်ပြင်းချလိုက်သည်။

"ဒါနဲ့အဝင်း ဘာဖြစ်လို့ ဒီကိစ္စကို စိတ်ဝင်းစားရတာလဲ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဩော်၊ ဟိုလေ"

အဝင်း ခပ်တွေတွေ စဉ်းစားမိပြီး မလုံမလဲပြောလိုက်သ

"ဒီ ဒီလိုပါ၊ ဟိုဘက်လမ်းထိပ်က ဒေါ်အုံးကို မှတ်မိလ တင်တင်နဲ့ အဝင်း ဈေးသွားရင် ခဏခဏဆုံလေ့ရှိတဲ့ မိန်းမဝဝလေ"

ဒေါ်ခတ္တာတင် တစ်ချက်စဉ်းစားလိုက်သည်။ သဘောကော ဖော်ဖော်ရွှေရွှေရှိသည့် အမျိုးသမီးကြီးကို မြင်ယောင်လာသည်။

"အင်း မှတ်မိတယ်၊ စကားပြောသိပ်ကောင်းတဲ့ မိန်းမလေ"

"ဟုတ်တယ် တင်တင်၊ ဒေါ်အုံးက သားသမီးအိမ်ထောင် ကို အကျိုးဆောင်ပေးတဲ့ ဝါသနာရှိတယ်လေ၊ မနေ့က တင်တင်လာ အချိန်မှာ အဝင်းနဲ့မတွေ့ဖြစ်တာ အဲဒါကြောင့်၊ ဒေါ်အုံးခေါ်လို့ ခ ထွက်သွားတာ၊ ဒေါ်အုံးစကားပြောကောင်းတာနဲ့ ကြာသွားတာ"

ဒေါ်ခတ္တာတင် စိတ်ဝင်တစားဖြစ်လာသည်။

"ဒေါ်အုံးက ဘာတဲ့လဲ"

"ဩော် အဝင်းသားကို အိမ်ထောင်ချပေးမလား၊ ဘာလ တီးခေါက်တာပေါ့ကွယ်"

"အဝင်းမှာ သားတစ်ယောက်တည်းဆိုတော့ ချွေးမကော ကောင်းလေး ရဖို့လိုတယ်လေ"

"အဲဒါနဲ့ ဒေါ်အုံးရဲ့အောင်သွယ်မှုကို လက်ခံတယ်ဆိုပါတော့"

အဝင်း ပြုံးငဲ့ကြည့်၍

"လက်ခံတာတော့ မဟုတ်ဘူးလေ၊ စိတ်ဝင်စားတာ၊ အဝ လက်ခံနိုင်တဲ့ သတို့သမီးလောင်းတွေ့မယ်ဆိုရင် သားကို အိမ်ထေ ချပေးမလို့၊ ဒါနဲ့ တင်တင်နဲ့ တိုင်ပင်ချင်လို့"

"ဒီကိစ္စက အောင်သွယ်ပွဲစားတွေနဲ့ မလုပ်ပါနဲ့ အဝင်းရဲ အောင်သွယ်ပွဲစားက ပွဲခရမယ်ဆိုရင် အပုပ်ကို အကောင်းလု

(ဗျူးစာပေ)



ညည့်မှာပဲ"

"ဒေါ်အုံးက အဲလိုပွဲစားမျိုးမဟုတ်ဘူး တင်တင်၊ အဝင်းတို့ င်တဲ့ သားမက်လောင်း၊ ချွေးမလောင်းအနေအထားနဲ့ ကိုက်ညီတဲ့ ကို ရွေးပေးတာ၊ အတင်းအကျပ်ဖိအားပေးတာမျိုး မရှိဘူးလေ၊ ကုံးစီမံပေးတဲ့ ပွဲတိုင်းက တကယ့်ကို အဆင်ပြေအိုကေတာလေ၊ တော်တော်များများ သဘောတွေကြတာ တင်တင်ရဲ့"

ဒေါ်ခတ္တာတင် မျက်ဝန်းလေး ပင့်ကြွသွားသည်။

"ဒါကြောင့် တင်တင်စိတ်ဝင်စားရင် စူးစမ်းကြည့်လေ"

အဝင်း အလိုမ့်အပတ်ကောင်းကောင်းနှင့် သွယ်ယူဖို့ကြိုးစား က်သည်။ ဒေါ်ခတ္တာတင် ခပ်ငေးငေးစဉ်းစားစဉ် အဝင်းအားတက် ၏

"ဒေါ်အုံးကတောင် ပြောသေးတယ်၊ တင်တင့်သားနဲ့ သမီး က် ဘယ်လိုသားမက်လောင်း၊ ချွေးမလောင်းတွေ လိုချင်သလဲတဲ့၊ ကောင်းဆုံးဖြစ်အောင် ဒေါ်အုံးရှာပေးချင်တယ်လို့ စကားကမ်းလှမ်း ၊ မဟုတ်မှလွဲရော တင်တင့်သားနဲ့ သမီးကို မျက်စိကျနေတဲ့ း ခမက်လောင်းတွေ ရှိနေပြီထင်တယ်၊ ဟင့် ဟင့်"

အဝင်း ပင့်ပြောလိုက်စဉ် ဒေါ်တင်တင်မျက်နှာပေးအနည်းငယ် ဟာင်သမ်းလာသည်။

"တင်တင် အကဲခတ်ကြည့်ချင်လား၊ ဒေါ်အုံးခေါ်လာပြီး မိတ် ပေးမယ်လို့ စကားပစ်တယ်လေ"

အခြေအနေသာသယောင်ရှိတာကြောင့် အဝင်းဖိဆိုနေသည်။

"တင်တင်ရယ်၊ အကဲခတ်ကြည့်ရုံလောက်နဲ့ ဘာမှမထိခိုက်ပါ တင်တင်အကြိုက်နဲ့အညီ အကောင်းအဆိုးတွေတော့ပည်း ကောင်း ျူးလို့ရတာပေါ့၊ ဒါမှလည်း သားသမီးဘဝ နောင်ရေးတိုးတက်မှာ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



လေ၊ အထူးသဖြင့် သမီးတွေရဲ့ အိမ်ထောင်ရေးအတွက် သားယေ ကောင်းကောင်းရဖို့အရေးကြီးပါတယ် တင်တင်ရယ်''

''တင်တင်က သမီးအတွက် စိတ်ကြိုက်တွေ့ထားပြီးပြီ''

''ဟင်''

ဒေါ်ခတ္တာတင် လွှတ်ခနဲဆိုစဉ် အဝင်းအံ့သြကာ ထုံဝေဝေ သွားသည်။ ဒေါ်ခတ္တာတင် ဦးခေါင်းဆတ်၍

''ဟုတ်တယ် အဝင်း၊ ကိုအောင့်မန်နေဂျာ မောင်သူရလေ''

''ဪ ဒါကြောင့် တင်တင်က သမီးကို စက်ရုံလွှတ်တာ မောင်သူရနဲ့ ရင်းနှီးစေချင်လို့''

''ရင်းနှီးစေချင်တယ်ဆိုတာထက် စက်ရုံလုပ်ငန်းအကြော အတွင်းကျကျသိဖို့ လိုအပ်တယ်၊ ဒါမှလည်း တစ်ချိန်ချိန်မှာ မောင်း လုည်ပတ်လို့ရမှာလေ၊ သမီးက လုပ်ငန်းအမျိုးမျိုးကို ဘာမှနားမလ ရင် ဘယ်ဖြစ်မလဲ၊ ယောကျာ်းကို မှီခိုနေရမယ့် အိမ်ရှင်မဘဝမျိုး လင်ယောကျာ်းနဲ့တန်းတူ ရင်ပေါင်တန်းနိုင်တဲ့ အိမ်ရှင်မဘဝမျိုး စေချင်တယ်၊ ဒါကြောင့် မောင်သူရနဲ့ ရင်းနှီးပြီး သမီးအကဲခတ် အောင်၊ လုပ်ငန်းကျွမ်းကျင်အောင် လေ့လာဖို့ လွှတ်ထားတာလေ''

အဝင်း မသိမသာ သက်ပြင်းရှိုက်ပြီး

''ဒါတော့ ဒါပေါ့ တင်တင်ရယ်၊ ဒါပေမဲ့ မောင်သူရ တော်တဲ့သားမက်လောင်းမျိုးတွေ့ရင် တင်တင် လက်လွှတ်ခံနိုင်မလ

အဝင်း သွေးတိုးစမ်းလိုက်စဉ် ဒေါ်ခတ္တာတင် မျက်လုံးအရေ လင်းဖြာလာပြီး

''ဒါကတော့ အဝင်းရယ်''

အဝင်းသဘောတကျဖြစ်၍

''ဟင့် ဟင့် တင်တင်ရယ် အဝင်းလည်း တင်တင့်စိ

(ဗျူးစာပေ)



ပြုံးမိပါတယ်၊ ဒါကြောင့် ဒေါ်အုံးဆက်သွယ်ပေးတဲ့ တစ်ယောက် ကိုကို အကဲခတ်ကြည့်စေချင်တယ်၊ ဟိုလေ ဒေါ်အုံးပြောသေးတယ်၊ ကြိုက်စွမျိုးမှာ ဘာမှအားနာစရာမလိုဘူးတဲ့၊ ပြတ်ပြတ်သားသား ငြင်း ပြသလို လေ့လာစောင့်ကြည့်ပြီး ရွေးချယ်လို့လည်းရတယ်၊ အဓိကက ယက်ရှင် မိဘသဘောတဲ့လေ''

''အင်း''

အဝင်း အဆွယ်ကောင်းမှုကြောင့် ဒေါ်ခတ္တာတင် မျက်လုံးအစုံ င်းလက်လာပြီး

''အဲဒါဆို ကိုအောင့်ကို အသိပေးကြည့်မယ်လေ''

''အသိပေးမယ်ဆိုလည်း မြန်မြန်လေ၊ ဒီတစ်ပတ် ဆန်းဒေး ခဲ့ပါလို့ ဒေါ်အုံးကို အဝင်းချိန်းလိုက်တယ်''

''ဟာ အဝင်းကလဲ၊ အဲလို ဘာကြောင့်ချိန်းလိုက်တာလဲ၊ အောင်လက်မခံရင် ခက်မှာပေါ့ အဝင်းရယ်''

''အံမယ် တင်တင်ရယ်၊ အဝင်း မသိဘူးအောက်မေ့သလား၊ အောင်က အဝင်းဒါဆို အင်းပါဆိုတဲ့ ယောကျာ်းပါနော် ဟင့် ဟင့်''

အဝင်းပြောသမျှ ဒေါ်ခတ္တာတင် သဘောမွေ့လျက်

''ဪ ဒါကလည်း ဒါပေါ့၊ ဒါပေမဲ့ ကိုအောင်က မောင်သူရ အတော်သဘောကျနေတယ်ဆိုတော့''

''သဘောကျတာကတော့ ကျပေါ့ တင်တင်ရယ်၊ မောင်သူရက တင်တို့ရဲ့ အလုပ်သမားအဆင့်လေ၊ သမီးနဲ့ကို မျက်စိကျလို့ ပြုံးကုန်ကောင်းပြချင်တဲ့ ချိုင်ယူတာဆိုရင်ကော''

ဒေါ်ခတ္တာတင် ခပ်လေးလေး အသက်ရှူ၍

''အင်းပါလေ ကိုအောင့်ကို စည်းရုံးရမှာပဲ''

''စည်းရုံးပါ တင်တင်ရယ်၊ ဒါကြောင့် ဆန်းဒေးကို ရက်ချိန်း

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာပါ''

''အင်း အဝင်းကတော့လေ တကယ့်ကို အားတက်သရော နော်''

အဝင်း မျက်လုံးလေး တအံ့တဩပင့်၍

''ဘာဖြစ်လို့''

''သမီးရင်ထဲကို ဒီကိစ္စတွေ မရောက်စေချင်လို့ မောင်သူရ ကိုအောင်သဘောကျနေတယ်ဆိုတာကို ဒီကနေ့အထိ သမီးကို အ မပေးဘူး။ ယောကျ်ားကိစ္စကြောင့် သမီးရဲ့လုပ်ငန်းလေ့လာမှု အစီအ ကို ထိပါးမခံနိုင်လို့ပါ''

အဝင်း သက်မအသာချ၍

''တင်တင့် သဘောပါ၊ တင်တင့် မသိစေချင်ရင် အဝ အသိ မပေးပါဘူး''

''အဲဒီနေ့ ညှိသည်လာရင် သမီးမရိပ်မိနိုင်ဘူးလား''

''သာမန်ညှိသည် သဘောပေါ့ အဝင်းရယ်''

''ကောင်းပြီလေ၊ ဒေါ်အုံးကို သေချာအကြောင်းပြန်လိုက်မ အဝင်းပေးထားတဲ့ရက်ချိန်းအတိုင်း ဆန်းဒေးလာဖို့စီစဉ်ပါတော့လို့ အဲဒီ ကျရင် အဝင်းလည်း လာခဲ့နော်''

''လာရမှာပေါ့ တင်တင်ရယ်''

''ဒီအရေးမှ မလာရင် ဘယ်အရေးလာမလဲကွယ်''

''ဟုတ်ပ၊ အဝင်း၊ ဒါနဲ့ အဝင်းသားအတွက် တွေ့ပြီးပြီလ''

''အဝင်းလိုချင်တဲ့ အနေအထားလေး ပြောထားတယ်လေ သားစိတ်နဲ့လည်း လိုက်ဖက်မှုရှိမယ့် မိန်းကလေးဖြစ်ဖို့ အရေးကြီးတ မဟုတ်လား ဟင့် ဟင့်''

''အင်းပေါ့လေ''

(ဗျူးစာပေ)



အဝင်း အတတ်နိုင်ဆုံး သွယ်လိုက်စဉ် ဒေါ်ခတ္တာတင် ကျေနပ် သွားသည့်အနေအထား ရောက်ခဲ့သည်။ ထို့ကြောင့် အဝင်းကျိတ်ပြုံး လိုက်သည်။

''ဩော် အဝင်း စကားကောင်းနေတာနဲ့ ပူတင်းစားဦးလေ ရော့''

အဝင်း ပန်းကန်ထဲ ပူတင်းတွေကို ထပ်ဖြည့်ပေးသည်။ အဝင်း စိတ်အကြံအစည် အောင်မြင်မှုရသည့်အတွက် ကျိတ်ပြီးဝမ်းသာ လျက်

''စားမှာပါ တင်တင်ရယ်၊ မုန့်ဟင်းခါး ဆက်စားဦး၊ ဘယ်လို လဲ အဝင်းလက်ရာကောင်းရဲ့လား''

''ဟင့် ဟင့် ကောင်းပါတယ် အဝင်းရယ်၊ အဝင်းချက်ကျွေးတဲ့ မုန့်ဟင်းခါးထဲမှာ ဒီတစ်ကြိမ် လက်ရာအကောင်းဆုံးပဲကွယ်''

''တင်တင်ကလည်း မြှောက်နေပြန်ပြီ''

''တကယ်ပါ အဝင်းရယ်''

မုန့်ဟင်းခါးကို အားရပါးရစားရင်း ချီးကျူးနေသည့် တင်တင့်ကို ကြည်နူးစွာကြည့်ပြီး

''ဒါဆိုရင် ဆန်းဒေးမှာ ညှိသည်တွေညှိခံဖို့ မုန့်ဟင်းခါးကို အဝင်းစီမံပြီး ချက်ပေးမယ်လေ''

''သိပ်ကောင်းတာပေါ့ အဝင်းရယ်''

''ဟင့် ဟင့် ဟင့်''

ဒေါ်ခတ္တာတင်နှင့် အဝင်း သဘောကျစွာ ပြိုင်တူရယ်လိုက် ပါသည်။

''တင်တင်ရယ်၊ အဝင်းတော့ အရမ်းဝမ်းသာတာပဲကွယ်''

အဝင်း ထပ်ဆင့်ဆိုစဉ် ဒေါ်ခတ္တာတင် လှပစွာပြုံးလိုက်ပြီး

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဒီဖြစ်စဉ်က အဝင်း၏ လှော်ခတ်မှုဖြစ်စဉ်ဆိုတာ ဒေါ်တင်တင် မရိပ်မိပဲ၊ အတွက် အဝင်းကျိတ်ပြုံးပြုံးပြန်သည်။

"အဝင်း နဲ့နဲ့ အာရုံရယ် မင်းတို့စုံတွဲ ဝမ်းသာပေတော့ပေါ့"

❀ ❀ ❀



## အခန်း (၁၅)

"သိပ်ပျော်နေတယ် တင်တင်"

ဒယ်ဒီရယ်ကျဲကျဲဆိုစဉ် သူလိုက်လိုက်လှဲလှဲပြုံး၍ ဒယ်ဒီကို ပွေ့ဖက်လိုက်ပြီး

"ပျော်တာပေါ့ ဒယ်ဒီရယ်၊ ဒယ်ဒီရော သားအတွက် မပျော်ဘူးလား"

"ပျော်ပါတယ်ကွာ၊ သားပျော်ရင် ဒယ်ဒီပျော်တာပေါ့ကွ"

"ဒါပေမဲ့ သားလောက်တော့ ပျော်မယ်မထင်ဘူး"

"ဘာဖြစ်လို့"

"သားက သားချစ်သူနဲ့ နီးရမယ်ဆိုလို့လေ"

ဒယ်ဒီ အားကျမခံပြုံး၍



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီလည်း ချွေးမတော်ရတာ ပျော်တာပေါ့ကွ"

"မတူဘူးလေ"

"တူတာပေါ့ သားရယ်"

"မတူဘူး ဒယ်ဒီရယ်"

"သားက အရစ်ပဲ"

"ရစ်တာမဟုတ်ဘူး၊ ဒီအချိန်မှာ ဒယ်ဒီနဲ့သား ပျော်ပုံချင်း မတူဘူး"

"ဖြစ်ရပြန်ပြီ"

"ဟုတ်တယ်၊ သားလိုပျော်ချင်ရင် ဒယ်ဒီလည်း သားလိုချစ်သူ ရှာပေါ့ဗျ"

"ဟာကွာ ဒီကောင်လေး"

ဒယ်ဒီမျက်နှာ ရှက်ရည်ဆွတ်ဖြန်းသွား၍ သူ့နဖူးကို ချစ်စနိုး လှမ်းထုသည်။

"ဒီကောင်လေး မလုပ်နဲ့၊ ဒယ်ဒီကို သားမချုပ်ခြယ်ချင်ဘူး၊ ဒယ်ဒီချစ်တဲ့သူကို လွတ်လွတ်လပ်လပ် ရှာနိုင်တယ်လို့ ပြောထားပြီး သား ဟဲ ဟဲ ဟဲ"

"တော်ကွာ၊ သားချစ်သူနဲ့ ပျော်ရွှင်ရင် ဒယ်ဒီဘဝပြည့်စုံပြီ၊ ဒယ်ဒီအတွက် မလိုအပ်ဘူးကွာ"

သူ မျက်ခုံးကြွကြွလေး ပင့်ကြည့်၍

"ဘာလဲ ဒယ်ဒီရှက်လို့လား"

"ကဲ သား၊ မောင်လှျာရှည်ပြုံခပ်မြန်မြန်ပြင်ဆင်ကွာ၊ တော်ကြာ နောက်ကျလို့ သားယောက္ခမကျွန်းကြီး မျက်နှာတော်သုန်မှုန်နေလိမ့်မယ်"

"ကျော်ကျော်ရေ"

(ဗျူးစာပေ)



"ဗျာ"

"မင်းတို့ကောင်ကို ကြည့်ထိန်းစမ်းကွာ၊ ဒီမှာ ပြင်ဆင်လို့မရ ူး"

ဒယ်ဒီအော်သံကြောင့် ကျော်ကျော် ဘဝင်မကျစွာရောက်လာပြီး မှန်ကြည့်ပြီး ခေါင်းဖြီးလို့မရအောင် မှန်ရှေ့ကို သူပိတ်ရပ်နေ ာကြောင့် ဒယ်ဒီလှမ်းအော်လိုက်သည်။

"အာရုံ မင်းကွာ၊ လာစမ်းပါ အဝတ်လဲမယ်ကွ"

ကျော်ကျော် သူ့ကို ဒယ်ဒီအခန်းထဲက ဆွဲထုတ်စဉ် သူသဘော ျစွာရယ်လျက်

"ဒယ်ဒီကိုလည်း သတို့သားလောင်းဖြစ်စေချင်လို့ပါ"

ဒယ်ဒီရှက်လျက် လက်သီးထောင်ပြလိုက်သည်။

"မင်းကွာ ကိုယ့်အဖေကို ဒီလိုပဲ နောက်ရသလား"

သူ့အခန်းထဲရောက်တော့ မင်းမင်း ဘဝင်မကျဆို၏။

"ဒယ်ဒီကို ချစ်လို့ပါကွာ"

"မင်း ဒယ်ဒီ အနေ့ရခက်အောင် မနောက်စမ်းနဲ့"

"ကဲ သတို့သားလောင်း၊ သိပ်အပျော်မလွန်နဲ့၊ ရော့အဝတ်လဲ"

သူ့အတွက် တိုက်ပုံနှင့် ပုဆိုးကို ဦးမောင်ထုတ်ပေးသည်။ ူငယ်ချင်းတွေ အသီးသီးအဝတ်လဲစဉ် သူလဲလိုက်သည်။ တိုက်ပုံ၊ ုဆိုးနှင့်ဆိုတော့ သူ့အသွင်က သန့်ပြန့်ပြီး သတို့သားချောင်းလို့ ကျက် ဒရုံရှိလှသည်။ ဖြူမောင်တို့နှစ်ကောင်ကို ဝတ်စုံသစ် ဆင်တူဝတ်ပေး ်သည်။ အနီရောင်အကျႌ အနီရောင်လည်ပတ်နှင့် ဖြူမောင်တို့စုံတွဲက ျောင်တိုင်း လှနေသည်။

"ဖြူမောင်တို့ကို ခေါ်သွားမလို့လား"

"ခေါ်သွားရမှာပေါ့ ဦးမောင်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မလား"

သူခေါင်းဖြီးပြီး

"ဘာလို့ မဖြစ်ရမှာလဲ"

"မင်းကွာ ကျောက်ကောင်းစိန်ကောင်းရွေးတဲ့နေရာမှာ ခွေးချေး ပုံရော်မထည့်စမ်းပါနဲ့ကွာ"

"ဟာ ပြောရက်လိုက်တာ ဦးမောင်ရာ"

ဖြူမောင်တို့ကို မြတ်နိုးစွာပွေ့ဖက်ရင်း သူခပ်တင်းတင်း ဆို လိုက်သည်။ ကျော်ကျော်တို့ မျက်နှာပေးသုန်မှုန်လျက်

"ဟုတ်တယ် အာရုံ မင်းယောက္ခမက သိပ်ကြည်တာ မဟုတ် ဘူး။ အနိတိဖင်း အသွယ်ကောင်းလို့ရတာ၊ ဒါတောင် မင်းမှန်းသိတာ မဟုတ်ဘူး။ ဒေါ်အုံးအကန့်ထဲက သတို့သားလောင်းလို့ သိထားတာ"

"ဟုတ်တယ်၊ မင်းကို သာမန်ညှော်သည်သဘော လက်ခံတွေ့ မှာလေ၊ နဂိုကတည်းက မင်းဖွေးနှစ်ကောင်ကို မကြည်တာ၊ အနိတိဝင်၊ အိမ်မှာတွေ့ကတည်းက မသကာတာတွေပေါင်းပြီး ပြစ်မျက်ရှာနေရင် မခက်ဘူးလား"

"ကိုယ်တို့က အကောင်းဆုံးဖြစ်အောင် အကြံပေးတာ၊ ဖြူ မောင်တို့ကို ထားခဲ့ပါကွာ"

မင်းမင်းဆိုစဉ် ဖြူမောင်တို့ ဘဝင်မကျလျက် သူ့အပါးမှ ထွက်ခဲ့သည်။ ထိုအခါ သူ့ရင်မှာ ဝမ်းနည်းလျက်

"သနားပါတယ်ကွာ၊ နွံ့နဲ့ဆုံရတာ ဖြူမောင်တို့ကြောင့်၊ ခုလို မင်္ဂလာရှိတဲ့အချိန်မှာ ဖြူမောင်တို့လည်း ပျော်ချင်တာပေါ့၊ လာ ဖြူ မောင်"

သူခေါ်စဉ် ဖြူမောင်လှည့်မကြည့်တော့။ သူ့ကို စိတ်ဆိုးသည် ဖြူမောင့်အမူအရာဖြစ်တာကြောင့် သူလျစ်လျူမရှုရက်တော့။ ဖြူမော

(ဗျူးစာပေ)



...ကို အတင်းပွေ့ပိုက်ချော့မြူရသည်။

"လာပါကွာ၊ စိတ်မဆိုးဘူး။ ကိုယ်ခေါ်သွားမှာပါ၊ ဖြူမ စိတ် ...ကောက်ရဘူးလို့ ဖြူမောင့်ကို ချော့လိုက်စမ်းပါ"

"ဝုတ် ဝုတ်"

သူ့ဘက်တော်သားဖြူမချော့စဉ် ဖြူမောင် ဒေါသထွက်သယောင် ...ျသည်။ ထိုအခါ ဖြူမ စိတ်ဆိုးသယောင် ကျောခိုင်းလိုက်တော့ ...ဖြူမောင် လိုက်၍ချော့ပြန်သည်။ ဖြူမက ချော့လေ စိတ်ဆိုးယောင် ...ဆောင်လေ။ ဖြူမောင်က နှုတ်ခမ်းပါးလေးက တို့ထိနမ်းရှိုက်လိုက်၊ ...ခက်ကလေးများနှင့် အကြင်နာပွတ်သပ်လိုက်နှင့် အတန်ကြာမှ ဖြူမ ...တ်ဆိုးပြယ်လာသည်။ ပြန်ချစ်သွားသည့် ဖြူမောင်နှင့် ဖြူမတို့ကို ...အတိုင်းမသိ မြတ်နိုးစွာပွေ့ဖက်မိသည်။ နွံ့ရနံ့လေးများ စွဲငြိနေသည့် ...ဖြူမတို့ ဦးခေါင်းနှစ်လုံးကို သူကြည်နူးစွာနမ်းရှုပ်ပြီး

"ခေါ်သွားမှာပါကွာ၊ ခေါ်သွားရမှာပေါ့၊ မင်းတို့ကိုခေါ်မသွားရင် ...ယ်ကောင့်ကို ခေါ်သွားရမလဲ"

"ပြောမရရင်လည်း ခေါ်သွား"

ဦးမောင် စိတ်အချဉ်ပေါက်စွာဆိုသည်။ သူအပြုံးမပျက်။ ဦးမောင် ...ပြင်ကတ်အောင် ဖြူမောင်တို့ကို ချော့မြူနေမိသည်။ ထိုစဉ် တယ်လီဖုန်း ...ည်လာသည်။ ဖုန်းနှင့်နီးသည့် မင်းမင်း ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ဩော် မူမူ ပြော"

"ရှိတယ် အာရုံနဲ့ပြောမလို့"

"ခဏနေဦး"

မင်းမင်း ဖုန်းခွက်လှမ်းပေး၍

"မူမူ ဆက်တာ၊ မင်းနဲ့ ပြောမလို့"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သူဖုန်းခွက်လှမ်းယူပြီး

"မူမူ ကိုယ်ပါ"

"နွဲ့ ရောက်နေလို့"

"ဟင် နွဲ့"

"ဟုတ်တယ် နွဲ့နဲ့ပြောဦး"

"မောင်"

နွဲ့အသံကြောင့် သူနှလုံးသား ဆတ်ခနဲ လှုပ်ခါသွားသည်။

"နွဲ့"

"ဟုတ်တယ် မောင်"

"နွဲ့ မူမူဆီ ရောက်နေတာလား"

"ဘာဖြစ်လို့"

"မာမီပေါ့"

"အိမ်ကို ဧည့်သည်လာမယ်တဲ့၊ နွဲ့တို့ရှိရင် ရှုပ်နေမှာဝဲ့၊ အဲဒါနဲ့ မူမူတို့ဆီ သွားနေပါတဲ့လေ"

"နွဲ့ရယ် နွဲ့တို့ဆီလာမယ့်ဧည့်သည်က တခြားမဟုတ်ဘူး။ မောင်တို့လေ"

"ဘာ မောင်တို့"

"ဟုတ်တယ်"

"နွဲ့ ဘာမှ မသိရပါလား"

နွဲ့အသံလေး အံ့သြလိုက်ခါလျက်

"အနိတိဝင်း ပြောမထားဘူးလား"

"ဟင့်အင်း"

သူ သက်မချ၍

"ဒီလိုနွဲ့ရဲ့၊ အနိတိဝင်းကို မောင်တို့စည်းရုံးလို့ မောင့်ကိုတွေ့

(ဗျူးစာပေ)



ကဲ့ခံတာ"

"ဒယ်ဒီတို့ လူကြီးတွေလည်း ပါတယ်"

"ဟုတ်လား မောင်"

"မာမီ နွဲ့ကို ဘာလို့အသိမပေးတာလဲ၊ အသိမပေးရုံမက ရှောင်နိုင်းတာ ဘာဖြစ်လို့လဲမသိဘူး မောင်ရယ်"

"လူကြီးချင်း လွတ်လွတ်လပ်လပ် ဆွေးနွေးချင်လို့ထင်တယ်"

"နွဲ့ စိုးရိမ်လိုက်တာ မောင်ရယ်"

"စိုးရိမ်မနေပါနဲ့ နွဲ့၊ မောင့်ဒယ်ဒီ အစစအရာရာ လိုက်လျော ပါ"

"ဘာပဲဖြစ်ဖြစ် နွဲ့ရှိနေချင်တာပေါ့ မောင်ရယ်၊ ဖြစ်စဉ်တွေကို ပွင့်ချင်တာပေါ့လို့"

"နွဲ့ရယ် မောင်ပြောပြမှာပါ၊ လောလောဆယ် မူမူတို့နှင့် ပျော်ပျော်နေပါလေ၊ နော် နွဲ့"

"နွဲ့"

"နွဲ့ရယ်"

"ဘာဖြစ်လို့လဲ၊ မောင့်ကို တစ်ခုခုပြောဦးကွာ"

"မောင်နဲ့ မဝေးချင်ဘူး"

သူ့ရင်မှာ လှိုက်ခနဲ ကြည်နူးသွားသည်။

"ဒါကြောင့် မောင်ကြိုးစားတာပေါ့၊ အိုကေမယ်ထင်တယ်၊ ကရင် မောင်နဲ့နွဲ့ လွတ်လွတ်လပ်လပ်နေနိုင်အောင် ဒယ်ဒီက မောင့်ဖို့ တိုက်တစ်လုံးအသင့်ဝယ်ပြီးသား"

"မောင့် ဒယ်ဒီက"

"ဟုတ်တယ်"

"မောင့်မှာ ချစ်သူရှိတယ်လို့ အသိပေးလိုက်ကတည်းက ဒယ်ဒီ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ထားတာလေ”

“မောင့်ဒယ်ဒီ သိပ်ပြီးအလိုက်သိတာပဲ”

“မောင့်ကို ချစ်တာကိုး”

“ဝုတ် ဝုတ်”

သူနဲ့နွဲ့ အတန်ကြာစကားပြောနေသည်ကို ဖြူမောင်နော
ပြောင်သည့်သဘောနှင့် အသံပြုလိုက်သည်။

“မောင်တို့သွားရင် ဖြူမောင်တို့ကို နွဲ့ဆီပို့ပေးပါလား”

“ဝုတ် ဝုတ်”

ဖြူမက ဖုန်းခွက်နားကပ်၍ အသံပြုပြန်သည်။

“နွဲ့ဆီ သွားဖို့လား”

“ဝုတ် ဝုတ်”

နှစ်ကောင်သား ပြိုင်တူအသံပြုသည်။ သူပြုံးလိုက်သည်။ နွဲ့ရှ
ခမ်းလွှာလေး စုချွန်လျက်

“မောင်တို့မသွားခင် ဖြူမောင်တို့ကို ပို့ပေးနော်”

“အင်းပါ ဖြူမောင်တို့လည်း နွဲ့ဆီလာချင်နေတယ်လေ၊ ခုချ
ချင်း ဒရိုင်ဘာလွှတ်ပြီး ပို့ခိုင်းလိုက်မယ်”

“အင်းပါ၊ မောင့်ကိုယ်စား ဖြူမောင်တို့ကိုပဲ ချစ်ရတော့မယ်”

“မရဘူးနော်၊ မောင့်အတွက်လည်း အချစ်တွေချန်ထားဦး”

“ချန်ဘူး”

“နွဲ့နော်”

“ဘာလဲ”

“ဖုန်းလိုင်းထဲက ဖြစ်နေလို့ပေါ့”

“အောင်မယ် မောင်က ယောက္ခမရှေ့တောင် မရောက်သေးဘူး၊
နွဲ့ကို လေသံမာနဲ့ ဆက်ဆံတာပေါ့လေ”

(ဗျူးစာပေ)



“ချစ်လို့ပါ နွဲ့ရယ်”

“မောင်တော့ နွဲ့မာမိနဲ့ရင်ဆိုင်ရမှာ နည်းနည်းလန့်နေတယ်”

“ဒါနဲ့မောင်”

“ပြောလေ နွဲ့”

“ဟိုလေ၊ မာမီဘဝင်မကျဖြစ်အောင် မပြုမူနဲ့နော်”

“အင်းပါ အချစ်ရယ်”

“သွား”

“သွားမှာပါ၊ ယောက္ခမဆီကို”

နွဲ့ မျက်စောင်းထိုးလိုက်သည်။

“မောင် နော်”

“မဟုတ်လို့လား”

“ဟုတ်ပါတယ်”

“ဒီလိုမှပေါ့ ဖနီးလောင်းရယ်”

“မောင်ဟာလေ”

“ဘာလဲ ချစ်ဖို့ကောင်းတယ်လို့ ပြောဖို့မဟုတ်လား”

“တော်ပါတော့”

“အဲဒါဆို ဖြူမောင်တို့ကို ပို့လိုက်မယ်”

“အင်း”

“အပြန်ကျရင် နွဲ့ဆီ မောင်ဝင်လာမယ်လေ”

“အင်း”

“မောင် မရောက်မချင်း နွဲ့မပြန်နဲ့နော်”

“အင်းပါ”

“မောင်လာမှ ဖြူမောင်တို့ကို မောင့်လက်ထဲအပ်ပြီး မာမီဆီ
[illegible]”

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ အချစ်ဆုံး"

"ဒါပဲနော် မောင်"

"အင်း"

နွဲ့ဖုန်းချသွားစဉ် သူကြည်နူးစွာ ဖုန်းခွက်ချလိုက်သည်။

"နွဲ့မာမီသဘောထားက ဖတ်ရခက်တဲ့ ကျမ်းစာနဲ့ တူတယ်။ ထင်တယ်"

ဦးမောင် မှတ်ချက်ပေးစဉ် သူမျက်ခုံးအသာပင့်ပြီး

"ဘာပဲဖြစ်ဖြစ်ကွာ၊ နွဲ့မာမီရဲ့ကျမ်းစာကို ဒယ်ဒီနားလည်မှာ။ ဒယ်ဒီလည်း လူကြီးပဲ၊ ပြီးတော့ ဒယ်ဒီဘက်က စကားပြောအရှ။ အသွေးကောင်းတဲ့ အန်ကယ်စိုးတို့အုပ်စုပါမှာလေ"

"ကဲ ဖြူမောင်တို့ လာခဲ့၊ နွဲ့ဆီသွားမယ်၊ ဒရိုင်ဘာနဲ့ လိုက်သွားနော်"

ဖြူမောင်တို့ ခေါင်းညိတ်စဉ် မင်းမင်းက ဖြူမောင်တို့ ခေါ်ထုတ်သွားသည်။

"ဟော့ မပြီးသေးဘူးလား၊ သားအန်ကယ်စိုးတို့တောင် ရောက်နေပြီ"

ဒယ်ဒီဝင်၍ဆိုစဉ် သူပုဆိုးကို သပ်သပ်ရပ်ရပ်ဝတ်လိုက်ပြီ၊

"ပြီးပါပြီ ဒယ်ဒီ"

"ပြီးပြီဆို ထွက်တော့လေကွာ၊ ကျော်ကျော်တို့ကော အသင့်ဖြစ်ပြီလား"

"Ready ပဲ အန်ကယ်"

"ဟုတ်ကဲ့ ဒယ်ဒီ"

အတိုင်းမသိပျော်မြူးနေသည့်သူ့ကို ဒယ်ဒီ ချစ်စနိုးလှမ်းကြည့်လိုက်သည်။

(ဗျူးစာပေ)



"ဒယ်ဒီကလည်း သားအလုပျက်သွားဦးမယ်"

"အဖြစ်သည်းမနေစမ်းနဲ့ကွာ၊ မြန်မြန်ထွက်ခဲ့ကြ"

သပ်သပ်ရပ်ရပ်နှင့် ခန့်ထည်ချောမောလှပသည့် ဒယ်ဒီထွက်လာသည့်မျက်ဝန်းအစုံ လင်းလက်သွားသည်။ သူ့ရင်သည် အတိုင်းမသိကြူးမြူးတူးနေ၏။ ထိုမြူးတူးမှုသည် နေရောင်ခြည်နှင့်တွေ့သည့်နှင်းပွင့်တွေလို ပျောက်ဆုံးရမှာလို့ လုံးဝသတိမှတ်မထားခဲ့။

❀❀❀

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"လာပါ ဒေါ်အုံး"

ဒေါ်အုံးကို ဒေါ်ခတ္တာတင် ဆီးကြိုလိုက်သည်။

"အဝင်းရော မရောက်သေးဘူးလား"

"ရောက်နေပါပြီ ဒေါ်အုံးရယ်၊ ဒီပွဲက နောက်ကျလို့ မသ[illegible] ဘူးလေ"

အခန်းထဲက ထွက်လာသည့်အဝင်းက ဦးစွာဆိုလိုက်သည်။

"ကဲပါ ဒေါ်အုံး၊ သတို့သားရှင်ဘက်က မရောက်သေးဘူးလား"

"အခုပဲ လာပါတော့မယ်၊ ဒေါ်အုံးက တမင်ရှေ့ပြေးလာ[illegible] တာ၊ တင်တင်နဲ့ ဦးအောင် သိပ်ကံကောင်းပါတယ်"

ဧည့်ခန်းထဲလှမ်းဝင်လာသည့် ဦးအောင်ကို ဒေါ်အုံး လှလှ[illegible]





[illegible]လိုက်သည်။ ဦးအောင်တို့ လင်မယား မျက်နှာအပြုံးပန်းတွေဝေလျက်

"ကံကောင်းတယ်လို့တော့ ဘယ်ဟုတ်မလဲ ဒေါ်အုံးရယ်၊ [illegible]ညို့ရဲ့ အကဲခတ်ရုံလေးပါ"

ဒေါ်အုံး လှိုက်လှိုက်မြူးမြူးပြုံး၍

"တင်တင် သမီးချောမွေးထားလို့ ဈေးတင်ချင်တယ်ဖြစ်မယ်"

"တင်တင်တို့က သမီးကို ရောင်းကုန်လို့သဘောမထားပါဘူး [illegible]ါ်အုံးရယ်"

"ဒေါ်အုံး နားလည်ပါတယ်၊ ဒါကြောင့် စပ်ဟပ်ပေးချင်ခဲ့တာ၊ [illegible]ဟာဒီက အဝင်းက ကြားဝင်ပေးတာနဲ့ ခုလိုအခြေအနေရောက်လာ [illegible]တာ၊ ဝမ်းသာပါတယ် တင်တင်ရယ်၊ တစ်ဖက်က သားရှင်လည်း [illegible]င်တင့်သမီးလေးကို အစွမ်းကုန်သဘောကျတယ်လေ၊ တင်တင်တို့ [illegible]ချင်တဲ့အတိုင်း လိုက်လျောပေးမယ်လို့ ဒေါ်အုံးကို အကြိမ်ကြိမ်နားပူ [illegible]းဆာလာလုပ်နေတာ"

ဒေါ်အုံး အားတက်သရောဆိုစဉ် ဒေါ်ခတ္တာတင် ဝင့်ဝင့်ထည် [illegible]ည်ပြုံး၍

"ဟင့် ဒေါ်အုံးကတော့ အပြောကောင်းလွန်းတယ်"

"တင်တင်ရယ် ဒီလူနဲ့ဒီလူ မြှောက်နေဖို့ မလိုပါဘူး"

"ဟော တင်တင်၊ ကားနှစ်စီး ဝင်လာနေတယ်"

ဦးအောင် ခြံထဲလှမ်းကြည့်လိုက်စဉ် ဇိမ်ခံကားနှစ်စီး ဝင်လာ [illegible]ာတွေ့လိုက်ရသည်။ ထိုအခါ ဖနီးသည်ကို သတင်းပေးလိုက်သည်။ [illegible]နီးသည်က ကျခြွေရရ ဧည့်ခန်းဝ ထွက်ကြိုသည်။ အဝင်းနှင့် ဒေါ်အုံးပါ [illegible]က်ကြိုသည်။ ရှေ့ကားပေါ်မှ စုံတွဲနှစ်တွဲနှင့် လူသန့်လူချော အမျိုး [illegible]ားကြီးတစ်ဦး ဆင်းလာသည်။

"လာ လာ လာကြပါ၊ ဒေါ်အုံးတို့ ကြိုရောက်နှင့်နေကြ[illegible]ပါ၊



www.burmeseclassic.com

www.burmeseclassic.com



လာပါ''

အဝင်းနှင့် ဒေါ်အုံး ပျာပျာသလဲကြိုကြသည်။

''လာ ထိုင်ကြပါ''

တင်တင် အလိုက်သင့်ကြိုလိုက်သည်။ လူလွတ်အမျိုးသားကို တင်တင်စူးစိုက်ကြည့်၍ အကဲခတ်လိုက်သည်။ တစ်ဦးက ရှေ့နေလိုလို ဘာလိုလို။ နောက်တစ်ဦးက ပိုးပုဆိုးအပြာ၊ ရှပ်လက်ရှည်အဖြူ တိုက်ပုံ အပြာလွင်လွင်နှင့် စင်ကြယ်တောက်ပြောင်လျက် နုပျိုချောလှသူ။

''ဒီလူကို ရင်းရင်းနှီးနှီး မြင်ဖူးပါတယ်၊ မြင်ဖူးရုံမက အို''

တင်တင့်ရင်မှာ ခံပြင်းလှိုင်းကလေး လှုပ်ခတ်သွားသည်။ ထိုလှိုင်းကလေးကို ဖုံးဖိမြိုသိပ်လိုက်သည်။

နောက်ကားမှ လူငယ်ငါးဦးဆင်းလာသည်။ တစ်ဦးက အဝင်၊ သားနှင့် ကျန်လေးယောက်က အဝင်းအိမ်မှာတွေ့ခဲ့တဲ့ လူရွယ်လေးဦး။ ဒေါ်တင်တင် မျက်နှာတွန့်ကြုတ်ကြည့်လိုက်သည်။

''လာ ထိုင်လေ၊ တင်တင် လာထိုင်လေ''

အဝင်းဆိုစဉ် တင်တင် ဣန္ဒြေမပျက် ထိုင်လိုက်သည်။

''ဒါက ဦးမြင့်မြတ်''

ဦးမြင့်မြတ်နှင့် ဒေါ်ခတ္တာတင် အကြည့်ချင်းဆုံသွားစဉ် ဦးမြင့်မြတ်၏မျက်ဝန်း အံ့သြလိုက်တုန်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင် ကြုံ့ကြုံတတ်ပလေ။

''ဦးမြင့်မြတ်သားက ဟောဒီက လင်းအာရုံပါ''

ဒေါ်အုံး မိတ်ဆက်ပေးစဉ် သူခေါင်းညိတ်လိုက်သည်။ ဒေါ်ခတ္တာတင် ခပ်တည်တည်နှင့် အသိအမှတ်ပြုလိုက်သည်။

''ဒါက သမီးခွဲ့ရဲ့ဒယ်ဒီ ဦးအောင်ကို၊ မီခင် ဒေါ်ခတ္တာတင်ပါ''

''ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်''

(ဗျူးစာပေ)



ဦးအောင်ကို လှိုက်လှိုက်လှဲလှဲ ဆိုလိုက်သည်။

''ဒါက ဦးမြင့်မြတ်ရဲ့ မန်နေဂျာ ကိုဆင့်နဲ့ ဇနီးဝေဝေကျော်၊ ါက အကျိုးဆောင် ဦးစိုးနိုင်နဲ့ ဇနီး ခင်နှင်းစုပါ''

ဒေါ်အုံးက ဝါရင့်အောင်သွယ်ပီပီ မိတ်ဆက်ပေးလိုက်သည်။

''လင်းအာရုံတို့ သူငယ်ချင်းအားလုံးက အဝင်းသားသူငယ်ချင်း တွေပဲလေ ဟင့် ဟင့်''

အဝင်း ထပ်ဆင့်ဆိုလိုက်သည်။ အားလုံးမျက်နှာပေါ် ကြည်နူး ပြုံးနှင့် လှိုက်လှိုက်လှဲလှဲဖြစ်နေသည်။ ဒေါ်ခတ္တာတင် ဟန်ဆောင်သည့် ပြုံးလေးနှင့်

''အားလုံးကိုတွေ့ရတာ ဝမ်းသာပါတယ်၊ အခုလိုတွေ့ဆုံရတာ ဂလာပါပဲ''

''မင်္ဂလာပေါ့ဗျာ၊ မင်္ဂလာအချိန်မှာ မင်္ဂလာစကားပြောရတာ ပြုံးမင်္ဂလာရှိတယ်မဟုတ်လား ဒေါ်အုံး''

''ဟုတ်ပါတယ် ဦးစိုးရယ်''

ဦးစိုးနှင့် ဒေါ်အုံး အတိုင်အဖောက်ညီညီ စကားဆိုစဉ် ဒေါ် တ္တာတင်ပြုံးလျက်

''ဟုတ်ပါတယ်လေ''

ဦးမြင့်မြတ် အကောင်းဆုံးကို မျှော်လင့်လျက်

''ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးတာပေါ့ဗျာ''

''ကျွန်တော်က သားရှင်ဆိုတော့ သားဆန္ဒရှိတဲ့အတိုင်း လုပ်ပေး စဉ်ပြီးသားပါ။ ဒေါ်အုံးတို့ သမီးရှင်ဘက်က ဘယ်လိုစီစဉ်ချင်ပါသလဲ၊ ားပနာပါနဲ့၊ ပြောပါ''

ဦးမြင့်မြတ် အတတ်နိုင်ဆုံး လိုက်လျောရန် ဆုံးဖြတ်ထား သည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ကဲ တင်တင်နဲ့ ဦးအောင် ပြောလေ"

"ဒေါ်အုံးတို့က တွေ့ဆုံပေးပြီး ခမည်းခမက်ဖြစ်မယ်သူချင်း၊ အားမနာတမ်း ပြောပါ"

"အင်း ဒီလိုရှိပါတယ်"

ဦးအောင်ကို စကားဆိုစဉ်၊ ဒေါ်ခတ္တာတင် လက်ဟန်ပြ၍

"နေဦး ကိုအောင်၊ တင်တင်ပြောမယ်"

တစ်ခုခုပြောချင်တဲ့ ဦးအောင် နှုတ်ဆိတ်၍ ဇနီးသည်ကို အခွင့်အရေးပေးလိုက်သည်။

"ကဲ တင်တင် ပြောပါကွာ၊ အားမနာနဲ့နော်"

အဝင်းက လေပြေလေးနှင့် တွန်းအားပေးသည်။ ဒေါ်ခတ္တာတင် မျက်ဝန်းစိမ်းမှောင် ဦးမြင့်မြတ်ဆီ လွင့်ကျသွားပြီး

"ဟုတ်ကဲ့၊ သားသမီးရေးမှာ တင်တင် အားမနာတတ်ဘူး၊ ခုရှင်းမှာ နောင်ရှင်းမှာဖြစ်တယ်လေ၊ ဒါကြောင့် ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောပါမယ်"

"ပြောပါ ဒေါ်ခတ္တာတင်"

ဦးမြင့်မြတ် လိုက်လိုက်လျောလျော ဆိုလိုက်သည်။ ဒေါ်ခတ္တာတင်မျက်ဝန်း သူ့ထံရပ်တန့်သွားပြီး

"ဒီလိုပါဗျာ သမီးကိုမေတ္တာရှိနေတာ မောင်လင်းအာရုံလား"

"ဟုတ်ပါတယ်"

"ခုလို လူကြီးစုံရာနဲ့လာတာက ဒေါ်ခတ္တာတင်တို့ ခွင့်ပြုရင် သူတို့လူငယ်ချင်းကို နေရာချထားပေးချင်ပါတယ်"

ဒယ်ဒီ တည်တည်ငြိမ်ငြိမ်ဆိုစဉ် တင်တင်မျက်နှာပြင်မှာ လျှို့ဝှက်အပြုံးလေး ပေါ်ကြွလာသည်။

"ဒါဆိုရင် လင်းအာရုံက သားမက်လောင်းပေါ့"





"ဟုတ်ပါတယ်"

ဒေါ်အုံးတို့ အားတက်သရော ဦးခေါင်းညိတ်စဉ် ဒေါ်ခတ္တာတင် ...တ်ခနဲ မတ်တပ်ရပ်၍

"လောလောဆယ်မှာ တင်တင် သားမက်မလိုချင်သေးဘူး"

"ရှင်"

"ဗျာ"

သူတို့အားလုံး အံ့ဩထိတ်ပျာသွားသည်။ ဒေါ်ခတ္တာတင်ကို ...ျက်ဝန်းရူးရူးလေးတွေနဲ့ စိုက်ကြည့်ကြသည်။ သူ့ရင်မှာ လှိုက်တုန်တုန် ...ုံစ်နေသည်။

"အန့်တီ ကျွန်တော့်ကို ငြင်းတာလား"

"ဟုတ်တယ်"

သူတစ်ကိုယ်လုံး နောက်လန်ကျမတတ်ဖြစ်သွားပြီး

"ကျွန်တော်တို့ချစ်သူဘဝကို နားလည်ပေးပါဗျာ၊ ဒယ်ဒီကြည့် ...ပြောပါဦး'

"အန်ကယ် ကျွန်တော့်ကို မငြင်းလိုက်ပါနဲ့နော်"

သူစိုးရိမ်ထိတ်ပျာလျက် တရစပ်တောင်းဆိုမိ၏။

"ဪ ဒီလို ဒီလိုရှိပါတယ် တင်တင်ရယ်"

အဝင်း ကြားဝင်းဖျောင်းဖျစဉ် ဒေါ်ခတ္တာတင် မျက်နှာပေးခါ ...ျက်။ ဒေါ်ခတ္တာတင်မျက်နှာကို ဒယ်ဒီငဲ့ညှာစွာကြည့်၍

"လောလောဆယ်ခွင့်မပြုရင်လည်း ရပါတယ်၊ အချိန်ဘယ် ...လောက်ယူချင်သလဲယူပါ"

"ဟုတ်ပါတယ်၊ ဦးမြင့်မြတ်ပြောသလို ကောင်းပါတယ်၊ အချိန် ...ူပါ၊ လူငယ်ချင်းနီးစပ်အောင် ဂုဏ်သိက္ခာရှိရှိ ကြောင်းလမ်းထားချင် ...ယ်ဆိုလည်း ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဆင့်ဖနီးမောင်နှံ ထပ်ဆင့်တောင်းဆိုသည်။

"ဟုတ်ပါတယ်၊ လူငယ်ချင်း လူကြီးချင်း ရင်းနှီးမှုရရင် ကျေနပ်ပါပြီ ဦးအောင်ကို"

"ကျွန်တော်က ဦးအောင်ကိုဘက်ကို ဖိအားပေးပြီး မတောင်း ဆိုပါဘူး"

ဒယ်ဒီ လေပြေလေးနှင့် ထပ်ဆင့်ဆိုစဉ် အန်ကယ်အောင် နားလည်သဘောင်ရှိလာသည်။ ဖနီးသည်ကို မော့ကြည့်၍

"ဟုတ်တယ် တင်တင်၊ သမီးသဘောလည်း မေးကြည့်ဖို့လို တယ်လေ"

"မေးစရာမလိုဘူး ကိုအောင်"

ဒေါ်ခတ္တာတင် တင်းတင်းမာမာဆိုလိုက်စဉ် သူတို့မျက်နှာ အညိုရောင်ရင့်သွားသည်။

"ဘာဖြစ်လို့"

"လင်းအာရုံကို သားမက်လောင်းအဖြစ် မလေ့လာချင်လို့"

"ဟင် ကျွန်တော့်မှာ ဘာပြစ်ချက်ရှိလို့လဲ အန်တီ"

ဒေါ်ခတ္တာတင် ရင်ကော့လိုက်ပြီး

"အန်တီသားမက်လောင်းဟာ အလုပ်မဲ့အကိုင်မဲ့ လူလေတစ် ယောက်မဖြစ်သင့်ဘူး"

သူ့ကို ပယ်ပယ်နယ်နယ်ဖိခွပ်လိုက်စဉ် သူစိတ်ဓာတ်ကျလျက် ဒယ်ဒီကို အားကိုးတကြီး လှမ်းကြည့်လိုက်သည်။ ဦးမြင့်မြတ် မျက်နှာ ချိုသွေး၍

"ကျွန်တော့်သား ငယ်သေးလို့ပါ၊ ကျွန်တော့်မှာ လုပ်ငန်း အများကြီးရှိတယ်၊ ဘယ်လုပ်ငန်းမဆို ဦးစီးနိုင်တဲ့အရည်အချင်း သားမှာ ရှိတယ်"

(ဗျူးစာပေ)



"ဟုတ်ပါတယ် ဒေါ်တင်တင်၊ လင်းအာရုံက တစ်ဦးတည်းသော ားပါ၊ ဦးမြင့်မြတ်က ချစ်လွန်းလို့ ဘာမှမခိုင်းဘဲနဲ့ လွတ်လွတ်လပ်လပ် နေစေတာပါ"

"ဒေါ်တင်တင်က အလုပ်တစ်ခုလုပ်စေချင်ရင် ဦးမြင့်မြတ်က ားလုပ်ချင်တဲ့ လုပ်ငန်းကို လွှဲပေးဖို့ စီစဉ်ထားပြီးသားပါ"

ဦးစိုးနှင့် ဦးဆင့်ထောက်ခံစဉ် အန်တီမျက်နှာက အရောင် ပြောင်းမသွား။

"တင်တင်ရယ် စဉ်းစားပါကွယ်၊ နောက်ပြီး အာရုံနဲ့ နွဲ့က ပီးရည်းစားဖြစ်နေတဲ့ ချစ်သူတွေ"

ဒေါ်အုံးနှင့် အဝင်း တစ်ခွန်းစီဆိုစဉ် တင်တင်မျက်နှာပေး တ်ခနဲ တင်းမာသွားပြီး

"တင့်တင် မယုံဘူး"

"ယုံပါ အန်တီရယ်"

"ဘာ"

သူဆိုစဉ် အန်တီ မယုံနိုင်လောက်အောင် ထိတ်ထိတ်ပျာပျာ ျမ်လျက်

"ကိုအောင် သမီးကို ချက်ချင်းခေါ်စမ်း"

ဒေါ်ခတ္တာတင် ဆိုစဉ် ဦးအောင်ဖုန်းဆက်၍ သမီးကိုချက်ချင်း ၊င်းခေါ်လိုက်သည်။ အားလုံး အံ့ဩထိတ်လန့်လျက် အခြေအနေကို ကွေးရဲအောင် ဖြစ်နေကြသည်။ ဒေါ်ခတ္တာတင်အပါး ဒေါ်အုံးတို့ ျက်နှာချိုသွေးကာ တိုးကပ်ပြီး

"တင်တင်ရယ် ဘာလုပ်ဖို့လဲ"

ဒေါ်ခတ္တာတင် နှုတ်ခမ်းပါး တဆတ်ဆတ်တုန်ခါလျက်

"မယုံဘူး၊ တင်တင် မယုံဘူး"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"သမီးကို သေချာကြပ်မတ်ထားလျက် မယုံဘူးဟာ"

ဒေါ်ခတ္တာတင် မယုံနိုင်လောက်အောင် ဆူပွက်နေသည်။ ဦး အောင်ကို ဖနီးသည့်အပါးကို တိုးကပ်၍

"စိတ်အေးအေးထားပါ တင်တင်ရယ်"

"ဟုတ်ပါတယ်၊ အားလုံးအဆင်ပြေအောင် ညှိလို့ရပါတယ်၊ ဦးမြင့်မြတ်က ဒေါ်ခတ္တာတင် ဖြစ်စေချင်သမျှကို လိုက်လျောမှာပါ"

တင်တင့်ကို နှစ်ဖက်လူကြီးတွေ ဝိုင်းဝန်းဖျောင်းဖျတောင်းပန်ခဲ့ သူ့သူငယ်ချင်းတွေ သူ့ကို စိတ်မချမ်းမြေ့စွာကြည့်စဉ် သူဝမ်းနည်းလာ သည်။ ထိုစဉ် ဖြူမနှင့် ဖြူမောင် ပြေးဝင်လာသည်။ ခွေးနှစ်ကောင်ကို မြင်သည်နှင့် ဒေါ်ခတ္တာတင် ခံပြင်းစွာတောက်ခတ်လိုက်သည်။ ဖြူမောင် တို့နောက်မှ နွဲ့ဝင်လာသည်။ နွဲ့စိတ်ကူးနှင့်ပျော်ခဲ့သမျှ မာမီဒေါသမျက်နှာ မြင်ရစဉ် ရင်ခုန်သံခြောက်ခမ်းလျက် နွဲ့တစ်ကိုယ်လုံးတောင့်တင်းသွား၏။ နွဲ့မျက်လွှာကလေးချ၍

"မာမီ"

"လာစမ်း နွဲ့"

သူ့ကို စေ့စိုက်ကြည့်လာသည့် နွဲ့မျက်ဝန်း ဝမ်းနည်းမျက်ရည် ပန်းတွေ တလက်လက်ပွင့်လျက် လက်ကြမ်းကြီးနှင့် ဆွဲကိုင်လိုက်သည်။ မာမီရှေ့ နွဲ့ခေါင်းငုံ့ရပ်လိုက်သည်။

"မှန်မှန်ပြောစမ်း"

"သမီးနဲ့ လင်းအာရုံက ချစ်သူတွေဆို"

"ရှင်"

"မရှင်နဲ့၊ မြန်မြန်ပြောစမ်း"

နွဲ့ဦးခေါင်း ပို၍ငုံ့ဆင်းသွားသည်။

"မိနွဲ့"





နွဲ့ပခုံးနှစ်ဖက်ပေါ် ကျရောက်လှုပ်ခါနေသည့် မာမီဒေါသလက် ...ချောင်းများကြောင့် နွဲ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါသွားသည်။

"ပြောစမ်း သမီး"

ကြောက်ရွံ့မှုနှင့် ဝဲကျလာသည့် နွဲ့မျက်ရည်ကို သူမကြည့်ရက် ...ဘူး။ နွဲ့ရှေ့မှာ သူလွှားခနဲရပ်ပြီး

"အန်တီရယ် နွဲ့ကို အတင်းအကျပ်မဆူပါနဲ့နော်"

"မင်းနဲ့မဆိုင်ဘူး၊ မင်းဖယ်စမ်း"

"ဖယ်စမ်း"

"အဝင်း ဒီအကောင်ကို တင်တင်မမြင်ချင်ဘူး။ ထွက်သွားနိုင်း"

သူ့ကို အတင်းတွန်းပစ်စဉ် သူ ကျော်ကျော်တို့ဘက် ယိုင်ကျ ...သွားသည်။ အတွင်းကြီးလွန်းတဲ့ နွဲ့မာမီကို သူလိုက်မမီတာလား။

"မိနွဲ့ ပြောစမ်း"

နွဲ့နှုတ်ခမ်းပါး တဆတ်ဆတ်တုန်ခါလျက် နွဲ့ရင်မှာ ဝမ်းနည်း ...က်ခတ်သွား၏။

"ညည်း ပါးစပ်ပေါက်က အဖြေကို မာမီကြားချင်တယ်၊ ...ဝေလ"

မာမီ၏ တင်းကျပ်သည့်မေးခွန်းသည် နွဲ့နှလုံးသားကို ဆုပ်ကိုင် ...ပြုတော့မည့် ဘီလူးသံဘက်နှင့်တူတော့၏။

"တင်တင်ရေ ညှိသည်တွေရှေ့မှာကွယ်"

အဝင်း ဖျောင်းဖျသော်လည်း တင်တင့်ဒေါသက ဆူနေဆဲ။

"မရဘူး အဝင်း၊ တင်တင်က သိချင်တာကို သိခွင့်ရမှ ...စမ်းနွဲ့ ဟုတ်လားပြော ပြော"

ဟန်ဆောင်ဖုံးကွယ်မရအောင် ဖောက်ထွင်းကြည့်လာသည့် ...မျက်ဝန်းကို နွဲ့တွန်းလှန်နိုင်စွမ်းမရှိတော့။ ကြေကွဲစွာယိုကျလာသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်၊ ထုပ္ပနီမြန်းလာသည့်ပါးပြင်၊ ဆွဲလိုက်တုန်ခါနေသည့် နွဲ့နှုတ်ခမ်းပါးသည့် မာမိမေးခွန်းကို ကြောက်ရွံ့လန့်ဖြန့်လျက်

"ဟုတ်လား နွဲ့"

"ဟုတ် ဟုတ် ဟုတ်ပါတယ်"

နွဲ့ မရဲတရဲဆိုလိုက်စဉ် မာမိသက်ပြင်းနှင့်ကာ ရင်ဘတ်ဖိ၍

"ဘာ"

"သမီးနဲ့ လင်းအာရုံ ချစ်သူဟုတ်လား"

နွဲ့ ခေါင်းညိမ့်လိုက်စဉ် မာမီဒေါ်သသည် အရှိန်ပြင်းစွာပေါက်ကွဲသွားတော့၏။

မြောက်တက်သွားသည့် မာမိလက်ဖဝါးကြောင့် နွဲ့ပါးပြင်ရေးပူအဖြန်းခံရသလို ပူရှိလောင်ကျွမ်းပြီးနောက် နွဲ့တစ်ကိုယ်လုံးမောင့်ရင်းထဲ လဲပြိုသွား၏။

"နွဲ့"

ချစ်ရသူကို သူကြည့်ရက်နိုင်တော့။ နွဲ့ကိုယ်လုံးလေး တယု တယထွေးပိုက်လိုက်သည်၊ ရက်စက်လွန်းတဲ့ နွဲ့မာမိ သူရင်ဆိုင်ကြည့်ပြီး

"ဒီမှာ အန်တီ၊ နွဲ့ကို ဒီလောက်မရက်စက်ပါနဲ့ဗျာ၊ ကျွန်တော် တို့ရဲ့ ဖြူစင်တဲ့ချစ်ခြင်းကို ဒီလိုနည်းနဲ့ မတုံ့ပြန်ပါနဲ့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

နွဲ့ကို သူ့ရင်ခွင်မှာ ထွေးပွေ့ကာကွယ်လိုက်စဉ် နွဲ့ဒယ်ဒီ နွဲ့ကို ဆတ်ခနဲဆွဲယူပြီး

"ဟေ့ကောင် လင်းအာရုံ မင်းထွက်သွား"

"အန်ကယ် ကျွန်တော့်ချစ်သူကို နှိပ်စက်နေတာ ဘယ်တရားမှ လုံးဝမတရားဘူး"





"ဒီလို မပြောနဲ့လေ"

ဒေါ်အုံး သူ့အပါးပြေးကပ်လာပြီး ဖျောင်းဖျစဉ် ဒယ်ဒီတို့အား လုံး သူ့အပါးဝိုင်းလာပြီး

"ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲ အန်ကယ်"

"ဟေ့ ဒီမှာ လင်းအာရုံ"

နွဲ့မာမိ၏ လက်ညှိုးများ သူ့ထံတရစပ်ကျရောက်လာ၏။

"ဘာအပြစ်ရှိလို့လဲဆိုတာ မင်းဒယ်ဒီကို မင်းမေးကြည့်"

"ဟင်"

သူ့မျက်ဝန်း ဒယ်ဒီထံ လည်စင်းသွားသည်။

ဒယ်ဒီမျက်နှာ ရင့်စူစူဖြစ်လျက်

"ခင်ဗျား ဘာတွေပြောနေတာလဲ ဒေါ်ခတ္တာတင်"

ဒယ်ဒီ မတည်မငြိမ်ဖြစ်လျက် တစ်ခွန်းဆိုလိုက်သည်။

"အမှန်တရားတွေ ပြောနေတာလေ၊ ရှင်ဟာ အတ္တကြီးတဲ့သူ၊ ...င်ကြံကြီးတဲ့သူ၊ အငြိုးမာန်ကြီးတဲ့သူ၊ ရှင့်ရဲ့ လှည့်ကွက်ကို ခတ္တာတင် ...တိုင်နေပြီ ဦးမြင့်မြတ်"

"ဟာ ခင်ဗျား၊ ခင်ဗျား လွန်နေပြီနော်"

"မလွန်ဘူး၊ ဒီထက်မက ပြောလို့ရတယ်၊ ကျွန်မကို လက်စား ...ချေချင်လို့ ရှင့်သားနဲ့ ကျွန်မသမီးနှလုံးသားကို ထောင်ချောက်ဆင်တဲ့ ...ကြံသမား"

"ဟင်"

အားလုံးရဲ့မျက်ဝန်းတွေ ဒယ်ဒီထံ ကျရောက်လာသည်။ ဒယ်ဒီ ...မျက်နှာကြော ရှက်ရွံ့ထူပူထောင်ထလာသည်။

"ရှင်တို့ အားလုံးထွက်သွား သွား သွားကြ"

ဒယ်ဒီအံဘာင်းတင်း ကြိတ်၍



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါ်ခေတ္တတင် ခင်ဗျားရဲ့ တဖက်သတ်အမြင်နဲ့ သားသမီးတွေ နှလုံးသားကို မနှိပ်စက်စမ်းနဲ့"

"ရှင့် မျက်နှာကိုမမြင်ချင်ဘူး၊ ထွက်သွားလို့ ပြောနေတယ်နော်၊ သွား သွားကြ"

တင်တင် စားပွဲပေါ်မှ အလှပန်းအိုးနှင့် ကောက်ပစ်လိုက်၍ ဦးမြင့်မြတ် အသာရှောင်လိုက်သည်။ ပန်းအိုးက ညှော်ခန်းတစ်ခုလုံး ပြန့်ကျဲ လွင့်စဉ်သွား၏။ အဲဒါ သူနှင့်နွဲ့ နှလုံးသားလား။

"ကဲပါ ဦးမြင့်မြတ် သွားကြပါစို့၊ ဒီလောက် ရိုင်းစိုင်းတဲ့ သမီးရှင်မျိုးနဲ့ ဘက်ပြိုင်မနေချင်စမ်းပါနဲ့"

ဦးစိုးတို့ ဒယ်ဒီကို ဝိုင်းပန်းဖြောင့်ဖျ၍ ဆွဲထုတ်ကြသည်။

"ဒီမှာ ဦးမြင့်မြတ်၊ ရှင်နောက် ဘယ်တော့မှ ကျွန်မဆီ မလာနဲ့၊ ရှင့်သားကို ရှင်နိုင်အောင်ထိန်း၊ သမီး မျက်ရည်မကျစေနဲ့ ဒီလို အကြံကြီးတဲ့ သားအဖအတွက် သမီးဝမ်းနည်းဖို့မလိုဘူး"

"တက်စမ်း အပေါ်ထပ်ကို မြန်မြန်တက်"

"တက်လို့ ပြောနေတယ် နော်"

မာမီ အမိန့်ကြောင့် နွဲ့ အပေါ်ထပ်သို့ ပြေးတက်စဉ် ဖြူ မောင်တို့နွဲ့ နောက်က ပြေးတက်သွားသည်။ ထိုအခါ မာမီ ဒေါသ ပိုဆူလာပြီး

"ခွေး ခွေးတိရစ္ဆာန်တွေ မြန်မြန်ထွက်စမ်း ထွက်စမ်း"

ဖြူမောင်တို့ကို အလှထားသည့် ပန်းပုရုပ်နှင့် ဒေါသတကြီး မာမီ ပစ်ပေါက် နှင်ထုတ်တော့၏။

"ဝုတ် ဝုတ်"

ဖြူမောင်တို့ ထိတ်လန့်ပြီး သူ့အပါးပြေးကပ်လာကြသည်။

"ဒယ်ဒီရယ်"





"လာ သား"

သူ့လက်ကို တင်းကျပ်စွာ ဒယ်ဒီ ဆွဲခေါ်၏။

"ဒီမှာ ဒေါ်ခေတ္တာတင် ခင်ဗျားလို အရိုင်းအစိုင်းမ သမီးနဲ့ ...ပ်သားဘဝကို အမှောင်ချမခံဘူး နားလည်လား"

"တောက်"

အောင်သွယ်တော်တွေ အားလုံးအခြေအနေကို ဝင်မထိန်းနိုင် ...ဘူ။ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်လျက် ဘာကိုမှ နားမလည်နိုင် ...ာင်ရှုပ်ထွေးနောက်ကြည့်သွား၏။ ကားနှစ်စီး အရှိန်ပြင်းစွာ မောင်း ...က်သွားစဉ် အဝင်းနှင့် ဒေါ်အုံး တင်တင်အနားကပ်သွားပြီး

"ဘယ်လိုဖြစ်ရတာလဲ တင်တင်ရယ်"

"နောက် ဘယ်တော့မှ တင်တင်သားသမီး အရေးကို ...က်ဖက်ပါနဲ့"

အဝင်းနှင့် ဒေါ်အုံးတို့ အဆိုးအကောင်းမဝေဖန်တော့။ ...းပြတ်မာထန်နေသည့် တင်တင် အပါးမှ တပ်ခေါက်လှည့်ပြန်ခဲ့သည်။

ကားပေါ်မှာ တစ်ဆင့် သူလှမ်းကြည့်လိုက်စဉ် အပေါ်ထပ် ...ာင်းမှာ ရှိုက်ငင် ငိုကြွေးနေသည့် နွဲ့ကို လှမ်းမြင်ရသည်။

"နွဲ့ရယ်"

နှစ်ဖက်မိဘ၏ နောက်ခံဇာတ်လမ်းတစ်ခုဟာ မောင်နဲ့နွဲ့တို့ ...လုံးသား ရေပြင်မှာ ပေါ်ထွန်းလာတဲ့ အကြီးစား ကျွန်းတစ်ကျွန်း ...းကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မေ့မေ့ပျောက်ပျောက်ရှိခဲ့သည့် ဖြစ်စဉ်။ အတိတ်ဖြစ်စဉ် အပ မထင်ပေါ်ထွန်းလာသည့်အခါ သူ့ရင် တလှိုက်လှိုက်ကြေကွဲလာသ နှစ်ပေါင်းများစွာ -ကြာခဲ့ပြီးခါမှ

အိုး သူမခံစားလို့တော့။ ဒါပေမဲ့ ဟိုးအဝေးမှာ မျောလာတဲ့ ညည့်ငှက်တို့ရဲ့ တေးဆိုသံအား အတိတ်ရဲ့ ပုံရိပ်ကို လန့်ကာ ဖွင့်ရန် အချက်ပေးလာသလို။

သူ့ကို အလိုလိုက်ခါ အစွမ်းကုန် ချစ်သော ကိုကိုယ့်ရုပ် ပီပီသသ ဖော်ကြွလာခဲ့သည်။ ကျောင်းပြီးခါနီးတွင် မိန်းကလေး ဦးကို အသည်းအသန် ပိုးပန်းခြင်းဖြင့် ကိုကိုယ့်နှလုံးသားရစ်မှု သည်ကို သူကောင်းစွာ သိခဲ့သည်။

(ဗျူးစာပေ)



"ကိုကို"

"ပြော"

ထိုမိန်းကလေးကို ချစ်မိကတည်းက သူ့အပေါ်ကိုကို ချစ်လျော့သွားသလို ခံစားမိသည်။ ဒါပေမဲ့ ကိုကိုအပေါ် အချစ် ကျက်ခဲ့။

"ကိုကိုက ခတ္တာတင်ဆိုတဲ့ မိန်းကလေးကို အတော်ချစ်လား ပ်လိုမေးလိုက်တာလဲ ညီညီရယ်၊ အရှင်းဆုံးပြောရရင် ညီညီထက် ကျတယ်ကွ"

သူ့ရင်မှာ နင့်ခနဲ ဖြစ်သွားသည်။ ဒါပေမဲ့ ဟန်ဆောင် ပ်ရင်း

"သိတယ်၊ ခတ္တာတင်ကို ကိုကို လိုက်ကတည်းက ညီညီ ပေါ်ကိုကို ဂရုမစိုက်ဘူးဆိုတာ ညီညီ နားလည်တယ်ပါတယ်"

"ဘာလဲ အဲလိုပြောလို့ ဝမ်းနည်းသွားလား ညီညီ"

ကိုကို မျက်ခုံးတွန့်၍ ပြုံးပြုံးလေးမေးစဉ် သူအပြုံးမပျက်ဘဲ။

"ဝမ်းမနည်းပါဘူး ကိုကိုရယ်၊ ကိုကိုယ့်စိတ်ပျော်ရင် ညီညီ ံးပျော်ပြီးသားပါ ဗျာ"

"ဒါဆို ဘာဖြစ်လို့ မေးရတာလဲ"

"ကိုကို အဲလောက် အသည်းအသန်ဖြစ်နေရင် အပင်ပန်း "

"ဘာဖြစ်လို့"

"မာမီတို့ကို တောင်းခိုင်းလိုက်ပေါ့"

"ဟင်"

ကိုကို အသွင်သည် တစ်စုံတစ်ရာကို သဘောကျသလို ကြည် င်းလက်သွားပြီး။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ညီ"

"ဘာလဲ ဗျ"

"ဒီတစ်ခါ ညီ သိပ်တော်သွားပြီ"

"ဘာဖြစ်လို့"

"ကိုကို မေ့နေတာ၊ ဟုတ်တယ် မာမီတို့ကို တောင်းခိုင်းလိုက်ရင် အိုကေပြီ"

"Thank you ညီ"

"အခုမှ Thank you လုပ်မနေနဲ့ ညီက မာမီကို ကိုကို့ အကြောင်းဖွင့်ပြောပြီးသားပါ ဗျာ"

"ဟင် ညီညီက"

"ဟုတ်တယ်လေ မယုံရင် မာမီကို မေးကြည့်၊ ဟုတ်တယ် နော် မာမီ"

ညှိခန်းထဲ လှမ်းဝင်လာသည့် မာမီထံ ထောက်ခံမဲတောင်းလိုက် သည်။ ကိုကိုကိုယ် အချစ်ပိုလွန်းသည့် မာမီက ကျေနပ်စွာ ပြုံးလျက်

"ဟုတ်တယ် သား၊ သားညီညီ ပြောကတည်းက မာမီ သားကြိုက်နေတဲ့ ကောင်မလေး မိဘဆီသွားပြီး ကမ်းလှမ်းလိုက်တယ် လေ"

"ဟေး"

ကိုကို အသွင်သည် အစွမ်းကုန် အံ့သြလျက် မယုံနိုင်လောက် အောင် မြူးရွှင်လာသည်။

"ဟာ"

"မာမီတို့ သားကို လှို့တယ်ကွာ"

"ညီညီက သားကြီးခံစားနေရတာကို မကြည့်ရက်လို့ အားပေးတာနဲ့ မာမီ စီစဉ်လိုက်တာ"

(ဗျူးစာပေ)



မြူးမြူးလေးဆိုနေသည့် မာမိပါးပြင် ဖွေးဖွေးကို ကိုကို ချစ် ငြိုး နမ်းရှိုက်၍

"မာမီ ခွေးမလောင်း လက်ခံသတဲ့လား မာမီ"

"သားကောင်မလေး မိဘက လက်ခံတယ်၊ သားကောင်မ လေးက အင်တင်တင်နဲ့"

ကိုကို မျက်လုံးဝင့်ဝင့်လေး မြှောက်တက်သွားသည်။ သူ့ပခုံး လေးတွန့်၍

"ဒါ အထာကိုင်တာ နေမှာပါ မာမီရာ၊ ကိုကို အသည်း သန်လိုက်တော့ မဏ္ဍပ်တိုင် တက်ရပ်ချင်တာ ဖြစ်မှာပါ"

"ဟာ ညီညီ၊ အဲလိုမပြောနဲ့ကွာ ခတ္တာက ဣန္ဒြေကြီးလွန်း ကွ"

သူ ဘဝင်မကျ မေးဆတ်၍

"အဲဒါတာ ကြည့်တော့ မာမီ၊ ကိုကိုက ပွေခဲ့သမျှ ခတ္တာတင် ကို အမှတ်ပေးနေတာ ညီညီနဲ့ မာမီကို ကျေးဇူးတင်ရကောင်းမှန်းမသိ နေတာ အပြင်ကတ်ဖို့ ကောင်းတယ်"

"ညီညီကလည်းကွာ ကိုကို အရင်ကအပျော်တမ်းပါ၊ ခတ္တာ ကို အလေးအနက် အရှုးအမူးချစ်တာပါ ကွာ"

သူ့ပခုံးကို အသာဖက်လဲ ချော့လိုက်သည်။ မာမီ လှလှပပ ပြုံး၍

"ဟုတ်ပါတယ်၊ သားက မိန်းကလေး ထည့်လဲတွဲခဲ့လို့ ကလေးက စိတ်မဝင်စားတာ ကွဲ့"

"မာမိက ခတ္တာမိဘကို စည်းရုံးပေါ့"

"စည်းရုံးပါတယ် ရှင်၊ စည်းရုံးလိုက်လို့ ခတ္တာ့လေး မိဘက မင်္ဂလာပွဲလုပ်ဖို့ သဘောတူလိုက်ပြီ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

ကိုကိုမျက်ဝန်းတောက်ပလျက် ကိုကို ဆံပင်တိုတိုလေးကို မာမီ ပွတ်သပ်၍

"တကယ်ပေါ့ သားရယ်"

"စေ့စပ်ပွဲက ဘယ်တော့လဲ"

"မနက်ဖြန်ပဲ ကိုကို"

"အိုး"

ကိုကို အစွမ်းကုန်မြူးကြွကာ ထခုန်မတတ် ဝမ်းမြောက်သွားတော့၏။

"ဒါကြောင့် ညီညီနဲ့ မာမီကို ချစ်ရတာ"

"အပိုတွေ"

"တကယ်ပါ ညီညီ"

"မာမီသားက တကယ့် ပြောင်လိမ်ပဲ"

"ကိုကို ဘာလိမ်လို့လဲ"

"စောစောကပဲ ကိုကို ပြောပြီးတယ်လေ။ ခတ္တာတင်ကို ညီညီ ထက်ပိုချစ်တယ်ဆို ဗျ"

သူဆိုလိုက်စဉ် ကိုကို ပခုံးကို တွန့်၍

"ဟဲ ဟဲ စကား အဖြစ်ပါကွာ"

"စိတ်မဆိုးကြေး"

"သားငယ်ကလည်းကွယ်"

"သားကိုကို ဘယ်သူ့ကိုပဲ ပိုချစ်ချစ် သားကိုကိုက သားကိုကိုပဲ"

"စိတ်မဆိုးရဘူးနော်"

"ခတ္တာလေးအပေါ် အမြင်မစောင်းရဘူးနော်"

(ဗျူးစာပေ)



မေမေက ကိုကို ဘက်တော်သား။

"မစောင်းပါဘူး မာမီရာ ကိုကို ချစ်တဲ့ ခတ္တာက သားမမ ပေါ့"

"မဟုတ်ဘူးလား"

"ဒါပေါ့ သားရဲ့"

"ကျေးဇူးတင်တယ် ညီညီရယ်"

ထိုစဉ်က ကိုကို ပျော်ရွှင်မှုများသည် သူ့ရင်မှာ ဒီကနေ့အထိ ...တ်ဆတ်နေဆဲ။ ကိုကို ပျော်ရွှင်မှုက ခဏမှုခဏလေးပဲ။ ကိုကို ...လားမက်မောတဲ့ ခတ္တာနဲ့ စေ့စပ်ပွဲနေ့သည် ကိုကို နှလုံးသားမှ ...ပျော်ရွှင်မှုလှိုင်းတွေ လွင့်ပျောက်ခဲ့ရသည်။ မင်္ဂလာပွဲတစ်ပွဲလို စည်းကား ...ာ ကိုကို စေ့စပ်ပွဲနေ့။

ကိုကို အတိုင်းမသိပျော်သလို သူလည်း ပျော်ခဲ့သည်။ စေ့စပ် ...တင် ကျင်းပစဉ် အခြေအနေသည် ထင်မှတ်မထားစွာ အနည် ...လာသည်။ အနည်ထအောင် မွှေသူသည် ခတ္တာတင် ကိုယ်တိုင် ...ကြောင်း သိလိုက်ရသည်။

"ဒီ စေ့စပ်ပွဲကို ခတ္တာဖျက်ပါရစေ"

"ဟင်"

နှစ်ဖက်မိဘနှင့် ဧည့်ပရိသတ်အားလုံး မျက်လုံးပြူးကုန်သည်။

"ဘာ ဘာဖြစ်လို့လဲ ခတ္တာရယ်၊ ခတ္တာကို ကိုဘယ်လောက် ...သလဲဆိုတာ ခတ္တာသိပါတယ်ကွယ် ကိုကိုကိုယ် မငြင်းပါနဲ့ဗျာ ...င်းပါနဲ့"

ကိုကို အကြိမ်ကြိမ် အသနားခံ ဖြေရှင်းပေမယ့် ခတ္တာ ...ယာဆဲ။ ကြွေရုပ်ကလေးလိုလှပြီး မွှေပွေးလို ဒေါသကြီးနေသည့် ...တင်ကို သူမျက်တောင်မခတ်တန်း လှမ်းကြည့်မိသည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ငြင်းရမယ်၊ ရှင် ဟာ လူရှုပ်လူပွေ"

"မဟုတ်ရပါဘူး ခတ္တာရယ် မဟုတ်ရပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ ဟော ဒီမှာ ကြည့်"

မိန်းကလေးတစ်ဦးကို ထုတ်ပြလိုက်စဉ် ကိုကို အသွင် ညိုးနွမ်း သွေ့ကာ မယုံနိုင်အောင်လန့်ဖျက်ပြီး

"မဟုတ်ဘူး ခတ္တာ၊ ဒီမိန်းကလေးကို ကိုယ် မသိဘူး၊ မသိဘူး"

"ခတ္တာရယ်၊ ကိုယ် လုံးဝ မသိဘူး"

"အခုမှ ရှင် မငြင်းနဲ့၊ လူပွေလူရှုပ်ဖြစ်တဲ့ ရှင်က ကျွန်မ ကို ခြေတော်တင်ပြီး မခတ္တာကို ယူမယ်ဆို သဘာဝ မကျဘူးလေ"

ထိုမိန်းကလေး ကိုကို ကိုလက်ညှိုးထိုး၍ ရင့်ရင့်သီးသီးဆိုလေ

"ဒီစေ့စပ်ပွဲကို ခတ္တာဘက်က စဖျက်တယ်။ ဖျက်တယ်"

ခတ္တာ၏ ကြေငြာချက်ကြောင့် စေ့စပ်ပွဲ ရုတ်တရက်သည်၊ သည်း ဖြစ်လျက် ညှိနှိုင်းလို့ မရပျက်သွား၏။ ထိုအချိန်မှစ၍ ကိုကို အရက်အလွန်အကျွံ သောက်ခြင်းဖြင့် စိတ်ထွက်ပေါက်ရှာကာ ဘဝကို ရေစုန်မျှောလိုက်သည့် ထိုဖြစ်စဉ်ကို သူဘယ်တော့မှ မမေ့နိုင်ခဲ့။

"ညီညီရာ၊ ကိုကိုကိုယ် ယုံပါ၊ ကိုကို မိန်းကလေးအများကြီး နဲ့ တွဲခဲ့ပေမယ့် ဒီမိန်းကလေးကို ကိုကို တကယ် မသိတာပါ၊ ကိုကို ကို လုပ်ကြံလိုက်တာကွာ၊ ခတ္တာ ကိုယ်ကိုယုံပါကွာ၊ ညီညီ ခတ္တာယုံ အောင်ပြောပေးပါကွာ ပြောပေးပါ။

'ကိုကို' ၏ စိတ်ထိခိုက် ကြေကွဲ မှုသည် စက္ကန့်နှင့် အမျှ ရှုံးသွပ်လောက်အောင် ပြင်းထန်နေသည်။ ကိုကို ဝေဒနာကို မကြားရ ရက်နိုင်သည့် 'သူ' က 'ကိုကို' အပေါင်းအသင်းတွေ ကြားပြေးလွှာ ရင်း။ ထိုမိန်းကလေးနဲ့ 'ကိုကို' ပက်သက်မှုရှိမရှိ စုံစမ်းခဲ့သည်။





'ကိုကို' အပေါင်းအသင်းတွေက

"ဒီ မိန်းကလေးကို ကိုယ်တို့ လုံးဝ မမြင်ဘူးဘူး"

"ဘာဖြစ်လို့ ကိုကိုစေ့စပ်ပွဲမှ ဒီမိန်းကလေး ထွက်လာရတာလဲ"

"အဲဒါတော့ ကိုယ်တို့ မသိဘူး"

"ဒါပေမဲ့ ခင်သူဇာကို လျှော့တွက်လို့မရဘူး"

"ခင်သူဇာ ဆိုတာ ဘယ်သူလဲ ကိုဝင်း"

"ခတ္တာတင်နဲ့ ရန်စရှိတဲ့ မိန်းကလေး"

သူ့ မျက်ခုံး အဆမတန် ပင့်ကြွသွားသည်။

"ကိုဝင်း ဘယ်လိုထင်လဲ"

"ခင်သူဇာက ညီညီ အကို ကို စိတ်ဝင်စားလို့ လမ်းခင်း ထားယ်ကွ၊ ညီညီ အစ်ကိုက ခင်သူဇာဘက် မျက်စိမကျဘဲ ခတ္တာတင် ဘက်ဦး လှည့်သွားတယ်၊ ခတ္တာကို မကျေနပ်တဲ့ ခင်သူဇာ က ခတ္တာနဲ့ ညီအစ်ကို စေ့စပ်ပွဲ ပျက်သွားအောင် အဲဒီ မိန်းကလေး ကို ဆွဲထုတ်ပြီး ပွဲဖျက်လိုက်တာဖြစ်ရမယ်"

ကိုဝင်း ထင်မြင်ချက်ပေးစဉ် သူရင်မှာ နစ်ခနဲ အောက်သက် သွားသည်။

"ဟာ၊ ဒါဆို မတရားခံရတာပဲ၊ ဒီကိစ္စကို ခတ္တာတင်နား လည်ပေးရမှာပေါ့၊ ကျွန်တော် ခင်သူဇာနဲ့ တွေ့ချင်တယ် ကိုဝင်း"

"ကျွန်မ ခင်သူဇာ ပဲ"

ခေတ်မှီ ကြော့မော့သည့် မိန်မလှတစ်ဦး 'သူ' တို့စကား ဝိုင်းရှေ့ရောက်လာသည်။ 'သူ' တအံ့တသြ ကြည့်သည်။ ကိုဝင်း လက်ကြည့်တော့ ကိုဝင်း ခေါင်းညိတ်စဉ် သူ နားလည်သွား၏။ ကိုယ်လုံး ဆီရောင်စိုကြွသော ဖက်ရှင်နှင့် စမတ်ကျကျလှသည့် ခင်သူဇာကို စူးစိုက်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ့ ခင်သူဇာ ပေါ့"

"ဟုတ်တယ်"

ပန်းရင့်ရောင် ခြယ်ထားသည့် မျက်ခွံအသာမှိတ်၍ ခေါင်းညိတ်လိုက်သည့် ခင်သူဇာ အသွင်က ဆွဲဆောင်မှုရှိ၏။

"ဘာဖြစ်လို့ ကျွန်တော် အစ်ကို စေ့စပ်ပွဲ ပျက်အောင် လုပ်တာလဲ"

"ခင် ကိုအစဉ်အမြဲ ပြုံးတုနေတဲ့ မိန်းမဟာ ခင် မက်မောတဲ့ ယောက်ျားကို ရဖို့မထိုက်တန်ဘူး။ ဒါကြောင့် ပွဲပျက်အောင်ခွင် ဆင်လိုက်တာလေ"

"ဟာ ခင်ဗျာ ယုတ်မာတယ် ဗျာ၊ ကျွန်တော်အကို ဘယ် လောက်ခံစားရ သလဲ ဗျာ၊ ခင်ဗျား သိပ်ရက်စက်တယ်။

သူ ဒေါသတကြီး ရွတ်ဆိုလိုက်သည်။ ပန်းရင့်ရောင်စိုကြွ နေသည့်၏နှုတ်ခမ်းဖူးဖူးလေးကို စုချွန်ပြီး

"ခင် ရက်စက်တယ်ဆိုရင် ခတ္တာပိုပြီး ရက်စက်တယ်လေ"

"ဘာဖြစ်လို့"

"ခတ္တာက ရှင့် အစ်ကိုကို ညို့ထားပြီး ခုတော့ နောက် တစ်ယောက်နဲ့ တွဲနေတာ"

"ဟာ ဒါ ခင်ဗျား ပယောဂကြောင့် ဖြစ်ရတာ၊ ခင်ဗျား ကူညီပါ ဗျာ၊ ကိုကို ကို ခတ္တာ လက်ခံလာအောင် ကူညီပါ"

သူအားမနာတမ်း တရစပ်ဆိုလိုက်သည်။ ပြုံးပြုံးဆူနေသည့် ခင်သူဇာ မေးဖျားလေးအသာပင့်၍ ပခုံးလေးတွန့်လိုက်သည်က သူရင် ကို ခုန်စေသည်။ ရင်ခုန်သံကို 'သူ' ဖုံးကွယ်ပြီး

"ခင်ဗျား ပယောဂကြောင့် ပွဲပျက်တာသိရင် ကိုကို ကို ခတ္တာ လက်ခံမှာပါ"

(ဗျူးစာပေ)



"ခင့်ကြောင့်ဆိုတာ အစကတည်းက ခတ္တာ သိတာပဲ"

"ဟင်"

သူဘာကိုမှ ရှင်းရှင်းလင်းလင်း နားမလည်နိုင်တော့။ ခင်သူဇာ ထံပင် ကောက်ကောက်လေးကို ထိုးဖွပြီး

"သိသိချည်းနဲ့ တစ်ဖက်သတ်ပွဲဖျက်တာ ခတ္တာ ကိုယ်တိုင်ပဲ၊ ခင်နဲ့ မဆိုင်ဘူး မြင့်မြတ်ရဲ့"

"ဟင်"

'သူ' ရင်မှာ တင်းထန်သွားသည်။

"ဟုတ်တယ်"

ခင်သူဇာ အလေးအနက် ဦးခေါင်းညိတ်စဉ် 'သူ' ရင်မှာ ခတ္တာအပေါ် ဘဝင်မကျ ဖြစ်သွား၏။

"ကြိုးစားကြည့်ပေါ့၊ မြင့်မြတ်ရယ်၊ ခတ္တာ လက်ခံအောင် ညည်းရုံးကြည့်ပေါ့"

"ဟင့် ဟင့်"

မခို့တရို့ အပြုံးလေးနှင့် ကြောခိုင်းသွားတဲ့ 'ခင်သူဇာ' ကို 'သူ' ငေးကြည့်မိသည်။

"ဒါဆို ခတ္တာနဲ့ပဲ သက်ဆိုင်တယ် ညီညီ"

"ခင်သူဇာ ပယောဂကြောင့် သိသိချည်းနဲ့ ခတ္တာ ဘာဖြစ်လို့ ပွဲဖျက်ရတာလဲ"

"ညီညီ သိချင်ရင် ခတ္တာကို မေးကြည့်ပေါ့ကွာ"

"မေးရမှာပေါ့ကွာ"

"မေးရမှာပေါ့ ကိုဝင်း"

သူ နှုတ်ခမ်းပါးကို ခပ်ဖွဖွ ဖိကိုက်လိုက်သည်။ ကိုဝင်း မျက်ခုံးပင့်ချီ၍

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ မေးမလဲ"

"ခု မေးမယ် ဗျာ"

"ဘာဖြစ်လို့ အဲလောက်ပြင်းထန် ရတာလဲ ညီညီရယ်"

"ကိုကို ကြေကွဲမှုကို မကြည့်ရက်ဘူးဗျာ၊ ကျွန်တော်မကြည့် ရက်နိုင်ဘူး"

"ကိုကို စိတ်ပျော်တာကို မြင်ချင်တယ် ကိုဝင်းရယ်"

"ကဲ ဒါဆိုလဲ သွား မေးဗျာ၊ အဲဖေါ်လိုက်ရမလား"

"ရတယ် ကိုဝင်း ကျွန်တော် သွားဦး မယ်ဗျာ"

ကိုကိုအတွက် ကြိုးစားလိုသော သူခြေလှမ်းက ခေတ္တာ၏ ဦးလှည့်မိသည်။ ထင်ထင်ပေါ်ပေါ် အလှနှင့် ညီခေါင်နိုင်သောခေတ္တာ၏ ကိုကို စွဲလန်းမိတာ အပြစ်မဆိုသာသော်လည်း ခတ္တာစိရင်မှုကိုသူလုံး၊ လက်မခံနိုင်အောင် ဖြစ်ခဲ့သည်။

"ခင်သူဇာ ပယောဂကြောင့် ဆိုတာ သိသိချည်းနဲ့ ဘာဖြစ်လို့ ပွဲဖျက်ရတာလဲ မခတ္တာ"

"နေပါအုံး ဒီကိစ္စက မင်းနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ ခေတ္တာ ကိုကို ခံစားနေရတာကို ကျွန်တော် မကြည့်ရက်ဘူး၊ ကျေးဇူးပြုပြီး ကိုကို ကိုလက်ခံပါဗျာ"

သူ့ကို ခတ္တာ မျက်ဝန်းစိမ်းနဲ့ စိုက်ကြည့်ပြီး

"ဒီမှာ ရှင့်အကို အတွက် အယူခံ ဝင်မနေနဲ့"

"ဟာ ခတ္တာ ခင်ဗျား အဲလောက်တင်းလို့ မဖြစ်ဘူးလေ ဗျာ၊ ကိုကိုက ခေတ္တာကို တန်ဖိုးထားလို့ ဂုဏ်သိက္ခာရှိရှိ ရယူဖို့ ကြိုးစားခဲ့တာ၊ လက်ခံပြီးမှ စေ့စပ်ပွဲ ပျက်အောင် လုပ်တာ သဘာဝမကျ ဘူး"

"သဘာဝမကျရင် သဘာဝကျအောင် လုပ်ချင်ရာလုပ်၊





ခတ္တာက မိဘ ဆန္ဒကို မလွန်ဆန်နိုင်လို့ လက်ခံ လိုက်တာ"

"ဘာပဲဖြစ်ဖြစ် ခတ္တာ လက်ခံတဲ့ကိစ္စ လူအများကြား ကိုကို ဂုဏ်သိက္ခာပျက်အောင် မလုပ်သင့်ဘူး ဗျ၊ ခုတော့ ကိုကို ရှက်ကွဲရုံမက အသည်းကွဲရတယ်၊ ခတ္တာကြောင့် ကိုကို ဘယ်လောက် နာသလဲ စဉ်းစားပါ ဗျာ"

သူ့ရင်မှာ ကိုကို ကိုယ်စား ဝမ်းနည်းလှိုက်တုန်စွာ ဆို လိုက်သည်။

"အဝိက ကိုကိုကို ခတ္တာ လက်ခံဖို့ လိုအပ်တယ်"

"ပြီးခဲ့တာ ပြီးပါစေဗျာ၊ နော် မခတ္တာ"

သူ့ရင်ထဲက ခံပြင်းမှုကို ထိန်း၍ အနူးအညွတ် တောင်းဆို လိုက်သည်။

"ကိုကိုက ခတ္တာကို မြတ်မြတ်နိုးနိုး ချစ်တာဗျာ၊ ကိုကို ကို လက်ခံပါဗျာ၊ လက်ခံပါ၊ ခတ္တာပြန်လက်ခံရင် ကိုကို အရမ်းပျော် မှာ ဗျ၊ နော် ကိုကို ကို လက်ခံလိုက်ပါ ခတ္တာရယ်"

'သူ' တရပ်စပ်တောင်းဆိုပေမယ့် ခတ္တာ တင်းမာနေဆဲ။

"ရှင့် အကိုလို လူရုပ်လူပွေတစ်ယောက်ကို ဘာကြောင့်မှ လက်မခံဘူး၊ အဲဒါ ကျွန်မရဲ့ ဆုံးဖြတ်ချက်"

"ဟ ခင်ဗျား ဒီလို တစ်ဖက်သက် မလုပ်နဲ့ ဗျာ"

သူ ဝုန်းခနဲရပ်၍ ဆိုလိုက်သည်။

"ကိုကို လူရှုပ်လူပွေ မဟုတ်ဘူး၊ မိန်းကလေး အပေါင်းအသင်း များတာပါ၊ ခတ္တာ မကြိုက်တာသိလို့ ကိုကို ဘယ်မိန်းကလေးနဲ့မှ မတွဲတော့ဘူး။ ကိုကိုကိုယ် ဒီတစ်ကြိမ် နားလည်ပေးပါ၊ မာမီ တို့က စေ့စပ်ပွဲ ပြန်လုပ်ဖို့ စီစဉ်နေပြီ၊ ကျေးဇူးပြုပြီး မငြင်းပါနဲ့ ခတ္တာ နော်၊ မငြင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရေစက်သလို တောင်းဆိုနေသည့် သူ့ကို ခတ္တာ ခပ်စူးစူး
ကြည့်ပြီး

"ဒီမှာ မြင့်မြတ် ရှင် ပြန်တော့"

"ဟ"

"ကျွန်မ မလိုချင်လို့ လွှင့်ပစ်လိုက်တဲ့ ပေါင်မုန့်တစ်လုံး ပြန်ကောက်စားဖို့ စိတ်ဝင်တစား မရှိဘူး၊ မိန်းမတစ်ယောက်ဟာ သူလိုချင်တဲ့ ယောကျ်ားတစ်ယောက်ကို ရွေးဆက်ယူခွင့်ရှိတယ်၊ ဒါကြောင့် ရှင့်အကို မဟုတ်တဲ့ တစ်ခြားတစ်ယောက်ကို ကျွန်မ ရွေးထားပြီး စိတ်ဝင်စားရင် ကျွန်မ မင်္ဂလာဆောင်ကို လာပေးပါ၊ ရော့ ဟော မှာကျွန်မရဲ့ မင်္ဂလာဖိတ်စာ"

"ဟင်"

မျက်နှာပြောင်တိုက်ပြီး ဖိတ်စားလှမ်းပေးသည့် ခတ္တာကို သူ ရင်မှာ သံညှိုးမခံချင်တော့လောက်အောင် ဒေါသတွေ ဆူကြွလာသည်

"ခင်ဗျား အတော်ရက်စက်ပါလား"

"ထင်ချင်သလို ထင်"

"ခင်ဗျား အခုမှ ဒီစကားလုံးမျိုးမသုံးပါနဲ့ ခင်ဗျား လက်ခံ တစ်ပါး ပယောဂကို ဆုပ်ကိုင်ငြင်းပယ်တာ၊ ကိုကို အရွဲ့တိုက် တစ်ခြားတစ်ယောက်ကို ရွေးတာ လုံးဝ မတရားဘူးဗျ"

"ခင်ဗျား ဘယ်လို မိန်းကလေးလဲ ဗျာ၊ ဘယ်လို နားလ ရမှာလဲ၊ ခင်ဗျား ကိုကို ကိုတမင်သက်သက် ချိုးတာလား၊ ခ ရယ်"

ခံပြင်းမှုကြောင့် သူ့ရင်တလှိုက်လှိုက် တုန်ခါသွားသည်။

"ရှင်ဘာမှ မမေးနဲ့၊ ကျွန်မ ဆုံးဖြတ်ချက်ကို ရှင်သိပြီ"

"ဟ ခင်ဗျား ဆုံးဖြတ်ချက်က ကိုကိုဘဝ ကိုကိုနှလုံးသ

(ဗျူးစာပေ)



ကို ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်တာနဲ့ တူနေပြီ ဗျ"

"တူနေရင် ရှင် ဘာလုပ်ချင်လဲ လုပ်ချင်ရာလုပ်"

"တောက်"

လက်ချောင်းလေးများ ဆုပ်တွေးထားသည့် သူ့လက်တစ်ဖက် ကောက်သွားသည်။ ကိုကို ချစ်တဲ့ မိန်းကလေး ဖြစ်တဲ့အတွက် သူ့ဒေါ ကို ဝါးမြိုလိုက်သည်။

"ရှင် ထွက်သွား၊ ကျွန်မ ရှေ့က ထွက်သွား"

"သွားမယ်။ ကျွန်တော် မသွားခင် ခင်ဗျားကို နောက်ဆုံး ပြောခဲ့မယ်၊ တစ်ချိန်ချိန်မှာ ခင်ဗျားဘဝ၊ ခင်ဗျားနှလုံးသား၊ခင်ဗျား ဏ်သိက္ခာ အားလုံး ပျက်ဆီးအောင် ကျုပ် လုပ်ပြမယ်"

"စိန်လိုက်"

"တော်က် ကိုကို ခံစားရသလို ခင်ဗျား တန်ပြန်ခံစားစေရ ယ်၊ ခံစားစေရမယ် ဗျာ"

ကိုကိုကိုယ်စား တန်ပြန်လက်တုန့်ပြန်ရန် ဆူလောင် ပေါက် ကွဲ သူ ဟစ်ကြွေးမိခဲ့သည်။

"မြင့်မြတ်ကို ခင်ဗျားဘယ်တော့မှ မမေ့နဲ့ ခတ္တာတင်၊ ကိုကို တွက် ခင်ဗျားကို ကျုပ်လက်စားချေမယ် ဗျ" လက်စားချေမယ်"

သူ၏ ကြုံးဝါးသံသည် စက္ကန့်မလပ် ဆူပွက်နေသည်။ အထူး ငြင့် ကိုကို ကြေကွဲမှု တောက်လောင်မှုတွေကို မြင်ရလေ သူ့စိတ် ၌ ပို၍ ပြင်းထန်လေ ဖြစ်လာသည်။ ဝေဒနာကို အရက်နှင့် လုံး ေဖြသိမ့်ရင်း နောက်ဆုံး accident ဖြစ်ပြီးဆုံးပါးရှာသည်။ ကိုကိုယ် ဆုံးရှုံးရသည့် စိတ်နှင့် မာမီလည်း ရှေ့ဆင့်နောက်ဆင့်ဆုံး သည်။ ထိုဖြစ်စဉ်က သူဘဝထဲက ဖျောက်ဖျက်လို့ မရသည့် ဝေဒ ဖြစ်သည်။ ခတ္တာတင်ကြောင့် ဖြစ်ပေါ်လာတဲ့ သူ့ မိသားစု

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဝင်တွေရဲ့ ဒဏ်ရာဆိုးကို နက်နက်ရှိုင်းရှိုင်း ခံစားရသည်။ သူ
သည် ခတ္တာတင်အပေါ် မှန်းတီးနာကြင်စွာ လက်တုန့်ပြန်လို
ပြင်းပြခဲ့သည်။ ထိုပြင်းပြစိတ်က ကြာခဲ့ပါပြီ။ ကြာခဲ့ပါပြီ။

အခုမှ ဘာကြောင့် တိုက်တိုက်ဆိုင်ဆိုင်လာဆုံရတာ
ကံကြမ္မာရယ်။

❋❋❋



## အခန်း ( ၁၈ )

"ဒယ်ဒီ"

'သူ'တို့ဆီက ပြန်ရောက်တည်းက 'ဒယ်ဒီ' အခန်းအောင်းနေခဲ့သည်။
'သူ' အခန်းတံခါးကို အကြိမ်ကြိမ်ထုပြီး

"ဒယ်ဒီ၊ သားကို တစ်ခုခုပြော ဗျာ"

သူ ဘာမှ မပြောချင်တော့။ သူ နှုတ်ခမ်းပါးကို ပြတ်ထွက်
မတတ် ဖိကိုက်မိသည်။

"သားတို့ ချစ်ခြင်းကို ဒယ်ဒီ"

"တော်တော့ သား"

အခန်းတံခါးကို ဝုန်းခနဲ ဖွင့်ပြီးထွက်လာသည့် ဒယ်ဒီအသွင်
…ည့် ကျောက်ဆိုင်လို ခဲကျစ်လျက် ခံစားမှုကင်းမဲ့လှသည်။ ဖြစ်စဉ်အ…



www.burmeseclassic.com

www.burmeseclassic.com



လုံးအတွက် ခံခက်ဆူဝေနေသည့် ဒယ်ဒီကို သူနားမလည်စွာ ငေး
ကြည့်မိသည်။ ဟိုအဝေးကို အကြည့်လွှဲပြီး

"သားတို့ ခံစားမှုကို ဒယ်ဒီ ဘာတစ်ခုမှ မစွက်ဖက်ခဲ့ဘူး"

သူ တံထွေးတစ်ချက် မျိုချလိုက်သည်။

"ဒယ်ဒီ ခံစားမှုကိုလည်း သား မစွက်ဖက်နဲ့ ဒါပဲ"

"ဟင်"

ဖတ်ပြတ် ဆိုပြီး ထွက်သွားသည့် ဒယ်ဒီကို သူတွေ
စွာ စိုက်ကြည့်ပြီး

"ဒယ်ဒီ နေဦးလေ"

သူ တရစပ် ဆိုပေမယ့် ဒယ်ဒီ ခြေလှမ်းမရပ်တန့်

"ဒယ်ဒီ"

နောက်မလှည့်တမ်း လှည့်ထွက်သွားသည့် ဒယ်ဒီကို ကြည့်ရင်း
သူရင်မှာ ချည်ထွေးတစ်ခုလို ရှုပ်ထွေးသွား၏။ ကျော်ကျော်တို့ စိတ်
သက်မသာ သက်ပြင်းချလျက်

"ဒီပုံဆို မလွယ်ဘူး အာရုံ"

"ဟုတ်တယ်ကွ မင်းတို့ လက်ဦးမှုရမှ ဖြစ်မယ်"

"တစ်ခုခု စီစဉ်ကြည့်ကြစို့"

သူငယ်ချင်းတွေ သူ့ဘက်က ဝိုင်းဝန်းခံစားပေးစဉ် သူဦးခေါင်း
ကို စိတ်ပျက်စွာ ဖိကုတ်မိသည်။

"ကိုယ် ဘာဆက်လုပ်ရမလဲ ကွာ"

"နွဲ့ကို မင်းမစွန့်လွှတ်ချင်ရင် လုပ်စရာ တစ်နည်းပဲရှိတယ်"

"ဘာနည်းလဲ မင်းမင်းရာ"

"မင်းနဲ့နွဲ့ ထွက်ပြေးဖို့ပေါ့ ကွ"

"ဟင်"

(ဗျူးစာပေ)



သူငယ်ချင်းတွေကို သူငေးကြည့်လျက်သား ဖြစ်သွားသည်။
မင်းမင်း မသိမသာသက်မချ၍

"ဟုတ်တယ် အာရုံ၊ မင်းတို့နှစ်ယောက် ဆုံပေါင်းနိုင်ဖို့
လမ်းကောင်းမရှိဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့၊ နွဲ့မိဘက နွဲ့အတွက်
ရွေးချယ်ထားတဲ့ သူရှိတဲ့ကောင် အဆင်သင့်ရှိနေတယ်"

"အတိတ်ဖြစ်စဉ်ကို အစာမကြေတဲ့ မင်း ဒယ်ဒီက မင်းကို
ရင်လို လိုက်လျောမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ ကိုယ်တို့ ဘယ်လိုပြေးမလဲ စီစဉ်ကွာ"

"စီစဉ်တာ ဟုတ်ပြီ၊ နွဲ့ သဘောထားသိဖို့ လိုအပ်တယ်"

ဦးမောင် အလေးအနက်ဆိုစဉ် သူ့ရင်မှာ နွမ်းဟိုက်ကြေကွဲ
သည်။

"ဟုတ်တယ် နွဲ့ သဘောထား သိဖို့ အရေးကြီးတယ်"

"နွဲ့ ကိုယ့်ကို ငြင်းပယ်မယ် ထင်လို့လား"

"အနေအထားက ဘာကိုမှ ခန့်မှန်းလို့ မရဘူး အာရုံ"

"ဒါဆို နွဲ့ကိုတွေ့ပြီး မေးချင်တယ်၊ နွဲ့နဲ့ တွေ့ဖို့ ဘယ် လို
ကြံရမလဲ"

ကျော်ကျော်တို့ တိတ်ဆိတ်လျက် တစ်စုံတစ်ရာကို တွေးကာ
သက်လျက် အတန်ကြာမှ

"ဒီအချိန်မှာ နွဲ့မာမီ နွဲ့ကိုအခန်းပိတ်ထားမှာ သေချာတယ်"

"ဒါဆို တွေ့ခွင့်ရဖို့ လွယ်ပါ့မလား"

သူ့ရင်မှာ စိုးရိမ်းလှိုင်းကြွလာသည်။

"လွယ်ချင်ရင် စွန့်စားရမယ် အာရုံ"

"စွန့်စားရမယ်ဆိုရင် စွန့်စားချင်တယ် ကွာ"

"ဒါဆို ဒီည မင်းနွဲ့ အခန်းထဲ ရောက်အောင် ဝင်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မင်းမင်းဆိုစဉ် သူမျက်ဝန်းပြူးကျယ် သွားပြီး

"မလွယ်ဘူးထင်တယ်"

"လွယ်ပါတယ်ကွာ။ အရင်ဆုံး ဖြူမောင်တို့ကို ရှေ့ပြေးလွှတ်မယ်ကွာ"

"ဖြစ်ပါ့မလား၊ ကိုယ်ခွေးကို နွဲ့မာမီ ဒေါသ ထွက်ထွက်နဲ့ သတ်လိုက်မှ"

"ဟာ မင်းကလဲ ဖြူမောင်တို့ အကင်းပါးပါတယ်"

သူ့ရင်မှာ ပို၍ လေးလံလာသည်။

"ဟုတ်တယ် နွဲ့ သဘောထား မင်းနဲ့ ထပ်တူကျတယ်ဆို ရင် ဖြူမောင်တို့ကို မြင်တာနဲ့ နွဲ့ ပါလာစေရမယ်"

"နွဲ့ပါလာရင် အိုကေပြီ၊ ဟုတ်တယ် အဲဒီ အစီအစဉ် မဆိုးဘူး"

ဦးမောင် စိတ်အားထက်သန်စွာ ရွတ်ဆိုသည်။

"ကဲ အချိန်မရှိဘူး၊ ဖြူမောင်တို့ ဘယ်မှာလဲ"

သူသက်ပြင်းချလိုက်သည်။ ခုချိန်မှာ နွဲ့က လွဲပြီး သူဘာကိုမှ မတောင့်တတော့၊ ဖြစ်ချင်ရာ ဖြစ်စေတော့"

မင်းမင်းဆိုမှ ဖြူမောင်တို့ကို သူ သတိရလာသည်။

"ဖြူမောင်"

"ဖြူမ"

သူ အသံကုန် ခေါ်ပေမယ့် ဖြူမောင်တို့ကို အရိပ်အယောင် မမြင်ရ။ ခုနလေးတင် အခန်းထဲ ရှိနေလျက်။

"ဟာ ဒီကောင် ဘယ်သွားနေလဲ၊ ကျော်ကျော် အပေါ်ထပ် မှာရှိမလား ခုနတက်ကြည့်ကွာ၊ကိုယ် အောက်ထပ်မှာ ရှာလိုက်မယ်"

(ဗျူးစာပေ)



သူတို့တွေ ဖြူမောင်နှင့် ဖြူမကို အသည်းအသန်ရှာရသည်။

ဒီနှစ်ကောင် ဘာစိတ်ကူးပေါက်ပြီး ဘယ်တွေ လျှောက်သွား ပါလိမ့်။

"ဖြူမောင်"

"ဖြူမ"

သူတို့ အုပ်စု အပြေးအလွှား ရှာဖွေကြပေမယ့် 'ဖြူမောင်' အရိပ်အယောင် ပေါ်မလာ။

'ဖြူမောင်'တို့ ဘယ်သူမှ မသိအောင် လှစ်ခနဲ ပြေးထွက်၍ ဝင်ရောက်နိုင်ဖို့ အခြေအနေကို ချောင်းကြည့်နေသည်။ ခြံဝင်း တားတာကြောင့် အလွယ်တကူ ဝင်ခွင့်မရတော့။ နှစ်ကောင်သား င်တွေကို ကုတ်တွယ်ပြီး ခြံထဲခုန်ဆင်းလိုက်သည်၊ ခြံစောင့်မ အောင် ပန်းပင်တွေကို ကွယ်ပြီး တိုက်ဆီသို့ တစ်လှမ်းချင်း လာသည်။ ညှို့ခန်းအဝ ရောက်စဉ် ဖြူမောင်က ဦးခေါင်းအသာ ချောင်းကြည့်လိုက်သည်။ လူရိပ်မမြင်တော့ နှစ်ကောင်းသား န်းထဲကို ဖြတ်ပြီး အပေါ်ထပ်ဆီ ပြေးတက်ကြသည်။

"ဟင်"

'နွဲ့' အခန်းထဲ ပြေးဝင်လာသည့် ဖြူမောင်တို့ကိုတွေ့စဉ် း်သားလိုက်ဖိုသွားသည်။

"ဖြူမောင်တို့ရယ်"

'နွဲ့'ကိုယ်ပေါ်ပြေးတက်လာသည့် ဖြူမောင်တို့ကို ပွေ့ဖက်ပြီး

"မောင်ကော ဟင်"

မောနွမ်းနေသည့် ဖြူမောင်တို့ ဘာမှ မဆိုနိုင်ရှာ။ အတန် ဖွဲ့ခြေကိုသူတို့ခြေတွေနဲ့ ထိပြီး သူတို့နဲ့ ပြေးထွက်ခဲ့ရန် အသာ လုပ်ပြသည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"နွဲ့ လိုက်ခဲ့ရမယ် ဟုတ်လား"

ဖြူမောင်တို့ ခေါင်းညိတ်သည့် နွဲ့ရင်မှာ ဝမ်းနည်းဝမ်းသ ခံစားမိသည်။

"မဖြစ်နိုင်ပါဘူး ကွယ်"

ဖြူမောင်တို့ မျက်နှာလေး ညှိုးနွမ်းလျက် နွဲ့ခြေကို အဝ တန်တို့ထိ နမ်းရှိုက်၍ တရစပ် ခေါ်၏။ ဖြူမောင်တို့ကို နွဲ့ ကြင်နာ ကြည့်ပြီး

"မဖြစ်နိုင်ပါဘူး ကွယ်"

"ပြန်ပါတော့နော် မာမိ ရှိနေတယ်"

"ဖြူမောင်တို့ကို တွေ့သွားလို့ မဖြစ်ဘူး၊ သွားတော့နော်"

ဖြူမောင်တို့ ဦးခေါင်းတွင်တွင် ခါရမ်းဆဲ။

နွဲ့ ခြေကို တို့ထိ ခေါ်နေဆဲ။ နွဲ့ သက်ပြင်း အသာချ၍

"ခဏနော် မောင့်အတွက် စာရေးပေးလိုက်မယ်"

ဖြူမောင်တို့ အနည်းငယ် စိတ်သက်သာသလို ဦးခေါင်းညို သည်။ နွဲ့ ကမ္ပန်းကာတန်း စားတစ်စောင်ရေးပေးပြီး ဖြူမောင်လည် မှာ ထည့်လိုက်သည်။

"သွားတော့ နော်"

ဖြူမောင်တို့ ဦးခေါင်း အသာညိတ်သည်။ ထိုနောက် ပွဲ ချစ်စနိုး နမ်းရှိုက်၍ နှစ်ကောင်သား အပြင်ကို အကဲခတ်ကြည့်သ ထိုနောက် အခန်းတွင်းမှ ထွက်သွားသည်။ ညှော်ခန်းကိုဖြတ်သွားပေ နွဲ့ မာမီနှင့် တန်းတိုး၏။ ခွေးနှစ်ကောင်ကိုမြင်စဉ် ဒေါ်ခတ္တာတင်ဖျ ဝန်း မီးတောက်သွားပြီး

"ဟင် ခွေးတိရစ္ဆာန်တွေ"

ဒေါ်ခတ္တာတင် ဒေါသတကြီးဖြစ်လျက် ကြက်မွေးတံမြက်စ





ဖို့ လှမ်းရိုက်၏။

"အကြံသမားရဲ့ လက်ပါးစေတွေ"

ဖြူမတို့ နွဲ့မာမီ ဒေါသလက်က လွတ်အောင် ပြေးထွက် ပဲ့သည်။

"နောက် ဘယ်တော့မှ မလာနဲ့၊ အသိတရားမရှိတဲ့ တိရစ္ဆာန် တွေ"

မာမီ ကြက်မွေးတုတ် လွတ်အောင် တရှိန်ထိုး ပြေးထွက်သွား သည့် ဖြူမောင်တို့ကို ငေးကြည့်ရင်း နွဲ့ ရင်မှာ ဝမ်းနည်းလာသည်။ ပြင်ကို ခုန်ကျော်ဆင်းပြီး မရပ်မနားပြေးခဲ့သည်။ အမောတကော ပြေးဝင်လာသည့် ဖြူမောင်တို့ကို မြင်စဉ်

"ဟာ ဖြူမောင် မင်းတို့ ဘယ်သွားနေတာလဲ"

ဖြူမက သူ့လက်ကို တို့ထိကာ ဖြူမောင့် လည်ပတ်မှ စာ ကြောင်း အချက်ပြသည်။ ဖြူမောင်က လည်တိုင်လေးရှေ့တိုးပေးသည်။ ဖြူမောင် လည်ပတ်တွင်းနှိုက်လိုက်စဉ်

"ဟင်"

စာတစ်စောင် ထွက်လာသည်။ သူစာကို ကမန်းကတန်း ဖွင့်ဖတ်လိုက်သည်။

"မောင်နဲ့တွေ့ချင်တယ်"

'နွဲ့'

သူ့ရင်မှာ အတိုင်းမသိ ဆူပွက်လှုပ်ခတ်သွားသည်။ သူ့အတွက် ကြိုးစားခဲ့ရသည့် ဖြူမောင်တို့ကို မြတ်နိုးစွာ တွေးပွေ့မိသည်။

"ကျေးဇူးတင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူမောင်တို့ ခေါင်းဟိုးဝင်လာစဉ်

သူ့ရင်မှာ အတိုင်းမသိ ကြည်နူးသွားသည်။

"ကဲ အာရုံ နွဲ့ သဘောထားကို သိပြီဆိုရင် မင်းတို့ တစ်ခါတည်း ပြေးဖို့ စီစဉ်ရမယ်"

"ကိုယ် လည်း နွဲ့ကို တစ်ခါတည်း ခေါ်ချင်ပါတယ်"

"ခေါ်ရမှာ ပေါ့ ကွ"

"အဲလိုဆိုရင် ဒယ်ဒီ တစ်ခုခု မရိပ်မိအောင် ငြိမ်ဖို့လိုတယ်"

"ဟုတ်တယ် ရိပ်မိလို့ စွက်ဖက်လာရင် မလွယ်ဘူး"

"ဒီတော့"

ဦးမောင်က အသေအချာ စူးစိုက်စဉ်းစား ဟန်နှင့် စကားရပ်လိုက်သည်။ 'သူ' မချင့်မရဲဖြစ်ပြီး

"ဆိုစမ်းကွာ ဦးမောင်"

"မင်းတို့ ထွက်ပြေးမယ့် တစ်နေရာ ရှာထားတယ်"

"ကျေးဇူးပဲ ဦးမောင်"

"အဲဒါဆိုရင် နွဲ့နဲ့မင်း သွားတွေ့လိုက်"

"အိုကေ"

"ကျန်တဲ့ ကိစ္စက ကိုယ်တို့ စီစဉ်မယ်"

"ဝုတ် ဝုတ်"

ဖြူမောင်တို့ အသံပြုတာကြောင့် သူသဘောကျ ပြုံးပြီး

"မင်းတို့ကို ခေါ်သွားမှာပါကွာ"

သူဆိုလိုက်စဉ် ဖြူမောင်တို့ သဘောကျလျက် နှုတ်ခမ်းပါးနှင့် သူ့လက်ကို ပွတ်သတ်လာသည်။

"ကဲ အာရုံ အချိန်မရှိဘူး။ တော်ကြာ မင်းဒယ်ဒီ ပြန်ရောက်လာရင် ထွက်ရခက်နေလိမ့်မယ်"

(ဗျူးစာပေ)



"အင်းပါကွာ"

ဖြူမောင်တို့ကို မြတ်နိုးစွာ ထွေးပွေ့ရင်းဆိုမိသည်။

"နွဲ့ရယ်"

"မောင်တို့ချစ်ခြင်းမှာ စီးကားနေတဲ့ ကျွန်းကြီးကို ကျော်စို့ကွာ"

❀ ❀ ❀

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"သားကြီးနဲ့ သားငယ် ဘယ်မှာလဲ"

မာမီ၏ ဒေါသတကြီး ခေါ်သံကြောင့် နွဲ့ကိုယ်ကို တံခါးရွက်နှင့် ကွယ်လိုက်သည်။

"ဘယ်မှာလဲ ဒီနှစ်ယောက်"

"ရှိတယ် မာမီ"

ကိုကိုနဲ့ မောင်ငယ် ကမန်းကတန်း ပြေးထွက်ခဲ့သည်။

"သားတို့ကို မာမီ ဘာပြောထားလဲ"

ညီအကို နှစ်ယောက် မျက်နှာ မသာမယာဖြစ်လျက် မာ[illegible] ရှေ့ခေါင်းငုံ့သွားပြီး

"နွဲ့ အနားမှာ စောင့်နေဖို့ ပြောထားတယ် မာမီ"

(ဗျူးစာပေ)



"ဘာဖြစ်လို့ နွဲ့ အနားမှာမရှိတာလဲ"

"မမက တစ်ယောက်တည်းနေချင်တယ်တဲ့"

"ဘာ တစ်ယောက်တည်း နေချင်တယ် ဟုတ်လား"

နွဲ့ တစ်ကိုယ်လုံး တုန်ခါသွားသည်။ ကိုယ်ကိုက မဝံ့မရဲဟန်နှင့်

"အဲဒါကြောင့် သားတို့"

"တော်စမ်း နွဲ့ကိုတစ်ယောက်တည်းထားလို့ မရဘူး၊ နားမ[illegible]လည်ဘူးလား၊ ခုနက ခွေးတိရစ္ဆာန်နှစ်ကောင် လာသွားတယ်၊ ဘာ[illegible]ချိတ်အဆက် လုပ်သလဲဆိုတာ မင်းတို့မသိဘူး မဟုတ်လား"

ညီကို နှစ်ယောက် မာမီ ဒေါသအောက်မှာ မျက်လွှာချလျက်

"သွား၊ နွဲ့အနားက တစ်ဖဝါးမှ မခွာနဲ့"

"ဟုတ်ကဲ့ မာမီ"

"နွဲ့တစ်ခုခုဖြစ်လို့ကတော့ နှစ်ယောက်လုံး သေပြီသာ မှတ်"

မာမီအမိန့်ကို မလွန်ဆန်ရဲတဲ့ ညီအစ်ကိုနှစ်ယောက် နွဲ့[illegible]ခန်းထဲ ရောက်လာသည်။

ထိုနောက် နွဲ့ကို တံခါးရွက် အကွယ်မှ မာမီ ဆွဲထုတ်ပြီး

"မိနွဲ့"

"ရှင်"

နွဲ့ ခေါင်းငုံ့မျက်လွှာချလျက် မလုံမလဲ ဖြစ်နေမိသည်။ မာမီ[illegible]မျက်ဝန်းစူးစူးက မီးစလို နွဲ့ ရင်ကို ပူလောင်စေသည်။

"ညည်း သတိထား"

"ဟုတ်"

"ဒီကောင်နဲ့ဆက်သွယ်ရင် ညည်းကို မာမီ ကိုယ်တိုင်သတ်[illegible]မယ်"

'နွဲ့' တစ်ကိုယ်လုံး မွေးညင်းများ ထောင်ထလာသည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မာမီ အကြောင်း ညည်း သိတယ်နော်"

"ဟုတ် ဟုတ်ကဲ့ ပါ မာမီ"

"သိတယ် ဆိုရင် ညည်း ဆင်ခြင်"

"ဟုတ်ကဲ့ ပါ"

"အခန်းထဲက အပြင်မထွက်နဲ့"

"ဟုတ်ကဲ့ပါ"

"သားတို့ သေချာစောင့်ကြည့်"

"ဟုတ်ကဲ့ မာမီ"

မာမီ မျက်ဝန်းစူးစူးရင့်ရင့်က နွဲ့တို့ သုံးယောက်လုံးကို ဂြ ခြမ်းသွားစေသည်။ မာမီ လှည့်ထွက်သွားတော့ ကိုကိုနဲ့မောင်ငယ် နွဲ့ကို ဒေါသတကြီးကြည့်ကြသည်။

"မိန္ဒဲ့ ညည်း အတော် ဒုက္ခပေးတာပဲ"

"ဟုတ်တယ် မမကြောင့် ခက်တယ် ဗျာ၊ မာမီတားနေ ကြားက"

နွဲ့ နှုတ်ခမ်းဆူလိုက်သည်။

"ညည်းကြောင့် ငါတို့ ခြေချုပ်မိရတာကွ၊ ညည်း တော်ပေ မိုက်တာပဲ နွဲ့ရယ်"

"ဟာ ကိုကိုက မစာမနာ"

နွဲ့ ခပ်စူစူဆိုစဉ် ကိုကို မျက်နှာ ခံပြင်းမှုတွေ လွှ်က်တ လာပြီး

"ဘာ မစာမနာလဲ၊ နင်ပဲ ငါရည်းစားနဲ့ ချိန်းတွေ့တဲ့ ကိ မာမီကို ချွန်ပြီးတော့"

"ကိုကိုလည်း ဘာဖြစ်လို့ နွဲ့ကို ပြောလဲ"

"ပြောရမယ် ညည်းက မိန်းကလေး"





"မိန်းကလေးကော ရည်းစားမထားရဘူးလား"

"မိန္ဒဲ့"

တစ်ခွန်းချင်း ပြန်ပြောမိသည့် နွဲ့ကို ကိုကို စူးစိုက်ကြည့်စဉ် နွဲ့ မျက်နှာလေးမော့၍

"ဟုတ်တယ်လေ၊ မိန်းကလေးတွေ ရည်စားမထားရင် ကိုကို တို့ ယောကျ်ားတွေ ရည်းစားရမှာ မဟုတ်ဘူး နားလည်လား"

"ဟာ မိန္ဒဲ့၊ ငါ ထိုးလိုက်ရ"

ကိုကို လက်သီးနဲ့ ရွယ်စဉ် နွဲ့ ခြေဆောင့်လိုက်သည်။

"ညည်း အချိုးပြင်၊ မပြင်ရင် ဟောဒီအခန်းထဲက တစ်ပါးမှ ထွက်လို့ရမှာ မဟုတ်ဘူး နားလည်ရှလား"

"လည်တယ်၊ ကိုယ်ကိုတို့က နွဲ့ကို လှောင်ထားတာကိုး"

"လှောင်ရမယ်။ ညည်းက မာမီ ရန်ဘက်ကောင်နဲ့ကြိုက် တာကိုး"

"အို့ မာမီတို့ ကျောင်းတော်က ရန်စရှိမှန်း နွဲ့မှမသိတာ"

"အခု သိပြီ မဟုတ်လား"

"ဟာ မာမီတို့ ရန်စက နွဲ့တို့ ချစ်ခြင်းနဲ့ ဘာဆိုင်လို့လဲ"

"ဘာပြောတယ် မိန္ဒဲ့"

ရုတ်တရက် ပေါ်ထွက်လာသည့် မာမီ အသံကြောင့် နွဲ့ ကိုကိုတို့နဲ့ အကာအကွယ်ယူလိုက်သည်။ မာမီ ဒေါသလက်က နွဲ့ကို တင်းဆွဲထုတ်ပြီး

"ပြန်ပြောစမ်း မိန္ဒဲ့ ပြောစမ်း"

"အခုချိန်က စပြီး ညည်းကို အခန်းလှောင်ထားမှ ဖြစ်တော့ ယ်။ မိန္ဒဲ့ ညည်းက ဟိုခွေးတိရစ္ဆာန်တွေဘက် လေးဘက်ပြေးမှာ ပိုက်မ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းမိုက်ချင်ပေမယ့် မာမီတို့ မိုက်ခွင့်မပေးဘူး။ နားလည်းလား"

'နွဲ့' ပိုက်သားကို ဆွဲလိမ်ပြီး မာမီ တရစပ်ဆိုစဉ် နွဲ့နှလုံးသားမှာ နာမျက်ကြေကွဲလျက်

"မာမီရယ် နွဲ့ကို ဟင့် ဟင့်"

"တိတ်စမ်း"

နွဲ့ မျက်လုံးမှိတ်၍ အောင့်ခံလိုက်ပေမယ့် နွဲ့နှလုံးသားကမျက်ရည်စတွေ တရစပ် လိမ့်ကျလာသည်။ နွဲ့ မျက်ရည်က မာမီ ဒေါသလက်ကို မဖယ်ရှားနိုင်။ ခပ်တင်းတင်း ဆွဲလိမ်ခံရသည့် နွဲ့အသားဆိုင်တွေက တဆစ်ဆစ် နာမျက်နေဆဲ

"ညည်း ဒီထက်မိုက်ဖို့ မကြိုးစားနဲ့ မိနွဲ့၊ ညည်း တစ်ကိုယ်လုံးစုတ်ပြတ်သတ်အောင် ဖဲပစ်လိုက်မယ်။ ကြပ်ကြပ် သတိထား"

"ခုချိန်ကစပြီး ညည်း ပါးစပ်မဟာနဲ့။ စကားတစ်ခွန်းမှ မပြောနဲ့"

မာမီလက်က နွဲ့ အသားဆိုင်မှာ မရှိတော့ပေမယ့် ဆွဲလိမ်းခံထားရသည့် အရှိန်က ပြင်းရှနေဆဲ။ 'နွဲ့' နှလုံးသား 'နွဲ့' ခံစားချက် နွဲ့ နာကြင်မှုကို ဘယ်သူမှ ကရုဏာ မသက်ကြ။ မောင်ရယ်။ ဒီလို အချိန်မှာ မောင်ရှိရင် မောင့်ရင်ခွင်မှာ ခေါင်းချ ဖြေသိမ့်လိုက်ချင်ပါတယ် ကွယ်။ ခုတော့။

နာကြင်ကြေကွဲ မှုတွေကို ကြိတ်မှိတ်မျိုသိပ်ရင်း မျက်လုံးပေါင်းများစွာရဲ့ အကြည့်တွေအောက်မှာ ကျောက်ရုပ်လို ငြိမ်သက်နေရတဲ့ နွဲ့ ဖြစ်စဉ်က ဘယ်လောက်များ မွန်းကြပ်ဖွယ် ကောင်းသလဲ ကွယ်။ နွဲ့ကို ကိုကိုနဲ့ မောင်လေးသာမက မာမီပါ မျက်တောင်မခတ်စောင့်ကြည့်ရုံမက ဒယ်ဒီကလဲ အောက်ထပ်မှာ စောင့်သလို အလုပ်သ





တွေလဲ ခြံထဲမှာ မပြတ်မလပ် စောင့်နေကြတာလေ။ ဒီလို တင်းတဲ့ အခြေအနေမျိုးမှာ နွယ်နဲ့မောင် တွေ့ဆုံဖို့က မတွေးရဲစရာလေ၊ နိုင်ရင် မောင့်ဆီ ပြေးသွားချင်သည်။ မောင်ကရော နွဲ့ဆီလာဖို့ ကူးမရှိဘူးလားကွယ်။

"ဝုတ် ဝုတ်"

နွဲ့နားမှာ ဖြူမောင်တို့ အချက်ပေးသံ တိုးတိုးလေးကြားရသည်။ သံကြောင့် မာမီမျက်ဝန်းအရောင်တောက်လာစဉ် နွဲ့ မျက်လုံးစုံ၍ အိပ်ပျော်ချင် ဟန်ဆောင်လိုက်သည်။

"သားကြီး"

"ဗျာ"

"ဟို တိရစ္ဆာန်ကောင် အသံကြားတယ်၊ ထွက်ကြည့်စမ်း"

နွဲ့ အခန်းအပြင်မှာ မောင်လေးနှင့် ကိုကို က စောင့်အိပ်။ မာမီဆိုစဉ် ကိုကို အောက်ထပ်ဆင်းသွားသည့် ခြေသံကြားရ။ နာရီလက်တံ ရွေ့လျားသံက 'နွဲ့' ရင်ခုန်သံကို မှန်မှန်ပေါ် လာသည်။

"ဟို ဘက်ခြံက ခွေးညိုတို့ပါ မာမီ"

ကိုကိုက ဖြူမောင်တို့ အသံမမှတ်မိတာ နွဲ့ ရင်မှာ ပေါ့ပါးသည်။ မာမီ သက်ပြင်းအသာချ၍ အခန်းမီးမှိတ်၍ နွဲ့ အပါးမှာ သည်။ နွဲ့ ရင်ခုန်သံသည် မောင့်ဆီ လွင့်မျောနေဆဲ။ ခုနေ ပိတို့ မသိအောင် မောင့်ဆီ လှစ်ထွက်ရင် သိပ်ကောင်းမှာပဲ။

ညတဖြေးဖြေးနက်လာလေ နွဲ့ ရင်ခုန်သံ မြန်လာလေ။ တွေရဲ့ ချောသိပ်မှုအောက်မှာ နွဲ့အာရုံသည် တဖြေးဖြေး မိန်းသည်။ ထိုစဉ် နွဲ့ခြေကို တို့ထိပွတ်သပ်သလို ခံစားရသည်။ ပါ နွဲ့အာရုံ လူးလွန့် နိုးထလာသည်။ နွဲ့ အနားမှာ မာမီ၏



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သံကြားရသည်။ နွဲ့ မျက်လုံးအသာဖွင့်လိုက်သည်။ ညမီးရောင် မှုန်ဖျော့ဖျော့အောက်မှာ ဖြူဖွေးဖွေး သဏ္ဌာန်နှစ်ခု

"ဟင်"

ဖြူမောင်တို့ပါလား။ ဖြူမောင်တို့ အမူအယာက နွဲ့လစ်ထွက် ရန် အချက်ပြနေသည်နှင့် တူသည်။ နွဲ့ ထဟန်ပြင်တော့ နွဲ့ကိုယ်ပေါ် ဖက်သိုင်းထားသည့် မာမီလက်။ နွဲ့ လက်တစ်ဖက်ကို ကြိုးချည်ပြီ ကြိုးစကို မာမီ ကိုယ်မှာ ပတ်ထားသည်။ ဒီကြိုးတွေကြောင့် နွဲ့ထွက် ခွင့်ရနိုင်မည် မထင်။ ဖြူမောင်တို့ကလည်း နွဲ့ခြေကို အဆက်မပြတ် တို့ထိခေါ်နေဆဲ။

နွဲ့ လက်ကောက်ဝတ်က ကြိုးကို ဖြေလိုက်သည်။ နွဲ့ကိုယ်ပေါ် မှ မာမီလက်ကို အသာချသည်။ မာမီ အိပ်မောကျနေဆဲ။ နွဲ့ အသာ အောင့်၍ မာမီ ဘေးမှ ထသည်။ ခုတင်ပေါ်မှ ဖြည်းညင်းစွာ ဆင်း ချလိုက်စဉ် ဖြူမောင်တို့ ရှေ့မှ ဦးဆောင်ထွက်သည်။ နွဲ့ အခန်းထဲမှ ထွက်စဉ်

"နွဲ့ ထွက်ပြေးဖို့ မကြိုးစားနဲ့"

မာမီ ဟန့်တားသံ။ ထိုအသံကြောင့် နွဲ့ လန့်ဖြန့်ကာ ခြေလှမ်း သွားသည်။ ကျောက်ရုပ်လို နွဲ့ ငြိမ်သက်၍ မာမီကို ကြည့်လိုက်သည်။ မာမီကိုယ်က ငြိမ်နေဆဲ ။ ဟောက်နေဆဲ။ မာမီ ယောင်တာဖြစ်မည်။ ဖြူမောင်တို့ နွဲ့ကို ခေါ်နေဆဲ။ နွဲ့ အားတင်း၍ အခန်းထဲက ထွက်သည်။ အခန်းဝ ခုတင်ပေါ်မှ ကိုကိုနှင့်မောင်ငယ် အိပ်ပျော်နေသည်။ ပြီး ညနှစ်ချက်တီးသံ ပေါ်ထွက်လာသည်။ ဖြူမောင်တို့ အောက်ထပ် ပြေးဆင်းပြီး နွဲ့လည်း ဖြူမောင်တို့နောက် လိုက်ခဲ့သည်။ ညေ့ခန်းမှ ဒယ်ဒီ စာအုပ်ဖတ်ရင်း အိပ်ပျော်နေသည်။ ဒယ်ဒီလက်ထဲမှ ဆုပ်ထား သည့် သော့ကို ဖြူမောင် အသာလေး ကိုက်၍ဆွဲထုတ်သည်။ တံခါး

(ဗျူးစာပေ)



ကို တစ်ဖက်သို့ လှည့်၍ အိပ်ပြန်သည်။ ဖြူမောင် ကမ်းပေးသည့် သော့နှင့် ညေ့ခန်းကို ကမန်းကတန်းဖွင့်သည်။

တိုက်အပြင်ရောက်တော့ ဖြူမောင်တို့ ဦးဆောင်ရာနောက် လိုက်ခဲ့သည်။ ခြံဝမှာ မြင်းစောင့်နှစ်ယောက် အရက်သောက်ပြီး လဲနေသည်။ ထိုနှစ်ယောက် မျက်နှာပေါ် ဖြူမောင်တို့ တက်နင်းတာ ထိုနှစ်ယောက် လှုပ်တောင်မလှုပ်။

"နွဲ့"

"ဟင်"

ခြံပြင်မှာ စောင့်နေသည့် မောင်။ မောင့်ကို မြင်ရစဉ် နွဲ့ပို၍ ဝမ်းသာလာသည်။ ရင်ခုန်လာသည်။ လှိုက်ဖိုမြူးကြွလာသည်။

"မောင်"

"နွဲ့ လာလေ၊ မြန်မြန်ထွက်ခဲ့"

ဖြူမောင်တို့ စည်းရိုးတိုင်ကို တွယ်ကပ်၍ ခြံပြင်ခုန်ထွက်စဉ် နွဲ့လည်း ဖြူမောင်တို့ နည်းတူ တွယ်တက်လိုက်သည်။ ခြံစည်းရိုးပေါ် ရောက်စဉ် နွဲ့ ကိုယ်လုံးလေး မောင့်ရင်ခွင်ထဲ ရောက်သွားသည်။ ရင်ခုန်စရာ ကောင်းလိုက်တာ။

"နွဲ့ရယ်"

"မောင်"

"အရမ်းစိတ်ပူတယ်ကွာ၊ နွဲ့ ထွက်လာလို့ရမလား စိုးရိမ်နေ တာ"

"နွဲ့လည်း စိုးရိမ်တာပေါ့"

"ဝုတ် ဝုတ်"

ဖြူမောင်တို့ အချက်ပေးစဉ် သူတို့ အာရုံနိုးကြားလာသည်။

"ဟော့ အာရုံ ကားပေါ် မြန်မြန်တက် ကွ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဖြူမောင်တို့လောက် အကင်းပပါးတဲ့ စုံတွဲ"

ကျော်ကျော်တို့ ဖိုရွှတ်စဉ် နွဲ့ ကိုယ်လုံးလေးကို ကားပေါ်တင် လိုက်သည်။

"နွဲ့ မြန်မြန် လစ်စို့"

"အင်းပါ"

"ဝုတ် ဝုတ်"

ဖြူမောင်တို့က အမြန်လစ်ထွက်ရန် နှိုးဆော်၏။

"ကျေးဇူးရှင် မြန်မြန်လုပ်ကွာ"

ဦးမောင် ထပ်ဆင့်ဆိုစဉ် သူကားပေါ် ကမန်းကတန်း တက် သည်။ သူတို့ ကိုယ်ပေါ် ဖြူမောင်နှင့် ဖြူမတို့ ငြိမ်ငြိမ်လေး ရင်ခုန်လျက်။ သူတို့ နှလုံးသားမှာ စီးကားနေသည့် ကျွန်းကို သူတို့ ရင်ခုန်မှု ကျော်လွှားခဲ့ကြသည်။ ထိုကျော်လွှားမှုက သူတို့ ချစ်ခြင်းရဲ့ လွတ်မြောက် မှုလား ကံကြမ္မာလား။ လွတ်မြောက်ခြင်း မဟုတ်ဘဲ။ ထောင်ချောက် ဖြစ်မယ်ဆိုရင်တော့ အိုး။ ရှေ့ဆက် နွဲ့ မတွေးရဲတော့။

❋ ❋ ❋

(ဗျူးစာပေ)

အခန်း (၂၀)

"ဟင်"

ဒေါ်ခတ္တာတင် ရုတ်တရက် လန့်နိုးသည်။ သမီးကို ကြည့်လိုက်

ဒေါ်ခတ္တာတင် မျက်လုံးပြူးသွားသည့်အထိ ထိတ်လန့်သွားပြီး

"နွဲ့ သမီး"

ကမန်းကတန်းထ၍ အခန်းမီး ဖွင့်လိုက်စဉ် အခန်းထဲမှာ ပါးအရိပ်အယောင် မတွေ့ရ။ ဒေါ်ခတ္တာတင် ရူးရူးရဲရဲဖြစ်ပြီး

"သမီး။ သမီး ဘယ်မှာလဲ"

အခန်းထဲက ပြေးထွက်ပြီး

"သား သားကြီး သားငယ်၊ နွဲ့ ဘယ်မှာလဲ၊ နွဲ့ ကျွေ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် နွဲ့ မရှိတော့ဘူး၊ နွဲ့ မရှိတော့ဘူး"

ဒေါ်ခတ္တာတင်၏ သွေးရူးသွေးသန် အော်သံက အားလုံးကို လန့်ဖြ နိုးထစေသည်။

"နွဲ့ မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ် ကိုအောင်"

"ဟင်"

မိသားစု အားလုံး၏ မျက်နှာပေါ်၌ ထိခိုက်ဝမ်းနည်းသ ဒေါသထွက်ကာ ညိုမှောင်လာသည်။

"အမိုက်ပဲ၊ မိနွဲ့ ညည်းကို ခွင့်မလွှတ်ဘူး"

မာမီ၏ ပေါက်ကွဲသံကြီး ဟိန်းထွက်လာသည်။ သမီးအတွ ဆူပွက်နေသည့် ဇနီးသည်ကို ကရုဏာ သက်စွာ ကြည့်လိုက်သ

"ကိုအောင်"

"ပြော တင်တင်"

"သမီးကို ခုချက်ချင်း ရှာပေး၊ ရှာပေးစမ်းပါ"

ဦးကိုအောင် ဦးခေါင်းတဆတ်ဆတ် ငြိမ့်လိုက်သည်။ သား လည်း စိုးရိမ်စိတ်ဆူလျက်

"ဘယ်မှာ ရှာရမလဲ မာမီ"

"ဘယ်မှာရှာမလဲ ဟိုတိရစ္ဆာန်ကောင် နားမှာပေါ့၊ ဒီကေ ဘယ်မှာနေလဲ၊ မူမူတို့ကို ချက်ချင်းခေါ်၊ ခုချက်ချင်းခေါ်လိုက်"

"ဟုတ်ကဲ့ မာမီ"

သားကြီး မူမူကို ချက်ချင်း ဖုန်းဆက်သည်။ မာမီ သည ခံနိုင်အောင် ဆူပွက်နေဆဲ

"သမီး ထွက်သွားတာ ဘာဖြစ်လို့ တစ်ယောက်မှ ပ တာလဲ၊ အမိုက်မ၊ ညဦး အတော်မိုက်တဲ့ မိန်းမ၊ ညည်းကို တိရ





ကောင်တွေ လက်စားချေမှာ မကြောက်ဘူးလား မိနွဲ့၊ ညည်းကိုအ သသတ်မယ် သတ်မယ်"

မာမီ ဒေါသသည် စက္ကန့်အမျှ ဆူပွက်နေသည်။

"ဒီလောက် ထိမ်းနေတဲ့ ကြားက ပြေးရက်တယ် မိနွဲ့၊ အကြောင်း ညည်း သိရမယ်၊ ဒီကောင်နဲ့ ညည်းကို လုံးဝ လက်မခံ င်ဘူး၊ တိရစ္ဆာန်ကောင် မင်းကို ခွင့်မလွှတ်ဘူး"

မာမီ သွေးရူးသွေးသန်းဖြစ်လျက် ရဲစခန်းသွားကာ သမီး ပျောက် တိုင်တန်၏။

"စခန်းမှူးကြီး ကူညီပါရှင်၊ ကျွန်မ သမီးကို ခုချက်ချင်း ၂နိုခေါ်ပေးပါ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် သမီးကို ေဖာင်းခိုးပြေး ာပါ၊ ကူညီပါဗျာ၊ ကူညီပါ"

"ကောင်းပြီ၊ ဒါနဲ့ အစ်မတို့ပြောသလို မောင်လင်းအာရုံကို ပြေးတာ အမှန်ပဲလား"

"အမှန်ပါရှင်၊ အမှန်ပါ"

သမီးပျောက်လို့ ဆောက်တည်ရာမရ ဖြစ်နေသည့် မိသားစု ကြည့်ပြီး တာဝန်ကျ စခန်းမှူး သက်ပြင်း အကြိမ်ကြိမ်ချလိုက်သည်။ မူတို့ ရောက်လာစဉ်

"မူမူ ဒီကောင့်အိမ် လိုက်ပြစမ်း"

"ဟုတ်ကဲ့ အန်တီ"

"စခန်းမှူးကြီး သွားကြပါစို့၊ ကျွန်မသမီးကို အမြန်ပြန်ရ ပါတယ်၊ ကူညီပါရှင်၊ ကူညီပါ"

"ကောင်းပြီ သွားကြပါစို့"

ဒေါ်ခတ္တာတင်၏ စိတ်သည် အတိုင်းမသိ ဆူပွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို နှိပ်စက်၊ အနိုင်ယူမှာ စိုးရိမ်သလို၊ ရန်ငြိုးရှိနေတဲ့ မိသား ထဲ သမီး ဘဝကို မထည့်နိုင်။ အထူးသဖြင့် သမီးပြစ်သူကို ငယ် ရွယ်ရွယ်နှင့် အိမ်ထောင်ရေး သောကကို မခံစားလိုပေ။ ဒါကြေ ဖြစ်တဲ့နည်းနဲ့ ခွဲမည်။

ခြံဝမှာ တွေ့ရသည့် လူအုပ်ကြီးကြောင့် ဦးမြင့်မြတ်အံ့ တွေဝေသွားသည်။ အိပ်မှုန်စုံမွှား မျက်လုံးကို ပွတ်သပ်ရင်းသေ ကြည့်တော့။ ရဲတွေ။ အတိတ်က ရန်ဘက်ဟောင်း မိသားစု ဝင်ဝေ ဘာဖြစ်ကြတာလဲ။

"ဒေါက် ဒေါက် ဆရာ၊ ဆရာ အောက်မှာ ဧည့်သည်ပေ ရောက်နေတယ်"

အခန်းတံခါးခေါက်၍ အလုပ်သမား ကောင်လေး ခေါ် ဦးမြင့်မြတ် မျက်မှန်တပ်၍ ပြင်တင်းပေါက်မှ အကြည့်ခွာကာ အိမ်ခန် ထွက်ခဲ့သည်။ မဖိတ်ခေါ်ထားသည့် ဧည့်သည်တွေက ဧည့်ခန်းထဲ

"လူယုတ်မာ အကြံသမား၊ ကျွန်မသမီး ဘယ်မှာလဲ၊ ပေးစမ်းပါ၊ မြန်မြန်ခေါ်ပေး"

ဧည့်ခန်းထဲ လှမ်းဝင်လာသည့် ဦးမြင့်မြတ်ကို ဒေါ်ခတ္တာ တရစပ်ဆိုသည်။ ဦးမြင့်မြတ် စိတ်ပျက်စွာ ကြည့်ပြီး

"ခင်ဗျား ဘာ အရူးထတာလဲ ဒေါ်ခတ္တာတင်"

"ဟင် ရှင် ဘာပြောတယ်"

"ခင်ဗျား ကြားတဲ့ အတိုင်းပဲ"

"ဒီမှာ ဦးမြင့်မြတ်၊ ခင်ဗျား စကားကို ဆင်ဆင်ခြင် ပြောပါ"

ဦးအောင်ကို ခပ်တင်းတင်းဆိုစဉ် ဦးမြင့်မြတ် ဘဝင် ကြည့်ပြီး





"နေဦး ခင်ဗျားတို့ မနက်စောစောစီးစီး ကျုပ်ဧည့်ခန်းထဲ ဘာလို့ ရောက်နေရတာလဲ၊ ခင်ဗျား တို့ကို ကျုပ် မဖိတ်ဘူး"

"ကျုပ်တို့လည်း လာချင်လို့ လာတာ မဟုတ်ဘူး"

"မလာချင် မလာနဲ့ဗျာ"

"ဟာ ခင်ဗျား ရိုင်းလှချည်လား"

"ကဲ တော်၊ တော် ကြပါတော့"

နှစ်ဖက်မိဘ၏ စကားလုံးတိုက်ပွဲကို စခန်းမှူး သည်းမခံနိုင်စွာ ဟန့်တားသည်။

"ဘာဖြစ်လို့လဲ စခန်းမှူး"

ဦးမြင့်မြတ် စိတ်ရှုပ်စွာ မေးလိုက်သည်။ စခန်းမှူး ဦးခေါင်း အသာဆတ်၍

"ဒီလိုပါ၊ ဟော ဒီက ဦးအောင်ကိုနဲ့ ဒေါ်ခတ္တာတင် သမီးကို ဦးမြင့်မြတ် သား ခိုးပြေးသတဲ့"

"ဗျာ"

ဦးမြင့်မြတ် မျက်လုံးပြူးသွားသည်။ ဒေါ်ခတ္တာတင် မျက်ဝန်း ဒေါသမီး ရဲလျက်

"မဗျာနဲ့၊ ရှင့်သားနဲ့ ကျွန်မ သမီးကို လုံးဝ သဘောမတူဘူး"

"ခုချက်ချင်း ကျွန်မသမီးကို ခေါ်ထုတ်ပေးပါ၊ ထုတ်မပေးရင် တရားဥပဒေအတိုင်း ဆောင်ရွက်ရမယ် ဦးမြင့်မြတ်"

ဒေါ်ခတ္တာတင် ဆိုစဉ် ဦးမြင့်မြတ် ဦးခေါင်းတွင်တွင်ရမ်းလျက်

"မဖြစ်နိုင်တာ ဗျာ၊ လုံးဝ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ကျွန်မတို့ သမီး အခုမရှိတော့ဘူး"

"ဟာ ခင်ဗျား သမီးမရှိတာနဲ့ ကျုပ်သားကို စွတ်စွဲလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"စခန်းမှူးကြီး ကူညီပါဗျာ၊ သက်သက်မဲ့ ကျွန်တော်သား
သိက္ခာချတာ ဗျာ"

ဦးမြင့်မြတ် စိတ်ပျက်စွာဆိုသည်။ ဒေါ်ခတ္တာတင် ဒေါသ
မီးတောက်လျက်

"ရှင် မယုတ်မာနဲ့ ဦးမြင့်မြတ်၊ ရှင့်သားကို ရှင်မြှောက်ပေး
လို့ ကျွန်မ သမီး ပါသွားတာ၊ ရှင့်မှာ တာဝန်ရှိတယ် နားလည်းလား"

"ဟ ဘာလိုင်းချည်း စော်ကားနေပါလား၊ နေဦး ခင်ဗျားသမီး
ကို ကျုပ်သား ခိုးသွားပါတယ်လို့ ဘာနဲ့အထောက်အထားပြမလဲ"

"ဟင်"

ဒေါ်ခတ္တာတင် မျက်ဝန်းမှာ မီးစတွေ လွင့်လာသည်။ ဦး
အောင်ကို အံတင်းတင်းကြိတ်၍

"ရှင့်သား ဘယ်မှာလဲ ခုချက်ချင်း ခေါ်ပေး"

"ဘာလို့ ခေါ်ပေးရမလဲ"

"စခန်းမှူးကြီး၊ ဦးမြင့်မြတ်ကို စစ်ပြီး သမီးကို အမြန်ခေါ်ပေး
ပါရှင်"

"ကျွန်မ သမီးကို ကျွန်မ စိုးရိမ်တယ်၊ လူယုတ်မာသားကို
အမြန်ခေါ်ထုတ်ပြီး စစ်မေးပေးပါ"

နှစ်ဖက်မိဘ၏ ပြင်းထန်မှုကို စခန်းမှူးကြီး သက်ပြင်းချ၍

"ဒေါ်ခတ္တာတင် ခဏလေး စိတ်အေးအေးထားပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ စခန်းမှူး"

စခန်းမှူးက တင်းမာနေသည့် နှစ်ဖက်မိဘကြား ရပ်၍

"တစ်ဖက်နဲ့တစ်ဖက် ခွပ်နေလို့ ပြဿနာရှင်းမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ် စခန်းမှူး၊ ကျွန်တော် ညှိခန်းထဲလာပြီ၊
မိုက်မိုက်ရိုင်းရိုင်း လာပြောနေတာ၊ ကျွန်တော် ဂုဏ်သိက္ခာ ထိပါးစေ





ကယ် စခန်းမှူး"

ဦးမြင့်မြတ် ခံပြင်းဒေါသနှင့် ဆိုလိုက်သည်။ စခန်းမှူး ဦးမြင့်
မြတ် အပါးကပ်၍

"ကဲ ဦးမြင့်မြတ်"

"ပြောပါ စခန်းမှူး"

"ခင်ဗျား သား ဘယ်မှာလဲ"

"ဒီအချိန် အိပ်နေမှာပေါ့ ဗျ"

"မယုံဘူး"

ဒေါ်ခတ္တာတင် အသံကုန်ဆိုစဉ် ဦးမြင့်မြတ် မျက်စောင်း
ထွန်ကြည့်ပြီး

"ခင်ဗျားက ကျုပ်သားအကြောင်း ကျုပ်လောက်သိလို့လား"

"ဟင်"

ဒေါ်ခတ္တာတင် အသားတဆတ်ဆတ်တုန်ခါသွားသည်အထိ
ဖူးရူးရဲရဲ ကြည့်လိုက်သည်။ ဦးမြင့်မြတ် မျက်နှာကြောတင်း၍

"ကျုပ်သားက အလုပ်မရှိ၊ အကိုင်မရှိ၊ လူလေလူဘေ
လက်ကြော မတင်းတဲ့ သူဌေးသား၊ မနက်ဆယ်နာရီ မထိုးမချင်း
အိပ်ယာထလေ့မရှိတဲ့ အပျင်းစားသား၊ မယုံရင် စခန်းမှူးကြီး သား
အခန်းထဲ ဝင်ကြည့်နိုင်ပါတယ်"

"ကောင်းပြီ တာဝန်အရ ဝင်ကြည့်ရမယ်"

စခန်းမှူးဆိုစဉ် ဒေါ်ခတ္တာတင် မျက်ဝန်းရဲစိုကာ စိုးရိမ်ထိတ်
လန့်နေဆဲ။

"မောင်သန့်"

"ဗျာ"

"သားအခန်းကို လိုက်ပြလိုက်"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားကို ဦးမြင့်မြတ် အမိန့်ပေးလိုက်စဉ် အာရုံအခန်း ရှိရာ မောင်သန့် ဦးဆောင်ခေါ်သွားသည်။ အာရုံ အခန်းတံခါးဖွင့်လိုက်စဉ် စခန်းမှူးတို့ မျက်လုံးပြူးသွားသည်။

"ဟော"

ဒေါ်ခတ္တာတင် မျက်ဝန်းမယုံနိုင်လောက်အောင် ပြူးကျယ်သွားသည်။ ခုတင်ပေါ်မှာ အာရုံနှင့်ခွေးနှစ်ကောင် အိပ်ပျော်နေဆဲ။ ကျော့ ကျော်တို့သုံးယောက်က ခုတင်တစ်လုံးပေါ်မှာ ကိုရိုကားယား အိပ်ပျော်ကျလျက်

"ဘယ်နှယ်လဲ ဒေါ်ခတ္တာတင်"

ဦးမြင့်မြတ် မေးလိုက်စဉ် ဒေါ်ခတ္တာတင် ဝမ်းနည်းကြေကွဲလျက်

"ဒါ ဒါဆို ကျွန်မ သမီးကော၊ ကျွန်မ သမီးကော"

"ဘယ် ခွေးတိရစ္ဆာန်နဲ့ လိုက်ပြေးတာမှမသိတာ ဘာသိမှာလဲ"

"ဦးမြင့်မြတ် ရှင် မရိုင်းစိုင်းနဲ့"

ဒေါ်ခတ္တာတင်ဆိုစဉ် ဦးမြင့်မြတ် ခပ်ဝင့်ဝင့်ကလေးပြုံးကာ

"ဟုတ်တယ်၊ ခင်ဗျားက ကျုပ်သားနဲ့ စွပ်စွဲတယ်၊ ကျုပ်သားက ခင်ဗျား သမီးကို သာရည်မကျလို့ အိပ်ရေးမပျက်ခံပဲ နှပ်နေတာ မြင်ပြီး မဟုတ်လား"

"ဟင် ရှင် ရှင်"

ဒေါ်ခတ္တာတင် အသားတဆတ်ဆတ်တုန်ကာ ဦးမြင့်မြတ်ကို ဝါးစားပစ်ချင်လောက်အောင် ဒေါသ ထွက်လာသည်။

"စခန်းမှူး မကျေနပ်ရင် သားကို ကြိုက်သလို စစ်ပါ၊ သားသူငယ်ချင်းတွေကိုလဲ စစ်လို့ရပါတယ်"

ဦးမြင့်မြတ် ရဲရဲဆိုစဉ် ဒေါ်ခတ္တာတင် ဝမ်းနည်းခြင်းကြီးစွာ





ငိုကြွေး၏။

"အမလေး၊ သမီးလေး၊ သမီးလေး ဘယ်မှာလဲ၊ စခန်းမှူးကြီး ကူညီပါရှင်၊ ကူညီပါ ကျွန်မ သမီးကို ရှာပေးပါ"

"လူပျောက် ရှာပေးမှာပါ ဒေါ်ခတ္တာတင်"

"ဟင့် ဟင့် ကိုအောင် သမီး သမီး ဘယ်မှာရှိမလဲ၊ ပုံစမ်းပေးပါ၊ မှူမှူတို့ရယ် အန်တီသမီးကို ကူရှာပေးပါ"

"ရှာပေးပါမယ် အန်တီရယ်"

"ကဲ ရှာချင်ရင် အပြင်မှာ ထွက်ရှာ၊ ကျုပ် အိမ်ထဲမှာ မျက်ရည်မိုးမရွာနဲ့"

"ဟင့် ဟင့် ကျွန်မ မယုံဘူး၊ မယုံဘူး၊ ဦးမြင့်မြတ် ရှင့်ကို မယုံဘူး"

အရူးမီးဝိုင်းဖြစ်နေတဲ့ ဒေါ်ခတ္တာတင်ကို ဦးမြင့်မြတ် ခနဲ့ တဲ့သဲ့ကြည့်ပြီး

"ဟ ခင်ဗျား အတော် ဖွတ်တိုက်ပါလား၊ ဒီမှာ ဒေါ်ခတ္တာတင် ခင်ဗျား သမီးကို ကျုပ်သားအတွက် မလိုချင်ဘူး၊ ကျုပ်လဲ ကျုပ်သားကို ပြတ်ပြတ်သားသား ပြောပြီးသား၊ ခင်ဗျားသမီးကို ယူလို့ကတော့ ကျုပ်သားကို ကျုပ်ကိုယ်တိုင် ခုနှစ်ပိုင်းပိုင်းပြီး ခွေးစားကျွေးပစ်လိုက်မယ်၊ အဲဒါ မြင့်မြတ်ရဲ့ ဆုံးဖြတ်ချက်"

"တောက်"

ဦးအောင့်ကို ဒေါသတကြီး တောက်ခတ်လိုက်သည်။ ဦးမြင့်မြတ်ရင်ထဲမှာ ကိန်းဝပ်နေတဲ့ ဒေါသတစ်ချို့ ပြန့်ထွက်လာသည်။

"ခင်ဗျားကြောင့် ကျုပ်အကို ဘဝပျက်၊ အသည်းနှလုံးပျက်ပြီး သေဆုံးခဲ့ရပြီးပြီ၊ ခင်ဗျားသမီးကြောင့် ကျုပ်သား ဘဝနဲ့ အသည်းနှလုံး အပျက်မခံနိုင်ဘူး၊ ကျုပ်သားက ခင်ဗျားသမီးလို



www.burmeseclassic.com

www.burmeseclassic.com



မိုက်ဘူး၊ ကျုပ်ရင်ခွင်ထဲမှာ ဖိမ်ကျကျနေနေတာ၊ ခင်ဗျား သမီးတာ ဘယ် ခွေးတိရစ္ဆာန်နဲ့"

"တော်တော့ တော်တော့"

ခတ္တာတင်၏ ဒေါသတကြီး အော်ဟစ်သံက အားလုံးကို ထိန့်လန့်တိတ်ဆိတ်သွားစေ၏။

"သမီး သမီးရယ်၊ သမီး ဘယ်မှာလဲ၊ မာမီ ရင်ကျိုးရချည်ရဲ့"

"သမီးလေး"

သမီးအတွက် ဆူလောင်လျက် ပြေးထွက်သွားသည့် ဒေါ်ခတ္တာတင်နှင့် မိသားစုဝင်တွေကို ကြည့်၍ ဦးမြင့်မြတ် ကျေနပ်စွာ ပြုံးမိသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ခင်ဗျား အသည်းနှ လုံး နာကျင်စမ်း၊ မမျှော်လင့်ပဲကြုံရတဲ့ ကံကြမ္မာရဲ့ ဒဏ်ခတ်မှုကို ရင်ဆီးပြီး ခံလိုက်စမ်းပါ"

ဦးအောင်ကို လက်သီးလက်မောင်းတန်း၍ ဖနီးသည်နောက် ပြေးထွက်သွား၏။ မဖိတ်ခေါ်ထားတဲ့ ဧည့်သည်တွေကို အမြင်တစ် ဆုံးကြည့်လိုက်သည်။ ဧည့်သည်တွေ ပျောက်ကွယ်သွားတော့ ဦးမြင့် မြတ် သက်ပြင်း အကြိမ်ကြိမ်ချသည်။ အတန်ကြာမှ အပါးတော်ပြ မောင်သန့်ကို ခပ်လေးလေး ခေါ်လိုက်သည်။

"မောင်သန့်"

"ဗျာ"

"မနက်စာ စီစဉ်"

"ဟုတ်ကဲ့ ဆရာ"

မောင်သန့် ထွက်သွားစဉ် ဦးမြင့်မြတ် အပြင်းဆန့်၍ ရေချိုး ခန်းထဲ ဝင်သွားသည်။ ရေချိုးကန်ဘောင်နောက် ညှပ်မောင်းကလစ်





ယှလှ တစ်ချောင်းတွေ့ရစဉ် ဦးမြင့်မြတ် ကိုယ်ခတ်ခနဲ မတ်သွားသည်။ ကလစ်ကို တအံ့တဩ ကိုင်ကြည့်လိုက်သည်။

"ဒီကလစ် ဘယ်က ရောက်လာတာလဲ၊ ဒီအိမ်မှာ မိန်းကလေး ဆိုလို့ ဖြူမတစ်ကောင်တည်း ရှိတာ"

"မဟုတ်မှ လွဲရော"

သားက နွဲ့ကို အို မဖြစ်နိုင်ဘူး၊ ဒီလိုဖြစ်လို့ မရဘူး။ ဦးမြင့်မြတ် ရေချိုးခန်းထဲက ချက်ချင်းထွက်ပြီး

"မောင်သန့်"

"ဗျာ"

"ဟို လေးကောင်ကို နိုးခဲ့စမ်း"

"ဟုတ်"

ထိုကလစ်ကြောင့် ဦးမြင့်မြတ် စိတ်လှုပ်ရှားလာသည်။

"ဒယ်ဒီ"

အိပ်ချင် မပြေသေးဟန်နှင့် ရောက်လာသည့် သားကို ဦးမြင့် မြတ် စူးစိုက်ကြည့်လိုက်သည်။

"အန်ကယ်ကလည်း ဗျာ၊ အိပ်ရေးပျက်လိုက်တာ၊ ဘယ်လုပ် ပြီလဲဗျာ"

ကျော်ကျော်တို့ သုံးယောက် မျက်လုံးတွေ ပွတ်၍ ရောက်လာ သည်။ ထိုလေးယောက်ကို ဦးမြင့်မြတ် အတန်ကြာ စူးစမ်းကြည့်ပြီး

"မင်းတို့ မှန်မှန်ပြောစမ်း"

"ဘာလဲ ဒယ်ဒီ"

"မင်းကို ဒယ်ဒီ ဘာပြောထားလဲ"

"ဘာလဲ ဒယ်ဒီ"

"ဟ နွဲ့နဲ့ ပက်သက်ပြီး ဘာသတိပေးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ချင်မပြယ်ဟန် တစ်ချက်သန်းလိုက်ပြီး

"ဒွဲ့နဲ့ မပက်သက်ရဘူးလို့ ပြောထားတာ သားမှတ်မိတယ် ဒယ်ဒီရယ်"

ဦးမြင့်မြတ် မျက်ဝန်း တွန့်စုစု စိုက်ကြည့်လိုက်ပြီး

"မှတ်မိတယ်ဆိုပြီး ဒယ်ဒီကို အချည်သုပ်လုပ်ဖို့ စိတ်မကူးနဲ့ အာရုံ"

"ဟာ ဒယ်ဒီကလည်း"

"ဟုတ်သားပဲ အန်ကယ်၊ ကျွန်တော်တို့ အာရုံကို ထိန်းထားလို့ ဒီကောင် အန်ကယ်ရှေ့မှာ ငြိမ်နေတာ အန်ကယ် စိတ်မပူနဲ့ဗျ"

ကျော်ကျော် ပေါ့သွက်သွက် ဆိုစဉ် ဦးမြင့်မြတ် ရင်မှာ တင်းသွားပြီး

"စိတ်မပူလို့ မရဘူး"

"သားနဲ့ ဘာဆိုင်လဲ"

သူ မှင်သေသေ ဆိုလိုက်သည်။

"မဆိုင်ဘူးဆိုရင် ဧရချိုးခန်းထဲကို ဟောဒီကလစ်ရောက်ရတာလဲ"

"ဟင်"

သူတို့ မျက်လုံးအစုံ ပြူးကျယ်သွားသည်။ မျက်လုံးပြူးပြူးလေး၊ စုံကို ဦးမြင့်မြတ် စိုက်ကြည့်ပြီး

"ပြောစမ်း အာရုံ"

"ဘယ်သိမှာလဲ ဒယ်ဒီရယ်"

"ဩော် အန်ကယ်၊ မနေ့က မောင်သန့် အစ်မ လာသွားတယ် ဟဲ ဟဲ"

"မောင်သန့် အစ်မကလစ် ဖြစ်မှာပေါ့ ဗျာ"

(ဗျူးစာပေ)



ဦးမောင် ခပ်သွက်သွက် ဖာထေးစဉ် ဒယ်ဒီ မယုံသလို ကြည့်ပြီး

"မင်းတို့အားလုံး သတိထား။ တစ်ခုခု ဖြစ်လို့ကတော့လေး ယောက်လုံးကို လည်ပင်း ကြိုးကွင်းစွပ်ပြီသာမှတ်"

"ဟာ ဗျာ ဒယ်ဒီကလည်း"

သူ ခပ်ချွဲချွဲဆိုလိုက်သည်။ သူ့ချွဲလုံးလေးကို ဒီတစ်ကြိမ် ဒီ အလေးမထား။

"သားကို ဒယ်ဒီ ပြတ်ပြတ် ပြောထားပြီးသား"

သူ ဦးခေါင်းကုတ်ပြန်သည်။

"ဒေါ်ခတ္တာတင်နဲ့ ဒယ်ဒီ မျက်နှာချင်း မဆိုင်ချင်ဘူး"

"စိတ်ချပါ ဒယ်ဒီ"

သူ မှင်သေသေ ဆိုစဉ် ဒယ်ဒီ လက်ထဲက ကလစ် လွတ် လိုက်ပြီး

"အဲဒါဆိုရင် ဒီနေ့ကစပြီး သားတို့ လေးယောက်လုံးဒယ်ဒီ ခန်းကို လေ့လာရမယ်"

"ဗျာ"

သူတို့လေးယောက် မျက်လုံးပြူးသွားသည်။ ဦးမြင့်မြတ် ကိုယ် မတ်ကြွ၍

"သားတို့ ကျောင်းပြီးပြီ အချိန်တွေကို အလဟဿ အကုန် ဖြစ်တော့ဘူး"

"ဟာ"

"မဟာနဲ့ အာရုံ၊ ဒီခေတ်မှာ လူငယ်တိုင်း အလုပ်ကိုယ်စီ လိုတယ်"

"အန်ကယ် ကလည်း"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လေးယောက်မျက်နှာ မချိုမချဉ် ဖြစ်သွားစဉ် ဒ...
ဘဝင်မကျ ဖြစ်ပြီး

"မင်းတို့ပဲ အရင်က အလုပ်လုပ်ချင်တယ် ဆို"

"အဲဒီတုန်းက ဒယ်ဒီ လုပ်ခွင့်မပေးပဲ"

"သားတို့ကို လွတ်လွတ်လပ်လပ် နေစေချင်လို့ ခွင့်မပေး..."

"လွတ်လွတ်လပ်လပ် နေခွင့်ပေးပါ ဒယ်ဒီ"

ဦးမြင့်မြတ် လက်ညှိုးရမ်းခါပြီး

"မရဘူးသား၊ ဒီအချိန်မှာ အရင်လိုနေလို့ မရတော့... ဒေါ်ခတ္တာတင်တို့လို သမီးရှင်တွေ မငြင်းနိုင်ဖို့ သားတို့ လုပ်ငန်း... ခုပိုင်ဆိုင်ဖို့ လိုအပ်တယ်"

"ဟာ ဒယ်ဒီက ဒေါ်ခတ္တာတင်ကို ဂရုစိုက်တာလား..."

"မလိုပါဘူး၊ ဒေါ်ခတ္တာတင် ဘယ်လောက်ငြင်းငြင်း သ... မမှုဘူး"

"ဘာဖြစ်လို့"

သူရှုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားသည်။ ပင်... တို့ မလုံမလဲ ဖြစ်ပြီး

"ဘာ ဘာမှ မဖြစ်ပါဘူး အန်ကယ်"

"မဖြစ်ဘူးဆိုရင် ရေချိုး၊ နံနက်စား စားပြီးရင် ဒယ်ဒီနဲ့... ကုမ္ပဏီသွားမယ် ဒယ်ဒီ အမိန့်"

"ဟာ ဒယ်ဒီ"

တစ်ချက်လွှတ် အမိန့် ထုတ်ပြန်လိုက်သည့် ဒယ်ဒီကို ... လွန်ဆန်ခွင့် မရတော့။ ဒယ်ဒီ လွှင့်ပစ်လိုက်သည့် ကလစ်ကို ... သည်းမဲမဲ ကြည့်ရင်း တစ်ယောက်ကိုတစ်ယောက် ပြစ်တင်စွာ စိုက်... လိုက်သည်။

(ဗျူးစာပေ)



"နွဲ့ ရယ်"

"မောင်တို့ချစ်ခြင်းမှာ ကျွန်းတွေ ဘာကြောင့် များနေရတာ ...ကွယ်"

❀ ❀ ❀

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သမီးသတင်း တစ်စွန်းတစ်စမှ စုံစမ်းလို့မရဘူး တင်တင်"

"ဟင်"

ဒေါ်ခတ္တာတင် ရင်မှာ စို့ကြပ်သွားပြီး၊ ကြေကွဲမျက်ရည်ပေ လိမ့်ဆင်းလာသည်။

"ဒါ ဒါဆို သမီးလေး၊ သမီးလေး ဘယ်ရောက်နေပြီလဲ သမီးရယ်"

"မာမီ အသည်းကွဲအောင် မိုက်ရလား၊ ဘာလို့ မိုက်ရသလဲ သမီးရယ် ဟဲ့ ဟဲ့၊ အခု ဘယ်လိုလုပ်ကြမလဲ"

ဦးအောင်ကို သက်ပြင်းလေးလေးချ၍ ဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး

(ဗျူးစာပေ)



"ကိုယ်လဲ မစဉ်းစား တတ်တော့ဘူး တင်တင်ရယ်"

"သမီးကို အဆုံးရှုံးခံရတော့မှာလား ကိုအောင်ရယ်၊ တင်တင့်သမီးလေး ဘယ်လိုလူနဲ့ ဘာတွေ အိုး"

"စိတ်လျှော့ပါ တင်တင်ရယ်၊ ကိုယ်တို့ အဖက်ဖက်ကလူလွှတ်စုံစမ်းနိုင်းထားတာပဲ၊ စခန်းမှူးလည်း အစွမ်းကုန်ကူညီပြီးပေးမယ် ပြောတယ်ကွ"

"ဒါပေမဲ့ အခုအချိန်ထိ သမီးကို မတွေ့ဘူး မဟုတ်လား ကိုအောင်"

ဦးအောင်ကို သက်ပြင်းချ၍ ခေါင်းတွင်တွင်ရမ်းလိုက်သည်။ ထိုအခါ ဒေါ်ခတ္တာတင်-ရင်ကွဲစို့နစ်လျက်

"သမီးရယ်၊ သမီးကိုပြန်မရရင် တင်တင် ရင်ကွဲရချည်ရဲ့၊ ဖယ်လေး သမီးလေး၊ မာမီကို ရက်ရက်စက်စက် လုပ်ရက်တယ်၊ ဘယ်သူကြောင့်လဲ၊ ဟို တိရစ္ဆာန်ကောင်ကြောင့်၊ ဒီကောင်တွေကို ပြီး အတင်းမေးရမယ် ကိုအောင်၊ ဒီကောင်တွေကို အတင်း ပစ်ရအောင် နော်"

"ဟာ တင်တင်၊ နေရာတခါမှာ ဇွတ်မလုပ်ချင်နဲ့၊ ကိုယ် ကောင်တွေ နောက် လူလွှတ်ထားတယ်ကွ"

ဦးအောင်ကို ဆိုစဉ်

"ဒီကောင်တွေ ဘယ်လို အနေအထားရှိလဲ"

"ပုံမှန်ထက် မကဘူး တင်တင်၊ ဦးမြင့်မြတ်က လေးယောက်ကို ကုမ္ပဏီခေါ်သွားပြီး မျက်ချည်မပြတ်စောင့် ကြည့်ထားတာကွ၊ ချာတာက လင်းအာရုံနဲ့ မဖြစ်နိုင်ဘူး"

ဒေါ်ခတ္တာတင် ရင်ဘတ်ဖိလိုက်ပြီး

"ဒါ ဒါဆို ဘယ်သူနဲ့ ဖြစ်နိုင်မလဲ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ တစ်ခြား ချစ်သူရှိလို့လား"

"ဘယ်က ရှိရမှာလဲ ကိုအောင်ရယ်"

ဒေါ်ခတ္တာတင် ဆတ်ဆတ်ထိမခံ ဆိုလိုက်သည်။ ဦးအောင်ကို ဘာကိုမှ ဝေခွဲလို့ မရအောင် စိတ်ရှုပ်ထွေးလျက်

"မရှိဘူးဆိုရင် ဘယ်လိုမှ စဉ်းစားလို့ မရဘူးကွာ၊ ဒါနဲ့ မူမူတို့တွေဆီက ထူးခြားတဲ့ သတင်းရလား"

"မရဘူး ကိုအောင်"

"ဒါဆို သမီး ဘယ်ကို ထွက်ပြေးပြီလဲ"

"ဘုရား ဘုရား လူမှောင်ခိုတွေပဲ ခိုးသွားပြီလား။ အမလေ။ သမီး နွဲ့ရေ၊ ညည်း အတော် မိုက်တယ်၊ မာမီ့ရင်ကို ခွဲရက်တယ်။ အမိုက်မ ညည်းကို တွေ့လို့ကတော့ နှုတ်နှုတ်စင်းပစ်ချင်တယ် ဟ၊ ဟင့်"

ဒေါ်သ လှိုင်လှိုင်ထွက်လျက် ဦးအောင်ကို ဘာကိုမှ မစဉ်းစ တတ်အောင် စိတ်ခုတ်ကျသွား၏။ ရှိုက်ငင်ငိုကြွေးနေသည့် ခတ္တာတ ကို ကြည့်ရင်း အဝင်းနှင့် ဒေါ်အုံး မသက်မသာ သက်ပြင်းချသည်။

"တင်တင်ရယ် စိတ်ထိန်းပါကွယ်"

"ဘယ်လို ထိန်းနိုင်မှာလဲ အဝင်းရယ်၊ ဒေါ်အုံး သမီးလေ သတင်းမရဘူးလား ဟင်"

ဒေါ်အုံး မျက်နှာနွမ်းနွမ်းနှင့် ဦးခေါင်းတွင်တွင်ရမ်း၍

"စိတ်အေးအေးထားပြီး ရှာကြတာပေါ့ ကွယ်"

"ပျောက်တဲ့သူ ရှာရင်တွေ့တဲ့တစ်နေ့နေ့ တွေ့လာမှာပေါ့"

ဒေါ်ခတ္တာတင် ဖြေသိမ့်နိုင်အောင် ဒေါ်အုံးတို့ ဖျောင်းဖျ အေးအေးလေးဆိုသည်။ ဒေါ်ခတ္တာတင် တစ်ချက်ရှိုက်၍

"အခုတော့ တစ်ပတ်ရှိသွားပြီး၊ ဘာသတင်းမှ မရ





ပီးလေး အန္တရာယ်တစ်ခုခုနဲ့ ကြုံနေရင် တင်တင် ရင်ကျိုးရချည် ၊ ဟင့် ဟင့်"

"တင်တင်ရယ် အဝင်း ကိုယ်ချင်းစာပါတယ် ကွယ်"

ဒေါ်ခတ္တာတင် ဖြေသိမ့် မနိုင်အောင် ဝမ်းနည်းတကြီးဖြစ်လျက် ခတ္တာတင်ကို ဒေါ်အုံး ကရုဏာ သက်စွာ ကြည့်၍

"တင်တင်ရယ် အရွယ်ရောက်နေတဲ့ သားသမီးကို ကြမ်းကြမ်း မ်းတမ်း ကိုင်တွယ်လို့ မရဘူး ကွယ်"

"ဒေါ်အုံး စဉ်းစားကြည့်၊ တင်တင်ကို လက်စားချေလိုတဲ့ ကို တင်တင် ဘယ်လိုလုပ် လက်ခံနိုင်မလဲ"

"ဒါက တင်တင်အထင်လေ"

"မဟုတ်ဘူး အဝင်းရဲ့၊ တင်တင်ကို လက်စားချေချင်လို့တဲ့ ၎င်မြတ်က လင်းအာရုံနဲ့သမီးကို မျှားယူတာ၊ အခု သမီးပျောက်သွား လေ၊ ဒါ ဦးပြင့်ပြဲ့ရဲ့အကြံစည် မဟုတ်ဘူးလို့ ငြင်းနိုင်လို့လား င်"

တစ်ဖက်သတ်ထင်ကြေးနှင့် ပြင်းထန်နေသည့် ခတ္တာတင်ကို အုံး အတန်ကြာ ငေးကြည့်ပြီး

"ဒါပေမဲ့ တင်တင် လိုက်ရှာတော့ လင်းအာရုံနားမှာ နွဲ့ ဘူးလေ"

သူတို့ တစ်နေရာရာမှာ ဝှက်ထားရင်ကော"

"ကိုယ်တို့ လူလွှတ်ပြီး သေချာရှာတာပဲ၊ ဝှက်ထားရင် ာက် အချိန်အတွင်း သတင်းရပြီပေါ့ ကွာ"

ဦးအောင်ကို ခပ်ပြင်းပြင်း တစ်ခွန်းထောက်ဆိုသည်။ ခတ္တာတင် ဦးခေါင်း တရစပ်ရမ်းလျက်

"ဟင့်အင့် ဘာပဲဖြစ်ဖြစ် တင်တင် မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခက်လိုက်တာ တင်တင်ရယ်"

"သမီးအကြောင်း တင်တင်သိတယ်၊ ခါမီးက မှုမှုတို့ သုံး ယောက်ကလွဲပြီး ဘယ်သူနဲ့မှ ပေါင်းတာ မဟုတ်ဘူး။ တစ်ယောက်တည်း လည်း ဘယ်မှ သွားတတ်တာ မဟုတ်ဘူး၊ ဒီကောင်နဲ့ ကြိုက်ပြီး သမီးအချိုးပြောင်းလာတာ၊ တင်တင် သူတို့ကို ငြင်းလိုက်တာနဲ့ သမီး လေး ပျောက်သွားတာလေ၊ သမီးလေး ပျောက်ရတဲ့ အဓိက တရားခံ ဦးမြင့်မြတ်ပဲ၊ ဦးမြင့်မြတ်ကို တင်တင် မကျေနပ်ဘူး၊ စခန်းမှူးကို ပြောပြီး နောက်တစ်ကြိမ် စစ်နိုင်းချင်တယ်"

ဖွတ်တရွတ်ဆန်နေသည့် ဇနီးသည်ကို စိတ်ပျက်စွာ ကြည့် ပြီး ,

"ဟ သမီးကို ခိုးပါတယ်ဆိုတဲ့ အထောက်အထားပြနိုင်မှ သံလွန်စ တစ်စမှ ရှာမတွေ့ဘူးတင်တင်၊ ဘယ်လိုလုပ် စစ်နိုင်း ရမလဲ"

"ဒါဆို သမီးကို ဒီအတိုင်းအဆုံးရှုံးခံရတော့မှာလား ကိုအောင်"

"တင်တင် အဲလောက် စိတ်ပြင်းပြနေရင် ဒေါ်အုံးနဲ့ အတူ ဦးမြင့်မြတ်ဆီ သွားပြီး တီးခေါက်ကြည့်မယ်လေ"

ဒေါ်ခင်တွာတင် မျက်ဝန်း ဝိုင်းစက်တောက်ပသွားသည်၊ ဒေါ်အုံးတို့နှစ်ယောက်ကို ဒေါ်ခင်တွာတင်အားကိုးတကြီးကြည့်ပြီး

"ကောင်းတယ် အဝင်းရယ်၊ အဲဒီအကြံကောင်းတယ်၊ ဒေါ်အုံးတို့ စုံစမ်းပေးပါနော်"

"အကယ်၍ တင်တင် ထင်သလို ဖြစ်နေရင်တော့"

ဒေါ်အုံး တွေးတွေးဆဆဆိုလိုက်စဉ် ဒေါ်ခင်တွာတင် မေးငေါ့ တင်းထောင်ကြွလာပြီး

"စခန်းမှူးကို အကြောင်းကြားပြီး ချက်ချင်း ဖမ်းနိုင်းမယ်





ဥပဒေအရ အရေးယူနိုင်းမယ်၊ သမီးလေး ဂုဏ်သိက္ခာပျက်အောင် လုပ်တဲ့ အတွက် တင်တင် တရားဆွဲရလိမ့်မယ်"

ဒေါ်ခင်တွာတင် ပေါက်ကွဲလွင့်စင်စွာ ဆိုစဉ် ဒေါ်အုံးတို့ မျက် နှာ နွမ်းဖျော့လျက်

"အကယ်၍ တင်တင်ထင်သလို မဟုတ်ဘူး ဆိုရင်ကော"

"ဘာပဲဖြစ်ဖြစ် အဝင်းတို့ သွားပြီး စုံစမ်းပေးပါ"

"စုံစမ်းပေးပါမယ် တင်တင်ရယ်၊ စိတ်အေးအေးထားပါ"

"မာမီ"

အလောတကော ဝင်လာသည့် သားကြီးကို ပြေးကြိုရင်း ,

"ဘာလဲ သား၊ နှင့် သတင်းရလား ဟင်"

"လင်းအာရုံတို့ ခြေငြိမ်နေတာ သား မသင်္ကာဘူး မာမီ"

"ဟင် သား ဘယ်လိုထင်လို့လဲ"

"လမ်းထိပ်ကကောင်တွေ ပြောတော့ လင်းအာရုံတို့ အဲဒီ ညက တစ်ညလုံး ပျောက်နေတာတဲ့"

ဒေါ်အုံးနဲ့ အဝင်းမျက်နှာ ဖျတ်ကနဲ ပျက်သွားသည်၊ ဒေါ်ခင်တွာတင် ခံပြင်းမှုတွေ ကြွမတ်လျက်

"ဟင် ဒါဆို"

"ဟုတ်တယ် မာမီ၊ သားအထင် ညီမလေးကို တစ်နေရာ ရာမှာ ဝှက်ထားပြီး"

ဒေါ်ခင်တွာတင့် အာရုံမှာ အတွေးတစ်ချို့လင်းလက်သွားပြီး

"ဟုတ်တယ် သမီးကိုတစ်နေရာရာမှာ ဝှက်ပြီး ဣန္ဒြေမပျက် ငြိမ်နေတာဖြစ်ရမယ်"

"မဖြစ်နိုင်တာ ကွာ"

"ကိုအောင်ကလဲ ဘာလို့ မဖြစ်နိုင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မိန်းမ နိုးတဲ့ ကောင်က ဒီလို နေမှာလား"

"ဟုတ်သားပဲ တင်တင်ရယ်၊ မိန်းမ နိုးပြေးပြီ ဆိုမှတော့ ကွယ်"

ဒေါ်အုံး တစ်စုံတစ်ရာ ညွှန်းဆိုလိုက်စဉ် တင်တင် ရင်မှာ ကျုပ်ခဲသွားသည်။

"ဟုတ်ပါတယ် တင်တင်ရယ်၊ ကလေးအတွေး မတွေးစမ်းပါနဲ့၊ အာရုံ တကယ်ပဲ နိုးပြေးပြီးထားပါတော့၊ နွဲ့ တစ်ယောက်တည်းကို ထားရစ်ခဲ့မလား။ ပြီးတော့ သူ့အဖေ အရိပ်အောက်မှာ စက္ကန့်မလပ်နေမလား၊ သူ့သူငယ်ချင်းကော ငြိမ်နေမလား၊ တစ်ခုခု လှုပ်လှုပ်ရှရှ ဖြစ်နေမှာပေါ့၊ အခု ဘာမှ မဖြစ်သလို ငြိမ်နေတာလေ၊ တင်တင်ပြောသလို တင်တင်ကိုလက်စားချေချင်လို့ သမီးနွဲ့ကို အပျော်ရည်းစား ထားလိုက်တဲ့ သဘောပဲ ဖြစ်ရမယ်၊'

"ဟင် တောက်"

တင်တင် ဆတ်ဆတ်ထိမခံ ပြင်းထန်သွားသည်။

"ဟုတ်တယ် တင်တင်၊ နွဲ့ကို တကယ်ချစ်တယ်ဆိုရင် နွဲ့ ခုလိုပျောက်သွားတာ သိရင် အာရုံ ဟုတ်ထိပြီး ရှူးသွားမှာပေါ့၊ ဦးမြင့်မြတ် ရည်ရွယ်ချက်အတိုင်း အာရုံ ရည်းစားအပျော်ထားတယ်လို့ နွဲ့ ခံစားရတယ်၊ အာရုံ ပယောဂမပါဘဲ နွဲ့ ပျောက်သွားတယ်၊ အဲဒီအတွက် တင်တင် ခံစားရတာကို ကြည့်ပြီး ကျေနပ်နေမယ်၊ ကြိတ်ပြုံးနေမယ်လေ၊ အခုလဲ မြင့်မြတ်တို့ သားအဖ ကြိတ်ပြုံးပြုံး ကျေနပ်နေရုံပဲလေ"

ဒေါ်ခတ္တာတင် ရင်မှာ ခါးသီးလာသည်။ သမီးလေးကို အပျော်ရည်းစားထားတဲ့ ကောင်နဲ့ ဒင်းမြင့်မြတ်ကို နှုတ်နှုတ်စင်းလိုက်ချင်ရဲ့။

တင်တင်က နွဲ့အတွက် သောကတွေ လျှောင်မြိုက်ခံနေရဝဲ

(ဗျူးစာပေ)



ချိန်မှာ မြင့်မြတ်က အာရုံကို ရင်ခွင်မှာပိုက်ပြီး အောင်ပွဲခံနေမှာ၊ ဒါ တင်တင်ကို တန်ပြန်လက်စားချေလိုက်တာပဲပေါ့"

"အဓိက နွဲ့ သမီးကို သူတို့လက်ထဲမှာ ရှိတယ်လို့ ဘယ်လို စွတ်စွဲလို့ မရတော့ဘူးလေ၊ ဦးမြင့်မြတ်က အနေသားချည်း"

ဒေါ်ခတ္တာတင် အံတင်းတင်းကြိတ်ပြီး

"ဒီလူတွေကို ဒီအတိုင်းလွှတ်ထားလို့မရဘူး မာမီ၊ ညီမလေး ကွဲရောက်လိမ့်မယ်၊ ညီမလေးနဲ့ လင်းအာရုံ တစ်ခုခု ပတ်သက်နေ သေချာတယ်"

"ကဲ ဒီလိုပဲ ဆူပွက်နေလို့ မပြီးဘူး၊ မသေချာ မရေရာတာ ကို စွဲချက်တင်လို့မရဘူး၊ သမီးသတင်းရဖို့ ဆက်စုံစမ်းရမယ်၊ ဒေါ်အုံး လဲ ဦးမြင့်မြတ်နဲ့တွေ့ပြီး စုံစမ်းမယ်ဆိုရင် စုံစမ်းပေးပါဗျာ"

ဦးအောင်ကို စိတ်ဖျက်အားပျော့စွာ ဆိုမိသည်။

"စိတ်ချပါ ဦးအောင်ကို အဝင်းနဲ့ဒေါ်အုံး စုံစမ်းပေးမှာပါ"

"သားကြီးလဲ စုံစမ်းပါ"

"စိတ်ချ ဒယ်ဒီ"

"တင်တင်လည်း စိတ်ကို ခဏ အနားပေးပါကွာ"

ဒေါ်အုံးတို့ ထွက်သွားစဉ် မျက်ရည်လည်ရွဲဖြစ်နေသည့် နိုးသည်ကို ကရုဏာ သက်စွာ ဆိုမိသည်။

"ကိုအောင်ရယ်"

"ဘာတတ်နိုင်မှာလဲ တင်တင်"

"ဟင့် ဟင့်"

"အစကတည်းက ကိုယ်ပြောသားပဲ၊ သမီးဆန္ဒကို မေးမြန်း ါဆို၊ ခုတော့ ကွာ"

ဦးအောင်ကို ကြိတ်မနိုင်ခဲမရ ရှေ့ရှုတ်စဉ် ဒေါ်ခတ္တာ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ် ခံပြင်းရိပ်တဲ့က်လားပြီး

"ကိုအောင် တင်တင်ကိုအပြစ်တင်တာလား"

"တင်တင်ကြောင့် ဖြစ်ပေါ်လာတဲ့ ကံကြမ္မာဟာ သမီးကို ထိခိုက်စေတာပါကွာ"

"ဟင့် ဟင့် ပြောရက်လိုက်တာ ကိုအောင်ရယ်"

"တင်တင်က သမီးကို ငယ်ငယ်ရွယ်ရွယ်နှင့် အချစ်ရေးတွေ အိပ်ထောင်သားမွေး အလုပ်တွေနဲ့ဘဝကို အကျဉ်းမခံစေချင်ဘူး။ တိုးတက်တဲ့ အတွေးအမြင်နဲ့ လွတ်လပ်ပျော်ရွှင်တာကိုမြင်ချင်တယ်၊ ဘဝကို အခိုင်အမာ တည်ဆောက်ပြီး ဝင့်ဝင့်ထည်ထည် ရပ်တည် နေစေချင်တယ်၊ ပြီးတော့ အတိတ်ဖြစ်စဉ်ကို ခုတုံးလုပ်ပြီး သမီးနှလုံး သားကို နှင်းချေမှာဆိုးတယ်၊ ဒါကြောင့် တင်တင် တားဆီးရတာ၊ ကာကွယ်ရတာပါ"

ဦးအောင်ကို သက်မချ၍

"ဟုတ်ပါတယ်၊ ဒါပေမဲ့ တင်တင် လုပ်ဆောင်ချက်အာ၊ လုံးက သမီးကို လက်လွှတ်ဆုံးရှုံးရဖို့ ဖြစ်တာနဲ့ တူနေပြီ"

"ဒီလို ဖြစ်ရတာ ဦးမြင့်မြတ်ကြောင့်လေ"

ပြင်းထန်လွန်းသည့် ဇနီးသည်ကို ဦးအောင်ကို ဖျောင်းဖျ နိုင်မယ် မထင်တော့။

"ကဲ လာ၊ စခန်းမှူးနဲ့ တွေ့ပြီး ဘယ်လိုရှာမလဲဆိုတာ ဆွေးနွေးကြည့်တာပေါ့ တင်တင်ရယ်"

ဒေါ်ခတ္တာတင် မျက်ရည်ပုလဲမိုးရွာလျက် သမီးကို လိုက် လှိုက်လဲလဲ တမ်းတမိတော့၏။

"နွဲ့လေးရယ်"



အခန်း ( ၂၂ )

"နွဲ့"

ချစ်သူ၏ ရင်ခုန်သံသည် နှလုံးသားကို နှဖတ်စိုကြွ လတ် ပတ်လာစေသည်။

"မောင်"

အကြင်နာ ပြည့်လျှမ်းသည့် မောင့်မျက်ဝန်းသည် နွဲ့ ရင်ခုန်သံကို ပွဲ့ယူထွေးပွေ့ထားဆဲ။

"နွဲ့ စိတ်မကောင်းဖြစ်နေလား ဟင်"

နွဲ့ ရင်မှာ စို့နစ်သွား၏။

"အခြေအနေအရ နွဲ့ကိုဝှက်ထားရတာ မောင့်ရင်မှာ မပျော် ဘူး နွဲ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွဲ့ နားလည်ပါတယ်"

"အခုလို နားလည်မှု ပေးတဲ့အတွက် မောင်ဝမ်းသာပါတယ်"

"ရပါတယ် မောင်ရယ်"

"နွဲ့ ဘာလိုအပ်သေးလဲ"

"နွဲ့ လိုတာတွေ စာရင်းရေးပြီး ကျော်ကျော်ကို ပေးထား ပြီလေ"

"ဒါနဲ့ နွဲ့ အောက်ထပ်မဆင်းနဲ့နော်"

"အင်းပါ"

"အင်းပါဆိုပြီး မပြေးမဆင်းနဲ့ ရေချိုးခန်း အိမ်သာ အပေါ် မှာ ရှိတယ်၊ ဟိုညက နွဲ့ ရေချိုးခန်းဝင်ပြီး ကလစ်မေ့တာ ဒယ်ဒီ တစ်ခုခုထင်သွားတယ် ကွ"

"နွဲ့ မသိလို့ပါ"

ချစ်သူ ပါးပြင်နုနုလေးက ပန်းသီးမှည့်ရောင်လို ချော့မွတ်လျ

"နွဲ့"

သူ့ရင်ခွင် ငြိမ်သက်နေသည်။ နွဲ့သည် တစ်စုံတစ်ရာ တမ်းတသလို ခံစားနေစဉ် သူ့ရင်မှာ လှုပ်ခတ်လာပြီး

"နွဲ့"

"အင်း"

"တစ်ခုခု ပြောလေကွာ"

"ဘာပြောရမှာလဲ"

နွမ်းဖျော့နေသည့် နွဲ့ကိုယ်လုံးလေးကို သူ့ရင်ခွင်နှင့်ဝှ လှုပ်၍

"နွဲ့ ပုံစံက တစ်မျိုးပဲ၊ နွဲ့ ဘာဖြစ်ချင်လဲ၊ ဘာလိုချင်လဲ ပွင့်ပွင့်လင်းလင်း ပြောပါကွယ် နော် နွဲ့"

(ဖျူးစာပေ)



ချစ်သူ့ရင်ခွင်ကို နွဲ့ အားကိုးတကြီး ဆုပ်ထွေးရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ ကံကြမ္မာ။

"မောင်က နွဲ့ကိုပျော်ပျော်ရွှင်ရွှင်နေစေချင်တာ"

"တကယ်လား မောင်"

"တကယ်ပေါ့ နွဲ့ရယ်"

"အဲဒါဆိုရင် ဒီနေ့ မောင် ကုမ္ပဏီ လိုက်မသွားနဲ့"

"ဟာ အဲလို မပူဆာနဲ့ နွဲ့ရယ်"

"သိပါတယ်လေ မောင်က"

နွဲ့ရင်မှာ နိမ့်ခနဲ ဟာသွားသည်။ နွဲ့ခပ်တိုးတိုးရေရွတ်စဉ်သူ့ ရင်မှာ နွမ်းဖျော့လျက်

"နွဲ့ရယ် ဒယ်ဒီ ရိပ်မိလို့ မဖြစ်ဘူး"

ငဲ့စောင်းသွားသည့် ချစ်သူ နှုတ်ခမ်းလွှာ စူချွန်ချွန် လေးကို ငေးကြည့်၍

"မောင်လိုက်မသွားရင် ဒယ်ဒီ မေးမြန်းစစ်ဆေးမယ်၊ တော် ကြာ အားလုံးဘူးပေါ်သလို ပေါ်ကုန်လိမ့်မယ် နွဲ့ရယ်"

"ပေါ်ပါစေပေါ့"

"နွဲ့ရယ်"

ချစ်စနိုး ဆူကြွနေသည့် နွဲ့ နှုတ်ခမ်းပါးက ပွင့်ဖတ်လေး၏ နူးညံ့သည့် အထိအတွေ့ကို ရှောင်ပြီး

"သွားပါ မောင်က နွဲ့ကိုတစ်ယောက်တည်း ဖြစ်အောင် ပိစဉ်ပြီးတော့"

"နွဲ့ရယ်"

"မခေါ်နဲ့"

"နွဲ့ အနားမှာ ဖြူမောင်တို့ ရှိတယ်လေ"

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုလည်း ရှိစေချင်တာပေါ့လို့"

"မောင့် ကိုယ်စားဖြူမောင်တို့ ရှိတာပဲ"

"ဝုတ် ဝုတ်"

"တွေ့လားနွဲ့၊ မောင့်ကိုယ်စား ဖြူမောင်တို့ ချစ်တာလေ"

နွဲ့ ဖြူမောင်တို့ကို ထွေးပွေ့ရင်း မောင့်ရင်ခွင်ရိပ်ကို ရှောင်ခွာမိသည်။

"နွဲ့ကလည်းကွာ"

သူ့ လက်ချောင်းလေးတွေကို နွဲ့က ရှောင်နေဆဲ။ သူ့ရင်မှာ လှိုက်လှိုက်ကလေး မောလျက်

"နွဲ့"

"မခေါ်နဲ့"

"ခေါ်တယ် ကွာ နွဲ့"

ခါးကျဉ်းကျဉ်းလေးကို သူ ထွေးပွေ့လျက်

"မခေါ်နဲ့ သွားတော့လေ"

"ဟာ ဘယ်ကို သွားရမှာလဲ"

"ကုမ္ပဏီကိုပေါ့"

နွဲ့ နှုတ်ခမ်းဆူဆူလေးကို သူ့ရင်ခုန်သံအပြင်းစားနဲ့ ဖိကပ်ရှိုက်ရှူလျက်

"ဘာလဲ မောင့်ကို နွဲ့ အပါးမှ မရှိစေချင်ဘူးလား"

"ဟင့်အင်း"

"အဲဒါဆို ဒီည မောင် ကုမ္ပဏီမှာပဲ အိပ်လိုက်မယ်"

"အိပ်ပေါ့"

"တကယ်ပို"

"တကယ်ပေါ့"

(ဗျူးစာပေ)



"နွဲ့ ကွာ"

သူ မချင့်မရဲ ရေရွတ်လျက် နွဲ့ လက်ချောင်းကလေးများကို ေထွးပွေ့ထားမိသည်။

"ဟော့ အာရုံ"

အခန်းတံခါးဖွင့်ပြီး လာခေါ်သည့် ဦးမောင်ကို သူဘဝင်မကျ ကြည့်ပြီး

"မင်းကွာ အလိုက်ကန်းဆိုးမသိတဲ့ ကောင်"

"အောင်မယ် မင်းကပဲ ပြောရတယ် ရှိသေးတယ်"

"ပြောရမှာပေါ့ ကွ"

"ပြောရမယ်ဆိုလဲ၊ နောက်မှပြော၊ အောက်မှာ အန်ကယ် ေတာင့်နေပြီ"

"စောင့်စောင့် ကွာ"

နွဲ့ကို စိတ်ကောင်ချင်ဟန်နှင့် ဘုဆတ်ဆတ်ဆိုနေသည့်အာရုံ ကို ဦးမောင် စိတ်ရှုပ်စွာ ကြည့်ပြီး

"မင်း ဇွတ်မဆန်ချင်စမ်းနဲ့ ကွာ"

"ဆန်တယ်ကွာ"

"မင်းအခန်းထဲမှာ နွဲ့ရှိနေတာ အန်ကယ်ရိပ်မိရင် အားလုံး ေလာင်ကုန်မယ် ကွ၊ ကိုယ်တို့လဲ ဒုက္ခရောက်မယ်"

"သွားလိုက်ပါနော်၊ နော် မောင်"

ကလေးဆိုးလို နွဲ့ကိုစူးစိုက်ကြည့်နေဆဲ။ ဦးမောင်ကို နွဲ့ မျက် ပြုလိုက်စဉ်

ဦးမောင် သက်ပြင်းချ၍ ထွက်သွားသည်။

"မောင်"

မောင့်ဆံစကို ကြင်နာစွာ ပွတ်သပ်ပေးမိသည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာပါတယ် မောင်ရယ်"

မောင့်ရင်ခွင်မှ မွှေးညင်းလေးတွေကို တယုတယ တို့ထိလျှ…

"နွဲ့တို့ အနီးစပ်ဆုံး နေခွင့်ရနေတာပဲ"

"နော် ဆို"

"နော် မောင်"

"ပြောတာ ကြားရဲ့လား"

"ဖြူမောင်တို့ မောင့်ကို နှုတ်ဆက်လိုက်လေ"

"ဝုတ် ဝုတ်"

"မရဘူးကွာ"

"နွဲ့လည်း ဖြူမောင်တို့လို နှုတ်ဆက်ရမယ်"

"အွန်း"

နွဲ့ မျက်လုံးပြူးကျယ်သွားသည်။ ရုက်စနိုး အရောင်ပြောင်း… သည်။

"မောင် နော်"

"မရဘူးကွာ ၊ နွဲ့ မနှုတ်ဆက်ရင် မောင်မသွားဘူး၊ ဒ… ရိပ်မိလို့ ဖြစ်ချင်ရာဖြစ်စေတော့"

နွဲ့ တစ်ကိုယ်လုံး ရှိန်းပါးသွားသည်။ နွဲ့ နှုတ်ခမ်းလွှာ ရှေ… လာသည်။ မောင့်ပါးပြင်ကို နွဲ့လက်ချောင်းလေးနဲ့ ဆီးကာ၍

"အဲလို မလုပ်နဲ့လေ၊ သွားပါနော်"

"မသွားဘူးကွာ"

"မောင်"

အရှက်လွန်ကာ စည်းတားနေသည့် နှုတ်ခမ်းလွှာလေး… သူ့ရင်ခုန်သံတွေ ပျံ့လူးသွား၏။

အထိတ်တလန့် နွဲ့ ဟန့်တားပေမယ့်။

(ဗျူးစာပေ)



"မငြင်းနဲ့ နွဲ့ရယ်"

"အို"

သူ့ ချစ်ခြင်းကိုလည်း အမျိုးမျိုးနှင့်တားဆီးနေသည်။ နွဲ့ …င်ခုန်သံကို သူ ယစ်မူးလျက် နွဲ့မောင်ရယ်။

သူ့ နှုတ်ခမ်းပါးကို ဝမ်းနည်းသယောင် ခေါင်းငုံ့ရှောင်နေ …ည့် နွဲ့ ကို သူ မွတ်သိပ်လိုက်ဆုစွာ ထွေးပွေ့ပြီး

"စိတ်မဆိုးနဲ့နော်"

နွဲ့ ဦးခေါင်းအသာ ရမ်းလိုက်သည်။ မောင့် မျက်ဝန်းကို …ျာင်လွှဲရင်း မောင့် အကြင်နာ လိုက်ဖိုမှုကို ငြိမ်သက်စွာ ခံယူလျက်

"မောင့် အနမ်းလေးနဲ့ ဖြေသိပ်ပါ အချစ်ရယ်"

"မောင် သွားတော့မယ်"

အကြင်နာလေညှင်းလေး ယစ်ပွေ့ပြီး နှုတ်ဆက်ထွက်သွားသည့် …ာင့်ကို အမြင်တဆုံးငေးကြည့်မိသည်။ ပြူတင်းပေါက်လိုက်ကာ …ာက်မှာ ရပ်ရင်း "နွဲ့" ရင်ခုန်သံတွေ ပို၍ လိုက်ခွေးသလို ခံစားရ …ည်။ ဖြူမောင်တို့ နွဲ့ရင်ခွင်ထဲ တိုးဝင်လာသည်။ နွဲ့ နှလုံးသား …၌ ဆူကြွလာသည်။

"မောင်ရယ်"

နွဲ့နဲ့မောင် ရဲ့ချစ်ခြင်းတွေကို ခံစားမိတိုင်း နွဲ့ နှလုံးသား …ုန့်မြူးတူးဖွယ် ကောင်းလှပါတယ်။

အထူးသဖြင့် ဖြူမောင်တို့ကြောင့် ပိုပြီး ရင်ခုန်ရတယ်လေ။ …ာင်တို့ အစီအစဥ်အရ မောင့်အခန်းထဲမှာ နွဲ့တိတ်တဆိတ် …ှင့်ရခဲ့ပေမယ့် မောင့်ကို နွဲ့အပါးကပ်ခွင့် မပေးသည့် ဖြူမောင်တို့ကို …င်ဘဝင်မကျဖြစ်နေသည်။ မောင့်ဒယ်ဒီ လုံးဝမရိပ်မိအောင် …ာင့်အခန်းတံခါးကို အသေပိတ်သည်။

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဖြူမောင်တို့နဲ့ "နွဲ့"က မောင့်ခုတင်ပေါ်မှာ အိပ်စက်ခွင့်ရ... မောင်ကကျော်ကျော်တို့သုံးယောက် ခုတင်မှာ တိုးအိပ်ရသည်။

တစ်ည

ထိုညက နွဲ့ အိပ်မပျော်ခဲ့။ မောင်လည်း အိပ်ပျော်ဟန်မ... ဦးမောင်တို့အိပ်မောကျစဉ် မောင် မြိန့်မြိန့်လေးပြုံး၍ ဦးမောင်တို့... ပေါ်မှဆင်းလာသည်။ ခုတင်နှစ်လုံးက စားပွဲတစ်လုံးပဲခြားသည် အိ... ပျော်သေးသည့် နွဲ့ အပါး ကူးလာသည့် မောင့် ကို နွဲ့ ဦးခေါင်းရ... နှင်သော်လည်းမရ

"နွဲ့ကလည်း ကွာ"

"မောင်ရယ်၊ ဟင့်အင်း မောင်ရယ်"

"နွဲ့ ရက်စက်တယ်ကွာ၊ နွဲ့ မောင်နဲ့အတူတူနေချင်တယ်..."

"နေချင်ပါတယ်၊ ဒါပေမဲ့"

နွဲ့ စည်းတစ်ခုကို ဆွဲကိုင်လျက် တရပ်စပ်ငြင်းနေပါသ... မောင့်ခံစားချက်လေး ဝမ်းနည်းချိန်လျော့လျက်

"နွဲ့ရယ် မောင်တို့ချစ်ခြင်းမှာ ကျွန်းတွေက တစ်ကျွ... တစ်ကျွန်းဆီကာနေခဲ့တာလေ"

"ဟုတ်ပါတယ်"

"အဲဒီ ကျွန်းတွေကို ဖြတ်ကျော်ခဲ့ပြီပဲ နွဲ့ရယ်"

နွဲ့ ဦးခေါင်းငုံ့ထားမိသည်။

"မောင် တို့နှလုံးသား ရေပြင်မှာ ကျွန်းတွေမရှိတော့ဘူး... တပြေးတည်းဖြစ်နေတဲ့ ခံစားမှု ရေပြင်မှာ အချစ်လှေကလေး... ခတ်ရင်း ခရီးဆက်ကြပါစို့ နွဲ့ရယ်"

မောင့် ချစ်ခြင်းတွေကို လျစ်လျူ မရှုရက်ပေမယ့်

"နွဲ့ကလည်းကွာ"

(ဖျူးစာပေ)



အကြင်နာတွေနဲ့ ရွှေလျားတိုးကပ်လာသည့် မောင့် ရင်ခွင်ကို ...န်းတိုးရှောင်ဖယ်ရင်း

"သွားပါ၊ ဟိုမှာ မောင့်သူငယ်ချင်းတွေ ရှိနေတယ်"

"ဒီကောင်တွေ နားလည်တယ်၊ နွဲ့ ရယ်"

"ဟင့်အင်း၊ သွားပါ၊ ဒီမှာ ဖြူမောင်တို့ နိုးသွားလိမ့်မယ်"

"ဖြူမောင်တို့က မောင် တို့ ချစ်ခြင်းကို မျှဝေခံစားတတ်... ...ယ်ကွာ"

ထိုစဉ်

"ဝုတ် ဝုတ်"

ဖြူမသွားဖြုပြီး မောင့်ကိုဟောင်၏။ ဖြူမ ဦးခေါင်းကိုမောင ...၍

"ဖြူမ မင်းကလည်းကွာ ငြိမ်နေစမ်းပါ"

"ဝုတ် ဝုတ်"

ဖြူမောင်ပါ "နွဲ့" ရှေ့မှ စီးကာစဉ် သူ့မျက်ခုံးတည်သွားပြီ

"ဘယ်လို ဖြစ်တာလဲ"

"ဝုတ် ဝုတ်"

"နွဲ့နဲ့ကိုယ့်ကို မင်းတို့ပဲ အောင်သွယ်ပေးတာလေ"

နွဲ့ လက်ကို မောင်ဆုပ်ကိုင်လိုက်စဉ် ဖြူမောင်တို့ "မောင်"ကို ...င်ပေါ်မှ တွန်းထုတ်တော့၏။ မောင် ဘဝင်မကျဖြစ်လျက်

"ဟိတ် ဖြူမောင် ဖြူမ"

ဖြူမတို့ ဆက်ဆက်ထိမခံ တွန်းဖယ်နေမှုကို ကြည့်၍ နွဲ့ ...ဘကျစွာ ပြုံးမိသည်။

"ဟာဒီကောင်တွေကွာ"

မောင့်မျက်နှာပေါ် ရှက်ရိပ်နှင့် ရဲတက်လာသည်။

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကောင်တွေ တကယ့်ကျွန်အစစ်ပါလား ကွာ"

မောင် ဘဝင်မကျရေရွတ်စဉ် နွဲ့ ကြည်နူးစွာ ပြုံးမိသည်။

"မောင် သဘောပေါက်ရင် ရှောင်ပေါ့လို့"

ဖြူမောင်တို့ကြောင့် နွဲ့အပါးကို ကပ်ခွင့်မရတော့ မော စိတ်ဆိုးဆိုးနဲ့ ထွက်သွားသည်။

မောင် ခုတင်ပေါ်က ဆင်းသွားမှ ဖြူမောင်တို့ အသံတိတ်သွားသည်။

"ဖြူမောင် မင်းသတိထားကွာ"

ဖြူမောင်ကို မကျေမနပ် လက်သီးစောင်းပြသည့် မော အသွင်က ဘဝင်မကျသည့် ကလေးဆိုးနှင့်တူတော့၏။ ထိုစဉ်

"အာရုံ"

မင်းမင်း ခေါ်သံကြောင့်

သူ့ မျက်လုံးပြူးသွားသည်။

မင်းမင်း အိပ်မှုံစုံမွှားထပြီး

"ဖြူမောင်တို့ကို ကိုယ်တို့ကောင်းကောင်း သင်ထားပါက ကွာ"

"မင်းရင်ခုန်သံကို ဖြူမောင်တို့ သော့ခတ်လိုက်ပြီ မဟုတ်လား"

"ဟားဟား ဒီလိုမရကြေးလေ ကွာ"

သူ ရှက်ရွံ့ ထူပူသွားပြီး

"မင်းတို့ ပူးပေါင်းကြံစည်တာ"

"ဟုတ်တယ်"

မင်းမင်းတို့ ဦးခေါင်းညိတ်စဉ် သူ့ရင်မှ ရှက်ဒေါသငယ် ဖြာထွက်လာသည်။

"ဘာ ကွ"

(ဗျူးစာပေ)



"စိတ်လျှော့ သူငယ်ချင်း"

အိပ်ချင်ဟန်ဆောင်နေသည့် ဦးမောင်တို့ ရယ်ကျဲကျဲ ဆိုစဉ် သူ့ ဒေါသဖြစ်လျက် မကျေနပ်ဘူးကွာ မင်းတို့အားလုံးကို မကျေနပ်ဘူးကွာ။

ထို့နောက် သူ စောင်ခေါင်းမြီးခြုံ၍ အိပ်လိုက်၏။

"ဆိုးတဲ့ ခွေးနှစ်ကောင်"

သူ့ ရင်မှာအကြိမ်ကြိမ် ခံပြင်းနေမိ၏။

"ကောင်လေး မင်းမွေးတဲ့ခွေး မင်းကိုပြန်ကိုက်တာ၊ ကိုက်ပါစေ ကွာ ဟဲဟဲ"

"နွဲ့ ဒီကောင်ကို အလိုမလိုက်နဲ့နော်"

နွဲ့ မျက်နှာအသာကွယ်လိုက်စဉ်

"ဝုတ် ဝုတ်"

ဖြူမောင်တို့ ဟောင်သံက တံတိုင်းသဖွယ် စီးကာသွား၏။

"ဖြူမောင်တို့ရယ်၊ သိပ်လိမ္မာတာပဲ"

နွဲ့ နှလုံးသားမှာ ကြည်နူးစွာရေရွတ်၍ မောင့်ကိုကရုဏာ ရိပ်စွာငေးကြည့်မိ၏။

မောင်ရယ်၊ နွဲ့တို့နှလုံးသား လျှို့ဝှက်စွာ ကာဆီးနေတဲ့ကျွန်း ရှိတယ်ဆိုတာ နားလည်ပါ၊ ဒီကျွန်းတွေဟာ အချိန် အတိုင်းအတာ ယ်လောက်ထိ လျှို့ဝှက်နေနိုင်မှာလဲ တစ်စုံတစ်ဦး ရိပ်မိလာတဲ့အခါ ကို နွဲ့မတွေးရဲတော့။

❀ ❀ ❀

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ထူးခြားစွာ ပြောင်းလဲနေသည့် "သား" ဖြစ်သူကို ကြည့်ရင်း ဦးမြင့်မြတ် အမြင်မှာဘဝင်မကျဖြစ်မိသည်။ နံနက်လင်းသည်နှင့် ခွေးနှစ်ကောင်နှင့်အလုပ်ရှုပ်နေသည်။ "သား" က ပျော်ချက်သား ကောင်းနေသည်။ နံနက်စာ စားတိုင်းထိုင်တာ မတွေ့ရတော့
"သား ကော ဖြူမောင် တို့ကော"
"ဟို ဟို အပေါ်မှာ "
"ဘာလုပ်နေလဲ နံနက်စာစားမယ်လေကွာ"
ဦးမြင့်မြတ် ဆိုစဉ် ကျော်ကျော်တို့ သုံးယောက် မျက်လုံးချင်း စကားပြောပြီး
"ရေချိုးလို့ မပြီးသေးဘူးထင်တယ်၊ ခုချက်ချင်း ခေါ်လိုက်





ယ် အန်ကယ်"
မင်းမင်းဆို၍ အလောတကော ပြေးထွက်သွားသည်။ မင်းမင်းနောက်က ပါလာတဲ့ သားမျက်နှာက မြူးကြွနေသည်။ ဘာဖြစ်လို့ မြူးကြွကြွဖြစ်နေတာလဲ
"ဒယ်ဒီ ခေါ်တယ်ဆို"
"ဖြူမောင်တို့ကော"
"အပေါ်မှာ"
"ဘာလုပ်နေလဲ"
"ဆွဲ"
လွတ်ကနဲထွက်ခါနီး စကားလုံးကို မျိုချပြီး
"လာမှာပါ ခဏ"
သား အသွင်က တူတူပုပု ပြောင်းလဲလျက် ထမင်းစားခန်းမှ ထွက်သွားပြန်သည်။ သားနှင့်ပါလာသည့် ဖြူမောင် အသွင်က ပုံမှန်နှင့် တူ။ နောက်ကြောင်းမအေးသလိုလို ဘာလိုလိုနဲ့ သားဖြစ်သူကိုစိုက် ကြည့်ပြီး
"သား လာစမ်းပါဦးကွာ"
အနားရောက်လာသည့် သား ပခုံးပေါ်မှ တစ်စုံတစ်ရာကို ကြည့်လိုက်သည်။ ဦးမြင့်မြတ် မျက်ဝန်းအရောင် တောက်လာသည်။ ကားတီရှပ်အဖြူရောင်ပေါ်တင်နေသည့် ဆံပင်ရှည်တစ်ချောင်းကို ဆွဲယူပြီး သားရှေ့ တအံ့တသြထောင်ပြလိုက်သည်။
"ဒါဘာလဲ"
"ဟင် ဆံပင်ရှည်"
"သူ့ အီလည်လည်ရွတ်လျက် ဆံပင်ရှည်ကို ဒယ်ဒီ လက်ချောင်းလေးများနှင့် ဆွဲဆန့်ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဆံပင်ရှည် ဘယ်က လွင့်လာတာလဲ"

သူ ခေါင်းကုတ်ပြီး

"မသိပါဘူး ဒယ်ဒီရာ"

"ဟို အဝတ်လျှော်စဉ်က မောင်သန့်အစ်မ ခေါင်းကဲ ကျွတ်ကျ ခဲ့တာ ဖြစ်မယ် ဟဲဟဲ"

"ကျော်ကျော်ပြောတာ ဖြစ်နိုင်တယ် အန်ကယ်၊ မောင့်သန့် အစ်မ ဆံပင်ပါ"

"ဟုတ်ပါတယ် ဒယ်ဒီရာ "

မှင်သေသေ ဆိုလိုက်စဉ် ဒယ်ဒီမျက်နှာကြောတင်းသွားသည်။

"မင်းတို့တွေ မဟုတ်သေးဘူး ကွာ"

"ဘာဖြစ်လို့လဲ ဒယ်ဒီ"

"ဟာ ဖိုးအာရုံ၊ မောင်သန့်အစ်မက ဆံပင်ဆို တိုတိုလေးဖြစ် ရမှာပေါ့။ မောင်သန့်အစ်မက ဆံပင်ကုတ်ဝဲလေ။ ဒီဆံပင်က နစ်ပေ လောက်ရှည်နေတာ မမြင်ဘူးလား"

"ဟင်"

သူတို့လေးယောက် ဖက်ပိုးအတွယ်ခံရသလို မူးချင်ချင်ဖြစ် သွားသည်။ စူးစမ်းနေသည့် ဒယ်ဒီမျက်ဝန်းကို သူ မဝံ့မရဲ ကြည့်ပြီး။

"ဒယ်ဒီကလဲ သား ဘယ်သိမှာလဲ"

သူ ဆိုးနွဲ့လိုက်တော့ ဒယ်ဒီ သက်ပြင်းချပြီး

"မင်း တို့တွေကို ဒယ်ဒီ သိပ်မယုံချင်တော့ဘူး"

"ဟာ ဒယ်ဒီကလဲ၊ သားတို့ ဒယ်ဒီ မျက်စိအောက်ရှိနေတာပဲ"

"ရှိနေလို့ မယုံတာ၊ ရှိနေတောက ထူးခြားတာ"

ဒယ်ဒီမျက်နှာအနည်းငယ် တင်းဆူလာသည်။

"အဲဒါဆိုလဲ သားတို့ကို ကုမ္ပဏီခေါ်မသွားနဲ့ဗျာ"

(ဗျူးစာပေ)



"ဟုတ်တယ် အန်ကယ် ကျွန်တော်တို့ အရင်လိုပဲ လက် ဖက်ရည် ဆိုင်ထိုင်၊ လျှော်လည်ပြီး 'လွတ်လွတ်လပ်လပ်နေမယ် ဗျာ"

သူနှင့် မင်းမင်း ခပ်ဝင့်ဝင့်ဆိုစဉ်

ဒယ်ဒီ နှုတ်ခမ်းပါး တင်းသွားပြီး

"နေဦး၊ ဒယ်ဒီ မသိလို့ မေးပါရစေ"

"ဘာလဲ"

"နွဲ့ ပျောက်နေတာ သားနဲ့ တကယ်မပတ်သက်ဘူးဆိုတာ သေချာလား"

သူတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ နွဲ့ ဆံပင်ကို သဲလွန်စ ယူပြီး ဒယ်ဒီ စီရင်လာရင်၊ အို ဒယ်ဒီမရိပ်မိအောင် ကတ်နိုင်သမျှ ဖုံးထားနိုင်မှ သူစိတ်တင်းလျက်

သူ တံတွေးမျိုချပြီး

"သေချာပါတယ် ဒယ်ဒီ"

"သေချာတယ်ဆိုရင် သား စိတ်မပူဘူးလား"

"ဟာ ဘာဖြစ်လို့ ပူရမှာလဲ"

သူ လွတ်ခနဲဆိုစဉ် ဒယ်ဒီ မျက်လုံးပြူးသွားပြီး

"ဘာ"

ဒယ်ဒီ အသံပြင်းပြင်းကြောင့် ပွင့်ဟသွားသည်။ သူနှုတ်ခမ်း လွှာကို ဖိပိတ်လျက်။

သူ စကားကို ဘရိတ်အုပ်လိုက်ပြီး

"ပူတော့ ပူတာပေါ့ ဒယ်ဒီရယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ အာရုံ"

"ဩော် ဟိုလေ ပျောက်သွားတော့ သားတို့ ရှာဖို့ မလွယ်ဘူး ဒယ်ဒီ လဲ ခွင့်ပြုမှာမဟုတ်သလို နွဲ့ မိဘလည်း လက်ခံမှာ မဟုတ်ဘူး"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီတို့ချင်း ရန်စရှိခဲ့တော့"

"ဒယ်ဒီတို့ ရန်စကို ဘေးဖယ်ထား"

ဒယ်ဒီ မျက်ဝန်းကို သူနားမလည်စွာ ငေးကြည့်မိသည်။ ဒယ်ဒီ တစ်စုံတစ်ရာကို စူးစမ်းလိုဟန်နှင့် သားတို့ချင်း ချစ်သူတွေသို့

သူ့ နှုတ်ခမ်းကိုဆွဲစေ့ပြီး ခေါင်းညိတ်လိုက်သည်။

"ချစ်သူ၊ အပျော်ချစ်သူလား အတည်လား"

သူ ဘယ်လိုဖြေရမလဲ။ သူ့နားသယ်မှ ဆံစကို တစ်ချက်ပွတ်လိုက်မိသည်။ သူ့ကို ဒယ်ဒီစူးစူးကြည့်၍

"ဖြေလေသား"

အခြေအနေမဟန်မှုန်း ရိပ်မိသည့် ဦးမောင် ပျာပျာသလဲ ဖြစ်လျက်

"ဒီ ဒီလို ရှိပါတယ် အန်ကယ်"

"ကျော်ကျော်တို့ ဝင်မပြောနဲ့ ဒီကိစ္စကို အန်ကယ်သေချာ သိချင်လို့မေးတာ၊ သား ပြောပါစေ"

ဒယ်ဒီ ဟန့်စဉ် ကျော်ကျော်တို့ တိတ်ဆိတ်ကာ မျက်လုံးပြူးလာသည်။ သူ မလုံမလဲ ဖြစ်နေဆဲ။ ဒယ်ဒီ စိတ်မရှည်ချင်သလို စူးစိုက်ကြည့်ပြီး

"ပြောလေ သား"

ဒယ်ဒီ မျက်ဝန်းကို စူးစမ်းကြည့်မိ သည်၊ ဒယ်ဒီ မျက်ဝန်းက တစ်စုံတစ်ရာကို ထွင်းဖောက်ကြည့်နေသည်နှင့် တူတာကြောင့် သူမညာရဲတော့။

"အတည်ပါ ဒယ်ဒီ"

"ဒယ်ဒီ မယုံဘူး သား"

"ဟာ ယုံပါ ဒယ်ဒီ"

(ဖျူးစာပေ)



"နွဲ့ ကို သား အလေးအနက်ခံစားရလို့ ချစ်သူအဖြစ် အတည်အတံ့ရွေးခဲ့တာပါ၊ မယုံရင် ဦးမောင်တို့ကို မေးကြည့်ပါ၊ ဒယ်ဒီရာ"

"ဟုတ်ပါတယ်၊ အန်ကယ်"

သူ့ ဘက်က ကျော်ကျော် ထောက်ခံစဉ် ဒယ်ဒီ ခေါင်းရမ်းလျက်

"ဟုတ်ပြီ သား တကယ်ချစ်တဲ့ မိန်းကလေး ဘယ်ပျောက်လို့ ပျောက်သွားမှန်းမသိတဲ့ ဖြစ်စဉ်မှာ ပုရွက်ဆိတ်ကိုက်သလောက်တောင် ခံစားရတာ သား ဝကျနိုင်မလား သား"

ဒယ်ဒီ မေးခွန်းကြောင့် သူ့ရင်မှာစပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။

"ဒယ်ဒီဆို သားလို သွေးအေးနိုင်မယ် မထင်ဘူး"

သူ့မျက်လုံး အဆမတန်ပင် ကြွေကျလျက်၊ ဒယ်ဒီကို ပြူးကြည့်ပါသည်။

"သွေးအေးနိုင်တာဆိုရင် တကယ်ချစ်တဲ့သူ မဟုတ်လို့ပဲသား"

ဒယ်ဒီစကားလုံးများက သူ့ရင်ကို ထိုးဆွသည်နှင့် လာတူသည်။

"ခုချိန်ထိ နွဲ့ ဘယ်ရောက်နေလဲဆိုတာ နွဲ့ မိဘတွေ စုံစမ်းနေဖြစ်နေတာ၊ ဒယ်ဒီ စိတ်ကိုရှုပ်ထွေးနောက်ကျိစေတယ် သား"

သူ့ ရင်ခုန်သံ တလှိုက်လှိုက်ဆူပွက်လာသည်။

"ပိုပြီး နောက်ကျိစေတာက၊ ဟောဒီ ဆံပင်၊ ရေချိုးခန်းထဲက ကလစ်၊ ဟိုနေ့က ဖြူမောင်တို့ ဆွဲလာတယ်လို့ပြောတဲ့ မိန်းမဝတ်အင်္ကျီ တစ်ထည်တိုက်ရှေ့ကျနေတာ ငြိမ်နေတဲ့ သားတို့ခြေလှမ်းတွေ"

သူတို့အားလုံး ကျောက်ရုပ်တွေလို ငြိမ်သွား၏။ အသက်အောင့်ထားမိသည်အထိ လှိုင်းခတ်သွား၏။

"နောက်ပြီး အသွင်ပြောင်းနေတဲ့ ဖြူမနဲ့ဖြူမောင်"

"ဟင် ဖြူမတို့ ဘာဖြစ်လို့လဲ"

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ စက္ကန့်မလပ်နေတတ်တဲ့ ဒီနှစ်ကောင် ဘာဖြစ်လို့ ခွဲပြီး နေတာလဲ"

"သားကုမ္ပဏီသွားလည်း ဖြူမောင်တို့ မပါတော့ဘူး၊ ဒါဘာ တွေလဲ၊ ဘာကြောင့်လဲ၊ နေဦးကွာ နွဲ့ကို သားတို့တစ်နေရာရာမှာ ဝှက်ထားကြ သလား"

ဒယ်ဒီ ရူးရူးရဲရဲကြည့်၍ စစ်ဆေးစဉ် သူ အထိတ်တလန့် ဖြစ်ပြီး

"မဝှက်ဘူး ဒယ်ဒီရာ"

"ဟုတ်ပါတယ်၊ အန်ကယ် မဝှက်ထားဘူး၊ ကျွန်တော်တို့ သိပါတယ်"

"ဘာသိတာလဲ"

"နွဲ့ကို ဝှက်မထားဘူးဆိုတာ"

ကျော်ကျော်တို့ ချွေးပျံစပြုလာသည်။ သူမျက်နှာချိုသွေး၍ ဒယ်ဒီကို ကြည့်မိပြီး

"ယုံပါ ဒယ်ဒီရယ်၊ နွဲ့ကို သားတို့ ဝှက်မထားပါဘူး၊ နွဲ့ ဘယ်လိုပျောက်သွားလဲဆိုတာ သားတို့လည်း မသိဘူး၊ နွဲ့ အတွက် သားလည်းကြေကွဲရပါတယ်၊ ဒယ်ဒီ ခွင့်ပြုရင် နွဲ့ကို သားလိုက် ရှာချင်ပါတယ်"

တစ်စုံတစ်ရာကို ရူးရူးစိုက်စိုက်ဖြစ်နေသည့် ဒယ်ဒီကို သူခပ်ရဲရဲ ဆိုလိုက်သည်။

"ဒယ်ဒီ ခွင့်ပြုမလား"

"ဟုတ်တယ် အန်ကယ်။ အန်ကယ် ခွင့်ပြုရင်"

"တော်"

ဒယ်ဒီ တန်းပြတ်ပြတ်ဆိုစဉ် သူတို့ နှုတ်ဆိတ်လျက် ခေါင်းငိုက်

(ဖျုံးစာပေ)



ကျသွားသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် သား"

"ဒယ်ဒီရဲ့ အသည်းနှလုံးကို နင်းချေခဲ့တဲ့ မိန်းမ၊ သား ဒယ်ဒီဂုဏ်သိက္ခာကို ဖျက်ဆီးပစ်ခဲ့တဲ့မိန်းမကို ဒယ်ဒီ မျက်နှာချင်းမ ဆိုင်ချင်ဘူး"

"ဘယ်လို ဒယ်ဒီ"

အတိတ်က ဒဏ်ရာအတွက် နာကျင်ကြေကွဲနေသည့် ဒယ်ဒီကို သူအတိုင်းအဆမဲ့ တအံ့တသြငေးမောသွားပြီး

"ဘယ်လို ဒယ်ဒီ၊ ဒယ်ဒီက သားဒယ်ဒီ မဟုတ်ဘူးပေါ့"

"ဟုတ်တယ် သား"

"ဟင်"

သူကိုယ် ဆတ်ကနဲ မတ်သွား၏။ ဦးမြင့်မြတ် အတိတ်ကို ပြန်လှိုက်လှိုက်ခံစားမိပြီး

"ဟုတ်တယ် သား၊ ခတ္တာတင် ဦးအောင်ကိုနဲ့ လက်ထပ် သွားတော့ သား ဒယ်ဒီ ရူးသွပ်လောက်အောင် ခံစားခဲ့ရတယ်၊ ခင်သူဇာက သားဒယ်ဒီကို နဂိုကတည်းက စိတ်ဝင်စားခဲ့တော့ သား ဒယ်ဒီကို ဝေဒနာသက်သာအောင် နှစ်သိမ့်ရာက နီးစပ်ခဲ့တယ်၊ ဒါပေမဲ့ သား ဒယ်ဒီက ခတ္တာတင်ကို စွဲလန်းစိတ်လွန်ကဲ နေခဲ့တယ်၊ အဲဒီစိတ်နဲ့ ရက်စီးဒင်နဲ့ဖြစ်ပြီး ဆုံးတယ်၊ သားဒယ်ဒီ ဆုံးတဲ့အချိန်မှာ သားက ခင်သူဇာ ရင်ခွင်ထဲမှာ သားကို ခင်သူဇာ ဖျက်ဆီးဖို့ ကြိုးစားခဲ့ တယ်၊ သားကို သားဒယ်ဒီ ကိုယ်စား အဆုံးအရှုံးမခံနိုင်လို့ ခင်သူဇာ ကို ဒယ်ဒီ တောင်းပန်ပြီး လက်ထပ်ယူခဲ့တယ်၊ သားကို မွေးပြီးကတည်း က ခင်သူဇာနိုင်ငံခြားထွက်သွားခဲ့တယ် အခုအချိန်ထိပဲ သားရယ်"

"ဟင်"

(ဖျုံးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ ဝေဒနာကို အမှတ်မထင်ခံစားရစဉ် သူရင်မှာ အတိုင်းမသိ ဝမ်းနည်းသွားသည်။ သူ့အတွက်အဖက်ဖက်က အနစ်နာခံခဲ့သည့် ဒယ်ဒီ့ နှလုံးသားကို ကရုဏာသက်ဝင်မိသည်။ နှစ်တွေကြာခဲ့ပေမယ့် လောလောလတ်လတ်ခံစားခဲ့ရသလို ထိခိုက်ကြေကွဲနေသည့် ဒယ်ဒီကို မချင့်မရဲ ကြည့်မိသည်။ ဒယ်ဒီရယ်။

ဒယ်ဒီ မျက်ဝန်းဆီမှ လိှမ့်ကျလုလုဖြစ်နေသည့် မျက်ရည်စကို ဒယ်ဒီ ဖိသိမ့်မျိုးသိပ်ပြီး

"ဟိုအချိန်က ငယ်ရွယ်တဲ့စိတ်နဲ့ ခတ္တာတင်ကို လက်စား ချေချင်ခဲ့တယ်၊ လက်စားချေဖို့လဲ ကြိုးစားခဲ့တယ်၊ လုပ်ငန်း အပြိုင် ထောင်ပြီး ဦးအောင်ကို ကိုတိုက်ခိုက်ခဲ့တယ်၊ လုပ်ငန်းတွေ အထိအနာ အဆုံးအရှုံးများတဲ့အချိန်ကဆို ခတ္တာတင် ရူးမလောက် ဖြစ်ခဲ့ရတယ်၊ နောက်ပိုင်း ခင်သူဇာ သတင်းစုံစမ်းဖို့ သားကိုခေါ်ပြီး ဒယ်ဒီ နိုင်ငံခြားထွက်သွားတယ်၊ ခင်သူဇာသတင်းမရလို့ ပြန်လာခဲ့ ပေမယ့် ခတ္တာကို ဒယ်ဒီမစုံစမ်းတော့ဘူး၊ မေ့ပစ်ခဲ့တယ်၊ ဒါတွေက ကြာခဲ့ပါပြီ သား။ ကြာခဲ့ပါပြီ"

သူ့ရင်မှာ ဒယ်ဒီအတွက် တလှိုက်လှိုက်ဝမ်းနည်းလာသည်။

"ခတ္တာတင်ဟာ သားချစ်သူရဲ့ မိခင်မှန်းသိလိုက်ရတော့ သားတို့ စေ့စပ်ပွဲ မဖျက်ချင်လို့ ဒယ်ဒီ မသိချင်ဟန်ဆောင်နေခဲ့တယ်၊ ဒါပေမဲ့ ခတ္တာတင်ဟာ သူ့ကံကြမ္မာကို သူလိပ်ပြာမလုံဖြစ်ပြီး ပေါက်ကွဲတာ ဒယ်ဒီ ဘာမှမတတ်နိုင်ဘူး သား"

ရီဝေရွှန်းလက်နေသည့် ဒယ်ဒီ့မျက်ဝန်းကို သူငေးကြည့်နေမိ

"အခုအချိန်မှာ ဒယ်ဒီ စကားကို သား နားထောင်တယ် ဆိုရင် ဒယ်ဒီ ဖြေသိပ်နိုင်မှာပါ"

သူ့ရင်မှာ ဆူးတစ်ချောင်း မျိုးချသလို ခံခက် မျက်ရှလာသည်။





"နွဲ့ ပျောက်ဆုံးမှုမှာ သားနဲ့ မပတ်သက်ဘူးဆိုရင် ခတ္တာနဲ့ ဒယ်ဒီ မျက်နှာချင်းဆိုင်ဖို့ မလိုတော့ဘူး သား"

ကျော်ကျော်တို့ မသိမသာ တံတွေးမျိုလိုက်သည်

"ဒယ်ဒီလဲ ခတ္တာတင်နဲ့ မျက်နှာချင်းမဆိုင်ချင်တာနဲ့ အဆင်သင့် သွားတာပေါ့ ကွာ၊ နွဲ့ နဲ့ သားတကယ်ပဲ ဖယားရှင်တယ်နော်"

ဒယ်ဒီ ထပ်ဆင့် ဆိုစဉ် သူခေါင်းမညိတ် ခေါင်းခါပြနိုင်စွမ်း မရှိတော့

ဦးမောင်တို့ကို လှည့်ပတ်မေးစဉ် သူတို့ လေးယောက် ပူရပ်တုန်လျက် မျက်လုံးချင်း ချိတ်ဆက်ကြည့်မိသည်။ သူတို့ ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား။

"ကဲ ပြောလေ ကွာ၊ နွဲ့နဲ့ မပတ်သက်ပါဘူး ဒယ်ဒီ"

သူ တစ်စုံတစ်ရာကို ဖိသိပ်မျိုချရင်း သူ ငြင်းလိုက်စဉ် ဒယ်ဒီ မျက်ဝန်းမှာလည်း အရည်ကြည်တစ်ချို့ ရွှန်းလဲ့သွားသည်။ ထိုအခါ သူ့နှလုံးသားမှာ ပြစ်မှုကြီးတစ်ခု ကျူးလွန်သလို ခံစားလိုက်ရသည်။ ကျော်ကျော်တို့ သူ့ကို မချင့်မရဲကြည့်စဉ် သူခေါင်းငုံ့လိုက်သည်။ ဒယ်ဒီ ကျေနပ်သလိုဖြစ်ပြီး

"မပတ်သက်ဘူးဆိုရင် ပြီးတာပဲ၊ ကဲ မနက်စာစားကြတာပေါ့ ကွာ၊ သားအတွက် ဒယ်ဒီကိုယ်တိုင် ကော်ဖီငှဲ့ပေးမယ်"

ဒယ်ဒီ ကော်ဖီငှဲ့ထည့်စဉ် သူ့ရင်မှာ စို့နင့်သွားသည်။

"ကဲ သားသောက်လေ"

"ဟုတ်"

သူ့အလိုက်သင့်ယူ၍ ဒယ်ဒီ ကျေနပ်အောင် တစ်ကျိုက်စုပ်သောက်လိုက်သည်။

"ဝုတ် ဝုတ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ အရိပ်မြင်သလို ပြေးထွက်သွားသည့် ဖြူဖြေး တို့ကို ငေးကြည့်ရင်း သူ့ရင်သည် လျှောင်တစ်မျိုး လှုပ်ခါသွား၏။

"နွဲ့ ရယ်"

မောင်တို့ နှလုံးသားမှာ ပေါင်းခဲ့တဲ့ ကျွန်းက တဖြည်းဖြည်း ကျယ်ပြန့်သလို ခံစားရပြီးကွယ်။ ဒီကျွန်းကို မောင်တို့ ကျော်ဖြတ် နိုင်ပါ့မလား ကံကြမ္မာ။

❀ ❀ ❀



## အခန်း (၂၄)

"ဟင်"

တင်တင် မျက်ဝန်း ပြူးတောက်သွားသည်။

"တွေ့လား တင်တင်"

"တွေ့ တွေ့ပါတယ် အဝင်း"

ရုပ်ပါမားကက်၏ ဖက်ရှင်ရှော့ပ်မှာ မိန်းမအဝတ်အထည်တွေ ပြနေသည့် အာရုံတို့အုပ်စုကို မြင်ရစဉ်၊ တင်တင် သံသယပို၍ ပြူးထွား လာသည်။

"ဒါဆို ဒီကောင်တွေ မရိုးသားတာ သေချာပြီ တင်တင်"

"ဟုတ်တယ် အဝင်း။ တင်တင် နောက်ယောင်ခံ ကြည့်မယ် ပါ့ညီလေ"



www.burmeseclassic.com

www.burmeseclassic.com



"လာ ဟိုဘက်ဆိုင်တွေနဲ့ အကာအကွယ်ယူပြီး ချောင်းကြ ရမယ်"

"ကောင်းတာပေါ့ တင်တင်"

တင်တင်နှင့်အဝင်း ဆိုင်တွေကို အကာအကွယ်ယူပြီး အာ လှုပ်ရှားမှုကို တိတ်တဆိတ်ချောင်း၏။ ရယ်ဒီမိတ်အင်္ကျီတွေ ရွေး နေသည့် အာရုံ၊ တင်တင်တို့ ချောင်းကြည့်နေသည်ကို ရိပ်မိဟန်

"ဒီ ဒီဇိုင်းလေးက လှတယ်ကွ"

ဦးမောင် အထည်ဒီဇိုင်းဆန်းဆန်းတွေ ရွေးချယ်၍ ဆို သည်။

"လှတော့ လှပါတယ်၊ ဒါပေမဲ့ နွဲ့နဲ့ မလိုက်ရင် ဒါမှမဟု နွဲ့မကြိုက်ရင် ခက်မယ်ကွ"

"ဟာ လောလောဆယ် အဆင်ပြေပြေဝတ်ဖို့ အရေးကြီး ကွာ၊ နောက်မှ နွဲ့စိတ်ကြိုက် ရွေးဝယ်ပေါ့ကွာ၊ ဟုတ်သားပဲ အာ

"မင်းတို့ သဘောကွာ"

ဦးမောင်က ဒီဇိုင်းဆန်းဆန်း ငါးထည်ရွေးဝယ်လိုက်သ

"အင်္ကျီနဲ့ လိုက်ဖက်မယ့် ထဘီပါ တစ်ခါတည်းဝယ်ကွ

"ဝယ်မှာပေါ့ အာရုံရာ၊ ဒီမှာ နွဲ့စာရင်းရေးပေးလိုက်သာ

"တစ်ခုမှ မကျန်စေရဘူးကွာ"

ကျော်ကျော် စိတ်နောက်သလိုဆိုစဉ် သူငြိမ်နေလိုက်သ ဦးမောင်တို့ ရွေးဝယ်သမျှကို ကျသင့်ငွေ သူထုတ်ရှင်းလိုက်သ ကျော်ကျော်ထံမှ စာရင်းစာရွက်ကိုကြည့်ပြီး

"အထည်ပြီးရင် အလှကုန် ဝယ်ရမယ်"

"ဟိုဘက်ဆိုင်မှာ သွားဝယ်ရအောင်"

"ဒီဆိုင်မှာလဲ ရှိတာပဲ"





"ဟာ အာရုံ မင်းဈေးဝယ် မတတ်ဘဲနဲ့ကွာ တွေ့ကရာဆိုင်မှာ ျှောက်ဝယ်ရင် ပစ္စည်းအမှန် ဈေးအမှန်မဘူး"

"လိုက်ခဲ့"

မင်းမင်း ဆွဲခေါ်ရာနောက် သူပါလာသည်။ အမျိုးအစားစုံလင် သည်။ အလှကုန်ပင်ရင်း အရောင်းဆိုင်မှာ နွဲ့ မှာသည့် အလှပစ္စည်း ွေးဝယ်ရတာ ရင်ခုန်စရာ ကောင်းသား။

"နွဲ့ပါလာရင် သိပ်ကောင်းမှာကွာ၊ အရေးထဲ လွမ်းချင်း နေတယ်၊ အလှကုန် ပစ္စည်းအမယ်တွေ ရွတ်စမ်းပါ"

"အင်းပါကွာ အောက်ခံမိတ်ကပ် နှုတ်ခမ်းဆိုးဆေး ရွှေဝါရောင်၊ က်သည်းဆိုးဆေး ဟဲကုတ် ညီမရယ်၊ မိန်းကလေး လိမ်းချယ်စရာ ည်းအစုံသာ ထည့်ပေးလိုက်ပါတော့"

ပစ္စည်းအမည်တွေ ရွတ်ရတာ သူစိတ်မရှည်ချင်တော့ အရောင်း ရေးမလေးကို တာဝန်ပေးလိုက်သည်။

"စိတ်ချပါ၊ ပြည့်စုံအောင် ထည့်ပေးပါ့မယ်"

အရောင်းစာရေးမ ချိုချိုသာသာ ဆို၍ အလှကုန်ပစ္စည်းအစုံ ူးပေးသည်။ ထိုစဉ် သူတို့နောက် တစ်စုံတစ်ယောက် ချောင်းနေ လို ခံစားရတာကြောင့် သူ့ရင်မှာ မလုံမလဲ ဖြစ်လာသည်။

"ဘာကျန်သေးလဲ"

"ကျန်သေးတာပေါ့ကွ၊ မုန့်ရယ် မိန်းကလေးအတွင်းဝတ် ကျီရယ်၊ ဘရာစီယာပါကွာ။ ကဲ ကျန်တာတွေ ခပ်မြန်မြန်ဝယ်ကွာ"

"ဟာ မလောနဲ့လေကွာ။ လောရမယ်၊ ကိုယ့်စိတ်မှာ တစ်မျိုး းဖြစ်နေတယ်"

သူ ဟိုဘက်ဒီဘက် အကဲခတ်ကြည့်၍ ဆိုလိုက်သည်။

"မဖြစ် စမ်းနဲ့ကွာ၊ မင်းဒယ်ဒီ ရိပ်မိမှာမဟုတ်ဘူး ဟုတ်သားပဲ



www.burmeseclassic.com

www.burmeseclassic.com



အာရုံ ကိုယ်တို့လက်ဖက်ရည်ဆိုင် ခဏထိုင်မယ်လို့ လိမ်ပြီးလစ် ထွက်ခဲ့တာပဲ"

"ဟုတ်ပါတယ်၊ ဒယ်ဒီမရိပ်မိဘဲ တစ်ခြားတစ်ယောက် ရိပ်မိလို့မဖြစ်ဘူး"

ဦးမောင် တစ်စုံတစ်ရာကို ခံစားမိတာကြောင့်

"အဲဒါလဲ ဟုတ်တယ် မင်းမင်း၊ နွဲ့အစ်ကို လမ်းထိပ်က ကောင်တွေနဲ့ပေါင်းပြီး ကိုယ်တို့သတင်း စုံစမ်းနေတာ၊ တော်ကြ ကိုယ်တို့နောက်ခြေရာခံ လိုက်နေရင်"

"ဟုတ်တယ် မြန်မြန်ဝယ်ကွာ"

"ဒီက ညီမပဲ ဝယ်ပေးပါဗျာ"

"ဘာဝယ်ရမှာလဲ ရှင်"

"ဟို ဟိုလေ မိန်းကလေးအတွင်းဝတ်အထည် အဲလေ"

သူ အီလည်လည်ဆိုစဉ် အရောင်းစာရေးမ သဘောပေါက် သွားပြီး

"ရပါတယ် ခဏနော် ဘေးဆိုင်က ဝယ်ပေးမယ်"

"ကျေးဇူးဘဲ ညီမရယ်"

အရောင်းစာရေးမ အကူအညီနှင့် သူတို့လိုအပ်သည့် ပစ္စည်း အစုံရသွားသည်။

"ကျေးဇူးအထူးတင်တယ် ညီမ"

"ရပါတယ် နောက်လိုအပ်ရင် လာခဲ့ပါ၊ ကူညီပေးပါ့မယ်"

"ကျေးဇူးပဲ သွားမယ်နော်"

သူတို့အရောင်းဆိုင်ထဲက နှုတ်ဆက်ထွက်ခဲ့သည်။ သူ မလုံမလဲ စိတ်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေဆဲ၊ ဒီကောင် နောက် တကောက်ကောက် ချောင်းကြည့်နေရင်း တင်တင်စိတ်





ပြင်းမှုတွေ တရိပ်ရိပ်တက်လာသည်။

"တောက်သေချာပြီ အဝင်းရယ် သေချာပြီ"

"ရှူး တိုးတိုး"

"တင်တင် အခုပဲ ဒီကောင်ကို ဖမ်းလိုက်ချင်တယ်"

"စိတ်မလောနဲ့ တင်တင်"

"စိတ်လောတာ မဟုတ်ဘူး၊ သမီးလေးကို သူတို့လက်ထဲမှာ …စ်စက္ကန့်မှ မထားချင်ဘူး"

အသည်းအသန်ဖြစ်နေသည့် ဒေါ်ခတ္တာတင်ကို အဝင်း …တ်မသက်မသာ ကြည့်၍

"အဝင်း နားလည်ပါတယ်၊ ဒါပေမဲ့ ဒီပစ္စည်းတွေဝယ် …လောက်နဲ့ သူတို့ကို စွပ်စွဲဖို့ မခိုင်လုံဘူး၊ အဓိက သမီး ရှိတဲ့နေရာကို …ဖို့အရေးကြီးတယ်၊ ဒါမှ လက်ပူးလက်ကြပ် ဖမ်းလို့မိမှာ တင်တင်"

ဒေါ်ခတ္တာ မျက်ဝန်းစူးတောက်လာသည်။

"နောက်ဆို သူတို့လှည့်ပတ်ညာနေရင် သမီးနဲ့တွေ့ဖို့ …လှမ်းဝေးသွားလိမ့်မယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ဒီကောင်တွေ နောက် မျက်ခြေမပြတ် လိုက်ဖို့လိုတယ်"

"အဲဒါဆို မြန်မြန်လိုက်စို့လေ"

"အင်းပါ တင်တင်ရယ် လိုက်တာပေါ့၊ သူတို့မရိပ်မိအောင် …လိုက်ဖို့လိုတယ်၊ လာ အဝင်းတို့ မယောင်မလည် လိုက်ကြတာပေါ့၊ …ပိုကောင်းတယ်"

တင်တင်နှင့်အဝင်း အာရုံတို့ အုပ်စုနောက်သို့ မယောင်မ …လည်လိုက်ခဲ့သည်။ စူပါမားကက်ထဲမှာ အာရုံတို့ ထွက်သွားစဉ် တင်တင်တို့ …က်သွက်သွက်ထွက်သည်။ ထို့နောက် အာရုံတို့ ကားနောက်သို့ Taxi



www.burmeseclassic.com

www.burmeseclassic.com



ငှားပြီး လိုက်ခဲ့သည်။

တရိပ်ရိပ်ပြေးလွှားနေသည့် အာရုံတို့ ကားက အာရုံတို့ ခြံထဲမောင်းဝင်သွားသည်။ တင်တင်ရင်တွင်းမှာ တစ်စုံတစ်ရာကို သဘော ပေါက်သလို ခံစားလိုက်ရသည်။

"သမီးလေး သူတို့တိုက်ထဲမှာ ရှိနေမယ်ထင်တယ်၊ အဝင်း ရယ်"

"စိတ်မလောပါနဲ့၊ အခြေအနေကို စောင့်ကြည့်တာပေါ့ တင်တင်"

ပစ္စည်းအထုပ်အပိုးတွေ ကားပေါ်ကဆွဲချပြီး တိုက်ထဲ လှမ်းဝင်သွားပြီး မကြာခင် ပြန်ထွက်လာကြသည့် အာရုံ တို့လက်ထဲတွင် အထုပ်အပိုးတွေ ပါမလာတော့။

"သေချာပြီ အဝင်းရယ် ဝယ်ခဲ့တဲ့ပစ္စည်းတွေထားပြီး ပြန်ထွက် လာကြပြီ"

"ဟုတ်တယ် တင်တင်"

"ဒါဆို တိုက်ထဲဝင်စို့ လာ"

"ဒီလိုပဲ ဝင်ဖမ်းလို့ ပုန်းလိုက်ရင် ကော"

"ဟုတ်တယ် အဝင်း ရှောင်ပုန်းလို့ မလွတ်အောင် ဖမ်းဖို့ စီစဉ် ရမယ်၊ တောက် ဦးမြင့်မြတ် ရှင် အကြံကြီးတဲ့ သူ"

"ဟုတ်တယ် တင်တင်ရယ် ဦးမြင့်မြတ် အဲဒီလောက် ပရိယာယ် ကြွယ်လိမ့်မယ်လို့ မထင်ခဲ့ဘူး"

"ဦးမြင့်မြတ် ပရိယာယ်ကြွယ်သလို တင်တင်လဲ ပရိယာယ် ကြွယ်ကြွယ်နဲ့ ပိတ်ဆို့ပြီး ဖမ်းရမယ်"

ဒေါ်ခတ္တာ ဒေါ်သတဖွားဖွားထလျက်

"ဟုတ်တယ် ဒီကိစ္စကို စခန်းမှူး ပိပိရိရိ စီစဉ်နိုင်မယ်"





"ဟုတ်တယ်နော် အဝင်း ဒီကိစ္စအားလုံးကို အကြောင်းကြားပြီး ပိပိရိရိ စီစဉ်လိုက်ရင်"

"အကောင်းဆုံးပေါ့ တင်တင်ရယ်"

"လာ အဝင်း ခပ်မြန်မြန် သွားပြီး စီစဉ်ကြတာပေါ့"

"အင်းပါ တင်တင်"

အာရုံတို့ ကားခြံထဲ ပြန်မထွက်ခင် တင်တင်တို့ ဦးစွာ ရှောင်ထွက်လိုက်သည်။

"ဦးမြင့်မြတ် ရှင်နဲ့ ခတ္တာ ထိပ်တိုက်တွေ့ကြ သေးတာပေါ့"

တင်တင် ရင်မှာ ကြိတ်၍ ဟစ်ကြွေးလိုက်သည်။ ထို ဟစ်ကြွေး မှုက လူငယ်ချစ်ဦးနှလုံးသားအတွက် ရာသက်ပန်ဆီးကာနေမည့် ကျွန်းတစ်ကျွန်းဖြစ်နေမည်လား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဒေါက် ဒေါက်"

ရုတ်တရက် ပေါ်လာသည့်အခန်းတံခါးခေါက်သံကြောင့် ဦးမြင့်မြတ် နိုးလာသည်။

"ဆရာ၊ ဆရာ၊ ဒေါက် ဒေါက် ဆရာ"

မောင်သန့် အသံထွက်လာစဉ် ဦးမြင့်မြတ် စိတ်နောက်လျက်

"မောင်သန့် ဘာလဲကွာ"

"ညှော်သည်တွေ ရောက်နေလို့"

"ဟာ ညအချိန်မတော် ဘယ်က ညှော်သည်လဲကွာ"

"ဟိုတစ်ခါလာတဲ့ ညှော်သည်တွေ"

"မောင်းထုတ်လိုက်ကွာ"

(ဗျူးစာပေ)



"ညှော်ခန်းထဲရောက်နေပြီ"

"ဟာ မင်းအတော်အသုံးမကျတဲ့ကောင်ပဲ"

"ဟို ဟို စခန်းမှူးလည်း ပါနေတော့"

မောင်သန့် ခပ်တိုးတိုး ရွတ်စဉ်

ဦးမြင့်မြတ် အိပ်မှုန်စုံမွှားနှင့် ထလိုက်သည်။

"ဘာလုပ်ဖို့လဲ ကွာ"

"အဲဒါတော့ မသိဘူး၊ ဆရာနဲ့ တွေ့ဖို့တဲ့"

"လာပြီး ကွာ အတော်ရှုပ်တဲ့ ညှော်သည်တွေ"

ဦးမြင့်မြတ် ခေါင်းရင်းမှ မျက်မှန်ယူတပ်ပြီး အခန်းတံခါးဖွင့်၍ ထွက်ခဲ့သည်။ ညှော်ခန်းထဲရောက်စဉ်

"လူယုတ်မာ အကြီးသမား၊ ရှင် ပရိယာယ်နဲ့ အခု ညာလို့မရဘူး သိရဲ့လား"

ဒေါ်ခတ္တာရဲ့စကားလုံး ရင့်ရင့်တွေ လွင့်လာစဉ် ဦးမြင့်မြတ် စိတ်အချဉ်ဖောက်လာသည်။

"ကျုပ် ညှော်ခန်းထဲလာပြီး ရင့်ရင့်သီးသီး စော်စော်ကားကား ပြောနဲ့ကျုပ်သည်းမခံဘူး စခန်းမှူး အရေးယူပေးပါ ဗျာ ထိထိရောက်ရောက် အရေးယူပေးပါ"

ဦးမြင့်မြတ် ခံပြင်းစိတ်နှင့်တရစပ်ဆိုလိုက်သည်။ ဒေါ်ခတ္တာတင် ခပ်ငြိုး ကြီးစွာကြည့်၍

"ရှင်ကို ကျွန်မအရေးယူရမှာ"

"ဒီမှာ ဒေါ်ခတ္တာတင် ခင်ဗျာနဲ့ကျုပ် မျက်နှာချင်း မဆိုင်ချင်လို့ ကျုပ်သားနဲ့ခင်ဗျာသမီးကို ဖြတ်နိုင်းလိုက်တာ၊ အခုဆို လုံးဝပြတ်သွားပြီးကွာ"

ဒေါ်ခတ္တာတင် မျက်ဝန်းသရော်ရိပ်လွှမ်းလျက်

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ဟင့် ဦးမြင့်မြတ် ရှင်က ရှင်ကိုယ်ရှင် ပရိယာယ် သိပ်ကြွယ် တယ်လို့ထင်နေတာကိုး"

"ခင်ဗျာ ဘာတွေလာပြောနေတာလဲ"

"ရှင် နားလည်အောင်ပြောရရင် ရှင်ပရိယာယ်က ခတ္တာတင် တို့အတွက် အကင်းပဲရှိတယ်ရှင့်"

"ခင်ဗျာအပိုတွေ ပြောမနေနဲ့ ခုချက်ချင်း ကျုပ်ဧည့်ခန်းထဲက ထွက်သွားပါ"

ဦးမြင့်မြတ်နှင့် ဒေါ်ခတ္တာတင် မျက်နှာ ဟင်ခနဲ ဝင်းလက်ခါ သွားပြီး

"စခန်းမှူးကြီး ဖြေရှင်းပေးပါ"

"အဟွန်း"

စခန်းမှူး ချောင်းတချက်ဟန့်ပြီး

"ဒီလိုပါ ဦးမြင့်မြတ်"

"ပြောပါခင်ဗျ"

"ဦးမြင့်မြတ် သားက ဒေါ်ခတ္တာတင် သမီးကို ခိုးဝှက်ထား ပါတယ်"

ဦးမြင့်မြတ်ဦးခေါင်းရမ်း၍

"မဖြစ်နိုင်ဘူး"

"ဟာ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး ဆရာတို့ ဟိုတစ်ရက်က လာရှာပြီးပဲ"

"ဟုတ်ပါတယ် ဟိုတစ်ရက်က လာရှာပေမယ့် မတွေ့ရ ဘူးလေ"

"မတွေ့ကတည်းက ရှင်းနေတာပဲ၊ ကျွန်တော့် သားက ကျွန်တော့်စကား မြေဝယ်မကျ နားထောင်တာဗျ။ ဒေါ်ခတ္တာတင် စိတ်ရှု





ပေါက်လို့ပြော တိုင်းမယုံပါနဲ့ဗျာ"

"ကျွန်တော်တို့ ဘယ်သူကိုမှ မယုံပါဘူး ဦးမြင့်မြတ် ၊ပြဿနာ ဖြစ်လာရင် ကူညီဖြေရှင်းပေးရမယ့်တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်၊ ဒါကြောင့် ဦးမြင့်မြတ်ကို စစ်ဆေးရပါလိမ့်မယ်"

ဦးမြင့်မြတ် ဘဝင်မကျဖြစ်လျက်

"စစ်ပါဗျာ စစ်ပါဗျာ"

"ကျွန်တော်မေးမယ် ဦးမြင့်မြတ်တိုက်ထဲမှ ပန်းယိမ်နွဲ့ကို ဝှက်ထားသလား"

"လုံးဝမဝှက်ထားဘူး"

"ခင်ဗျားသားကော"

"ဒီအချိန်အိပ်ချိန်ဗျာ အိပ်မှာပေါ့၊ မယုံရင် သားအခန်းထဲ ဝင်ကြည့်"

"ကြည့်မယ်၊ ကြည့်မယ်"

ဒေါ်ခတ္တာတင် မြူးမြူးကြွကြွဖြစ်လျက် ရှေ့ကဦးဆောင် သွားတော့သည်။

"ကြည့် မျက်လုံးပြူးပြီးကြည့်"

"သားအခန်းရှိရာသို့ တဝုန်းဝုန်း တက်သွားကြည့်"

ဦးမြင့်မြတ် သက်ပြင်းချ၍ နောက်ကလေးတွဲ့စွာ လိုက်တက် ခဲ့သည်။

"ဦးမြင့်မြတ်"

"ပြောပါ စခန်းမှူး"

"ခင်ဗျားပြောတော့ ပန်းယိမ်းနွဲ့ကို ဝှက်မထားဘူးဆို"

"လုံးဝ ဝှက်မထားဘူး"

"အဲဒါဆို ဘာဖြစ်လို့ ခင်ဗျာသားအခန်းထဲရောက်နေရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

ဦးမြင့်မြတ်၏ဦးခေါင်းရမ်းလျက်

"ဟာ စခန်းမှူး သေချာကြည့်ပြီးပြောပါ"

"သေချာကြည့်ပြီးပြောတာပါ ခင်ဗျာမညာနဲ့"

"ဟာ ကျွန်တော်ကို တရားခံ ရှာနေတာလား"

"တရားခံရှာတာမဟုတ်ဘူး တရားခံဖြစ်နေတာ"

"ဟင်း"

"ခင်ဗျာ အခုမှ လိမ်ဖို့ မကြိုးစားနဲ့"

"ကျုပ်မလိမ်ဘူး စခန်းမှူး"

"မလိမ်ရင် ခင်ဗျားသား အခန်းထဲကြည့်ဗျာ"

သား အခန်းတံခါးကို ဆွဲဖွင့်ပြစဉ်

"ဟင်း"

သူ့အာရုံတစ်ခုလုံး ချာလပတ်လည်ကာ မယုံနိုင်လောက်အောင် လွင့်စင်သွားတော့၏။ သားကုတင်ပေါ်က ဖြူမောင်တို့နှင့်အတူ အိပ်ပျော်နေသည့် မိန်းကလေး ဒါဘယ်လိုဖြစ်တာလဲ ?

ဦးမြင့်မြတ် လိုက်မမှီနိုင်တော့ ဦးမြင့်မြတ် အာရုံတစ်ခုလုံး ဆူဝေပြွန့်လျက်

"ခင်ဗျာ အခု ငြင်းနိုင်သေးလား"

ဦးမြင့်မြတ် ရှက်ခြင်း၊ ခံပြင်းဒေါသဖြစ်ခြင်းတွေနဲ့ ပေါက်ကွဲလွင့်စင်လျက်

"တောက် မိုက်ရိုင်းတဲ့သား"

ဦးမြင့်မြတ်၏ဒေါသ လက်သီးသည် ခုတင်ပေါ်အိပ်မောကျနေသည့် 'သား'မျက်နှာဆီ လွင့်ကျ သွားတော့သည်။

"ခွပ်"

(ဗျူးစာပေ)



'သူ့'အာရုံတစ်ခုလုံး ထူပူကာ ပြင်းရှနာပြင်းလာသည်။ ထိုအခါ သူ တထောင်ထောင်ဖြစ်လျက် ရှန်းထလိုက်သည်။ ဒေါသကြီးနေသည့် ဒယ်ဒီ့ မျက်နှာဘွားကနဲမြင်စဉ် သူ့လန့်ဖြန့်သွား၏။

"အာရုံ ဒယ်ဒီကို အရှက်ခွဲတဲ့သား၊ ဒယ်ဒီ ဂုဏ်သိက္ခာကို ဖျက်ဆီးတဲ့သား"

"သားကို ဒယ်ဒီခွင့်မလွှတ်ဘူး"

ဒယ်ဒီ အသံအက်ရှရှနှင့်အတူ လွင့်ကျလာသည့် ဒေါသလက်သီးကြောင့် 'သူ'လန့်ဖြန့်ကြည့်လိုက်စဉ် ရှန်းထလိုက်သည်။

"ဟင် ဒယ်ဒီ"

'သူ့'မျက်ဝန်းအစုံ ပူရှလာသည်၊ သူ့အသားစိုင်တွေ တုန်ခါလှုပ်ရမ်းလာသည်။ တရှန်းရှန်းအသံတွေကြောင့် ကျော်ကျော်တို့ နိုးထလာစဉ် အခြေအနေကို ဘယ်လိုမှ ဖုံးဖိမနိုင်အောင် ဖြစ်ရချေသည်။

"သမီး နွဲ့ မိုက်လိုက်တဲ့သမီးရယ်"

မာမီအသံ ဟိန်းထွက်လာသည်။

အခြေအနေကို 'သူ'မတွေးရဲတော့ ထိတ်ထိတ်လန့်နိုးလေသည့် နွဲ့ ကို သူအပါးဆွဲယူလိုက်ပြီး

"ဒယ်ဒီ"

"မခေါ်နဲ့၊ မင်းကို သားမတော်ချင်တော့ဘူးကွ၊ မတော်ချင်ဘူး"

"မာမီ"

"အမိုက်မ ဒီကိုလာစမ်း"

'နွဲ့'ကို မာမီး အတင်းဆွဲစဉ် ဖြူမောင်နဲ့ ဖြူမ 'နွဲ့'မာမီလက်ကို ခုန်ကိုက်လိုက်တော့၏။

"အမလေး ခွေးတိရစ္ဆာန်တွေ လုပ်ပါဦး၊ ကိုက်လိုက်ပြီ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာခွေးကိုက်လိုက်ပြီ"

ဒေါ်ခတ္တာတင်၏ အော်သံကြောင့် အားလုံးမျက်လုံးပေ
ဒေါ်ခတ္တာထံ ကျရောက်သွားသည်။ ထိုအခါ 'သူ'နှင့်'နွဲ့'သည် ထိတ်လ
ကြောက်ရွံ့လျက် ငြိမ်သက်သွားပြီး

"ဘယ်လိုလုပ်ကြမလဲတော်"

ကျော်ကျော်ကို လက်ပြအချက်ပေးစဉ် နွဲ့ကို ဆွဲပြီး သူပြေးထွ
ခဲ့တော့၏။

"သမီး အမလေး၊ ကျွန်မသမီးကိုဆွဲပြေးပြီး ဆွဲပြေးပြီး"

"သမီး မပြေးနဲ့ မပြေးနဲ့"

ဒေါ်ခတ္တာတင်ရဲ့ တားမြစ်သံ အကျယ်နောက်မှာ ပြေးလို
သည့် ခြေလှမ်းတွေ

"ဝုတ် ဝုတ်"

"ဝုတ် ဝုတ်"

အခန်းဝမှာရပ်ပြီး ဖီးကား မည်းတားကား ဖြူမောင်
နှစ်ကောင် ထိုးဟောင်တော့သည်။

"ခွေးတိရစ္ဆာန် ဖယ် ဖယ်"

ဒေါ်ခတ္တာတင် လက်ကိုင်အိတ်နှင့် ခွေးကိုတအားလွဲလို
တော့သည်။

"ဝုတ် ဝုတ် ဝုတ်"

ဖြူမောင်တို့က ဟန့်ထားသော်လည်း အချိန်ကြာကြာ မတ
နိုင်တော့။ ဖြူမောင်တို့ကို ဒေါ်ခတ္တာတင်တို့ ကျော်လွှား၍ ပြေးလို
တော့၏။

"သမီး နွဲ့ မမိုက်ချင်နဲ့ မပြေးနဲ့ သမီးရယ်မပြေးနဲ့"

"သားမိုက် မင်းကို ခွင့်မလွှတ်ဘူး။ အာရုံ လုံးဝခွင့်မလွှတ်ဘ"

(ဗျူးစာပေ)



"မိလိုကတော့ အသေသတ်ပစ်မယ်"

ဒယ်ဒီတို့၏ဒေါသတကြီး ကြုံးဝါးသံက 'သူ'တို့နှလုံးသားကို
ရှံလန့်ဖြန့်သွားစေသည်။ သူတို့ခြံနောက်ဘက်သစ်ပင်အုပ်အမှောင်ထဲ
င်ခိုလိုက်သည်။

"နွဲ့"

"မောင်"

"မောင်နောက်လိုက်ရဲလားဟင်"

"လိုက်ရဲတာပေါ့"

"မောင်တို့ လွတ်အောင်ပြေးကြမယ် နွဲ့ရယ် ဒယ်ဒီတို့နဲ့
ဖမိခံလို့မဖြစ်ဘူး"

ချစ်သူနှစ်ဦး လက်ချောင်းကလေးများ ဆုပ်ထွေးလျက်

"ဟုတ်တယ်မောင် မာမီ နွဲ့ကို သတ်လိမ့်မယ်"

"မောင်ကိုလည်း ဒယ်ဒီသတ်လိမ်မယ်"

"မောင်ရယ် မောင်နဲ့"

"နွဲ့ရယ်"

"ဝုတ် ဝုတ်"

ဖြူမောင်တို့ အော်သံတွေ နီးကပ်လာသည် 'သူ'တို့ ခြံနောက်
ဘက် အပင်တွေအရိပ်ခိုပြီးလစ်ထွက်ပြီ အခြေအနေကို အကဲခတ်
ကြည့်လိုက်သည်။

"သမီး နွဲ့ အမိုက်မ"

"သားမိုက် မြန်မြန်ထွက်ခဲ့စမ်း ထွက်ခဲ့"

ခြံဝင်းအနှံ့ ပိုက်စိပ်တိုက် ရှာနေသည် ထိုမျက်လုံးတွေအောက်က
လွတ်မြောက်ရန် ခြံနောက်အုတ်ရိုးကို ကျော်ထွက်မှ အခွင့်အရေး
ရနိုင်မည် အုတ်ရိုးကို သူ တစ်ချက်ကြည့်၍

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"နွဲ့"

"မောင်တို့ ဟောဒီသရက်ပင်ပေါ် အကာအကွယ်ယူတ
အုတ်ရိုးအပြင်ဘက် ထွက်မှဖြစ်မယ်"

"အဲဒါဆို မြန်မြန်ထွက်ကြမယ်လေ၊ မာမီတို့ ဒီဘက်လာ"

"နွဲ့တက်လို့ရမလား"

"ရအောင်တက်မှာပေါ့"

"ဒါဆို မောင်အရင်တက်မယ်"

'သူ'သရက်ပင်ပေါ် ကမန်းကတန်း ကုတ်တက်လိုက်
သစ်ကိုင်းကွမှာ သေချာထိုင်၍ နောက်မှကုတ်တက်လာသည် 'နွဲ့'
အားပြုဆွဲတင်လိုက် သည်။

"ဟာ ဟိုမှာ သရက်ပေါ်မှာ"

"သမီးမိုက်"

"သား အမိုက်ကောင် မင်းကို သတ်မယ်ကွာ"

ဒေါသတကြီး အပင်ဆီပြေးလိုက်လာသည့် ဒယ်ဒီတို့ နီး
လာသည်။ အပင်ပေါ်ရောက်နေသည့် သူတို့နှစ်ယောက်
အောက်ပြေးတက် လာသည့် ဒယ်ဒီတို့ ဒေါသကို ကြည့်၍

"နွဲ့"

"မောင်"

"ဖြစ်ချင်ရာဖြစ်စေတော့ကွာ မောင်တို့ဒီအပင်ပေါ်က
ခြံစည်းရိုးအပြင်ဘက်ရောက်အောင် ခုန်ချမယ်"

"မြန်မြန်ခုန်ချ ဖယ်လေ"

"တော်ကြာမိသွားလိမ့်မယ်"

"နွဲ့ သေချာခုန်နော်"

(ဗျူးစာပေ)



"အင်းပါ"

"နွဲ့သတိထားနော်"

"အင်းပါ မောင်"

"ခုန်မယ်နော်"

"ခုန်"

'နွဲ့'မျက်လုံးစုံမှိတ်၍ ခြံပြင်ရောက်အောင် ခုန်ချလိုက်၏။

"ဟာ ဟိုတိရစ္ဆာန်ကောင် ကျွန်မသမီးလေးကိုတွန်းချ လိုက်ပြီ"

"သမီးလေး သေပြီးလား၊ အမလေးကယ်ကြပါဦး"

ဒေါ်ခတ္တာရဲ့ အော်သံကြောင့် အားလုံးထိတ်လန့် ခြောက်ခြား
သွား၏။ ထိုအခါ 'သူ'ခပ်သွက်သွက် ခုန်ချလိုက်သည်။

"ဟာ ကျုပ်သားကို သစ်ပင်စောင့်နတ်က တွန်းချလိုက်ပြီ
ထင်တယ်"

သူတို့နှစ်ယောက် ခြံပြင်လမ်းပေါ်လိမ့်ကျသွားသည် နွဲ့ကို
'သူ'စိုးရိမ်တကြီး ပွေ့လိုက်ပြီး

"နွဲ့"

နွဲ့ရင်မှာ တလှပ်လှပ်ဖြစ်သွားသည်။

"နွဲ့"

"အဟင်း"

"ဘာဖြစ်သွားလဲ ဟင်း"

'နွဲ့'ကိုယ်လုံးလေးကို 'သူ'ရင်ခွင်ဖြင့်လှုပ်ဆွစဉ် နွဲ့အသိဝင်
လာသည်။

"နည်းနည်းမူးသွားတယ်"

"နွဲ့ရယ်"

"ရပါတယ်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



''နွဲ့တို့ပြေးကြစို့ မာမိတို့အခုရောက်လာလိမ့်မယ်''

''နွဲ့ ပြေးနိုင်ပါ့မလား''

နွဲ့ရှုန်းထလိုက်သည်။

''နိုင်အောင်ပြေးမှာပေါ့''

''လာ မောင်ကို အားပြုတွဲ''

''အင်းပါ''

မောင့်ရင်ခွင်ကို နွဲ့အားကိုးတကြီး ဖက်တွယ်ထားမိသည်။

''လွတ်ပါမလား မောင်ရယ် နွဲ့စိုးရိမ်လိုက်တာ''

''လွတ်အောင်ပြေးမှာပေါ့ နွဲ့ရယ် အားတင်းပါနော် နွဲ့''

'သူ' ရင်ခုန်သံတွေက စိုးရိမ်ထိတ်လန့်မှုတွေနဲ့ ဆူပွက်နေသည်။ 'နွဲ့'ကို 'သူ'စိုးရိမ်တကြီးနှင့်တွဲရင်း တရစပ်ပြေးလာခဲ့သည်။

ထိုစဉ် နွဲ့တို့ရှေ့မှာ ကားတစ်စီး ထိုးရပ်လာသည်။

''မောင်''

'နွဲ့'တို့ ထိတ်လန့်ခြောက်ခြားစွာကြည့်လိုက်တော့။

''သေချင်းလားကွာ''

ကားမောင်းသမားလူရွယ်၏ ဒေါသတကြီးမေးစဉ် သူ့လမ်းလယ်က ဖြတ်ပြေးနေတာကိုး

''ဆောရီးဗျာ ဆောရီး''

''မသေချင်ရင် လမ်းဘေးကသွား ဘာကောင်တွေမှန်းမသိဘူး''

''ဟုတ်ကဲ့ပါ၊ ဒါနဲ့ အစ်ကိုဘယ်သွားမလို့လဲဗျာ''

''ပဲခူးဝင်မလို''

''ကျွန်တော်တို့လမ်းကြုံလိုက်ပါရစေ''

''ဟာ မဖြစ်ဘူး ရှုပ်ရှုပ်ယှက်ယှက်တွေ''

(ဗျူးစာပေ)



''အရှုပ်မဟုတ်ပါဘူးဗျာ''

''ဟုတ်ပါတယ်၊ ကူညီပါရှင်၊ နွဲ့တို့ကို ကူညီပါနော် နွဲ့တို့ကို သူတို့မိသွားလိုကတော့ နွဲ့တို့ကိုသတ်မှာ အစ်ကိုရယ်''

''တစ်ဆိတ် ကူညီပါဗျာ''

ထိတ်ထိတ်လန့်လန့် ဖြစ်နေသည့်သဖွယ် အကူအညီတောင်းသည့် စုံတွဲကို လူရွယ်ကရဏာသက်လေသည်။

''လာပါဗျာ''

''ကျေးဇူးတင်လိုက်တာ''

'သူ'တို့ ကမန်းကတန်းကားပေါ်တက်ကြသည်။

''ခပ်မြန်မြန်လေးမောင်းပေးဗျာ၊ ဒယ်ဒီတို့လိုက်မှီမှာ စိုးလို့ပါ''

''စိတ်ချပါ''

အရှိန်ပြင်းပြင်းမောင်းချင်သည့်ကားက 'သူ'စိတ်မှာ လိပ်တွားသလို နှေးကွေးလှသည်။ 'သူ'တို့ကို ခွင့်မလွှတ်နိုင်လောက်အောင် ရက်စက်သဖြစ်နေတဲ့ နှစ်ဖက်မိဘရဲ့ အတ္တအတိတ်က ရှိခဲ့သည့် ရန်ငြိုးရန်စတွေကြားမှ 'သူ'တို့ ချစ်ခြင်း လွတ်မြောက်ခွင့်ရနိုင်ပါမလား။

''နွဲ့''

''မောင်ရယ်''

လက်ချောင်းလေးများကို တင်းကျပ်စွာ ဆုပ်ကိုင်အားပေးရင်း ကြောက်ခြင်းအနေကို မတွေးရဲလောက်အောင် ထိတ်လန့်နေမိသည်။ ထိုစဉ် လမ်းမှ မျောင်ထုအောက် တရိပ်ရိပ်ပြေးလွှားနေသည့် ကားက တုန့်ကနဲ ရပ်သွားတော့၏

''ဟင်း ဘာဖြစ်တာလဲ မောင်''

''အစ်ကို ဘာဖြစ်တာလဲ''

''ဘာဖြစ်မှန်းမသိဘူးကွာ''

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ စိတ်ပျက်စွာရေရွတ်လျက် ကားပေါ်ဆင်းသည်။ 'သူ' လည်းစိုးရိမ်လျက် ကားပေါ်က ကမန်းကတန်းဆင်းသည် ကား အဖုံးဖွင့်ပြီး ဟိုဟိုဒီဒီ စူးစမ်းနေသည့် ထိုလူရွယ်ကိုကြည့်ပြီး

"ဘာဖြစ်တာလဲ ဗျာ"

"ပျက်သွားတာလားဟင်"

နွဲ့စိုးရိမ်တကြီး မေးလိုက်သည် ထိုလူရွယ်ဦးခေါင်းကုတ်၍

"မသိဘူးဗျာ ကိုယ်လဲ သိပ်နားမလည်ဘူး"

"ဟင် ဒါဆို ဘယ်လိုလုပ်မလဲ အစ်ကို"

"ကိုယ်လည်း မသိဘူးကွာ"

"ဟာ"

သူတို့ အကြီးအကျယ်စိတ်ဓါတ်ကျသွားသည်။ လူနေအိမ် ခြေပြတ်တဲ့ လမ်းပေါ်မှာ သူတို့သုံးယောက်တည်း ကားအသွား အလာကလည်းမရှိ။ သူတို့ကို ဒယ်ဒီတို့မိမှာ စိုးရိမ်ရတဲ့ အခြေ နေဆဲ။

"မောင်"

"ပြောလေနွဲ့"

"နွဲ့တို့ ဒီလိုပဲနေလို့ မဖြစ်ဘူး"

"ဟုတ်တယ် နွဲ့ ရယ်"

"အဲဒါဆိုလဲ ခင်ဗျာတို့သွားချင်တဲ့ဆီသွားတော့ဗျာ၊ ကို ကတော့ ကားကြုံစောင့်ပြီး အကူအညီတောင်းရမယ်"

"ဒါဆို ကျွန်တော်တို့ သွားမယ်၊ လာနွဲ့"

သူနှင့်နွဲ့ စိုးရိမ်သောခြေလှမ်းတွေနဲ့ လွင့်လာခဲ့သ ဘယ်ဆီကို သွားရမှာလဲ ညဥ့်အမှောင်မှာ နွဲ့နဲ့မောင်နှစ်ယောက်တ တစ်ခုခု အန္တရာယ်နဲ့ကြုံရရင် အိုး မတွေးရဲစရာ ခုချိန်မှာ အား





ဆိုလို သူတို့ရဲ့နိုင်မာတဲ့ချစ်ခြင်းတွေပဲရှိမယ်။

"နွဲ့"

"ပြောလေမောင်"

"မောင်တို့ဒီလိုပဲ လျှောက်သွားနေလို့မဖြစ်ဘူး"

"ဟုတ်တယ်မောင် တနေရာရာမှာ ဝင်ခိုနေမှဖြစ်မယ်"

"ဟုတ်တယ်နွဲ့"

"ဘယ်မှာ ဝင်ခိုရင်ကောင်းမလဲဟင်"

"ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တာပေါ့ အဆင်သင့်တဲ့နေရာ မှာ ဝင်ခိုကြမယ်လေ"

ညဥ့်ငှက်တို့ရဲ့အသံတွေက ရင်ခုန်ချောက်ချား ဖွယ်ကောင်းလှ သည်။ ကုန်းမြင့်မြင့် တောတန်းတွေက အမှောင်ထုအောက်မှာ သက်နေသည်က စိတ်ချောက်ချား ဖွယ်ကောင်းလှသည်။ လူသူ အလှမ်းဝေးတဲ့ ဘယ်နေရာမှာ 'သူ'တို့ရောက်နေတာလဲ။ ဘယ်ကို ရောက်ရောက် အရေးမကြီးဘူး။ အဓိက 'သူ'တို့ လုံလုံခြုံခြုံ ည်းခိုနိုင်ဖို့ အရေးကြီးသည်။ ထိုစဉ် ဟိုအဝေးဆီမှ မှိန်ပြပြ လင်းရောင်တစ်ခုကို တွေ့ရသည်။ ထိုအခါ သူအားတက်သွားပြီး

"နွဲ့"

"ဟိုဘက်မှာ မီးလင်းနေတယ် တွေ့လား"

"အင်း"

"လူရှိတယ်ထင်တယ် အဲဒီသွားရအောင်"

"သွားတာပေါ့ မောင်ရယ်"

အမှောင်ထုအောက်မှာ 'သူ'တို့ခြေလှမ်းတွေက မီးရောင် ဆီလွင့်မျောခဲ့သည်။ ထိုမီးရောင်က 'သူ'တို့လွတ်မြောက်အောင် ကျော် တ်နိုင်မယ့် တဲ့လား? လွတ်မြောက်နိုင်တဲ့ ကျွန်းမဟုတ်ဘူးဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

"မင်းတို့ကြောင့် ဒီလိုဖြစ်ရတာ အခုဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲ ပြော၊ ပြောစမ်းကွာ"

ဦးမြင့်မြတ် ပေါက်ကွဲစွာဆိုစဉ် ကျော်ကျော်တို့သုံးယောက် ခေါင်း ငုံ၍ နှုတ်ဆိတ်နေကြသည်။

"ပြော မင်းတို့ သုံးယောက်က အဓိကတရားခံ"

"မဟုတ်ပါဘူး အန်ကယ်"

"ဘာမဟုတ်ပါဘူးလဲ"

မင်းမင်းတို့ ကိုယ်တွန့်သွားသည်။ ဦးမြင့်မြတ် မျက်မှောင်တွန့်ကြည့်ပြီး

"နေဦး မင်းတို့ဘာဖြစ်လို့ ဒီလောက်အတင့်ရဲရတာလဲ ဟင်၊

(ဗျူးစာပေ)



ပြောစမ်း"

"မင်းတို့ကြောင့် ငါ ဂုဏ်သိက္ခာဘယ်လောက်ထိခိုက်သလဲ"

"မင်းတို့ကွာ လုပ်ရက်တယ်"

"ငါကတော့ အားလုံးရှေ့မှ လက်မထောင်ပြီး ငြင်းလိုက်ရတာ"

"ခုတော့ လုံးဝအရှက်ကွဲရတာကွာ၊ အဲဒါဘာကြောင့်လဲ"

"ဟိုကောင် ခွေးတိရစ္ဆာန်၊ တောက်"

အတိုင်းမသိပေါက်ကွဲနေသည့် ဦးမြင့်မြတ် အခြေအနေကို ကယ်လို့မှ မယုံချင်လောက်အောင် ဖြစ်နေတော့သည်။

"တကယ် ကွာ လုပ်ရက်တယ်၊ လင်းအာရုံ"

"ဒီကောင်အခု ဘယ်မှာလဲ ပြောစမ်း၊ ပြောကြစမ်း"

'မင်းမင်း'တို့ နှုတ်ခမ်းပါးအစုံတင်းတင်းပိတ်လျက် ငြိမ်နေဆဲ

"မင်းတို့ကို မေးနေတယ်လေ၊ ခွေးကောင်ဘယ်မှာလဲ"

"ဟိုး ဟိုး"

"ကျွန်တော်တို့ မသိ၊ သိဘူး"

မင်းမင်းတို့ ထစ်ထစ်အအ ငြင်းလိုက်သည်။

"ဘာ ဘာ့အခုမှ မသိဘူးလဲ"

"တကယ်မသိလို့ပါ အန်ကယ်"

ဦးမြင့်မြတ် နှုတ်ခမ်းပါးကို တင်းတင်းဆွဲလိုက်ရင်း

"မင်းတို့ ကို ယုံကြည်လို့ ခုလိုဖြစ်ရတာ၊ အခုဘယ်လိုလုပ်ကြမလဲ၊ ဒေါ်ခတ္တာတင်တို့ တရားစွဲမယ်တဲ့"

"ဆွဲပါစေပေါ့အန်ကယ်"

"ဘာပြောတယ် ကျော်ကျော်"

ကျော်ကျော် မျက်နှာ ဆားနယ်သလို တွန့်သွားပြီး

"ဟို ဆွဲချင် ဆွဲပါစေ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆွဲပါစေလို့ရမလား၊ သူများသမီးကို အဓမ္မခိုးယူထားတယ်၊ အရှက်ရတယ် ဘယ်လောက် ဂုဏ်ပျက်သလဲ"

"ဟာအန်ကယ်ကလဲ အဓမ္မခိုးယူတာမဟုတ်ဘူး"

"ဘာပြောတယ်"

ဦးမောင် မျက်နှာမော့၍

"ဟုတ်တယ်အန်ကယ် နွဲ့သဘောနဲ့ နွဲ့လိုက်ခဲ့တာ"

"လိုက်ရုံမကလို့ ဘာပဲဖြစ်ဖြစ် မိဘမသိအောင် ယူတာ ခိုးယူတာပဲ၊ အဲဒီအတွက် အပြစ်ရှိတယ်"

"အန်ကယ်ရာ ချစ်သူစုံတွဲတွေ ခိုးယူကြတာ ဆန်းတာမှမဟုတ်တာ"

"ဆန်းတာပေါ့ကွာ 'နှစ်ဖက်မိဘကြားမှာ ရှင်းလို့မရဘဲ၊ ပြဿနာတွေရှိနေတာ သိလျက်ဒီလိုဇွတ်လုပ်တာ မိဘကို ဝေဒနာတိုးအောင် လုပ်တာနဲ့အတူတူပဲကွ"

"အဲဒီကိစ္စက မမျှော်လင့်ပဲဖြစ်သွားတာပါ အန်ကယ်"

"နေပါဦး မင်းတို့က ဘာဖြစ်လို့ ဖုံးဖိထားတာလဲ"

"ဒါကတော့ အန်ကယ်"

"တော်"

ဦးမောင်တို့ မျက်နှာလေးတွေ တွန့်သွားသည်။

"မင်းတို့ပြောတော့ နွဲ့ပျောက်တဲ့ကိစ္စမှာ ဘာမှ မပတ်သက်ပါဘူးဆို"

ကျော်ကျော်တို့ ခေါင်းမဖော်ရဲတော့။

"အဲဒီအချိန်ကတည်းက ဖွင့်ပြောရင်"

"အန်ကယ် ကူညီပြီး ဝှက်ထားပေးဖို့လား"

"ဒါပေါ့ကွာ မင်းတို့ ခွေးဦးနှောက်ကို ရိုက်ခွဲမလို့"

(ဗျူးစာပေ)



မင်းမင်းတို့ မျက်နှာလေးတွေ ဒေါက်တွန့်တွန့်သွား၏။

"မင်းတို့ကြောင့် အားလုံးရှုပ်ကုန်ပြီး အခု သားတို့ ဘယ်ရောက်နေပြီလဲ တရားစွဲရင် ဘယ်လိုဖြေရှင်းရမလဲ"

ကျော်ကျော် သက်ပြင်းချ၍

"စိတ်မပူပါနဲ့ အန်ကယ်"

"မပူဘူး အာရုံ အတွက်လဲမပူဘူး။ မင်းတို့အတွက်လဲ မပူဘူး။ ပင်းတို့လဲ ငါ့ရှေ့က ထွက်သွားကြ ထွက်သွား"

"အန်ကယ်"

မင်းမင်းအရဲစွန့်ခေါ်လိုက်သည်။ ဦးမြင့်မြတ် ဒေါသကားနှင်းမှုန့်တွေလို ဖြာကျနေဆဲ။

"အာရုံကို ရှာမတွေ့မချင်း မင်းတို့လည်း မလာနဲ့"

"ရက်စက်တော့မှာလား အန်ကယ်"

"ရက်စက်မယ်၊ မင်းတို့ကြောင့် ဒီလိုဖြစ်ရတာ"

"ကျွန်တော်တို့ကြောင့် မဟုတ်ပါဘူး။ ဖြူမောင်တို့ကြောင့်ပါ"

"တော်တော့ တိရစ္ဆာန် အခွံပေါ် အပြစ်ပုံမချနဲ့၊ မင်းတို့ကြောင့်ဖြစ်ရတဲ့အတွက် မင်းတို့မှာ တာဝန်ရှိတယ်၊ သားတို့ကိုတွေ့အောင်အမြန်ဆုံးရှာ အဲဒါ အမိန့်"

မင်းမင်းတို့ ကြောတွန့်သွားသည်။ တင်းမာခက်ထန်နေသည့် အန်ကယ်၏ ပြတ်သားမှုကို မဝံ့မရဲကြည့်ပြီး

"တွေ့ရင် ဘာလုပ်မှာလဲ အန်ကယ်"

"ခွဲပစ်မယ်"

"ဟင်း"

ဦးမောင်တို့ အသက်မရှူရဲတော့

"ပိပိရိရိ ညာတဲ့ကောင်တွေ သွား မြန်မြန် ရှာပြီးခေါ်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့"

"ရှာမတွေ့ရင် မင်းတို့လည်း ပြန်မလာနဲ့"

"ဟုတ် ဟုတ်ကဲ့"

'မင်းမင်း'တို့ မျက်နှာငယ်လေးတွေနဲ့ နောက်ဆုတ်ထွက်ခဲ့ရသည်။

"ဖြူမောင်"

"ဝုတ် ဝုတ်"

အဖြစ်အပျက်ကို ငေးကြည့်နေသည့် ဖြူမောင် တဝုတ်ဝုတ်ထူးလိုက်သည်။

"မင်းတို့လည်း တရားခံပဲ"

"ဝုတ် ဝုတ်"

"မတွေ့ရင် ပြန်မလာ နဲ့"

"ဝုတ် ဝုတ်"

"ထွက်သွား"

"ဝုတ် ဝုတ်"

တဝုတ်ဝုတ်နှင့် ဖြူမောင်တို့ 'မင်းမင်း'တို့နောက်လိုက်ထွက်သွားသည်။ ထွက်သွားသည့် ဖြူမောင်တို့ကို ငေးကြည့်ရင်း ဦးမြင့်မြတ်သက်ပြင်း အကြိမ်ကြိမ်ချပြီး

"သားမိုက်

"ဒယ်ဒီကို ပိပိရိရိ ညာရဲ့တဲ့ကောင် မင်းကို ခွင့်မလွှတ်ဘူး၊ လုံးဝခွင့်မလွှတ်ဘူး"

ဦးမြင့်မြတ် ရင်မှာ ပေါ်ထွက်လာသည့် ခံပြင်းမှုတွေနှင့်အတူ အတိတ်က ဝေဒနာတွေ ရောထွေးလာသည်။

"ဒေါ်ခတ္တာတင် ကိုကိုအသည်းကွဲသလို ခင်ဗျားအသည်းကွဲ





စမ်းကွာ၊ ခင်ဗျာတင်မကဘူး ခင်ဗျားသမီးပါ အသည်းကွဲစေရမယ်"

ဦးမြင့်မြတ် အံတင်းတင်းကြိတ်၍ ကြုံဝါးလိုက်သည်။

"မောင်သန့်"

"ရှိပါတယ်ဆရာ"

တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေသည့် မောင်သန့် ခပ်တိုးတိုး ထူးလိုက်သည်။

"မင်း ရထားတဲ့ သတင်းသေချာလား"

"သေချာပါတယ်ဆရာ"

"သေချာတယ်ဆို လိုက်သွားမယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီကိစ္စကို ဘယ်သူ့မှ မသိစေနဲ့"

"စိတ်ချပါ ဆရာ"

"လာ သွားစို့"

"ဟုတ်ကဲ့"

ဦးမြင့်မြတ်ရင်မှာ တင်းတင်းခဲခဲ ခံစားလိုက်သည်။ မောင်သန့် ဦးမြင့်မြတ်ကို မဝံ့မရဲကြည့်၍

"ဒါနဲ့ ဆရာ"

"ပြော"

"ဒေါ်ခတ္တာတင်တို့ လက်ဦးသွားရင်ကော"

"မင်းရတဲ့သတင်း ဘယ်သူမှ မသိတာသေချာရင် ဆရာတို့ လက်ဦးမှု ရမှာပေါ့ကွာ"

"ကဲ မင်းပဲ ကားမောင်း"

"ဟုတ်ကဲ့ဆရာ"

မကြာခင် လက်ဦးမှု ရတော့မည် အခြေအနေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မြတ်ရင်မှာ ကျစ်ခဲခဲ ခံစားမိ၏။

"သားရယ် သားတို့ချစ်ခြင်းအတွက် ဝမ်းနည်းပါတယ်ကွာ၊ ပြောပါရစေကွာ၊ ဒီအကြိမ်က ဒယ်ဒီရဲ့ သောကတွေဝေဒနာတွေ ဒဏ်ပါ အားလုံးအတွက် တုန့်ပြန်ခွင့်ရတဲ့အခြေအနေပဲသား။ အဲဒီအခြေအနေကို ဆုပ်ကိုင်ပြီး ကောင်းကောင်းလက်စားချေရမယ်၊ ဒေါ်ခတ္တာတင် ခင်ဗျားကြောင့် ကိုကို အသည်းကွဲရတယ်၊ ကိုကိုဘဝပျက်ပြီးဆုံး ရတယ်၊ ကျုပ်နှလုံးသားခံစားချက် လွင့်ကြဲရတယ်၊ ကိုကို အသည်း ကွဲသလို ခတ္တာတင် အသည်းကွဲစေရမယ်၊ ကိုကိုသေရသလို ခင်ဗျား သေရမယ်၊ ခင်ဗျားသမီး နှလုံးသားခံစားချက်တွေ လွင့်ကြဲရမယ်၊ အဲဒါ မြင့်မြတ်ရင်ထဲမှာ ကိန်းဝပ်နေတဲ့အတ္တ၊ အဲဒီအတ္တကို ခံစားစေရ မယ် ဒေါ်ခတ္တာတင်၊ ခံစားစေရမယ်"

ဦးမြင့်မြတ်၏ ခံပြင်းမှု ဝေဒနာအဆိုင်အခဲသည် တဖြေးဖြေး ရင့်ရော် ခဲကျစ်လာသည်။

"ခင်ဗျားကို လက်စားချေနိုင်မှ တမလွန်ရောက်နေတဲ့ ကိုကို့ နှလုံးသားအေးနိုင်မယ်၊ ဒီလိုတုန့်ပြန်ခွင့်ရအောင် ဖန်တီးပေးတဲ့သား ကလည်း သားဒယ်ဒီကို ကျေးဇူးဆပ်တာနဲ့တူမယ် သားရယ်၊ ငါ့ သားကို ဒယ်ဒီ တာဝန်ယူကျွေးမွေး ပြုစုစောင့်ရှောက် ရကျိုးနပ်ပါ ကွာ"

ဦးမြင့်မြတ်ရင်ထဲမှာ ဝေဒနာအညှော်ကိသည် တဖြေးဖြေး အညွန့်တလူလူ တက်လျက် ရှင်သန်နေ၏။ ထိုရှင်သန်မှုက လူငယ် နှစ်ဦး၏ချစ်ခြင်းကို ကန့်လန့်ဆီးခြားမည့် ကျွန်းတစ်ကျွန်းဖြစ်ပေါ် လွဲတော့။

❀ ❀ ❀

(ဗျူးစာပေ)

## အခန်း(၂၇)

ချစ်သူနှစ်ဦးနှလုံးသားမှာ မီးစတွေ ရဲရဲတောက်နေသည်။

"မောင်"

ချစ်သူရင်ခုန်သံက စိုးရိမ်မှုနှင့် ခြောက်သွေ့နေသည်။

"ပြောလေနွဲ့"

အကြင်နာတွေက ချစ်သူအဖို့ ကြည်နူးမှုတွေအဖြစ် ခံစား နိုင်စွမ်းမရှိအောင် ပူလောင်လွန်းလှသည်။

"ဒီနေရာကို မာမီတို့ရောက်လာရင် နွဲ့တို့"

သောကတွေနှင့် ဆူလောင်နေသည့်ချစ်သူကို သူ့ရင်ခွင်မှာ နှစ်သိမ့်မှု ပေးလိုက်ပြီး

"နွဲ့ရယ်"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် မောင်တို့လွတ်မြောက် အော ကြံစည်ကြတာပေါ့"

"ကြံစည်တာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ဒီချိန်မှာ နွဲ့တို့ အားလုံးနဲ့ အဆက်သွယ်ပြတ်သလိုဖြစ်နေတယ်၊ မာမီတို့သဲလွန် ရှာပြီးလိုက်ခဲ့ရင် နွဲ့တို့ရှောင်တိမ်းချိန်ရပါမလား မောင်ရယ်"

ချစ်သူဆံနက်စရေးကို တယုတယပွတ်သပ်၍ သူ သက်ပြ လေးလေး ချမိသည်။

"ဟုတ်တယ်၊ နွဲ့ ရယ် ဖြူမောင်တို့ပါလာရင် အကောင်းသား၊"

"ဟုတ်တယ်နော်မောင်၊ ဖြူမောင်တို့ ပါရင် သတင်းစုံစမ်းနိုင် လို့ရတယ် ခုတော့"

နောက်ကြောင်းမအေးသည့် ချစ်သူနှစ်ဦး နီးကပ်နေမယ့် ရ ခုနှံ့သံတွေကို အပြန်အလှန် မြည်းစမ်းနိုင်ခွင့် မရသည်က ဆိုးဝါးလှသ

"မောင်"

"နွဲ့ရယ် မောင်တို့အခြေအနေ စောင့်ကြည့်ကြာတာပေါ့"

"နွဲ့ကတော့ဝေးသထက်ဝေးအောင် သွားလိုက်ချင်တယ်"

နွဲ့လက်ချောင်းလေးများကို မြတ်နိုးစွာဆုပ်ကိုင်ပြီး

"မောင်လည်းသွားချင်ပါတယ်၊ ဒါပေမဲ့ မောင်တို့ဘယ် သွားမှာလဲ"

"ဒီလိုပဲ သွားကြတာပေါ့"

"သွားတာတော့ ဟုတ်ပါပြီ၊ ငွေပါမလာဘဲနွဲ့ရယ်"

"ဟုတ်တယ်နော်"

ချစ်သူမျက်နှာလေး နွမ်းဖျော့သွားစဉ် ရင်မှမသိမသာသ ပြင်းချမိပြီး

(ဗျူးစာပေ)



"မောင့် သဘောကဒီမှာ ခဏနိုပြီး ကျော်ကျော်တို့နဲ့ အဆက် ဆသွယ်လုပ်မယ်၊ အဆက်အသွယ်ရရင် မောင်တို့လုံလုံခြုံခြုံရှောင်လို့ရ ပာပေါ့ နွဲ့ရယ်"

"ရင်မောလိုက်တာ မောင်ရယ်"

အရောင်မှိုင်းသွားသည့် နွဲ့ပါးပြင်လေးကို သူ ကြင်နာလျက်

"ဟုတ်တယ် နွဲ့ရယ် မောင်တို့ချစ်ခြင်းမှာ ဘာကြောင့် အတား ဆီးတွေ ခံနေရတာလဲကွာ"

"ကံတရားပေါ့"

"တကယ်လို့ ဒယ်ဒီတို့ရဲ့အတိတ်အဖြစ်ဆိုးမရှိခဲ့ရင် မောင်တို့ ပွတ်လွတ်လပ်လပ် ချစ်ခွင့်ရမယ်ထင်တယ်"

ချစ်သူနှစ်ဦးအကြည့်ချင်းဆုံစဉ် သောကကလေးများပွားလျက်

"ဟုတ်တယ် နွဲ့လေ အဲဒီအဖြစ်ဆိုးကြီးကို ဖျောက်ဖျက် စ်လိုက်ချင်တယ်၊ ဒါပေမဲ့ ဖျောက်ဖျက်လို့မရတဲ့ဖြစ်စဉ်ရဲ့နောက် က်တွဲဟာ မာမီရဲ့ထိတ်လန့်စိတ်နဲ့ မယုံကြည်ရဲတဲ့ ခံစားချက်တွေ ိုတော့"

"မောင်လည်း အဲဒီအတွက် ဒယ်ဒီ ကိုဘဝင်မကျလှဘူး၊ ာင်ကို အစစ အရာရာ အလိုလိုက်ခဲ့ပေမယ့် ဒီကိစ္စမှာ သိပ်တင်း ွန်းတယ်"

"ဟုတ်တယ်နော်၊ တကယ်ဆိုအတိတ်ကဖြစ်စဉ်ကို အတိတ်မှာ ားခဲ့ဖို့ ကောင်းတယ်"

"နွဲ့တို့တွေလည်း နည်းနည်းလေးစိတ်လောသွားတယ် မောင် ယ်"

ချစ်သူနှစ်ဦး အကြည့်ချင်းဖျတ်ခနဲ ဆုံသည်။

"နွဲ့ နောင်တရနေတာလား"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တူးမောင်ရယ် မာမီဖြစ်စေချင်သလို လုပ်ငန်း ကိစ္စ ကိုလေ့လာကြိုးစားရင်း အခြေအနေကောင်း တစ်ခုကိုစောင့်ရ နိုင်တယ်၊ မောင်လည်း အဲဒါကြောင့် ဒယ်ဒီ ကုမ္ပဏီလိုက်သွား အလုပ် ကိစ္စတွေလေ့လာတာပဲ၊ ဒါပေမဲ့ မြန်းစားချည်း ရိုပ်မိ သွားမယ် မထင်ဘူး နွဲ့ရယ်၊ နွဲ့မာမီ ဘယ်ကဘယ်လို သတင်းရသွားလဲမ ဘူးကွာ"

"ဟုတ်တယ်နော်"

ချစ်သူနှစ်ဦးရင်ခုန်သံတွေက ဆူပွက်နေဆဲ

"မောင်ရယ် ရှေ့ဆက်ရမယ့်အနေအထားကို နွဲ့ မတွေးရဲဘူး"

"အားမငယ်ပါနဲ့ ဒီအခြေအနေ အထိစွန့်စားလာပြီးမှ ဆက်စွန့်စားကြရုံပဲပေါ့၊ နွဲ့ရယ်၊ နွဲ့အားတင်းထားပါနော်"

ချစ်သူဦးခေါင်းက ပန်းခက်လေးလို ယိမ်းနွဲ့ကျလာသည် ချစ် ဆံနွယ်ကို သူရှိုက်နမ်းပြီး နှစ်သိမ့်လိုက်သည်။ လတ်ဆတ်သည့်လေ အေးကသူ့တို့နှလုံးသားဆီ တိုးဝင်လာစဉ် လန်းဆန်းသလိုခံစားရသ

သစ်တောစိမ်းစိမ်းတွေ မြေနီလမ်းနီနီတွေ ဟိုအဝေး ပြေးလွှားနေတဲ့ မော်တော်ကားတွေ ပုံရိပ်တွေကိုငေးကြည့်ရင်း သက် အကြိမ်ကြိမ် ချမိသည်။ ထိုစဉ် သူတို့ဆီသို့ မြေနီလမ်း ကြောင်းအဝ ပြေးလွှားလာသည့် ဂျစ်ကားတစ်စီးကို မြင်ရစဉ် သူတို့ရင်မှာ လှိုက် ဝမ်းသာသွားသည်။

"အမေ လာနေပြီနွဲ့"

"အမေ့ကိုကြိုကြစို့လေ မောင်"

နွဲ့ လှိုက်လှိုက်လှဲလှဲဆိုစဉ် သူတို့အားရဝမ်းသာဖြစ် ခြံပြင်သို့ပြေး ထွက်ခဲ့သည်။ ဂျစ်ကားကသူတို့ရှေ့မှာ တုံ့ခနဲရပ်သွား ကားမောင်းသူ နေရာဖုဆင်းလာသည့် ခန့်ခန့်ထည်ထည် ပြုံး





ပင့်ဝင့်ရှိလှသည့် အမျိုးသမီးကြီးက သူတို့ကို ကြည့်ပြီး

"ဘာဖြစ်လို့ခြံပြင်ထွက်ရတာလဲ ကလေးတို့ရယ်"

"အမေ့ကို ကြိုဖို့"

"ဟင်"

သူတို့ ပြိုင်တူဆိုစဉ် အမျိုးသမီးကြီးနှုတ်ခမ်းအစုံသည်အံ့သြ ပြုံးကြွလှုပ်ရှားလျက်

"ဘယ်လိုပြောလိုက်တယ် အမေ ဟုတ်လား"

"ဟုတ်တယ် အမေ"

သူတို့ထပ်ဆင့်ဆိုစဉ် အမျိုးသမီးကြီးအတိုင်းမသိ ကြည်နူး ပိုက်မြူးကာ သူတို့ကို မြတ်မြတ်နိုးနိုးထွေးပွေ့ပြီး

"အန်တီကို အမေလို့ခေါ်တယ် ဟုတ်လား ဟင်"

"ဟုတ်တယ် အမေ"

အမျိုးသမီးကြီးရင်ထဲတစ်စိမ့်စိမ့်ကြည်နူးလျက် ပီတိမျက်ရည် ကြည်များ စီးကြလာသည်။

"ခုချိန်မှာ အန်တီဟာ သားတို့အမေပါပဲ၊ သားတို့အခက်အခဲနဲ့ ပြအချိန် မတော်ရောက်လာပြီး အကူအညီတောင်းခဲ့တာကို လိုလိုလား ပားလက်ခံ စောင့်ရှောက်ပေးတယ်၊ သားတို့ရဲ့ စားဝတ်နေရေးကို ညီပြည့်စုံစုံဖြည်းဆည်းပေးတယ်လေ"

အမေ့ ပါးပြင်ဖွေးဖွေးကို နွဲ့တရှိုက်နမ်းပြီး

"ဟုတ်ပါတယ် အမေရယ်၊ နွဲ့တို့ကို ခုလိုနားခိုခွင့်ပေး တဲ့အတွက် နွဲ့တို့အတိုင်းမသိဝမ်းသာမိတယ်၊ ပြီးတော့အန်တီ ကိုလည်း ဂရမ်းလေးစားချစ်ခင်မိတယ်၊ ဒါကြောင့်အမေလို့ခေါ်တာပါ"

"ခေါ်ခွင့်ပြုပါ အမေရယ်"

အမျိုးသမီးကြီး အတိုင်းမသိပီတိဖြာလျက်



www.burmeseclassic.com

www.burmeseclassic.com



"အိုး လိမ္မာလိုက်တဲ့ကလေးတွေ အန်တီကလည်းသားနဲ့ သမီး သားသမီး အရင်းလိုခံစားမိပါတယ်ကွယ်၊ သားတို့ အန်တီကို အမေ ခေါ်လိုက် တဲ့အသံက အမေ့နှလုံးသားမှာ ထိထိရှရှ ကြည်နူး တိခံစားရပါတယ်ကွယ်၊ အန်တီကို အမေအဖြစ်အသိ အမှတ်ပြု အတွက် အမေ ပိုပြီးပျော်ရပါတယ် ကလေးတို့ရယ်"

"အမေရယ်"

အမေ့ရင်ခွင်ထဲမှာ သူတို့သောကအနည်းငယ်လျော့ပါးသ ခံစားရသည်။

"သားနဲ့သမီးတို့အတွက်လိုအပ်တာတွေ အမေဝယ်လာတ"

"လာ သား ပစ္စည်းတွေသယ်ရဲ့ သမီးလည်း ကူသယ်ပေးဗေ"

"ဟုတ်ကဲ့ အမေ"

သူတို့လိုအပ်သည့်ပစ္စည်းကို ပြည့်ပြည့်စုံစုံဝယ်လာပေးသ အမေကို ကျေးဇူးတင်စွာ ငေးကြည့်မိသည်။

"လာ အိမ်ထဲဝင်ကြစို့၊ သားတို့ကို အမေပြောစရာရှိတယ်"

"ဟုတ်ကဲ့ အမေ"

ပစ္စည်းတွေသယ်ရင်း အမေနောက်မှလိုက်ပါခဲ့သည်။ ညေ တွင်ပစ္စည်းတွေပုံချလိုက်ပြီးနောက် အမေ့အတွက် အအေးတ ဖျော်ပေးလိုက်သည်။

"သား က သိပ်လိမ္မာတာပဲ"

"နွဲ့ ကရော အမေ"

အမေကြည်ကြည်နူးနူးပြုံး၍ နှုတ်ခမ်းစူနေသည့် 'နွဲ့' ကြည့်ပြီး

"သား လိမ္မာအောင်ထိန်းနိုင်တဲ့ သမီးကပိုပြီးလိမ္မာလို့ပေါ့"

"မဟုတ်ဘူးလား သား"

(ဗျူးစာပေ)



"ဟုတ်တာပေါ့ အမေ"

ကြည်နူးဝင်းပသွားသည့် နွဲ့မျက်နှာလေးကို အမေကြည်နူးစွာ နမ်းရှိုက်ပြီး

"သားနဲ့သမီးကသိပ်လိမ္မာပါတယ်၊ သားနဲ့သမီး အမေ့ဆီ မမျှော်လင့်ဘဲ ရောက်ခဲ့လို့ အမေ ရင်မှာကြည်နူးပါတယ်၊ သားနဲ့ သမီးရောက်လာအောင် တွန်းပို့ပေးခဲ့တဲ့ ကံကြမ္မာကို အမေ အရမ်းပဲ ကျေးဇူးတင်ပါတယ် ကွယ်"

"အမေရယ်"

"ဖြစ်နိုင်ရင်, သားနဲ့သမီးကိုခမ်းခမ်းနားနား မင်္ဂလာဆောင် ပေးချင်ပါတယ်"

"အမေရယ်"

သူ့ရင်မှာ ဝမ်းနည်းမှုနှင့်ကြည်နူးမှုတွေရောထွေးလာသည်

"အမေကသာ မင်္ဂလာဆောင်ပေးချင်တာ၊ သားတို့ နှစ်ဖက် ဘတွေက"

"သားရယ် ဝမ်းနည်းစရာတွေ တွေးမနေပါနဲ့၊ အမေနားမှာ သားတို့ စိတ်ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေပါကွယ်"

"အမေရယ်"

"ဟုတ်ပါတယ်ကွယ်၊ သားတို့မိဘတွေ လက်လှမ်းမမှီအောင် အမေ ဂရုစိုက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အမေရယ်"

သူ လှိုက်လှိုက်လှဲလှဲဆိုစဉ် အမေ့မျက်နှာပေါ် အကြင်နာ ရိပ်တွေ လှုတ်ခတ်လာပြီး

"သားရယ်ခုချိန်မှာ အမေတို့ကပျော်စရာ မိသားစုဖြစ် ပြီလေ၊ တစ်ခြားဘာကိုမှ မတွေးနဲ့နော်၊ သားနဲ့သမီး ဘာကိုမှတွေးပြီး

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ကြမနေနဲ့"

"ဟုတ်ကဲ့ပါ အမေ"

ကလေးငယ်နုလေးတွေလို အားကိုးတကြီးဖက်တွယ်ထားသည့် သားနဲ့သမီးကို မြတ်နိုးစွာထွေးပိုက်လိုက်ပြီး

"ဒါနဲ့ သားတို့ကိုပြောစရာရှိတယ်"

"ပြောပါ အမေ"

"သားတို့ ဘာအကြောင်းနဲ့မှ ခြိုပြင်မထွက်ပါနဲ့နော်"

"ပတ်ဝန်းကျင်ကသိသွားရင် သတင်းပြန့်သွားနိုင်တယ်"

"စိတ်ချပါ အမေရယ်"

သုံ့ သက်ပြင်းအသာရှိုက်မိသည်

"ကဲ သားနဲ့သမီး ပစ္စည်းတွေယူသွား၊ သမီးအတွက်ဝယ်ထား တဲ့ အကျီတွေ ဝတ်ကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ အမေ"

"ကဲပါ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေကြ အမေ အနားယူလိုက်မယ်"

"ဟုတ်ကဲ့ပါ အမေ"

သူတို့ပစ္စည်းတွေသယ်၍ သူတို့အခန်းဆီကူးခဲ့သည်။ လို သေးမရှိအောင် ဖြည့်ဆည်းပေးခဲ့သည့် အမေ့ကိုကျေးဇူး တင်မိသ ပစ္စည်းတွေ ကုတင်ပေါ်ပုံချပြီး နွဲ့ကိုခပ် ငေးငေးလေး ကြည့်မိသ နွဲ့က တစ်စုံတစ်ရာအတွက် စိတ်မကောင်းဖြစ်လျက်

"နွဲ့ရယ် ဝမ်းမနည်းပါနဲ့နော်"

"ဝမ်းနည်းတာမဟုတ်ဘူး မောင်ရယ်၊ နွဲ့တို့မှာမိဘ ရှိနေရက်နဲ့ ခုလို မိဘနဲ့ဝေးပြီးသူစိမ်းရင်ခွင်မှာ မှီခိုနေရတာ ရတာ တမျိုးကြီးဖြစ်နေလို့ပါ"

(ဗျူးစာပေ)



"အခြေအနေအရပေါ့နွဲ့ရယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့ဒယ်ဒီ တို့မခွဲနိုင်အောင် ခုလိုလုံလုံခြုံခြုံပုန်းအောင်း ခိုလှုံခွင့်ရတာက မောင်တို့ ကံကောင်းနေသေးတာပဲ၊ စိတ်ကိုဖြေပြီးပျော်ပျော်နေကြပါစို့ နွဲ့ရယ်"

နွဲ့ခေါင်းညိတ်လိုက်သည်။ အကြင်နာ လေညှင်းလေးတွေပြန့် ကြဲလာသည်။

"နော် နွဲ့"

နွဲ့ သက်ပြင်းချ၍

"အင်းပါမောင်ရယ်၊ ပြီးတော့ ဖြူမောင်တို့ကိုလဲ သတိရတယ်"

"မောင်လည်း နွဲ့လိုပါပဲ"

မွန်းကြပ်လွန်းသည့်နှလုံးသားသည် ချစ်သူနှစ်ဦးအတွက် ကျွန်း ကကျွန်း အဖြစ်ဆီးတားနေဆဲ။ ထိုကျွန်းကိုငေးကြည့်ရင်း ချစ်သူနှစ် ှုသက်မချမိ၏။ မမြင်နိုင်တဲ့ကံကြမ္မာက သူတို့ချစ်သူဘဝကိုတယ်အချိန် ထိကွယ်ဝှက်ထား မှာလဲကွယ်။

ဘ-၉,
❀❀

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"လုံးဝသဘောမတူဘူး ကိုအောင်"

ဖြောင်းဖြမရအောင် ပြင်းထန်လွန်းသည်ကို ကိုအောင်ပ(။) မဆုံးအကြိမ် စိတ်ပျက်စွာ ငေးကြည့်မိသည်။

"အဲလိုလဲ တဖက်သတ်မဆုံးဖြတ်ပါနဲ့ တင်တင်ရယ်"

"ဟုတ်သားပဲ တင်တင် ကိုအောင် ပြောတာစဉ်းစား ဖေ(။) လိုက်ပါကွယ်၊ ကိုအောင် သဘောထား ကိုလက်ခံရန်အဝင်းလေပြေ(။) ဖြောင်းဖြလာပေမယ့် တင်တင် တင်းမာလျက်

"မြင့်မြတ်အကြောင်း တင်တင်လောက် အဝင်းမသိ(ဘူး)။ ကိုအောင်က သမီးကိုပြန်လိုချင်လို့ လက်ခံဖို့ပြောနေတာလေ"

"တင်တင်ကရော သမီးကို စွန့်လွှတ်နိုင်လို့လား"

(ဗျူးစာပေ)



"မစွန့်လွှတ်နိုင်ဘူး"

"အဲဒါဆို ဘာဖြစ်လို့ တင်းခံနေရတာလဲ"

ဒေါ်ခတ္တာတင် အံခပ်တင်းတင်းကြိတ်၍

"မြင့်မြတ် ဘယ်လောက်အကြံကြီးလဲဆိုတာ ကိုအောင် သိပါတယ်၊ ဟိုးအချိန်က တင်တင်တို့စီးပွားတွေကို အပြင်းအထန် တိုက်ခိုက်ခဲ့တာကို တင်တင်တို့အလူးအလဲခံခဲ့ရတယ်၊ နောက်ပိုင်း စီးပွားရေးကို မတိုက်ခိုက်တော့ဘဲ သားသမီးတွေရဲ့ခံစားချက်ကို ဆုပ်ကိုင်ပြီးအပြတ်အသတ် တိခိုက်ဖို့အကြံကြီးကြီးစီရင်ခဲ့လို့ သူ့သား ကသမီးကို မရမက ယူခဲ့တာ၊ ဒါတွေဟာ မြင့်မြတ်ရဲ့ Idea ချည်းပဲအဝင်း၊ သမီးကို သူ့တိုက်ထဲမှာ တိတ်တိတ်လေးဝှက်ထားပြီး ဖြောင်လိမ်ရဲတာ ကိုအောင် အသိပဲ၊ ဒီလောက်အကြံကြီးတဲ့ သူကို တင်တင်ဘယ်လိုမှ မယုံနိုင်ဘူး၊ ဘယ်တော့မှလဲမယုံဘူး"

ဦးအောင်ကို ဦးခေါင်းအားခါရမ်း၍

"မဟုတ်သေးဘူး တင်တင်ရယ်၊ သမီးကိုတိုက်ထဲဝှက်ထားတာ လူငယ်တွေရဲ့ အစီအစဉ်ပဲ"

"ကိုအောင်က မြင့်မြတ်ပြောသမျှကို ယုံတာပဲလား"

"မြင့်မြတ်ပြောတာမဟုတ်ဘူးကွ၊ ကျော်ကျော်တို့ကို စခန်းမှူး သေချာ စစ်မေးလို့ပြောတာ"

"ကျော်ကျော်တို့က မြင့်မြတ်ရဲ့ ဩဇာခံ ဒီသုံးကောင်လုံးကို မြင့်မြတ် လက်သတ်မွေးထားတာ"

ဒေါ်ခတ္တာတင် အပြင်းထန်ဆုံးဆိုလိုက်သည်။ အဝင်း စိတ်မသက်သာဖြစ်၍

"နေဦး တင်တင် အဝင်းပြောပါစေ"

ဒေါ်ခတ္တာတင်မျက်လုံးစူးစူးက အဝင်းထံဖျတ်ခနဲ ကျရော(က်)

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"အာရုံနဲ့နွဲ့ ဖြစ်စဉ်ဟာ သူတို့လူငယ်ချင်းတွေ့ဆုံပြီး ချစ်သူ ဖြစ်ခဲ့ကြတာပါ"

"'ဒီလိုဖြစ်ဖို့ မြင့်မြတ် လမ်းခင်းပေးထားတာလေ"

"တင်တင်ရယ် မြင့်မြတ်လမ်းခင်းပေးမှတော့ တင်တင့်သမီးကိုထိခိုက် နစ်နာအောင် တစ်ခုခုလုပ်ပြီး လွှင့်ပစ်လိုက်ပြီးပြီလေ"

အဝင်းကို ဒေါ်ခတ္တာတင်စူးစိုက်ကြည့်ပြီး အဝင်းဆိုလိုတာက

"လူငယ်ကိစ္စမှာ မြင့်မြတ်ဘာမှမသိခဲ့ဘူး တင်တင်၊ အာရုံက နွဲ့ကိုလိုချင်တယ်၊ တောင်းပေးပါဆိုလို့ အမှတ်မထင် ပြန်ဆုံတွေ့ခဲ့တာလေ"

"ဟုတ်ရဲ့လား ဟင့်အင်း"

ဒေါ်ခတ္တာတင် လုံးဝမယုံချင်။

အဝင်းဦးခေါင်းအသာဆတ်၍

"တကယ်တော့ အာရုံက တင်တင် နဲ့ရင်းနှီးလာအောင် ကြိုးစားချင်လို့ အဝင်း အိမ်လာခဲ့တာ၊ အဝင်းကိုအကူအညီတောင်းခဲ့တာပါ၊ အဝင်းက ဒေါ်အုံးကို ပြောပြပြီး တင်တင် စိတ်ဝင်စားလာအောင် ဖန်တီးခဲ့တာပါ၊ တင်တင့်တို့ အတိတ် ဖြစ်စဉ်ဟာ မြင့်မြတ် အတွက် ထိခိုက်ခဲ့ပေမယ့် အာရုံဖြစ်စဉ်မှာ မြင့်မြတ်ကလူငယ်တွေ ဆန္ဒကို ရှေ့တန်းတင်ခဲ့တာပါ"

"ဒါဆို ဘာဖြစ်လို့ တင်တင်ရှေ့ မြင့်မြတ် ရောက်မလာရ တာလဲ"

အဝင်း ဘယ်လိုချေပရမလဲမသိတော့။

"ဒါက ဟိုလေ အတိတ်ဖြစ်စဉ်ရဲ့ဂယက်ကြောင့်လို့ထင်တယ်"

"မဟုတ်ဘူး အဝင်းလူငယ်တွေကိစ္စမှာ မြင့်မြတ် တကယ်

(ဗျူးစာပေ)



လမ်းခင်းပေးတာ မဟုတ်ဘူး"

"ထားတော့သမီးကို ဝက်ထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သမီးရှင်ကျေနပ်အောင် တောင်းပန်သင့်တယ်၊ လာပြီးဆွေးနွေးသင့်တယ်"

"ဘာဖြစ်လို့မတောင်းပန်တာလဲ၊ ဘာဖြစ်လို့မဆွေးနွေးတာလဲ"

အဝင်း မသိမသာ သက်ပြင်းချလိုက်သည်။

"တင်တင် ဆေ့ကြွခွဲသွားမယ်ဆိုရင် ကိုယ် မြင့်မြတ်ကိုဖိတ်ခေါ်လိုက်မယ်ကွာ" ာက်း

"'ဘာ ရှင် အ မရှိဘူးလား"

ဦးအောင်ကို မျ အာဖျတ်ခနဲညိုရောင်သန်းသွားပြီး

"မြင့်မြတ် မလာချင်တဲ့နမှာပေါ့ကွ"

"မလာရဲတာ မရိုး မလာလို့ ကိုအောင် ဒီလိုအကြံကြီးတဲ့သူက တင်တင်တို့ ရှေ့လာပြီးမဆွေး၊ မနွဲ့တာသဘာဝကျတယ်၊ အဓိကသမီးနဲ့ မိုက်လို့ ဒီလိုကောင်စားတွေရဲ့ပုံ့ယောင်းမှုထဲ ပါသွားရတာ၊ သမီးကို မရရအောင် တင်တင် ပြန်သိမ်းရမယ်"

"တင်တင်ရယ် သမီး ခံစားချက်ကိုလည်း ငဲ့ပါဦး"

"ဟုတ်ပါတယ် တင်တင်၊ နွဲ့က တကယ်မေတ္တာရှိလို့လိုက်သွားတယ်၊ အာရုံကလည်း အလေးအနက်တန်ဖိုးထားလို့ပေါင်းစပ်ခွင့်ရဖို့ ကြိုးစားတယ်၊ တင်တင်တို့လူကြီး တွေတားမြစ်နေတဲ့ကြားကလွတ် အောင်ပြေးထွက်ကြတယ်၊ အခုဘယ်ရောက်နေလို့ ရောက်နေလဲ သတင်း အစအန မရဘူးလေ"

"သတင်းအတွက်စိတ်မပူနဲ့ တင်တင်၊ လူလွှတ်စုံစမ်းလိုက်ပြီး အဲဒီညက သမီးတို့စီးသွားတဲ့ကားကို စခန်းမှူးလိုက်ပြီး စုံစမ်းနေတယ်၊ သမီးလေး တခုခု ဖြစ်သွားမှာ မစိုးရိမ်ဘူးလားတင်တင်ရယ်၊ ကိုယ်တို့မှာ ဒီသမီးလေးတစ်ယောက်ထဲရှိတာ စဉ်းစားပါဦးကွာ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"တင်တင် ဘက်စုံက စဉ်းစားပြီးပြီ၊ သမီးကိုတွေ့တာနဲ့ ချက်ချင်းခွဲပြီး တင်တင် အစ်မတွေရှိတဲ့ အမေရိကပို့လိုက်မယ်"

"ဟာ တင်တင်"

ဦးအောင်ကို ထိတ်ထိတ်လန့်လန့်ဖြစ်သွားသည်။

"မင်း အဲလောက်ထိ လုပ်ဖို့မသင့်ဘူးကွာ"

"ဒီမှာ ကိုအောင် မြင့်မြတ်တို့ရဲ့သမိုင်းကြောင်းမှာ သမီးလေးကိုမနစ်မွန်းစေဖို့ တင်တင်ကာကွယ်ရမယ်၊ကြူ့အစ်ကို အတွက် လက်စားချေချင်တဲ့အတ္တကြောင့်ခင်သူဇာကိုမှမသိအောင်ယူပြီး သူ့အစ်ကိုကလေးကိုမွေးခိုင်းခဲ့တယ်၊ တင်တင်လို့ အငန်းတွေကို နှောင့်ယှက်ခဲ့တယ်၊ တင်တင်တို့စီးပွားရေးနာလန် ;င်တဲ့အချိန်မှာ ကိုယ်ရှောင်ဖျောက်ပြီး နေခဲ့တယ်၊ နှစ်တွေကြာမှ ၁ ;ပေါ်ထွက်လာပြီး ခုလိုဖန်တီးလိုက်တယ်၊ အဲဒီအတွက်အခြေအနေ့ချင်ခဲ့ရပ်ဟာ တင်တင်ကိုထိခိုက်နစ်နာစေခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး၊ သမီးလေး သူတို့လက်ထဲမှာရှိနေသရွေ့ တင်တင် ရင်ကွဲနေရမှာ ; တင်တင်ရင်ကွဲတာကိုကြည့်ပြီး ကျေကျေ နပ်နပ်ချည်းပြုံးနေမယ်၊ ဘုမြတ်ကို တင်တင်ဘယ်နည်းနဲ့မှသည်းခံနိုင်မှာ မဟုတ်ဘူး၊ အဲဒီစိတ်နဲ့တင်တင်ရှုးသွားနိုင်တယ်၊ မရှူးရင်တောင် အငြိုးကြီးတဲ့ မြင့်မြတ်ကို သတ်မိလိမ့်မယ်၊ဒါကြောင့် မြင့်မြတ်နဲ့လုံးဝ ပြတ်သွားချင်လို့ သမီးကို ခွဲပစ်ချင်တာ"

"တစ်ကယ်လို့ မြင့်မြတ်က အတိတ်ဖြစ်စဉ်ကို နိဂုံးချုပ်ပြီး သမီးနဲ့သားကို ပေါင်းဆည်းခွင့် ပေးချင်တယ်ဆိုရင်ကော"

ဒေါ်အုံး ရောက်လာပြီး

ထိုစဉ် အားလုံးတအံ့တဩ ငေးသွားစေသည်။

"ဒေါ်အုံး ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ် မြင့်မြတ်နဲ့ ဒေါ်အုံးသွားတွေ့ခဲ့တယ်"





"မြင့်မြတ်က ဘာတဲ့လဲ"

"အတိတ်ဖြစ်စဉ်ကိုဖွင့်ပြီး ဒေါ်ခတ္တာတင်က လူငယ်တွေကိုခွဲပစ်မယ်ဆိုရင် သူ့ဘက်ကလဲ ခွဲဖို့ဝန်မလေးဘူးတဲ"

"ဟင်"

တင်တင်မျက်ဝန်းစိုလက်တောက်ပလာသည်

"တစ်ကယ်လို့ ကျွန်တော်တို့က လက်ခံတယ်ဆိုရင်ကော"

"ဦးအောင်ကိုလက်ခံရင် ဦးမြင့်မြတ်လည်း လက်ခံမယ်တဲ့"

"တင်တင်"

ဖနီးသည်ကို ဦးအောင်ကိုမျက်နှာချိုသွေးကြည့်လိုက်ပြီး

"သမီးကို ပြန်လိုချင်တယ်"

"အာရုံကို လက်ခံမလား"

"အာရုံကို လက်ခံဖို့၊ မခံဖို့ဆိုတာနောက်ပိုင်းကိစ္စပါ ဒေါ်အုံးတို့ကြားဝင် ပြီးလုပ်ဆောင်ပေးလို့ဘာမှကျိုးထူးမှာမဟုတ်ဘူး၊ ဒီကိစ္စမှာ မြင့်မြတ်က အရေးပါတဲ့သူ၊ သူ ကိုယ်တိုင်အာမခံချက်ပေးရင် တင်တင်စဉ်းစားမယ်"

တင်တင် ပြတ်ပြတ်သားသားဆိုစဉ်

ဒေါ်အုံးမျက်နှာဝင်းပသွားသည်။

"ဦးမြင့်မြတ်က အာမခံတယ်တဲ့"

စခန်းမှူး ဆိုစဉ် တင်တင် ဘဝင်မကျဖြစ်ပြီး

"စခန်းမှူးရယ် အာမခံတဲ့လူက ဘယ်မှာလဲ"

"ပါလာပါတယ်ဗျာ၊ ဦးမြင့်မြတ် လာဗျာ"

စခန်းမှူး ဖိတ်ခေါ်လိုက်စဉ် ဦးမြင့်မြတ်ဝင်လာသည်

"ကိုမြင့်မြတ် ခင်ဗျား တကယ် အာမခံတာလား"

ဦးအောင်ကို ခပ်လောလော ဆီးမေးစဉ် ဦးမြင့်မြတ် ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသာဆတ်ပြီး

"တကယ်ပါ ဦးအောင်ကို"

တင်တင်မျက်ဝန်း လင်းလက်လာသည်။

"အတိတ်ဖြစ်စဉ်ကို နိဂုံးချုပ်ချင်လို့ မေ့ထားခဲ့တာ ကြာပြီ ခင်္ဂါတင်၊ ငယ်ရွယ်စဉ်က ပြင်းထန်တဲ့စိတ်နဲ့ တောက်လောင်ခဲ့တာကိုအချိန်က ကုစားပေးနိုင်ခဲ့တယ် တကယ်ပျာ၊ ဒါကြောင့် ခင်္ဂါတင်ကိုမေ့ပြီး သားနဲ့အတူ ကျွန်တော့ဘဝကို ကျွန်တော်ရှင်သန်ခဲ့တာ၊ မထင်မှတ်ဘဲ သားနဲ့ ပတ်သက်ပြီး ပြန်ဆုံရတဲ့ ကံကြမ္မာကို အံ့သြပါတယ်၊ သားကို ကိုတို့လို ဝေဒနာမျိုးမခံစားစေချင်တာ၊ ကျွန်တော် ဆန္ဒအမှန်ပါ။ ဒါပေမဲ့ ခင်္ဂါတင်ဘက်ကစွပ်စွဲတာ ရင့်ရင့် သီးသီးဆက်ဆံတာတွေကြောင့် ကျွန်တော် စိတ်နည်းနည်း ကွလာခဲ့တယ်၊ နွဲ့ပျောက်ဆုံးတဲ့ကိစ္စမှာ ကျွန်တော် တကယ်မ သိတာအမှန်ပါ၊ အထူးသဖြင့် သားအခန်းထဲမှာ နွဲ့ရှိနေတာကို ကျွန်တော် လုံးဝမသိခဲ့ဘူး ခင်္ဂါတင်"

မြင့်မြတ် စကားတွေက အမှန်တွေလား။

"ဒီကိစ္စက ကျွန်တော်တို့အစီအစဉ်ပါ အန်တီ"

ဖျတ်ခနဲဝင်ရောက်ဆိုလာသည့် လူရွယ်ကို ငေးကြည့်လိုက်မိသည်။

"ဟင် ကျော်ကျော်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ သုံးယောက်အကြံဉာဏ်နဲ့ နွဲ့ကို အာရုံ အခန်းထဲ ဝှက်ထားခဲ့တာပါ၊ အန်ကယ်တို့ အန်တီတို့လုံးဝ၊ ရိပ်မိအောင် အနီးကပ်ဆုံးမှာဝှက်ခဲ့တာ အန်ကယ်လုံးဝမသိပါဘူး"

မင်းမင်းတို့ဝန်ခံလိုက်သည်။

"ဒါဆို သမီး အခုဘယ်မှာလဲ"

"အဲဒါ ကျွန်တော်တို့လဲ သိချင်ပါတယ်"

(ဗျူးစာပေ)



"ဟင်"

ဦးမြင့်မြတ်ဆိုစဉ် တင်တင်တို့မျက်ဝန်းပြူးကျယ်သွားသည်။

"ဟုတ်ပါတယ်၊ ခင်္ဂါတင် ကျွန်တော်လည်းသတင်းရလို့စုံစမ်းပေမယ့် လမ်းစပြတ်သွားတယ်"

"ဘယ်လို"

"ဟုတ်ပါတယ် ခင်္ဂါတင်၊ သားတို့စီးသွားတဲ့ကားကို လိုက်စုံစမ်းတာ ဒီကားလမ်း တဝက်မှာ ပျက်လို့တဲ့"

"အဲဒီကားသမားကို မေးကြည့်ပေါ့"

"မေးပါတယ် သားတို့ကားကြုံနဲ့သွားသလား ဘာလားဆိုတာ သူလဲ မသိဘူးတဲ့"

"ဟင် ဒါဆို ဘယ်လိုလုပ်ကြမလဲ ကိုအောင်"

ဦးအောင်ကို သက်ပြင်းချလိုက်သည်။

"လမ်းစပြတ်သွားတော့ ကျွန်တော်လဲစိတ်ဓါတ်ကျသွားတယ်"

ပြီးတော့ ဒေါ်အုံးရောက်လာပြီး ဆွေးနွေးတာနဲ့

"ဟုတ်တယ် တင်တင် နှစ်ဦးနှစ်ဖက်ပူးပေါင်းပြီး ရှာရင်တွေ့နိုင်တဲ့ အလားအလာရှိတယ်လို့ ဒေါ်အုံးတွေးမိပါတယ်၊ ဒါကြောင့် ခုလိုမျက်နှာချင်း ဆိုင်အောင် ဆုံပေးလိုက်တာပေါ့"

ဦးအောင်ကို ဦးခေါင်း တဆတ်ဆတ်ညိတ်သည်

"အဲဒီအတွက် ကျေးဇူးတင်ပါတယ် ဒေါ်အုံးရယ်"

"ရပါတယ် ဦးအောင်ကိုရယ် ဒေါ်အုံးကအကျိုးဆောင်ပါ၊ ဒီလိုကိစ္စ မျိုးကို အဆင့်ပြေဆုံး ပြီးမြောက်စေချင်လို့ ကူညီပေးတာပါ"

"ဟင်းဟင်း"

"ကူညီပေးတာတော့ ဟုတ်ပါပြီ၊ သားနဲ့သမီးကို ဘယ်လိုရှာကြမလဲ"

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မြတ်ဆိုစဉ် တင်တင် ရင်မှာလှိုက်ခနဲနွေးလာသည်။

"ကြေငြာထည့်လိုက်ရင်ကော ဦးအောင်ကို"

"သမီးတို့ယုံပါ့မလား ကိုမြင့်မြတ်"

"ဟုတ်တယ် တင်တင်တို့ချင်း တင်းမာနေတာကိုသိနေတော့ ယုံမှာမဟုတ်ဘူး"

မင်းမင်းစိုးရိမ်စိတ်ဝင်လျက်

"မယုံဘဲ ဝေးသထက်ဝေးအောင်ပြေးနေရင် ပိုဆိုးကုန်မယ် အန်ကယ်"

"ဟုတ်တယ် အန်ကယ် အာရုံတို့မှာ ပိုက်ဆံတစ်ပြားမှ ပါမသွားတော့ ပိုပြီးဒုက္ခရောက်နေလိမ့်မယ်"

ဒေါ်ခတ္တာတင် တဆတ်ဆတ်တုန်ခါဝမ်းနည်းသွားပြီး

"ဒါဆို ဘယ်လိုလုပ်ကြမလဲ သမီးလေး ဒုက္ခတွေနဲ့တိုးနေမှာ ပေါ့"

"အဝင်းရယ် အဟင့် အဟင့်"

"သိပ်လဲစိတ်မပူပါနဲ့ကွယ်၊ အားလုံးဝိုင်းဝန်းပြီးရှာကြတာပေါ့"

"ရှာတာလဲဟုတ်ပါပြီ၊ ဒီအတိုင်းရှာလို့ မဖြစ်ဘူး"

ငြိမ်သက်စွာနားစွင့်နေသည့် စခန်းမှူးဆိုစဉ် အားလုံးစိတ်ဝင်တစားဖြစ်လျက်

"ဒါဆိုဘယ်လိုရှာမလဲ စခန်းမှူး"

"သဲလွန်စ နောက်လိုက်ပြီးရှာရမယ်၊ ရှာဖို့အတွက်ရှေ့ပြေးလို တယ်"

"ကျွန်တော်တို့ ရှေ့ပြေးရှာမှာပါ"

ဦးမောင်တို့ အားတက်တရောဆိုစဉ်

"ဟုတ်တယ် သွားတို့ရှေ့ကရှာ"

(ဖျူးစာပေ)



"မဟုတ်သေးဘူး ဒေါ်ခတ္တာတင်၊ ဒီကောင်သုံးကောင်ရှေ့ပြေး မှာရင် လဲတွေ့ဖို့မလွယ်ဘူး"

"ဟာ အန်ကယ် အထင်မသေးပါနဲ့၊ ကျွန်တော်တို့ အစွမ်း ဘယ်လောက်ရှိလဲဆိုတာ အားလုံးသိကြပါတယ် ဟဲ ဟဲ"

မင်းမင်း ရယ်ကျဲကျဲဆိုစဉ် ဒေါ်အုံးမျက်မှောင်ကြုတ်ကြည့်ရန်

"မင်းတို့ အစွမ်းအစရှိပေမယ့် အနံ့ခံမကောင်းဘူး"

"အနံ့ခံကောင်းရအောင် ကျွန်တော်တို့က ခွေးနှာခေါင်းမှ ဟုတ်တာ"

ကျော်ကျော် တွန့်ရှုတ်ရှုတ်ဆိုစဉ် စခန်းမှူးအတွေးပေါက်သွားပြီး

"ဟုတ်ပြီ လမ်း မသိရင် ခွေးနောက်လိုက်လေ"

"ဟင် ခွေး ခွေးဆိုလို့ ဖြူမောင်တို့"

"ဟုတ်တယ် ဖြူမောင်တို့ နောက်လိုက်ရမယ်"

"လိုက်တာဟုတ်ပါပြီ ဖြူမောင်တို့ကော"

"ဟုတ်တယ် ဖြူမောင်တို့ဘယ်မှာလဲ"

"ဖြူမောင်"

"ဖြူမောင်"

ဖြူမောင် တို့ကိုခေါ်ပေမယ့် ဖြူမောင်တို့ရောက်မလာ။

"ဟာ ဒီကောင်တွေ ဘယ်ရောက်သွားပြီလဲ"

"ကျော်ကျော် ဖြူမောင်တို့ မင်းတို့နဲ့အတူ မဟုတ်လား"

"ဟုတ်တယ် ကျွန်တော်တို့ ဒီကိုလာတာပါ ပါလာတယ်"

"ဒါဆို ဖြူမောင် တို့ကိုတွေ့အောင်ရှာ ရှာပြီး၊ ဖြူမောင်တို့ နောက်လိုက်"

"ဟင်"

အားလုံးမျက်ဝန်းတွေလင်းလက်တောက်ပသွားသည်။

(ဖျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုမှာဖြူမောင်တို့ လစ်ပြေးပြီ"

ဒေါ်အုံးဆိုစဉ် အားလုံးကြည့်လိုက်သည်။ ဖြူမောင်နှစ်ကော ခြေလှမ်းညီညီ ပြေးထွက်သွားသည်ကို မြင်ရသည်။

"ဒါဆိုဖြူမောင်တို့နောက် လိုက်ကြမယ်"

"ခပ်မြန်မြန်လိုက်၊ ဒါပေမဲ့ ဖြူမောင်တို့မရိပ်မိစေနဲ့"

"ဘာဖြစ်လို့လဲ စခန်းမှူး"

"ဖြူမောင်တို့ သိပ်လည်တယ်၊ ခင်ဗျားတို့သားရှင် သူ့သ ဆီ ပို့နှောင့်နှေးနေလိုက်မယ်"

"ဘာဖြစ်လို့"

"နှစ်ဖက်မိဘ ညီညွတ်တာကိုမယုံရင်ကော ရှောင်နေမှာ"

"ဟုတ်တယ် စခန်းမှူး ဖြူမောင်တို့နောက် မသိမသာလိုက် မယ်"

"ဒီကောင်တွေက အနံ့ခံအာရုံကောင်းတယ်လေ၊ ဒါကြေ သူ့သခင်ဆီ မရောက်ရောက်အောင်သွားမှာ"

"ဟုတ်တယ်"

"ကျော်ကျော်တို့က အနံ့ခံအာရုံမကောင်းတော့ ခွေးပ တပန်း ရှုံးတယ်"

"ဟာ အန်ကယ်ကလဲဗျာ"

"ကဲ လိုက်မယ့်ဆိုမြန်မြန်လိုက်၊ ဖြူမောင်တို့ကိုမျက်ခြေ သွားလိမ့်မယ်"

"ဟုတ်တယ် မြန်မြန်လိုက်စို့"

အားလုံး၏စိတ်အားထက်သန်မှုသည် ဖြူမောင်တို့နောက် မျောနေသည့် ဖြူမောင်တို့က ချစ်သူနှစ်ဦး၏နှလုံးသားဆီးတားနေ ကျွန်းတွေကို ဖယ်ရှားပေးမည့်တမန်တွေလား။



## အခန်း (၂၉)

နွဲ့တို့ကားပျက်သည့်နားရောက်စဉ် 'ဖြူမောင်'တို့လမ်းကြောင်း ပြန်၍ အကဲခတ်ကြသည်။ လမ်းခွသုံးလေးခုကို စူးစမ်းကြသည့် ဟိုနောက်လမ်းကိုဖြတ်ကျော်ပြီး တစ်ဖက်ကျောက်ခင်း လမ်းကြောင်း ပေါ်လျှောက် ခဲ့သည်ကျောက်ခင်းလမ်းမှတဆင့် မြေနီလမ်းကြောင်း တိုင်း မရပ်မနားပြေးလေသည်။

"ဟင် ဖြူမောင်တို့ မြေနီလမ်းအတိုင်းပြေးသွားပြီကွ"

"မြင်ပါတယ် ကျော်ကျော်ရာ"

"တိတ်တိတ်နေကြစမ်းကွာ၊ ဟိုမှာ ဖြူမောင်တို့ လှည့်ကြည့် နေပြီ"

ခြေလမ်းကြောင်းနောက်ကို ဖြူမောင်အကဲခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး လမ်းဘေးတောချုံများနှင့် အကာအကွယ်ယူပုန်းလိုက်သည်။

"မင်းခေါင်းပြူမထွက်နဲ့ ဦးမောင်"

"သိပါတယ် ပေါ်မင်း"

"သိတယ်ဆိုလဲ ဆင်ခြင်ကြကွာ၊ တော်ကြာတွေ့ခါနီးမှ လမ်းပြတ်သွားလိမ့်မယ်"

"ကဲပါကွာ၊ သိပါတယ် ဟိုမှာချောင်းကြည့်မှ မျက်ခြေပြတ်သွားလိမ့်မယ်"

ကျော်ကျော်တို့စိုးရိမ်လျက်ချောင်းကြည့်နေစဉ် ဖြူမောင်တို့ လမ်းချိုး တစ်ခုထဲ ကွေ့ဝင်သွားသည်။

"ဟာ ဖြူမောင်တို့ကွေ့သွားပြီကွ"

"ဒါဆို ဆက်လိုက်တာပေါ့ကွ"

"ကဲ မြန်မြန်လိုက်"

"ဖြူမောင်တို့သိပ်ပြီးခြေသွက်တယ်ကွ"

ကျော်ကျော်တို့ မျက်ခြေမပြတ်အောင်ဆက်လိုက်ကြပြန်သည်။ ဖြူမောင်တို့ တစ်လမ်းဝင် တစ်လမ်းထွက်သလို ကျော်ကျော်တို့လည်း အလွတ်မခံ ပုန်းလျှိုးကွယ်ပုန်းနှင့် လိုက်ကြသည်။ ထို့နောက်ခြံဝင်းကျယ် တိုက်ပုတစ်လုံးရှေ့ ဖြူမောင်ရပ်တန့်သွားသည်။ ခြံဝင်းရှေ့မှာဟိုဟိုဒီဒီကြည့်ရှုအကဲခတ်သည်။ ပြီးနောက် ခြံဝင်းထဲ ဝင်သွားသည်။

"ဟာ ဒီအိမ်ပဲဖြစ်မယ်"

"ရှူးတိုးတိုး မင်းအသံကြားလို့ပုန်းလိုက်ရင်ဒုက္ခ"

"သိပါတယ် ဦးမောင်ရာ"

"ဟိုမှာ တိုက်ထဲဝင်သွားပြီ အဲဒါဘယ်လိုလုပ်မလဲ"

"ကိုယ်တို့လည်း လိုက်ဝင်ကြရအောင်"

(ဗျူးစာပေ)



"ဟာ သူခိုးဆိုပြီးဖမ်းလိုက်မှ ဂိကနဲဖြစ်သွားမယ့်"

"ဂိကနဲဖြစ်ဖို့က ကိုယ်တို့ကခွေးမှမဟုတ်တာ ကျော်ကျော်"

"ကဲမင်းတို့ကွာ အရေးကြီးတဲ့ အချိန်မှာဘယ်လိုဖြစ်နေကြတာလဲ"

မင်းမင်းစိတ်မရှည်စွာရေ ရွတ်လိုက်သည်။ ဦးမောင်တို့ ဘဝင်မကျဘဲ

"ဖြူမောင်တို့က ပြန်မထွက်လာဘူးကွ"

"အင်း စဉ်းစားစရာပဲ"

"ဟုတ်တယ် ကျော်ကျော်"

ဦးမောင် တစ်ချက်စဉ်းစားလိုကပြီး

"ဒါဆို သေချာပြီ"

"ဘာသေချာတာလဲ"

"အာရုံတို့ အဲဒီတိုက်ထဲမှာရှိရမယ်"

"မင်း မြင်လို့လား" –

"ဟ မျက်လုံးနဲ့တော့ဘယ်မြင်မလဲ"

"ဟ ဘာလုံးနဲ့မြင်လဲ ဦးမောင်ရာ"

"ဉာဏ်နဲ့မြင်တာဉာဏ်နဲ့မြင်တာပေါ့ကွ"

မင်းမင်းနှာခေါင်းရှုံ့တွ၍ ကြည့်သည်။

"ဘာ ဉာဏ်လဲကွာ"

"ဟ စဉ်းစားဆင်ခြင်တဲ့ ဉာဏ်လေ"

ဦးမောင် ဆိုစဉ် ကျော်ကျော်တို့နှာခေါင်းတွန့်ပြန်သည်။

"မလိုပါဘူးအန်ကယ်ရာ၊ အန်ကယ်တို့ သာမြန်မြန်လာကြပါ"

"'ဟုတ်ပြီ အခုချက်ချင်းလာခဲ့မယ်"

ဦးမြင့်မြတ် အားရဝမ်းသာဖြစ်၍ ဒေါ်ခတ္တာတင်တို့ကို

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြားလိုက်သည်။ ထို့နောက်နှစ်ဖက်မိဘ ခြေလှမ်းတွေ
သားတို့ဆီသို့သားတို့နှလုံးသားမှာ စီးကာနေသည့် ကျွန်းကိုဖယ်
ရှားပေးဖို့ဆိုတာ ယုံကြည်စမ်းပါ။

"သားတို့ယုံပါကွာ"

အကယ်၍ သားမယုံရင်

"အိုး မယုံစရာဘာအကြောင်းရှိမှာလဲ"

ဦးမောင်တို့ ပိပိရိရိ စောင့်ကြည့်နေပြီဆိုတော့။

ဦးမြင့်မြတ် ရင်မှာအတိုင်းအတာတခုအထိ ရွှင်လန်းမြူးဂ
လာသည်။ နှလုံးသားခံစားမှုမှာ ကျွန်းခံနေခြင်းက ဝေဒနာဆိုးတိုးပွ
နေတယ်ဆိုတာ သားတို့သိမှာပါ၊ ဒါကြောင့်ဝေဒနာတွေကို ဒယ်ဒီ
သိမ့်ပေးချင်ပါတယ်၊ ကျွန်းအားလုံးကိုဖယ်ရှားပေးမှာပါကွယ်။

❀ ❀ ❀



အခန်း(၃၀)

"ဟင်"

ဦးမြင့်မြတ် မျက်ဝန်းမယုံကြည်နိုင်လောက်အောင် အဆမတန်
လင်းလက် အံ့သြသွားသည်။ တိုက်ထဲလှမ်းဝင်လိုက်သည်နှင့် ဘွားခနဲ
တွေ့မြင်လိုက်ရသည့် အမျိုးသမီးကိုအံ့သြစူးစိုက်စွာ ကြည့်လိုက်မိသည်။

"ခင်သူဇာ"

ဦးမြင့်မြတ်တိုးတိုးလေး ရွတ်လိုက်သည်။

ညှို့ခန်းမှာ စမတ်ကျကျထိုင်၍ ဖုန်းပြောနေသည့်အမျိုးသမီး
နှစ်ပေါင်းများစွာ ခြေရာပျောက်နေသည့် သားနဲ့မိခင် ဘယ်ကဘယ်လို
ဒီကိုရောက် နေတာလဲ၊ ဦးမြင့်မြတ်ရင်မှာ လှိုင်းတချို့ လှုပ်ရှားလာသည်။

"ခင်သူဇာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံခပ်တိုးတိုးဝင်လာသည်။ ဒေါ်ခင်သူဇာဖုန်းပြောနေရာမှ ငဲ့စောင်းကြည့်မိသည်။ မြင့်မြတ်ကိုမြင်စဉ် ခပ်ဖျော့တင်းလေးပြုံးလိုက်သည်။ မြင့်မြတ်ရဲ့အံ့သြခြောက်ခြားနေသည့် မျက်နှာကခံစားမှုတချို့နှင့် လှုပ်ရှားနေဆဲ၊ ထို့နောက် သူဇာဖုန်းပြောနေရာမှရပ်တန့်လိုက်သည်။

ဖုန်းခွက်ကိုအသာချသည်။ သူ့ကို အပြုံးအိအိလေးနှင့်ကြည့်သည်။

"ခင်သူဇာ"

"ဟုတ်တယ် မြင့်မြတ်"

"ဘယ် ဘယ် လို"

အံ့သြစိုလက်နေသည့် မြင့်မြတ်မျက်ဝန်းကို ခင်သူဇာခပ်ဝင့်ဝင့်စူးစိုက် ကြည့်လိုက်သည်။ ခင်သူဇာမျက်ဝန်းက သူပထမဦးဆုံးအကြိမ်မြင်စဉ်ကလို သူ့ရင်ကိုခုန်စေခဲ့သည်။

"သိပ်အံ့သြသွားလား မြင့်မြတ်"

"ဟုတ်တယ် သူဇာ"

ခင်သူဇာ လှလှပပ ပြုံးနေဆဲ၊ သူဇာအပါး မြင့်မြတ်လှမ်းခရဲ ရောက်သွားပြီး

"ဘယ့်လိုဖြစ်လို့ ဒီကိုရောက်နေရတာလဲ"

"ဟင့် ဟင့် အင်းပေ့ါလေ၊ အံ့သြမယ်ဆိုလဲ အံ့သြစရာပေါ့"

"သူဇာကို ကျွန်တော် နှစ်ပေါင်းများစွာစုံစမ်းနေခဲ့တာ"

"ဘာလုပ်ဖို့"

လှိုက်ကြွလာသည့် ရင်ခုန်သံကို မြင့်မြတ် ဆက်လက်မြိုသိပ်နိုင်စွမ်းမရှိတော့

"မေးရက်လိုက်တာ သူဇာရယ်၊ သူဇာကိုကျွန်တော်ချစ်"

(ဗျူးစာပေ)



"တော်ပါတော့ မြင့်မြတ်ရယ်"

"ကျွန်တော့်အချစ်တွေကို အသိအမှတ်မပြုချင်နေပါ သူဇာရယ်"

"သားအတွက် သူဇာဟာ မရှိမဖြစ်လိုအပ်တဲ့မိခင်ပါ"

"အဲဒီတော့"

မြင့်မြတ်မလုံမလဲဖြစ်လျက်

"ဘာပဲဖြစ်ဖြစ် သူဇာကျွန်တော်နဲ့လက်ထပ်ထားတာဆိုတော့ သူဇာကို ကိုကိုကိုယ်စား စောင့်ရှောက်ထိန်းသိမ်းရမယ့်တာဝန်ရှိပါတယ်"

"ရပါတယ် မြင့်မြတ်ရယ်၊ မြင့်မြတ်က သားကိုလိုချင်တယ်ဆိုလို့ သူဇာ လက်ထပ်ခဲ့တာပါ၊ တခြားဘာမျှော်လင့်ချက်မှ မရှိဘူး"

"ကျွန်တော်နားလည်ပါတယ် သူဇာ"

"သူဇာလဲ မြင့်မြတ်ကိုနားလည်တယ်၊ ဒါကြောင့်သူဇာထွက်သွားကတည်းက မြင့်မြတ် ကိုလွတ်လပ်စွာခံစားခွင့်ပေးခဲ့တယ်၊ မြင့်မြတ်ဘဝအတွက် စိတ်ကြိုက်ဇနီးလောင်းရွေးချယ်နိုင်ထယ်လို့"

သူဇာနှုတ်ခမ်းလွှာက သူ့ကိုဟိုအရင်ကလိုခံစားမှုတွေ ပြည့်လျှမ်းနေဆဲ

မြင့်မြတ်ဦးခေါင်းအသာရမ်း၍

"သားနဲ့ပတ်သက်ပြီးကျွန်တော်ကိုယ်ပိုင်ခံစားချက်ကို ဦးစားမပေးချင်လို့ ကျွန်တော်ချစ်သူမထားခဲ့ဘူး၊ သူဇာကို ကျေကျေနပ်နပ်လက်ထပ်ယူခဲ့တာပါ"

ခုချိန်ထိစိတ်သဘောထားမပြောင်းသေးသည့် မြင့်မြတ်ကို ခင်သူဇာ ခပ်တွေတွေငေးစိုက်ကြည့်၍

"မြင့်မြတ်ရယ် မြင့်မြတ်ခံစားချက်ကို အဲဒီလောက်ထိတားဆီးပိတ်ပင်ဖို့မကောင်းသလို၊ မြင့်မြတ်ဘဝကိုလဲ ကျွန်းတွေနဲ့ကာထားဖို့

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



မသင့်ဘူးလေ"

"ရပါတယ် သူဇာကျွန်တော့်ဘဝအတွက် ကိုကိုလောက် ဘာ ကိုမှအလေးမထားခဲ့တာ၊ ယေယေကတည်းကဖြစ်တည်လာတဲ့ ကျွန်တော်၊ ခံစားမှုပါ"

ခင်သူဇာ သက်ပြင်းသာရှိုက်လိုက်မိသည်။

"ကိုကိုမရှိပေမယ့် ကိုကိုချစ်တဲ့မိန်းကလေးတစ်ယောက်နဲ့ ကိုကို ရင်သွေးကိုကျွန်တော် ပိုင်ဆိုင်ထားခွင့်ရတာ ကျွန်တော့်ဘဝရဲ့ဖြေသိ မှုစစ်စစ်ပါ"

မြင့်မြတ်ကို ပထမဆုံးအကြိမ် ငဲ့ညှာစွာငေးကြည့်ဖြစ်သည်။

"မြင့်မြတ်ရယ် နင်ဟာ ခင်ထင်ထားတာထက် ကိုကို ကို သိပ်ချစ်တာပဲနော်"

"ကိုကိုကလည်း ကျွန်တော့်ကို သိပ်ချစ်တယ်လေ"

ခင်ရင်မှာ တစ်နေရာဆီလွှမ်းမျောသွားသည် ခင်မက်မောဝဲ ဒါလင်နှုတ်ခမ်းလေးတွေက ကိုကိုနဲ့တူလွန်းလှသည် လွမ်းမောတော တမိသည့် နှလုံးသားခံစားချက်ကို ခင်ဖိသိပ်မျိုချလိုက်ပြီး

"ပြီးခဲ့တာတွေ ပြီးပါစေတော့၊ မြင့်မြတ်ရယ်"

"ပြီးလို့မရဘူး သူဇာ"

"ဟင်"

သူဇာ မျက်ခုံမှောင်တွန့်ကြုတ်လိုက်ပြီး

"ဘာဖြစ်လို့"

"ခုချိန်မှာ သား ကိစ္စအရေးကြီးတယ် သူဇာ"

"သားက ဘာဖြစ်လို့လဲ"

သူဇာ မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။ မြင့်ပြ မျက်ဝန်းမှာ သားကိစ္စအတွက် သောကမီးဖြာလင်းလျက်





"သားက ခတ္တာတင်ရဲ့ သမီးနဲ့ချစ်သူဖြစ်ကြတယ်၊ ကျွန် တော်တို့ သဘောမတူလို့ထွက်ပြေးခဲ့တာ၊ ဒီတိုက်ကိုရောက်နေတယ်လို့ သတင်း ရတယ်၊ အဲဒါနဲ့ကျွန်တော် လိုက်လာတာ အခုသားတို့ ဘယ်မှာလဲ ကျွန်တော်တွေ့ချင်ပါတယ် ဗျာ"

"သိပ်လဲအလောမကြီးနဲ့လေ"

"ကြီးတာပေါ့ သူဇာရယ်၊ ကျွန်တော်တို့ကြောင့် သားတို့ရင် ထဲမှာ သောကတွေ ဝေဒနာတွေမခံစားချင်ဘူး"

သူဇာ မျက်နှာလေးအနည်းငယ်တင်းသွားပြီး

"ဒါဆိုဘာဖြစ်လို့ အစကတည်းကခွဲဖို့ကြိုးစားတာလဲ"

"ခတ္တာတင်ဘက်က တင်းထားလို့ပါ"

"တင်းရင်လဲ သားကို မြင့်မြတ် လိုက်လျောရမယ်လေ"

သူ့ကိုအပြစ်ဖွဲ့သလိုဆိုသည့် သူဇာကိုသူမငြူစူရက်

"ဟုတ်ပါတယ်၊ ကျွန်တော်လဲ အဲဒီတုန်းကခံပြင်းတာနဲ့ ဆူ ဆူလောင်လောင်ဖြစ်ခဲ့တယ်၊ ခုတော့ ခတ္တာတင်က သားကိုလက်ခံမယ် တဲ့"

"တကယ်လား"

သူဇာမယုံသလိုမေးလိုက်သည်။ မြင့်မြတ်တခုခုပြောဟန်ပြင်စဉ်

"တကယ်ပါ သူဇာ"

"ဟင်"

ဧည့်ခန်းထဲ လှမ်းဝင်လာသည့် ခတ္တာတင်တို့စုံတွဲ ထောက် ခံသည်။ ခပ်ငေးငေးကြည့်ပြီး

"တင်တင် က သဘောမတူရင်လဲ သူဇာ ဂရုမစိုက်ဘူး"

"ပြိုင်ဘက်ကို ခင်သူဇာ အရှုံးမပေးဖို့ အဆင်သင့်ပြင်ပြီး သား"



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာတင် မျက်နှာလေးတွန့်သွားပြီး

"ဘာဖြစ်လို့"

ခင်သူဇာမျက်လွှာပင့်ကြည့်၍

"သားနဲ့သမီးက ချစ်သူတွေ အသက်ပြည့်တဲ့လူငယ်တွေ လွတ်လပ်စွာ အိမ်ထောင်ပြုခွင့်ရှိတယ်၊ မြင့်မြတ်နဲ့တင်တင် သဘောမတူရင်လဲ သူဇာက သဘောတူတယ်၊ သားဘက်ကရပ်တည်ပြီး သားတို့ လွတ်လပ်စွာချစ်ခွင့်ရဖို့ "အပြည့်အဝသူဇာ ပံ့ပိုးပေးမှာပဲ"

သူဇာ စကားဆိုစဉ် ဦးအောင်ကိုခပ်မြန်မြန်ဦးဆတ်၍

"ကျွန်တော်တို့သဘောတူပါတယ် သူဇာ"

"ဟုတ်ပါတယ်"

"နှစ်ဖက်မိဘလက်ခံလို့ သားနဲ့သမီးကိုလိုက်ခေါ်တာပါ"

အဝင်း၊ ဒေါ်အုံးနှင့် နှစ်ဖက်မိဘဆိုစဉ်

'သူဇာ'ခပ်ဝင့်ဝင့်ပြုံးလိုက်သည်။

"အခု သားနဲ့သမီးကော"

ခတ္တာတင် ခပ်လောလောဆိုစဉ် 'သူဇာ'ကြွကြွလေးပြုံး၍

"နှစ်ဦးသဘောတူ လက်ထပ်ပေးပြီး ဟန်းနီး မွန်းခရီးလွှတ်လိုက်ပြီ"

"ဟင်"

"ဟုတ်တယ် ဦးအောင်ကိုတို့ကျေနပ်တယ်ဆိုရင် မင်္ဂလာပွဲလုပ်ပေးဖို့ ဆွေးနွေးကြတာပေါ့"

သူဇာမျက်လုံးလေးဝင့်ကာ ဆိုလိုက်သည်။

ဦးအောင်ကိုနဲ့ဒေါ်ခတ္တာတင် သမီးလေးဆန္ဒကိုလျစ်လျူမရှုရက်တော့

"ဆွေးနွေးမှာပါ"

(ဗျူးစာပေ)



"အဲဒါဆိုရင် သားနဲ့သမီးကို ထုံးစံအတိုင်း သူဇာတို့ပြန်လာအပ်မှာ"

"ကောင်းပါပြီ"

"ဒါနဲ့သူဇာဘယ်တုန်းကပြန်ရောက်ပြီး ဘယ်ကဘယ်လို သားနဲ့သမီးကို တွေ့တာလဲ အဝင်းတို့ရှင်းအောင် ပြောပါဦး"

အဝင်း စိတ်ဝင်တစားစပ်စုလိုက်သည်။

သူဇာ ကြည်နူးစွာပြုံး၍

"သူဇာ နော်ဝေးက ပြန်ရောက်တာနှစ်လကျော်ပြီ၊ သားနဲ့နဲ့ ချစ်သူတွေ ဖြစ်နေတာသိရတော့ ရင်လေးမိတယ်၊ သားတို့ချင်းတကယ်ချစ်နေတာ သူဇာနားလည်တယ်၊ နှစ်ဖက်မိဘရဲ့ အတွေးကြောင့် သားတို့ချစ်သူဘဝကို ရာသက်ပန်မကွဲစေချင်ဘူး၊ ဒါကြောင့် သားတို့လှုပ်ရှားမှုကို တိတ်တဆိတ်စောင့်ကြည့်နေခဲ့တာ၊ သားတို့ ထွက်ပြေးကြတော့ သူဇာ အဆင်သင့်ကူညီလိုက်တာပါ"

"ဒါနဲ့သားက သူဇာကို မိခင်အရင်းမှန်းသိလား"

"မသိသေးဘူး"

"ဒါဆို"

"သားက သူဇာကို အမေလို့ခေါ်တာလေ"

ဦးမြင့်မြတ်ရင်မှာ ကြည်နူးပြုံးလေးပွင့်ကြွေလာသည်။

"သူဇာကစိတ်ပူနေခဲ့တာ၊ သားက သူဇာကိုလက်ခံပါ့မလားဆိုတဲ့အတွေးနဲ့လေ၊ အခုလိုသားတို့ အခက်အခဲ တိုက်ရိုက်ကြုံတွေ့လိုက်ရတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်သွားတာပေါ့"

အတိုင်းမသိကြည်နူးနေသည့် သူဇာကို အားလုံးကရှုဏာသက်စွာကြည့်ကြသည်။

"သူဇာ ဆန္ဒအမှန်က သားတို့ကို ကြီးကျယ်ခမ်းနားတဲ့မင်္ဂလာ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲလုပ်ပေးချင်တယ်၊ သားတို့ဘဝတိုးတက်ဖို့အစစအရာရာလမ်းကြောင်း ပံပိုးပေးချင်တယ်၊ ဒါပေမဲ့ အခြေအနေအရပ်ရပ်ကြောင့် နှောင့်နှေးရတာကို စိတ်မကောင်းပါဘူး ခင်ဗျာ''

ဒေါ်ခင်ဗျာ မာန်လျှော့ကာအတိတ်ကအဖြစ်တွေ ဖယ်ခွာလျက်

''စိတ်မကောင်းမဖြစ်ပါနဲ့ သူဇာ ဆန္ဒကို တင်တင်လိုက်လျော ပါ့မယ်၊ အတိတ်ကဖြစ်စဉ်ဆိုးကို မေ့မြူထားရင် သားနဲ့သမီးပိုပြီး ဒုက္ခရောက်ရမှာပဲ''

''အခုတော် သူဇာ ကူညီထားလို့ပေါ''

''ဟုတ်တယ် သူဇာ ကျွန်တော်တို့အရမ်းစိုးရိမ်နေတာ''

''ရပါတယ် ဦးအောင်ကို၊ အခုလိုပြေပြေလည်လည်ဖြစ်သွားတာဝမ်းသာစရာပေ''

နှစ်ဖက်မိဘရဲ့မျက်နှာမှာ အပြုံးလေးတွေစို့လျက်

''ကဲပါ အားလုံးသဘောတားညီမျှပြီဆိုတော့ မင်္ဂလာပွဲကိုအကောင်းဆုံးဖြစ်အောင် စီစဉ်ဖို့ဆွေးနွေးကြတာပေါ့''

''ကောင်းပါပြီ''

''နောက်နေ့တွေ့ကြတာပေါ့''

''အိုကေ''

''ကဲ တင်တင်တို့ပြန်ကြမယ် ခွင့်ပြုပါဦး''

''ကျေးဇူးပါပဲကွယ်''

ခင်ဗျာတို့အားလုံးနှုတ်ဆက်ပြီးထွက်သွားသည်။ သူဇာကျေနပ်ပီတိဖြစ်ကာ ကြည်ကြည်နူးနူးဖြစ်လျက်

ခင်ဗျာတို့ကားအမြင်အာရုံမှ ပျောက်ကွယ်သွားတော့ သူဇာ ဆိုဖာပေါ်ထိုင်လျက် အအေးခွက်အား ယူလိုက်စဉ်

(ဗျူးစာပေ)



''ဟင်''

ညှော်ခန်းထောင့်ရပ်နေပြီး သူဇာကိုငေးကြည့်နေသည့် မြင့်မြတ်ကြောင့် သူဇာ လှုပ်လှုပ်ရှားရှားဖြစ်လျက်

'''မြင့်မြတ် မပြန်သေးဘူးလား''

''ဟင့်အင်း''

''ဘာဖြစ်လို့''

တိတ်ဆိတ်ငြိမ်သက်လျက် စူးစိုက်ကြည့်နေသည့် မြင့်မြတ်မျက်ဝန်းကို သူဇာ မသိမသာရှောင်ဖယ်ပြီး

''ပြန်တော့လေ''

''မပြန်ပါရစေနဲ့ သူဇာ''

''ဟင်''

သူဇာအပါးရွေ့လျားလာသည့် မြင့်မြတ်ကို နားမလည်သလို ငေ့ကြည့်ပြီး

''သားနဲ့ပတ်သက်ပြီးပြောပါရစေ''

မြင့်မြတ်စကားလုံးက သူဇာ့ရင်ကို လှုပ်ရှားသွားစေသည်။

''ပြော ပြော လေ''

သူဇာအပါးလာထိုင်လိုက်သည့် မြင့်မြတ် အပြုအမူကြောင့် သူဇာ ဆတ်ကနဲရပ်လိုက်ပြီး

''ပြောစရာရှိတာ ပြောပါ''

''ဟို လေ''

မြင့်မြတ် မျက်လုံးအစုံ သူဇာနှုတ်ခမ်းလေးအပေါ် ဖြတ်ခနဲကျရောက်သွားစဉ် သူဇာ ရင်မှာရှက်ရိပ်စို့ကြွလာသည်။

''သားနဲ့ပတ်သက်ပြီး ကျွန်တော်တို့က မိဘအရင်းပါပဲ''

''ဒီတော့''

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"သူဇာ တားမြစ်ထားတဲ့စည်းကိုဖျက်ပေးပါ"

"ဟာ"

"ကျွန်တော့်ကို ကိုကိုကိုယ်စားလက်ခံပါလို့"

"အို"

သူဇာ ရင်မှာ မယုံနိုင်လောက်အောင် ရင်ခုန်လှုပ်ရှားသလို ဖြစ်လာသည်။ ခင်သူဇာ ရင်ခုန်သံမလုံမလဲလှိုက်ခုန်လျက်

"နင် ဘာတွေလာပြောနေတာလဲ မြင့်မြတ်"

"ကျွန်တော်အတည်ပြောတာပါ၊ သူဇာကို ကိုကိုနဲ့ ပတ်သက်ပြီးတွေ့မြင်ကတည်းက ကျွန်တော်ရင်ခုန်ခဲ့တယ်၊ ချစ်မိခဲ့တယ်၊ ဒါကြောင့် ကိုကိုရင်သွေးအတွက် ကျွန်တော့နှလုံးသားအတွက် သူဇာကိုမြတ်မြတ်နိုးနိုးလက်ထပ်ခဲ့တာ၊ အတိတ်ဖြစ်စဉ်ဟာ ကျွန်တော်နဲ့သူဇာဘဝကို ကျွန်းအဖြစ်ကာဆီးသလိုဖြစ်ရတယ်သူဇာရယ်၊ ဒါပေမဲ့ အကြောင်းကြောင်းကြောင့်ဆီးကာနေတဲ့ ကျွန်းကိုပွင့်ဖက်ခွင့်ရချင်ပါတယ် သူဇာရယ်"

ဖျတ်ခနဲကျရောက်လာသည့် သူ့လက်ချောင်းလေးတွေကြောင့်

"အတိတ်ဖြစ်စဉ်ကိုမေ့ပြီး အနာဂတ်အတွက် ပစ္စုပ္ပန် ရသကို ခံစားကြပါစို့ သူဇာ"

သူဇာနှလုံးသားတလှပ်လှပ်ခုန်လျက် မြင့်မြတ်ကို ရင်မဆိုင်ရဲလောက် အောင်ရှက်သွားသည်။ ထိုပြင်မြင့်မြတ်လက်ချောင်းတွေကို ဟိုအရင်ကလို ဖယ်ချဖို့မေ့ချင်ချင်ဖြစ်လျက်

"ကိုကို ဆီကအချစ်တွေသူဇာမရခဲ့ပေမယ့် သူဇာမျှော်လင့်တဲ့ ကိုကိုအချစ်မျိုး ကျွန်တော်ပေးချင်ပါတယ်"

"အို"

သူဇာ ကိုယ်လုံးလေးအပေါ်နူးညံ့မှုတွေရစ်ဆိုင်းလာသည်။

(ဗျူးစာပေ)



သူဇာဖယ်ရှားဖို့ ကြိုးစားမိသည်။ နံရံနှင့်ကပ်နေသည့် သူဇာ ကိုယ်လုံးလေးဆီ မြင့်မြတ် ရင်ခွင်တဖြေးဖြေးတိုးရွေ့လာစဉ်

"မြင့်မြတ် နော် "

"တကယ်ပါ သူဇာ"

"အို"

ရင်ခုန်လှိုက်မောဖွယ်ရာ ရသတို့ကြွလာစဉ် မလုံမလဲရှက်ဖြန်းလျက်

"မြင့်မြတ်နော် အဲလိုမလုပ်နဲ့"

"ချစ်တယ် သူဇာ"

"အို အထဲမှာသားတို့ရှိတယ်နော်"

"မရှောင်ပါနဲ့သူဇာရယ်၊ သားတို့ ဟန်းနီးမွန်း ထွက်သွားကယ်ဆို"

"လိမ်တာ"

သူဇာ စကားလုံးအဆုံးသတ်မှာ သူဇာကိုပွေ့ထားမိသည့်သူ့လက်ချောင်းလေးများ ပြေလျော့သွားပြီး

"ဟင် ဒါဆို"

"အခန်းထဲမှာရှိတယ်"

"ရှိလဲ ရှိပေါ့ သူဇာရယ်"

"သူ့ရင်ခုန်သံကို စောင့်စည်းမနေချင်တော့"

"မြင့်မြတ်"

"သူဇာ မငြင်းပါနဲ့နော်"

"ငြင်းတာမဟုတ်ဘူး၊ သားတို့ရှေ့မှာနော်"

"သားတို့ နားလည်မှာပါ"

ရင်ခုန်လှိုင်းတွေတဝုန်းဝုန်းကြွနေသည့် မြင့်မြတ် ရင်ခွင်ထဲ

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သူဇာမရှောင် ရှားရက်တော့၊ သူ့ခမျာ သူဇာအချစ်ကို အကြိမ်ကြိမ် တောင်းခံရှာတာ သူဇာ ပစ်ခွာခဲ့တာတောင် အချစ် မပြယ်ဘဲပိုတိုးလာ တယ်ဆိုတော့။

မြင့်မြတ်ကို သူဇာ မျက်စောင်းခဲကြည့်လိုက်စဉ်
မြင့်မြတ် ရင်မှာချစ်ခြင်းပန်းလေးလန်းကြွသွား၏။

"သူဇာရယ်"

ထိုအခါ မျက်လုံးနှစ်စုံရှက်စနိုးပယ်သွားစဉ် သူဇာနှင့်မြင့်မြတ်၏ အကြား စွယ်တော်ရွက်လေး နှောယှက်လာတော့၏။





## အခန်း (၃၁)

"နွဲ့"

"မောင်"

လွတ်လပ်သောရင်ခုန်သံသည် နှလုံးသားမှတိုင်းကြွလာသည့် ကြည်အီဆူဖြိုးသောခံစားမှုကို မွေးဖွားလာတော့၏။

"ချစ်တယ် နွဲ့"

"နွဲ့ကလည်း ချစ်ရပါတယ်ကွယ်"

အကြင်နာပန်း ပန်ဆင်ထားသည့် စကားလုံးတချို့ကချိုရှရှ ထွက်ပေါ်လာသည်။

"နွဲ့"

"ပြောလေ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အမေကြောင့် မောင်တို့လွတ်လပ်တဲ့ချစ်ခြင်းကို ခံစားခွင့်ရတဲ့အတွက် အထူးကြည်နူးရပါတယ် နွဲ့ရယ်"

"နွဲ့လည်း မောင့်လိုပါပဲ"

လေညှင်း တချို့သယ်ဆောင်လာသည့် ပန်းရနံ့ကိုသူတို့ တရှိုက်မက်မက် ရှူရှိုက်လိုက်သည်။ အကြင်နာတွေတိုးဝင်လာသည့် နွေးလှိုက်မှုတခုကြောင့် နွဲ့ ခံစားမှုတွေရှိန်းဖိုး လှုံ့ကြွလာပြီ

""မောင်"

"ပြောလေ နွဲ့"

"ဟိုလေ"

"ဘာလဲ"

ရှက်ရိပ်လူးစိုနေသည့် နွဲ့နှုတ်ခမ်းက တစုံတရာကိုဖိတ်ခေါ်သလို သူခံစားရစဉ်

"အို"

ရင်ခုန်ဖွယ်အာမေဋိတ်သံလေး တိုးကြွလာသည်။

"နွဲ့"

"နွဲ့"

သူ့ရင်ခုန်သံသည် နွဲ့ခံစားမှုကို ရီဝေယစ်ထုံလာစေသည်။

"မောင်"

"မောင်တို့နှလုံးသားကအချစ်တွေကို ခံစားကြပါစို့"

"မောင်ကလည်း"

ဆူပူမှုဖြစ်သွားသည့် နွဲ့နှုတ်ခမ်းပါးက ပန်းပွင့်လေးလို ပွင့်လာသည်။

"ဟုတ်တယ် နွဲ့ရယ် မောင်တို့ချစ်သူဘဝဟာ ရင်ခုန်ဖြို။ ကြည်နူးခြင်းတွေထက် စိုးရိမ်ကြောင့်ကြခြင်းတွေနဲ့ ပူလောင်နေခဲ့ရတာ၊"

(ဗျူးစာပေ)



"ဟုတ်တယ်နော်မောင်၊ နွဲ့တို့ခုလိုပြေးထွက်လာတာ ကံကောင်းတာပေါ့"

"ဒါပေါ့ အဲဒီကံကောင်းမှုတွေဟာ မောင်တို့နှလုံးသား လွတ်လပ်စွာခံစားဖြစ်အောင် ဆောင်မပေးတဲ့အရာတွေလေ"

ဖြူမောင်တို့၏နူးညံ့သောမွေးညှင်းလေးများ၏ အဂ္ဂေ့အထိသည်သူတို့ နှလုံးသားကိုပို၍ လှိုက်ဖိုလာအောင်နှိုးဆွသည့်နှင့်တူသည်။

"နွဲ့"

"အွန်း"

"ဟော အဝေးကလှမ်းမြင်ရတဲ့ ကျွန်းကလေးတွေလား"

"အင်း"

"အဲဒီကျွန်းကလေးက အရင်ကကျွန်းအကြီးကြီးလေ"

"အင်း"

"ကျွန်းအကြီးကြီးကို ရေတွေလွှမ်းလိုက်တော့ တဖြေးဖြေးသေးသွားတယ်"

"ဟုတ်တယ်နော်"

"နောက်မိနစ်ပိုင်းဆိုရင် ကျွန်းငယ်လေးကလုံးဝပျောက်ကွယ်သွားမှာ"

"ဟုတ်တယ်နော်"

ကျွန်းကလေးသည် သူတို့အမြင်အောက်တဖြေးဖြေးပျောက်ကွယ်သွားတော့၏။ ထိုအခါ ရေပြင်သည် ညီညာပြန့်ပြူးလျက် တလက်လက်ရင်ခုန်သံလို လှုပ်ရှားနေတော့၏။

"နွဲ့"

"ပြောလေမောင်"

"အဲဒီ ကျွန်းပျောက်ကွယ်သွားတဲ့ ရေပြင်ဟာ မောင်တို့ခံစား

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

မှန်ကူတယ်လေ"

"ဘယ်လို"

ပင့်မော့နေသည့်ချစ်သူ မေးဖျားလေးကို တယုတယဆုပ်ထွေးရင်း

"ဟုတ်တယ်လေ နွဲ့၊ မောင်တို့နှလုံးသားမှာ မိဘတွေရဲ့အတိတ်ဖြစ်စဉ် ကျွန်းကြီးတွေပေါ်ထွန်းခဲ့တယ်လေ"

"ခုတော့ အမေရဲ့ကူကယ်မှုကြောင့် ကျွန်းတွေအားလုံးပျောက်ရပြီးလေ"

"ဟုတ်တယ်နော်"

"ညီညာနေတဲ့ရေပြင်ဟာ မောင်တို့နှလုံးသားပေါ့"

"ဟုတ်တယ် မောင်ရယ်၊ ညီညာနေတဲ့ရေပြင်ဟာ နွဲ့တို့နှလုံးသားပါပဲ"

"အဲဒါဆိုရင် မောင်တို့နှလုံးသားရေပြင်ကိုလှော်ခတ်ကြပါစို့"

"ဘယ်လို လှော်ခတ်မှာလဲလို့"

ရင်ခုန်သံ ရေပြင်လှိုင်းလှုပ်ခတ်လာသည့် မောင်မျက်ဝန်းရှုးရှုးက နွဲ့ထံလှိုက်လှူးလှူးလွင့်ကျလာစဉ် နွဲ့မျက်ဝန်းရသလှိုက်ဖို လှုပ်ကြွသွားသည်။

"ဘယ်လို လှော်ခတ်ကြမလဲ ဆိုတော့"

"အို"

ရေပြင်အောက်ငုပ်လျှိုကျသွားသည့်ကျွန်းကလေးသည်ရင်ခုန်နေသော ရေပြင်အောက်မှာမိန်းမူးလွန့်လူးလာသည်။

"မောင်တို့နှလုံးသားရေပြင့်မှာ အကြင်နာလှေကလေးကိုစီး။ ယုယခြင်း ရွက်ကလေးဖွင့်ပြီး မြတ်နိုးခြင်းတက်ကလေးနဲ့လှော်ခတ်ရင်း အချစ်ခရီး ရှည်ကြီးကို ဖြတ်သန်းကြတာပေါ့"

(ဗျူးစာပေ)



"အို"

"နော်နွဲ့"

"ဟင့်အင်း"

"မောင် ရင်ခုန်သံကြားရဲ့လား နွဲ့ရယ်"

ရေပြင်၏ အချစ်လှိုင်းခတ်သံက နွေးတွဲတွဲလှုပ်လာစဉ်

"မောင်ရယ်"

အလိုက်သိသည့် 'ဖြူမောင်' တို့သည် ချစ်သူစုံတွဲကိုအားကျငေးမောလျှက် နှလုံးသားမှာ ကျွန်းမရှိတော့သည့် ရသကိုမြည်းစမ်းနေဆဲ။

"နွဲ့ရယ်"

"မောင် ရယ်"

ဆိုသည့် နှလုံးသားရေပြင်မှ အချစ်လှိုင်းကလေးများစီးလျက် ယိမ်းနွဲ့လှိုက်ဖိုစွာ


ချစ်ခြင်းဖြင့်ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး

(ဗျူးစာပေ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com